www.burmeseclassic.com

PUBLISHED BY VIEW

ဗျူး
စင်တင်သည်

# လရောင်ကျူးရင့်

## သင့်အတွက်မနက်ဖြန်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

# လရောင်ကျူးရင့်

## သင့်အတွက်မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၄၂၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၉၀၁၁၇

ထုတ်ဝေသူ

ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)

တိုက် (၂၁)၊ အခန်း (၁၁)၊ စီးပွားကူးသန်း

ဝန်ထမ်းအိမ်ရာ၊ ဦးဝိစာရလမ်း (မြောက်ဒဂုံ)။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးမြတ်ကျော် (၀၅၇၇၈) မြတ်ကျော်ပုံနှိပ်တိုက်

အမှတ် (၂၁၇)၊ လမ်း (၃၀)၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးပန်းချီ

Idea Kyaw & Wai Ya

ကွန်ပျူတာစာစီ

TK ကွန်ပျူတာ

ပုံနှိပ်ခြင်း

ပထမအကြိမ် ၂၀၀၇ ခုနှစ်၊ မေလ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

မျိုးစာပေ

☎ - 0980 20356 , 09 518 5084

# အခန်း (၁)

လှပြီးသားနှုတ်ခမ်းကို ထပ်၍အရောင်တင် ဆေးဆိုးလိုက်တော့ နီရဲစိုအိနေသည့် နှုတ်ခမ်းသားတွေက ပွင့်အာနေသည့် ပန်းဖူးငုံလေးလို တိမ်းမှူးမေ့မောသွားစေအောင် ညို့ချက်တွေ အားကောင်းလာသည်။

မျက်ခုံး၊ မျက်လုံး၊ မျက်တောင်၊ မျက်နှာနှင့်ပတ်သက်သော အစိတ်အပိုင်းဆိုင်ရာအားလုံး အသေးစိတ်ချယ်မှုန်းပြီး ကျေနပ်သွားမှသာ မှန်တင်ခုံရှေ့ကထ၍ အဝတ်ဗီရိုကို ဖွင့်သည်။

အဝတ်တွေကို တစ်စုံပြီးတစ်စုံထုတ်၍ ခုတင်ပေါ်ပစ်တင်ရင်း စိတ်ကြိုက်မတွေ့သ၍ ရွေးချယ်နေတော့ ခုတင်ပေါ်မှာ ပက်လက် ဆန့်ဆန့်လေး ခြေဆင်းလှဲ၍ ဝတ္ထုစာအုပ်ဖတ်နေသည့် ဆန့်မျက်ဝန်းလေးတွေက စိတ်မရှည်သလို စူးရောက်လာ၏။

" ဒီနေ့ ပြီးဦးမှာလား မေလွမ်း . . . . . ဟင်း ကိုယ့်ကိုယ်ကို (၁၆)နှစ်သမီးလေးမဟုတ်ပါလား ဆိုတာလည်း မမေ့နဲ့ဦး "

လွမ်းရဲ့လက်တွေ ကောက်ကိုင်လိုက်မိသည့် အင်္ကျီကို ဆုပ်ထားလျက်နှင့် ရပ်တန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထန်မျက်ဝန်းလတ်လတ်လေးတွေကို လှမ်းကြည့်၍

" ဆယ့်ခြောက်နှစ်သမီးကလေး မဟုတ်ဘူးဆိုတာကို မေ့ပါ့မလား သမီးရယ်၊ သမီးလေးတောင် ဆယ့်ခြောက်နှစ်ကျော်နေပြီ။ မေမေက မေ့ပါ့မလား။ "

" တော်ပါ မေမေလို့ထည့်ပြောမနေပါနဲ့ ။ မေလွှမ်းကို ကြည့်ပြီး မေမေလို့ မခေါ်ချင်တာ အဲ့ဒါတွေပဲ။ "

ပြောတုန်း ခံစားချက်လေးတွေ ပြည့်ပြည့်သိပ်သိပ်နှင့် ဝေါက်ခနဲထထိုင်ကာ

စာအုပ်ကိုပိတ်၍ စားပွဲပေါ် လွှဲပစ်လိုက်သည်။

" ဘုတ် "

" ဂွမ်း "

" အို "

လွှမ်းမျက်လုံးလေးတွေ ဝိုင်းသွားသည်။

စာအုပ်က စားပွဲပေါ်မှာရှိသည့် အရာဝတ္ထုတချို့ကို တိုက်သွားကာ သောက်လက်စ နို့တစ်ဝက်နှင့် ဖန်ခွက်က ကြမ်းပေါ် လိမ့်ကျ၍ ခွမ်းခနဲ ကွဲကြသွား၏။

" မေလွှမ်းကို ကြည့်လိုက်ရင် အမြဲတမ်း မိတ်ကပ်နဲ့ နှုတ်ခမ်းနီနဲ့ စက်ကာအကျပ် အတိုအရှည်၊ ဂါဝန်ကို ထန့်တို့တောင် လိုက်မမှီဘူး။ သူငယ်ချင်းတွေကဆို နင့်အမေဟုတ်ရဲ့လားတဲ့။ လုံးဝကို ယုံနိုင်စရာ မရှိဘူးတဲ့။ "





" သမီးရယ် "

ထန် မျက်နှာလေးက တင်းမာခက်ထန်နေသည်။

နှုတ်ခမ်းသားလေးတွေကို ခပ်ဖိဖိကိုက်ထား၍ လွှမ်းကို စူးစိုက်ကြည့်ရင်း

" သိပ်ပြင်မနေပါနဲ့ မေလွှမ်းလှပါတယ်။ ထန့်ထက် အများကြီးပိုလှပါတယ် "

ထန်ရင်ထဲမှာ ခံစားချက်တွေ ပြည့်သိပ်နေသည်။

" ထန်ရယ် စိတ်တော့မဆိုးနဲ့သိလား၊ နင့်မာမီက တအားလှတာ၊ ဖြူနုဝင်းစက်နေတာပဲ ဟဲ. . . . ဟဲ နင့်ထက်လှတယ်"

" ဟုတ်တယ်နော် . . ထန်ကျတော့ အသားညိုသလိုပဲ "

" ထန့်ဒယ်ဒီက အသားမည်းတာဟ ထောင်ထောင် မောင်းမောင်း ခန့်ခန့်ကြီးရယ် ငါမြင်ဖူးတယ် ငါအရင်တုန်းက ငါတို့ ဒယ်ဒီနဲ့ ခင်ကြတယ် "

" ဒါဆို သူ့မာမီနဲ့ဒယ်ဒီက ဖြူဖြူမည်းမည်းပေါ့ "

" အံမယ် . . . . ဒါပေမယ့် လိုက်တယ် သိလား၊ အန်ကယ်က ခန့်တယ်၊ သူ့မာမီက နုနုဖတ်ဖတ်ကလေး တစ်ယောက်နဲ့တစ်ယောက် သည်း ချစ်ကြတော့ လိုက်ဖတ်တယ် "

" ငါတို့လည်း သိပါတယ်။ သူ့မာမီက ခေါ်လိုက်ရင် ကိုကို ကိုကိုနဲ့ သူ့ဒယ်ဒီကလည်း တုန်နေတာပဲ၊ ယင်ယင်လေးနဲ့ ခုံးသွားတာ သနားပါတယ်နော် "



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်သူကိုလဲ "

" သူမာမီကိုပေါ့၊ ကျန်တဲ့လူကပိုသနားဖို့ကောင်းတယ်။ ခုကြည့်ပါလား။ သူ့ခမျာ

" ငါတို့ဖြင့် ဒီလိုမထင်ပေါင်၊ ခုကျမှ ပိုတောင်လှနေတာ ကြိုက်သူတွေကလည်း ဝိုင်းဝိုင်းကိုလည်နေတာပဲ၊ ပိုတောင် ကံကောင်းလာသေးတယ်"

သူငယ်ချင်းတချို့က ထန်တို့မိသားစု အကြောင်းကို သိကြသည်။

အားနာတဲ့သူက ဘာမှမပြောဘဲနေသလို နှုတ်သွက်တဲ့ သူကျတော့ ထင်သလို မြင်သလို ဒက်ခနဲပြော၏။

ဒယ်ဒီဆုံးတော့ ထန်က ရှစ်တန်းရှိနေပြီ၊ ဒါတွေကို မသိဘဲ နေပါ့မလား။ ဒယ်ဒီက မေလွှမ်းကို ချစ်သည်၊ ဒါကိုလက်ခံသည်။ မေလွှမ်းက ထန်ကို ချစ်တယ်ဆိုတာကျတော့ မယုံပါ။ မေလွှမ်းရဲ့ အဓိကဟာ ထန်မဟုတ်ဘဲ သူမ၏အလှအပများဟုသာမြင်ခဲ့မိသည်။

မေလွှမ်းဘာလို့ ဒီလောက်လှနေတာလဲ။

" လွှမ်းက ဒါတော့မတရားဘူးဟော့၊ သမီးကိုကျတော့ အလှတွေခွဲမပေးဘူး၊ သမီးက အမေကိုမှ မမှီတာ . . "

သူကြီးသူမတို့ ဆုံမိကြတော့လည်း သက်တူရွယ်တူတွေကြားမှာ အသက်အရွယ်ချင်း အတူတူချင်းတောင်မှ မေလွှမ်းက နုနုဖက်ဖက်လေး။

မျက်နှာလေးကသာ လှနေတာမဟုတ်ဘဲ ခြေချောင်း





လက်ချောင်းလေးတွေကအစ နီရဲနုဖက်ကာ ပြည့်တင်းနေတာဖြစ်သည်။

ဆံဖျားမှ ခြေဖျားအထိ အသက်သုံးဆယ်ကျော်ဆိုတာကို ယုံနိုင်လောက်သည့် ရင့်ရော်ခြင်းတို့ ဘယ်မှာမှ ရှာမတွေ့နိုင်။

မိန်းကလေးချင်းပင် စိတ်သပ်အားကျလောက်လှသည့် မေလွှမ်း၊ ထန်ကျတော့ ဒယ်ဒီနဲ့ တူပြီး အသားညိုခဲ့သည်။ နှုတ်ခမ်းလွှာထက်မှ မွှေးညှင်းရာတွေက စိမ်းညိုနေတတ်သံဖြင့် မိတ်ကပ်လိမ်းလို့လည်း မလှ၊ မျက်နှာပေါင်းတင်လိုက်ပြန်တော့လည်း လိုက်ဖက်မည့် မိတ်ကပ် ပေါင်ဒါကအစ အတော်ကြီးရွေးချယ် ရသည်။

ဒါတောင်မှ အဆီပြန်လာတာတွေ၊ အသားရောင် ပြောင်းချင်တာတွေ ထန့်မှာ လိုအပ်ချက်တွေက များလွန်းလှသည်။

" ငါမလှပါလား " ဟူသော အားငယ်စိတ်လေးက ထိုပြဿနာလေးများမှ အစပြုကာ အရွယ်ရောက်တော့ ရင်ထဲမှာ အစိုင်အခဲထုထည်က ကြီးမားနေသည်။

" မေလွှမ်း ထန် ကြီးမေးတို့အိမ်မှာ သွားနေချင်တယ် "

" အို - မနေရပါဘူး "

" ကြီးမေဆိုတာက ဒယ်ဒီဘက်က အမဝမ်းကွဲ ဒေါ်စိုးစိုး၊ ထန်ကိုဆို ဂရုစိုက်သည် အရေးပေးသည်၊

သူမမှာ သားတစ်ယောက် သမီးတစ်ယောက်ရှိပေမယ့် ကလေးတွေလည်း မဟုတ်တော့တာမို့ ထန့်ကို ချစ်ကြသည်"

ထန်ရှိနေချိန်ဆို ထန့်မျက်နှာကိုသာ အရိပ်တကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီကို ခဏခဏမသွားနဲ့ "

ကြီးမေးတို့အိမ်သွားတော့မယ်ဆို မေလွှမ်းက မကြိုက်

" သွားမှာပဲ . . . . . သွားမှာပဲ "

" သမီးလေး သွားချင်တာသွားပါစေ လွှမ်းရယ် "

ထန့်ဖွတ်ဖြစ်လာလျှင် ဒယ်ဒီက ဝင်ပါလာ၏။

" ပြေးကြည့်မှ ခွေးမျိုးဆိုလို့ ဒီအခေါ်တစ်ယောက်ပဲ ရှိတဲ့ဟာ"

" ဟုတ်တယ် ဒါပေမဲ့ လွှမ်းမကြိုက်ဘူး ကိုကို . . . . . သမီးကို နို့မပြတ်ခင်ကတည်းက အကြောင်းအမျိုးမျိုးပြ ခေါ်သိပ် လွှမ်းနို့တိုက်နိုင်ရက်သားနဲ့ နို့ဘူးနဲ့တိုက်ပြီး နို့ဖြတ်ခဲ့ကြတာ "

" သြော်ကွာ ဒါက သူ့သားသမီးတွေက အရွယ်ကြီးကုန်ပြီ၊ ဆိုတော့ ကလေးငယ်ကို ချစ်တတ်တာပါ "

" ဒါတင်ပြီးလို့လား ကလေးက လွှမ်းကို မေမေလို့ခေါ်သလား၊ ကိုကို့ ကိုတော့ ဒယ်ဒီလို့ ခေါ်ပြီး လွှမ်းကိုကျတော့ မာမီလို့ခေါ်သလား၊ အဲဒါ သူတို့သင်တာ၊ ကလေးက လွှမ်းကိုဆို မျက်လုံးစိမ်းနဲ့ကြည့်ပြီး ကိုကို့ ကိုပဲ ခင်တာ၊ ကိုကို့ကိုပဲ ချွဲနွဲ့ပူဆာတတ်တာ၊ အဲဒါ ဘယ်သူ့ပို့ချချက်တွေလဲ ကိုကိုသိလား၊ ဟင် – လွှမ်းသိတယ်၊ သမီးလေးနဲ့ လွှမ်းကို ကမ္ဘာခြားအောင် လုပ်နေကြတာ၊ လွှမ်းဘာမှ မလုပ်မိဘဲနဲ့ သူတို့လွှမ်းကို တဘက်သက် ကြည့်မရဖြစ်နေကြတာ "

ပြော၍ မေလွှမ်းငိုခဲ့ဖူးသည် . . . . .

ဒယ်ဒီနဲ့လည်း စကားများခဲ့ဖူးသည်။





ဘာပဲဖြစ်ဖြစ် ထန်ကတော့ မေလွှမ်းကို သနားရမှန်းမသိခဲ့ပါ။

မေလွှမ်းအလှပဲ ပြင်နေတာ

" သမီးထက်ပိုလှတယ် " ဆိုတဲ့ ချီးမွမ်းသံတွေထဲမှာ သာယာနေတာ။

" ကြီးမေလောက် ထန်ကို ဂရုစိုက်ယုယလို့လား "

" အမေကျော် ဒွေးတော် မလွှမ်းပါနဲ့ သမီးလေးရယ်၊ တခြားသူချစ်တယ်ဆိုတာ မိတ်အမျက်ထွက်နေတဲ့ ဒေါသလောက်တောင် မအေးချမ်းပါဘူး၊ သူတို့က သမီးကို ယုယအလိုလိုက်တယ်ဆိုတာ မေမေ့ကိုမလိုလားတဲ့ စိတ်တွေရှိလို့ ပြီးတော့သမီးကိုချစ်ကြတယ်။ ကျွေးမွေးပြတယ်ဆိုပြီး သမီးဒယ်ဒီက သူတို့ဆီကို တအားဖို့ပမ်းတာ၊ သမီးကို ဂရုစိုက်ရုံနဲ့ မိသားစုထိုင်စားလောက်အောင် ရနေလို့ သမီးကို ချစ်ပြနေတာပါကွယ် "

မေလွှမ်းက တတွတ်တွတ်ပြောနေတတ်သည်။

ပြောမရတော့ ငိုတာလည်းရှိ၏။

ထန်ကတော့ ဘယ်ဘက်ကို အမှန်ဆိုတာ မတွေးခဲ့နိုင်။

" အမလေး သမီးအမေက အစကတည်းက ကြွကြွရွရွလေး နေလာတာ၊ အဲဒီပုံစံပါပဲကွယ်၊ ရဲမြင့်က နိုင်ငံခြား သင်္ဘောသားဆိုပေမယ့် ရိုးလိုက်အေးလိုက်တာမှ ရေခဲတုံးက အရှုံးပေးရဦးမယ်၊ နိုင်ငံတကာ လှည့်နေတာ၊ တကယ်ကဲ့ပေ့ ရဲပေ့ဆိုတာတွေနဲ့ တွေ့ခဲ့တာတောင်



www.burmeseclassic.com

www.burmeseclassic.com



တုန့်လှုပ်ခဲ့တာ မဟုတ်ဘူး၊ သူနဲ့ကျမှပဲ ချက်ချင်းကို ကောက်ယူပစ်လိုက်တာလေ . . . . . ''

ကြီးမေက မေလွမ်းအကြောင်းဆို ဘယ်အချိန်မေးမေး သန်းခေါင်းကျော်နေတာတောင် မီးခွက်ထွန်း ပြောတတ်သူ။

'' သူတို့က အထည်ကြီးပျက်၊ ရဲမြင့်က ကြီးမေတို့နဲ့ နေတာပေါ့၊ ငယ်ငယ်ကတည်းက ကိုယ့်ဖူး ကိုယ်ချွန် ကြီးစားတဲ့ကလေး၊ ဘွဲ့ရတဲ့အထိ သူ့စရိတ်သူရှာ ကျောင်းတတ်ခဲ့တာ . . . သင်္ဘောလိုက်တာတွေကအစ ကြီးမေတို့ ဘာမှပူရတာမဟုတ်ဘူး၊ သင်္ဘောသားဖြစ်သွားတော့လည်း သိပ်ကို သိတတ်တာ။ ကြီးမေတို့ကို အိမ်ပြင်ဆောင်ပေး၊ ရေခဲသေတ္တာ၊ စီးဖို့ကား၊ အို ကြီးမေတို့ ချက်ချင်းကို ကြီးပွားသွားတာလေ၊ ခုလိုနေရတာ သူ့ကြောင့်ပေါ့၊ သမီးရဲ့မေလွမ်းနဲ့ လက်ထပ်ပြီးမှ လုံးဝပြန်မကြည့်တော့တာ''

ကြီးမေတို့က ခုလည်း သိပ်မပြေလည်တော့ပါ . . . . .

ယောက်ျားက ပွဲစားလိုလို ကန်ထရိုက်လိုလို ပိုက်ဆံပေးချင်မှပေး၊ မပေးချင်နေ၊ သားကအိမ်ထောင်ကျတော့ ထောက်ပံ့တာလေးရှိသည်။ သမီးဖြစ်သူက စူပါမားကတ်မှာ စာရေးမလုပ်သည့်လစာရှိ၍ လှုပ်လီလှုပ်လဲ့ ရှန်ကန်နေရသမျှ မေလွမ်းပြောပုံဆို ထန့်ကိုခေါ်မွေးပြီး စောင့်ရှောက်တော့မှ ဒယ်ဒီကထောက်ပံ့လာသည်တဲ့

ကြီးမေပြောသလိုဆိုလျှင်တော့ မေလွမ်းကြောင့် ဒယ်ဒီက ဘာမှပေးကမ်းထောက်ပံ့ခြင်း မပြုခဲ့တော့တာ ဟုဆိုသည်။





ဘာပဲဖြစ်ဖြစ် ထိုစဉ်ကတော့ ကြီးမေက ထန့်ကို ဂရုစိုက်နေခဲ့သည်သာ၊ ဒယ်ဒီဆုံးသွားတော့မှ

'' သမီးက ဒီမှာချည်းပဲ သိပ်လာမနေနဲ့၊ သမီးမေလွမ်းက နုနုငယ်ငယ်ရယ် တော်ကြာ သိပ်လွတ်လပ်ပြီး သမီးပတွေးရနေဦးမယ် နီးနီးနေ''

စကားသံတွေ ပြောင်းလဲလာခဲ့သည်။

ဒါပေမယ့် ထန် မေလွမ်းနဲ့ နီးနီးကပ်ကပ် တရင်းတနှီး နေခဲ့တာ သိပ်မရှိခဲ့တော့ မေလွမ်းနဲ့ ကြာကြာမနေချင်ပေ။

ကြီးမေတို့ဆီမှာ ဆယ်ရက်လောက်နေဖြစ်မှ မေလွမ်းဆီမှာ တစ်ညလောက်ပဲ အိပ်ဖြစ်ခဲ့၏။

သို့သော်

'' မေမေကိုက ပြောပါဆို ပြောမှမပြောတာ၊ ဒီခေတ်ကြီးမှာ လူတစ်ယောက်စရိတ်က နည်းသလား၊ သူ့အမေတစ်ယောက်တည်းတောင်မှ လေးလေးဆုံးသွားတော့ ရှိတာရောင်းချစားနေရတာ၊ သမီးတို့က နှစ်ယောက်သုံးယောက်စာ ဘယ်လိုလုပ်မှာလဲ ''

'' မေမေလည်းပြောနေတာပဲ၊ သူကလာနေတာ ဘယ့်နှယ်လုပ်မလဲကွယ် ''

'' အို . . . မလာနဲ့လို့ ပြောလိုက်ပေါ့ မေမေ၊ အမ ဝမ်းကွဲတော်တယ်ဆိုတာ ဘယ်နှစ်ဝမ်းကွဲလဲ၊ စပ်နိုင်မှ တော်တာ၊ ဟိုတုန်းက သူတို့ကို အားကိုးနေရလို့ အောင့်အင်းနေရ တော်သေးတယ်၊ အခုကိုယ့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မျှော်လင့်ချက်မရှိတော့ဘူး၊ ဒီဟာမလေးကို မေမေပြောသင့်တာ ကြာပြီနော်၊ ရွှေရိုမှ မျိုးတော်တယ် ပြောလည်း ပြောပါစေ၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိတာ၊ မကြည်ဖြူနိုင်ဘူး ရှင်းရှင်းပဲ''

ဒီစကားတွေကို ထန် နားနဲ့ ဆက်ဆက်ကြားလိုက်ရတော့မှ ကြီးမေတို့ဆီကို ခြေဦးမလှည့်ခဲ့တော့တာဖြစ်သည်။

ဒါပေမဲ့ မေလွမ်းကို ထန် ဘယ်လိုမှ ရင်းနှီးကြည့်လို့မရ၊ မေလွမ်းလို့ခေါ်တာလည်း အကျင့်ပါနေပြီ။

ခက်စိမ်းစိမ်း ခက်တန်းတန်းနေခဲ့တာလည်း အသားကျနေခဲ့ပြီ။

ကိုယ့်အမေရယ်လို့ ရင်ခွင်ထဲ တိုးဝင်ဖို့က အမေဆိုသူက ကိုယ့်သူငယ်ချင်းတွေထက်ပင် လှုပနုဖက်နေတဲ့အဖြစ်

ပြီးတော့ ကြည့်ပါဦး

လုပ်တဲ့အလုပ်ကလည်း တကယ့် ဆောက်လုပ်ရေးကုမ္ပဏီကြီး တစ်ခုမှာ အတွင်းရေးမှူးတဲ့

တကယ်ဆို မေလွမ်း ဆယ်တန်းပင်မအောင်ခဲ့တာ ကြီးမေ ပြောပြလို့ ထန်သိသည်။

အတွင်းရေးမှူးဆိုတဲ့ နေရာရောက်အောင် ဘယ်လိုယူလိုက် တာလဲ။

'' လိုအပ်တဲ့ သင်တန်းတွေ လိုက်တက်ရတာပေါ့ သမီးရယ်၊ ကိုယ့်အတွက်လည်း သိက္ခာရှိအောင် ဝင်ငွေလည်းကောင်းအောင် ရင်းသင့်တာကို ရင်းရတာပေါ့ ''





ထန် မေးတော့ မေလွမ်းက ဒီအတိုင်းဖြေသည်။

ကြီးမေကတော့

'' ကြာရင် လူပါရင်းလိမ့်ဦးမယ်၊ သူက ပေါ့ပေါ့နေ ပေါ့ပေါ့စား အားစိုက်ရုန်းကန် ချင်တဲ့သူမှ မဟုတ်ဘဲ၊ ယောကျ်ားက ဆုံးတော့ အချောင်ပဲ လိုက်မှာပေါ့၊ သူက ရုပ်ကလေးကလည်းရှိတော့ ရတာပေါ့ အေ'' ဟု ပြောခဲ့သည်။

ထန် လည်း ခေါင်းညိတ်ခဲ့မိသေးသည်။

ထန်ကိုယ်တိုင် ဆယ်တန်းစာမေးပွဲကို အားခဲဖြေဆို လိုက်ရပေမယ့် ပညာရေးကို ဆုံးခန်းတိုင်ဖို့ထက် ကုမ္ပဏီကြီး တစ်ခုမှာ အတွင်းရေးမှူး လုပ်၍ ကြွကြွရွရွလေး သွားလာ ဝန်ထမ်းချင်ခဲ့တာ၊ ဆယ်တန်းမရောက်မီကတည်းက စိတ်ကူးယဉ်ခဲ့မိတာဖြစ်သည်။

တကယ်တမ်းဖြစ်တာ မေလွမ်း

ထန် ဖြစ်ချင်သမျှ မေလွမ်းဖြစ်နေခဲ့သည်။

ထန် ပိုင်ဆိုင်ချင်သမျှ အလှအပအားလုံး မေလွမ်းမှာပဲရှိသည်။

မကျေနပ်ချပ်ဆိုသော အခိုးအငွေ့တန်းကလေးဟာ နှလုံးသား ပွန်ဝမှာပဲ တစ်ဆို့လှိုင်တက်ရင်း တစစ အားကောင်းလာခဲ့သည်က အခုဆို ထုနဲ့ထည်နဲ့ဖြစ်နေပြီ။

'' သမီး ''

နာကျည်းမှုတွေထဲမှာ မျောပါကူးခတ်၍ မွမ်းကျပ်နေဆဲ ခုံးပေါ်မှာ ဖွဖွလာတင်သည့် လက်တစ်ဖက်ကြောင့် ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခနဲဖြစ်သွားတာ လက်ကိုပါ ပုတ်ချပစ်လိုက်မိသည်။

ခုတင်ထက်က ဆင်းရပ်ကာ မျက်နှာချင်းဆိုင်လိုက်တော့ ထန့် မျက်ဝန်းက မျက်ရည်တွေကို မြင်လိုက်ရကာ လွှမ်းနှုတ်ခမ်းလေးပင် ဖွင့်ဟသွားမိလျှက်

" သမီး. . . . သမီးလေးငိုနေတယ်"

" ဟုတ်တယ် ငိုတယ် . . . . . မေလွှမ်း အဲဒီလောက်လှအောင် အမြဲပြင်နေတာကို ထန် ရှက်တယ်သိလား မေလွှမ်းမှာ ယောကျာ်း မရှိဘူး ထန်က အပျိုဖြစ်နေပြီ မေလွှမ်း ဒီလောက်လှအောင်နေဖို့ လိုသလား ဘယ်လိုစိတ်ကူးတွေနဲ့ ဒီလောက်ပြင်နေရတာလဲ ပြောပြစမ်းပါ"

ထန်က လက်သီးငေါက်ငေါက်ထိုးပြောရင်း တအင့်အင့် ရှိုက်ငိုသည် . . . . .

သမီးလေး သည်းသည်းထန်ထန်ငိုကြွေးနေပုံကို တအံ့တသြ ကြည့်၍ လွှမ် ကိုယ့်မျက်နှာကိုယ် ယောင်ရမ်းစမ်းလိုက်မိသည်။

" အားလုံးက ပြောနေကြပါတယ် ထန့်သူငယ်ချင်းတွေကအစ ထောက်ခံပါတယ်၊ မေလွှမ်းသိပ်ကိုလှပါတယ်၊ ဒါကိုမကျေနပ်သေး ဘူးလား"

" သမီးလေးရယ် မေမေ့က "

" ဟင့်အင်း မေမေလို့မပြောနဲ့၊ မေလွှမ်းပဲ. . . . .
မေလွှမ်းပဲပြော "





" အင်းပါသမီးရယ် မေလွှမ်းလေ မေလွှမ်းလုပ်တဲ့ အလုပ်က ဒီလိုနေထိုင်ဝတ်စားမှ ဝင်ဆံ့မှာမို့လို့ပါ။ ပြီးတော့ ဒီနေ့က ညေ့သည့်တွေနဲ့ လုပ်ငန်းကိစ္စ ဆွေးနွေးဖို့ရှိလို့ မေလွှမ်းလိုက်ရမှာမို့ပါ၊ နောက် . . . . . နောက် မပြင်တော့ဘူးနော် "

ထန်က လွှမ်းကို တစိမ်းဆန်ဆန် မျက်ဝန်းများနှင့် ရှုန်ချီဆန်ချီကြည့်ကာ ချာခနဲ ပြေးထွက်သွားလေသည်။

လွှမ်းခုတင်ပေါ်မှာ ဖြည်းလေးစွာ ထိုင်ချလိုက်မိကာ ဝေ့သီလာသည့် မျက်ရည်ကြည်တွေကို မျက်တောင်တို့နှင့် ဘယ်လိုပင် ပုတ်ခတ်ဖယ်ရှား ပေမယ့်မရ။

သမီးလေးကိုယ့်ရင်ခွင့်ထဲ ပြန်ရောက်လာတာ မကြာသေးပါ။ နောက်ထပ်သွေးကွဲ၍များ သမီးလေး ဒီရင်ခွင်ကနေ ခွဲထွက်သွားဖို့ ကြိုးစားဦးမည် ဆိုလျှင်

အို မသွားရဘူး၊ ငါ့သမီးလေး ငါ့ကို မကျေနပ်တာ ဘာမှ မရှိရဘူး။

မေမေကို အထင်မလွဲပါနဲ့ သမီးရယ်
မေမေလေ သမီးလေးကို သိပ်ချစ်တာ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အစည်းအဝေးဖြုတ်လိုက်တော့ လွှမ်း ခန်းမထဲက

နောက်ဆုံးကျမှ နွမ်းယဲ့စွာ လှမ်းထွက်ခဲ့မိသည်။

ဒီနေ့ကုမ္ပဏီကို တစ်ဦးတည်းပိုင်အဖြစ် လွှဲပြောင်းယူသွား

ဖြစ်ကြောင်း ကျေညာလိုက်ပြီး

'' ဝန်ထမ်းတွေနဲ့ ပတ်သက်လို့တော့ ပိုင်ရှင်အသစ်

ဘာမှမပြောသေပါးဘူး၊ ဒါပေမဲ့ သူဘာမှပြောမလာဘူးဆို

ဒီမှာဆက်အလုပ်လုပ်ချင်သူတွေ လေဘာအသစ်နဲ့ ထပ်လျှောက်

ရပါတယ် ''

သူဌေးဦးဆန်းဆက်က တာဝန်ရှိတဲ့အတိုင်း ပြောသွားပြီး

ငါ ဘာလုပ်ရမလဲ၊ ခြေလှမ်းတိုင်းမှာ မေးခွန်းတွေ အထပ်

မေးလာမိတာ ဒီမေးခွန်းပဲဖြစ်သည်။

'' မေလွှမ်း ဒီလောက်လှအောင် အမြဲတမ်းပြင်နေတာ

ထန်ရှက်တယ် ''





'' မေလွှမ်းမှာ ယောက်ျားမရှိဘူး ''

'' ထန်ကအပျို ဖြစ်နေပြီ ''

'' ဒီလောက်လှဖို့ လိုသလား ''

''ဘာဖြစ်လို့ ဒီလောက်ပြင်နေရတာလဲ ''

သမီးရဲ့ ရှိုက်သံတွေက နားထဲမှာ ပြတ်ပြတ်ထင်ထင်ရှိနေဆဲ

ဟုတ်တယ် ငါဒီအလုပ်ကို ဖြတ်မှ ဖြစ်မှာပါ. . . .

ဒါလုပ်နေရင် ဒီလိုပဲ လှအောင်ပြင်ရ နေရမှာ

'' လွှမ်း ''

'' ဟင် ရှင် ''

ရုတ်တရက်နောက်က ခေါ်သံကြောင့် လွှမ်းခြေလှမ်းလေး ရုပ်ကာ လန့်လည်းလန့်သွားမိ၏။

သူဌေး ဦးဆန်းဆက်

မမြင့်သော မနိမ့်သော အရပ်နှင့် ဆံပင်ခပ်တိုတိုကို တရင်လိမ်း၍ ကျကျနနဖြီးသင်ထားသဖြင့် ရှင်းသန့်နက်မှောင်နေသည်။

ယောက်ျားပီသ ချောမောသည့်ရုပ်သွင်က အမြဲတမ်း ရယ်မြူး နိုင်သမ်းနေတတ်သဖြင့် မိန်းကလေးအတော်များများ၏ ဂရုစိုက် ထိုက်လျော့မှုကိုလည်း ရရှိ၍ သူကိုယ်တိုင်ကလည်း ဒါမျိုးဆို အစစအရရ ဆော်ရွေမှုရှိတတ်သည်။

သို့လော . . . . . သို့လော များစွာနှင့် အနီးသူဌေးဆိုသူသည် လွှမ်းကိုဆို အာလုံးထဲမှာ ပို၍ဂရုစိုက်ရှိတတ်ခဲ့တာ၊ ကုမ္ပဏီမှာ ရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းအတော်များများပင် သိကြသည်။

" လွှမ်းစိတ်ညစ်သွားလားဟင် "

လွှမ်းသူမျက်နှာကို တည့်တည့်မကြည့်ဘဲ ယဲ့ယဲ့လေးပြုံး
ဆက်လျှောက်လာမိ၏။

" မညစ်ပါဘူးရှင် လွှမ်းတို့က အလုပ်သမားပဲ "

" ဒီလိုတော့ မပြောနဲ့လွှမ်း လွှမ်းက အလုပ်သမားမဟုတ်ဘူ
အတွင်းရေးမှူး၊ ဒီလုပ်ငန်းနဲ့ ဒီရုံးမှာ အသားကျနေပြီဖြစ်
အတွင်းရေးမှူး တစ်ယောက်ကို ဘယ်ပိုင်ရှင်ပဲဖြစ်ဖြစ် ချက်ချင်း
ပြောင်းလဲထုတ်ပစ်ဖို့ထိတော့ စဉ်းစားမှာမဟုတ်ဘူး၊ လွှမ်းကဒီ
လုပ်ခွင့်ရမယ့်သူပါ ရအောင်လည်း တို့ပြောပေးလို့ရတယ် "

စားပွဲဆီပြန်ရောက်လာတော့ ဦးဆန်းဆက်က သူ့နေ
သွားမထိုင်ဘဲ လွှမ်းရှေ့မှာခုံဆွဲ၍ ဝင်ထိုင်လိုက်သည်။

" လွှမ်း ဘာမှ စိတ်မပူနဲ့နော် "

" မပူပါဘူး ဦးဆက်ရယ် ဒီလုပ်ကိုလည်း သိပ်မလုပ်ချင်တော
တာနဲ့ အတော်ပါပဲ၊ သူ့ဟာသူ ရုတ်သိမ်းသွားတာ ဝမ်းနည်းဖို့တော
သိပ်မရှိပါဘူး"

" ဘယ်လို . . . . . လွှမ်းက ဒီအလုပ်ကို မလုပ်ချင်တော့
ဟုတ်လား "

အံ့သြသံနှင့် ဦးဆန်းဆက် ထိုင်နေရာမှပင် ခပ်ကြ
ဖြစ်သွား၏။





" ဘာမှမဖြစ်ပါဘူး၊ အကြောင်းတစ်ခုရှိလို့ဆိုပါတော့၊ လွှမ်း
ပြင်အလုပ်တစ်ခုခု ရှာတော့မယ် "

ဦးဆန်းဆက်က လွှမ်းမျက်နှာကို တမေ့မောစိုက်ကြည့်လိုက်ကာ

" တို့ဖြင့် နားမလည်တော့ဘူး၊ တကယ်ပဲ ဒီအလုပ်က
ထက်ကော သိက္ခာရှိတာရော ဘာနဲ့မှကို ယှဉ်လို့မရဘူး၊ ပြီးတော့ လွှမ်းကို
တို့ပေးတဲ့လစာက ဘယ်ကုမ္ပဏီမှာမှ မပေးခဲ့တဲ့ လစာမျိုးနော်၊
ဒီမှာပိုင်ရှင်ပြောင်းသွားလည်း ဒီလစာနဲ့ပဲ တည်သွားမှာ၊ ဒီလောက်
ကုန်ရတဲ့ သင့်တော်တဲ့အလုပ်မျိုး လွှမ်း ဘယ်မှာ သွားရှာနိုင်ဦးမှာလဲ"

" လွှမ်း . . . . . "

ဦးဆန်းဆက်က လွှမ်းကို ဆက်ပြောခွင့်မပေးဘဲ

" ပြီးတော့ တို့ကချိုးနှိမ်တာတော့ မဟုတ်ဘူး လွှမ်း ဆယ်တန်း
အောင်သေးဘူးဆိုတာ ဒီမှာတို့အပြင် ဘယ်သူမှမသိကြဘူး၊ ဒီအတိုင်းပဲ
ဆက်လုပ်သွားမယ်ဆိုရင် နောက်ထပ် ဘယ်သူမှလည်း သိဖို့မရှိဘူး၊
ဒါကို လွှမ်းက ဒီကထွက်ပြီး တခြားမှာအလုပ်ရှာမယ်ဆိုရင် ဒီရာထူး
ဒီလစာမျိုး အလွယ်တကူရမယ်ထင်လို့လား "

လွှမ်းဘာမှ မပြောနိုင်တော့ပေ။

ဦးဆန်းဆက် ခေါင်းကို ခပ်လေးလေး ယမ်းလိုက်ပြီး

" လွှမ်းမှာ အတွင်းရေးမှူး အရည်အချင်းတွေ ဘယ်လောက်ပဲ
ပြည့်နေနေ ဆယ်တန်းမအောင်သေးဘူးဆိုတဲ့ အဆင့်ဟာ ဘွဲ့ရထားတဲ့
သူတွေနဲ့ ဘယ်လိုမှယှဉ်တိုးနိုင်မှာ မဟုတ်ဘူးဆိုတာ လွှမ်းမေ့လို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တို့က လွှမ်းကို အထင်မြင်သေးပြီး ချိုးနှိမ်ပြောနေတာ မဟုတ်ဘူးနော်၊ လွှမ်းစိတ်ပြောင်းသွားတာက လမ်းလွဲနေလို့ ကာမင်မပြောချင်ဘဲ ပြောရတာပါ . . . . ."

" လွှမ်း နားလည်ပါတယ် "

" အဲဒါမဟုတ်သေးပါဘူး လွှမ်းရယ် တို့က လွှမ်းဒီပြင်မှာ စိတ်ပင်ပမ်း လူပင်ပန်းဖြစ်မှာဆိုလို့ပြောတာ၊ ဒီအလုပ်မလုပ်ချင်တာ လွှမ်းမှာ ဘယ်လိုအခက်အခဲတွေ ဖြစ်နေလို့လဲ "

လွှမ်းမျက်လွှာလေးချ၍ လယ်ဂျာစာအုပ်တွေကို အဓိပ္ပာယ်မဲ့ ငုံ့ကြည့်နေမိသည်။

ဒီအလုပ်က ရတဲ့လစာကိုလည်း မက်လို့၊

ဝါသနာလည်းပါလို့ ဆယ်တန်းအောင်ခဲ့သည့် လွှမ်းဘက်က ရင်းနှီးကြိုးစားခဲ့ရတာတွေ နည်းသလား . . . . .

သင်လိုက်ရတဲ့ နိုင်ငံပေါင်းစုံ Speaking တွေ

တက်လိုက်ရတာ သင်တန်းပေါင်းစုံ

အဲဒီအချိန်မှာ ကဲ့ရယ့်ကြတာတွေ အတင်းအဖျင်းတွေ

" ယောက်ျားမရှိတာယ်ဆို ပုံစံကိုက ဖြစ်လာတာ ကြည့်ပါလား" ဆိုသည့်စကားတွေက မကြားတကြား

လွှမ်း ဘယ်လိုမှ ဂရုမစိုက်ခဲ့ဘဲ ဖြစ်အောင်ကြိုးစား၍ လိုသည့်ငွေကို ရအောင်ရှာသည် . . . . သမီးလေးဟာ ဖအေမရှိမှ မျက်နှာငယ်ရသည်ဆိုသည့် အားငယ်မှုမျိုး မခံစားရအောင်





ကြိုးစားခဲ့ရတာပါ။

ဒါပေမယ့် အားလုံးဟာ သမီးလေးက မကြိုက်ပါဘူးဆိုသည့် စကားတစ်ခွန်းနဲ့ပဲ အရည်ပျော်ပျက်စီးခဲ့ပြီးဖြစ်၏။

လွှမ်းလက်ကိုင်အိတ်လေးကို စားပွဲပေါ်တင်လိုက်ပြီးမှ

" လွှမ်းမှာ ဒီပြင် အကြောင်းရှိလို့ပါ "

ဟု ခပ်တိုးတိုး ပြန်ပြောလိုက်၏။

ဦးဆန်းဆက်ထံမှ စကားသံ ခေတ္တတိတ်ဆိတ်သွားကာ လွှမ်းမျက်နှာလေး ပင့်တက်လာသည်အထိ စိတ်ရှည်စွာ စောင့်သည်။

မျက်လုံးချင်း ဆုံလိုက်မိတော့မှ

" ဒါဆို တို့တခြားအကြောင်းကို ပြောတော့မယ်နော်၊ ဒီညနေ မိုးဆင်းရင် အပြင်မှာ တစ်ခုခုလိုက်စားပါလို့ တို့ဖိတ်ပါရစေ၊ နှုတ်ဆက်လက်ဆုံပေါ့ "

" ရှင် "

လွှမ်းမျက်ခုံးလေးတွေ တွန့်တက်သွား၏။

" ရှင် " ဆိုသော မေးသံလေးက နောက်ထပ်တစ်ခါ ပြောစေလို၍မဟုတ်ဘဲ ထိုစကားကို မလိုလားသော မျက်နက်ဝန်လေးများ ရှုလက်ကာ တင်းမာဟန်တွေ ပြည့်သိပ်လျက်ရှိသောကြောင့်

" ဒီကုမ္ပဏီမှာ မင်းလုပ်ခဲ့သမျှ ကာလတစ်လျှောက်မှာ တို့အပါအဝင် ဘယ်မိတ်ဆွေ တစ်ယောက်နဲ့မှ အပြင်မှာ တာဝန်ချိန် မဟုတ်ဘဲ စားသောက်ဆိုင်ထွက်မလိုက်တက်ဘူး၊ တို့သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့်လည်း လွမ်းကို တို့က လေးစားတန်ဖိုးထား ခဲ့တာပါ။ အခုခေါ်မိတာကလည်း သာမန်မိတ်ဆွေတစ်ယောက်ကို ဖိတ်သလိုမျိုး မဟုတ်ပါဘူး လွမ်းရယ်။ လွမ်းကို တို့ဘက်ကပြောဖို့ စကားတွေ ရှိနေလို့ပါ။ ပြောသင့်ပြီလို့လည်း ထင်လို့ဆိုပါတော့ ''

လွမ်းက နှုတ်ခမ်းလေးစေ့ပိတ်၍ သူ့ကို စိုက်ကြည့်နေ၏။

လွမ်းဘက်က ရှက်မျက်လွှာချသွားမှာ မဟုတ်သလို၊ ဦးဆန်းဆက်ကလည်း ရွှန်းလဲ့သော မျက်ဝန်းများနှင့် အစွမ်းကုန် ညှို့ငင်ဖို့ ကြိုးစားနေ၏။

သူက စူးစိုက်ကြည့်နေရင်း

'' ဒါကြောင့် တို့ဘက်က တန်ဖိုးထားမှုကို တုံ့ပြန်တဲ့အနေနဲ့ ဖြစ်ဖြစ် ဒီဖိတ်ခေါ်မှုကိုတော့ လက်ခံပါဟု ထပ်ပြောချင်တယ် ''

လွမ်းက နှုတ်ခမ်းလေး စေ့လျက်နှင့် ခပ်တွန့်တွန့် လှုပ်ခပ်၍ ပြုံးလိုက်၏။

'' လွမ်းထင်တာ မမှားဘူးဆိုရင် ဦးဆက်က လွမ်းကို လက်ထပ်ချင်ပါတယ်လို့ ပြောမလို့ထင်တယ် ''

ဦးဆန်းဆက်က သူ၏ နုပျိုချောမောသော မျက်နှာကို ပို၍ကြည့်ကောင်းသွားစေသော တမင်ဖန်ဆင်းလိုက်သည့် ရှက်ဝဲဝဲ အပြုံးမျိုးနှင့်

'' လွမ်းက တို့ထင်တာထက် ပိုတော်တယ် ''

လွမ်းနှုတ်ခမ်းမှာ အပြုံးလေးတစ်ခုက မဲ့တဲ့တဲ့လေး ဖြစ်ထွန်း





လာ၍

'' ထားပါတော့လေ၊ ဦးဆန်းဆက်က ဒီလောက်ထိ ပြောဖို့ မဟုတ်ဘဲ လွမ်းခန့်မှန်းလိုက်တာကို အားနာနာနဲ့ ရောချလိုက်ရတာမျိုး ဖြစ်ဖြစ်၊ တကယ်ပြောမလို့ ရှိနေတာဘဲ ဖြစ်ဖြစ်၊ လွမ်းဘက်ကတော့ မျှော်လင့်ထားတာ ဘာမှမရှိခဲ့တာမို့လို့ ရင်ခုန်စရာလည်း မလိုပါဘူး၊ တစ်ခုတော့ရှိတယ် ဦးဆက် ''

လွမ်းမျက်နှာလေးက မျက်နှာဖုံးခွာချလိုက်သလို အပြုံးတွေ ပျောက်ကွယ်ကုန်ကာ ချက်ခြင်းကြီး အေးစက်သွားလျက်

'' ဦးဆက်က လူပျို၊ လူလွတ် နာမည်ကြီး လုပ်ငန်းရှင် သူဌေးပါ၊ ဦးဆက်ကို မျှော်လင့်နေကြတဲ့ ပညာတက် သူဌေး အချောအလှ မိန်းကလေးတွေလည်း ဝိုင်းဝိုင်းလည်ရှိနေတယ်၊ ဒီလိုလူတစ်ယောက်က လွမ်းလိုမိန်းမကို လက်ထပ်ဖို့အထိ စိတ်ကူးပေးလိုက်တဲ့ အဖြစ်အတွက် လွမ်းကတော့ စိတ်ကူးမယဉ်ဘူး ''

'' လွမ်း ''

'' အညှာမလွယ်တဲ့လူမှန်းသိလို့ လက်ထပ်မယ်၊ ပေါင်းသင်းမယ် ဆိုတဲ့ မက်လုံးတွေနဲ့ တွဲမယ်၊ သွားမယ်၊ စားမယ် ပြီးတော့ ဖြုတ်ချထားခဲ့ ဒါပါပဲ ဦးဆက်သိထားဖို့က လွမ်းက မနူးမနပ် ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်မဟုတ်ဘူးဆိုတာကို မမေ့ဖို့. . . . . ''

'' လွမ်း . . . . . အဲဒါတို့ကို သက်သက် အထင်သေးတာ''

ဦးဆန်းဆက် မျက်နှာဖြူဝင်းဝင်းက ချက်ချင်းနီးရဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ဒေါသက တင်းတင်းစေ့ပိတ်သွားသည့် နှုတ်ခမ်းအစုံကို ရုတ်တရက် ဖွင့်ဟ၍ စကားပြောမရနိုင်လောက်အောင် မျက်နှာပြင်မှာ ပြင်းထန်စွာ ရိုက်ခတ်သွား၏။

" လူပို့ဖြစ်တာနဲ့ပဲ အပျိုမဟုတ်တဲ့ မိန်းမကို မချစ်တတ်ဘူးလို့ ပြောလို့ရသလား၊ သူဌေးဖြစ်လို့ အလုပ်သမားကို မချစ်ရတော့ဘူးတဲ့လား။ လွှမ်းရဲ့ အတွက်က တို့ဘက်က ဘယ်လောက်ပဲ သန့်စင်နေနေ လုံးဝ အယုံအကြည်ရှိမှာမဟုတ်ဘူးလို့ အနားသက် ပိတ်ချပစ်လိုက်တာပဲ "

" ဟုတ်တယ် လွှမ်းဘယ်ယောက်ျားကိုမှ မယုံဖို့ မကြိုးစားဘူး။ အထင်ကြီးမှာလည်း မဟုတ်ဘူး၊ လွှမ်းရင်ထဲမှာ လွှမ်းရဲ့ခင်ပွန်းဟာ တစ်ယောက်တည်းပဲ၊ အခုသူမရှိတော့ဘူး၊ သူနဲ့အတူ လွှမ်းချစ်တက်သမျှ အားလုံးကို မြှုပ်နှံပစ်လိုက်ပြီးပြီ၊ ကမ္ဘာမြေတစ်ခုလုံးမှာ လွှမ်းကိုယ်လွှမ်း ပြီးရင် သမီးပဲရှိတယ်၊ ကျန်တာဘာမှမရှိဘူး၊ လွှမ်းလို မိန်းမက ဒီစကားမျိုးတွေပြောလိုက်တာ ဦးဆန်းဆက်ရဲ့ သိက္ခာကို ထိပါးသွားနိုင်တယ်ဆိုရင် စိတ်မကောင်းပါဘူး "

" အဟွန်း "

ဦးဆန်းဆက်က အံ့ကြိတ်သံနှင့် ခြောက်သွေ့စွာ ရယ်ပစ်လိုက်၏။

" မင်းနဲ့ပတ်သက်ပြီး သိက္ခာတွေ၊ မာနတွေကို ဘေးချိတ်ထားနိုင်အောင် ဆုံးဖြတ်ပြီးမှ တို့ကရင်ဖွင့်တာပါ၊ ဒီမှာလွှမ်း အခုတို့ ဒီကုမ္ပဏီကို လွှဲပြောင်းပေးပြီး တခြားလုပ်ငန်းကို ပြောင်းမှာပေမယ့်





ထပ်ပြောချင်တယ် လွှမ်းကိုတို့ မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာ "

လွှမ်းက လှုပ်ရှားမှုကင်းမဲ့သော မျက်နှာလေးနှင့် တဘက်လှည့်နေသည်။

" တစ်ခန်းတည်း အတူရှိနေပြီး အလုပ်အတူလုပ်နေကြလို့ တို့ဖွင့်ပြောရင် မင်းဘက်က ဘယ်လိုဆင်ခြင်မှုတွေ ရုတ်သိမ်းမှုတွေ ဖြစ်လာနိုင်သလဲဆိုတာကို တွက်ပြီး မျိုသိပ်ထားခဲ့တာ၊ တကယ်လို့ အဲဒီတုန်းက ပြောဖြစ်ခဲ့ရင် မင်းကတို့ကို ရှောင်မှာပဲ၊ တို့ဘက်က ဆုပ်ဖမ်းထားစရာ ဘာမှမရှိဘူးလေ အခုကျတော့ . . . . . "

" လွှမ်းဘက်က ဘယ်တော့မှ မပြောင်းလဲဘူး ဦးဆက်၊ ဦးဆက် ဘယ်လိုပဲ ကြိုးစားကြိုးစား အချိန်ကုန်တာပဲ ရှိမှာပါ၊ ဦးဆက်ဘက်က အထင်သေးစိတ်နဲ့ အနေအထားအမှန်အတိုင်းမြင်အောင် ကြည့်ကြည့်လိုက်ရင် လွှမ်းအပေါ် ခပ်ရိုင်းရိုင်း တပ်မက်သွားမိတဲ့ စိတ်တွေ ပျောက်သွားပါလိမ့်မယ် "

" လွှမ်း "

ဦးဆန်းဆက် မျက်နှာ ဒုတိယအကြိမ် သွေးရောင်လွှမ်းသွားပြန်သည်။

" မင်းစကားပြောတာ ရင့်လှချေလား လွှမ်း၊ မင်းရဲ့ အလှအပကို တို့မက်မောတာမှန်တယ်၊ အဲဒီထဲမှာ မင်းပြောတဲ့ တပ်မက်မှုတွေ မပါဘူး၊ တို့အဲဒီလောက် ဖောက်ပြန်လွယ်တဲ့ လူမျိုးမဟုတ်ဘူး "

လွှမ်းက အံကလေးကြိတ်၍ မတ်တပ်ထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ကိုင်အိတ်လေးကို ပြန်ကောက်ယူကာ

" ဒီနေ့ လွှမ်း ဂျူတီအောဖ်အတွက် ခွင့်တင်ပါတယ် "

ဦးဆန်းဆက်က ဆက်ခနဲ လိုက်ရပ်လိုက်ပြီး

" နေလည် ညေ့သည်တွေ လာကြလိမ့်မယ် တို့ခွင့်မပေးနိုင်ဘူး"

မျက်နှာချင်းဆိုင်ရပ်လျက် တစ်ယောက်ကို တစ်ယောက် စူးစူးရဲရဲ စိုက်ကြည့်လိုက်မိကြသည်။

ကြည့်နေရင်းမှ ဦးဆန်းဆက် မျက်ဝန်းတွေ တဖြည်းဖြည်း နူးညံ့ရိဝေသွားကာ ပင့်သက်မျှင်းမျှင်းရှိုက်လျက်

" Duty is Duty တို့ကို အထင်မလွဲပါနဲ့ "

သူ့စားပွဲဆီသို့ ပြန်လျှောက်သွားကာ နွမ်းလျစွာထိုင်ချလိုက်၏။

ပြီးတော့ လွှမ်းဆီသို့ မကြည့်တော့ဘဲ အံဆွဲထဲက သော့တွဲ တစ်တွဲထုတ်ယူကာ

" ဒီမှာသော့ ကိုးဆယ့်သုံးခုနှစ်ကစပြီး ဒီနေ့ထိ လယ်ချာတွေ အားလုံးထုတ်ပြီး တိကျအောင်ပြန်စစ်ပေးပါ "

လွှမ်း ချက်ချင်းထလာပြီး သော့ကိုယူတော့

" ဖြည်းဖြည်းလုပ်လို့ရတယ် "

ဟု ထပ်ပြောရင်း ဖုန်းနံပါတ်တွေမှတ်ထားသည့် စာအုပ်ကို ဖွင့်ကာ ရှာဖွေနေသဖြင့်

" ဦးဆက် ဘာရှာတာလဲ "

" ဘန်ကောက်က ဦးကောထန် ဖုန်း "





"( . . . . . ) လိပ်စာပါ ပါတယ် ဒီမှာ "

လွှမ်း ဖုန်းနံပါတ်ကို ရွှတ်ပြပြီး စာမျက်နှာကို အတိအကျ ဆွဲလှန်ပြလိုက်၏။

ဦးဆန်းဆက်က တောက်ပစွာ ပြုံး၍ စိုက်ခနဲကြည့်ပစ်လိုက်ပြီး

" သင်ခ် ယူ "

လွှမ်းက ဂရုစိုက်ပုံမရှိဘဲ ချာခနဲ လှည့်ထွက်လိုက်သဖြင့် တင်ပါးပေါ်မှာ အိန္ဒြေပြန့်ဝဲသည့် ဆံပင်ရှည်တို့၏ အဖျားလေးတွေ လွင့်ခါသွားကြကာ သူမကိုယ်မှ စွဲမက်ဖွယ်ကောင်းသည့် ကိုယ်သင်းနံ့လေးကို ဦးဆန်းဆက် မြတ်နိုးသွား၏။

အမျိုးမဟုတ်ပါဘူးဟု ဘယ်လိုမှမြင်လို့မရအောင် ပြည့်တင် လှပလွန်းသည့် နောက်ပိုင်းက ကောက်ကြောင်းလေးတွေကို အမှတ်တမဲ့ ငေးကြည့်နေမိရင်း သတိရကာ ချက်ချင်းမျက်နှာလွှဲပစ်ရသည်။

သူမဟာ အတ္တလွန်ကဲ လွန်းသည့် မိန်းကလေးမို့

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

" မေလွမ်း "

" ဟင် ဘာလဲသမီး "

" ဒီနေ့ အလုပ်မသွားဘူးလား "

" အင်း မသွားရဘူး သမီး ဘာလုပ်မလို့လဲ "

ထန်က လွမ်းကို စေ့စေ့စပ်စပ်လေးကြည့်၍ ကိုယ်မှာ တင်နေသည့် ရေတွေကို မွေးပွတဘက်နှင့် သုတ်နေရင်း

" ထန် ပလာဇာ သွားချင်လို့ "

" ဟင် ပလာဇာ သွားချင်တယ် "

" ဟုတ်တယ် ရေမွှေးလည်း ကုန်နေပြီ မှန်တင်ခုံပေါ်မှာလည်း အလုံးအခွံတွေချည်းပဲဖြစ်နေပြီ လက်ကိုင်အိတ်လည်း နှစ်ရောင်လောက် လိုချင်တယ်၊ ဖိနပ် စီးရတာလည်း ဒါချည်းပဲဖြစ်နေတာ၊ အင်္ကျီကတော့ နှစ်ထည်သုံးထည်ပဲဝယ်မှာပါ "

လွမ်းရင်ထဲမှာ မွန်းကျပ်သွားသည်။

လုပ်ငန်းပြောင်းတော့မို့ စီစဉ်နေတာက ခုထိလမ်းပျောက်





နေတုန်း

အလုပ်ရှာဖို့ဆိုတာ ကိုယ့်မှာဘွဲ့လက်မှတ်ပြစရာမရှိ၊ ကျောထောက်နောက်ခံ အားမပါအလုပ်တစ်ခုနဲ့ တစ်ခုကြားလစ်ဟာနေမှုများကို ဖြည့်ဆည်းဖို့ ဆုတ်ထားသည့် ငွေကိုလောလောဆယ်မှာ အလဟာသတ် မကုန်စေချင်ပါ။

မိတ်ကပ် ၊ ပေါင်ဒါ၊ ရေမွှေး၊လက်ကိုင်အိတ်၊ ဖိနပ်နဲ့ အဝတ်အစား.....

ဒါတွေ ဝယ်ခြမ်းဖို့ကို ငွေအထပ်လိုက်ထည့်ပေးလိုက်ဖို့ အမေ့မှာရှိပါ့မလားလို့ သမီးလေးမတွေးမိဘူးတဲ့လား....

ဒါပေမဲ့ လွမ်း မပြောရက်ပေ။

ကိုယ်ကမိဘ မိဘဟာ မိဘနေရာမှာပဲရှိရမည်။

သားသမီးရဲ့ဆန္ဒကို ဖြည့်ဆွမ်းပေးနိုင်မှသာ သားသမီးရဲ့ ချစ်ခင်ရိုသေခြင်း အထင်ကြီး အားကိုးခြင်းတွေကို ရရှိမှာပေ့။

သမီးလေး၏ အားကိုးသမှုကို လွမ်းခေါင်းခါမပစ်နိုင်ဘဲ

" အင်း မေလွမ်းပေးလိုက်ပါ့မယ်.....ရှိတာနဲ့တော့ ကြည့်ဝယ်နော် သမီး ပိုပိုလိုလိုပေးလိုက်မှာ ကုန်အောင်တော့ မလုပ်ခဲ့နဲ့ ဟုတ်လား "

ထန့် မျက်နှာလေး ချက်ချင်းမှောင်သွားကာ

" တိုင်းတာဝယ်နေရမှာဆိုရင်တော့ ပေးမနေပါနဲ့ ပလာဇာ သွားပြီး ပိုက်ဆံပြန်ရေနေရရင် ဘာလုပ်မှာလဲ နေပါစေ "



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ဘူးလေ သမီးရယ်၊ မေလွှမ်းတို့မှာ တိုက်နဲ့ကားနဲ့ တောင့်တောင့်တင်းတင်ကြီးနေနိုင်သေးတာမှမဟုတ်တာ၊ ပြီးတော့ အလုပ်ကလည်း ခုတလောပြောင်းတာ ရွှေ့တာနဲ့ အဆင်မပြေသေးဘူးလေ၊ သမီးမှာ လိုအပ်နေလို့ မဖြစ်မနေနဲ့ ဝယ်လာရတယ်ဆိုလည်း မေလွှမ်းဘာမှ မပြောပါဘူး "

ပြောနေရင်း လွှမ်းက ခေါင်းရင်း ဗီရိုပုလေးဆီလျှောက်သွားကာ သော့နဲ့ဖွင့်လိုက်၏။

ထိုစဉ်

" မေလွှမ်း. . . . မေလွှမ်းရေ ဖုန်းလာတယ် "

ဘေးအိမ်က သဲသဲ ခေါ်သံလေးပျံ့လွင့်လာ၏။

" အင်း. . . . လာပြီ ယာပြီသဲသဲ ခဏလေး "

သမီးကို ပိုက်ဆံထုတ်ပေးပြီး ဖုန်းဆက်ဖို့ ခပ်သုတ်သုတ်ထွက်လာခဲ့ရပြန်သည်။ ကိုကိုရှိနေတုန်းကဆို လွှမ်းမှာ ဟန်းဖုန်းလေးတစ်လုံးရှိသည်။

" ဒါကိုကိုနဲ့ပဲ ပြောဖို့နော်၊ ဘယ်သူကိုမျှ နံပါတ်မပေးနဲ့၊ လွှမ်းဘယ်သူကိုမှ မပြောရဘူး၊ ကိုကိုလှမ်းခေါ်တာနဲ့ လွှမ်းရဲ့အသံချက်ချင်းမကြားရရင် နာပြီမှတ် "

လွှမ်းရဲ့ နဖူးလေးကိုထု၍ ကိုကိုက စသလိုနောက်သလိုမှာသည်. . . .

တကယ်လည်း သင်္ဘောထွက်သွားပြီဆို ကိုကိုက နေ့တိုင်းဆက်နေတာပါပဲ၊ ဆက်လို့မရတဲ့ နေရာရောက်လျှင် ရတာနဲ့ ဆုံးဆက်သည်။

" ဟဲလို ကိုကို "

" အဲဒီ အသံလေးကို လှမ်းလိုက်ရတာ ကလေးရာ "

ဖုန်းထဲကနေ ကိုကိုအသံက တကယ့်ကို တုန်ယင်လှိုက်လှဲလျက်

" သမီးလေက အပျိုဖြစ်တော့မှာ လွှမ်းကို ကိုကို အဲဒီလောက်ထိဖြစ်ရသလားဆိုပြီး သူငယ်ချင်းတွေက စကြတယ်ကွ "

" ဘယ်လိုလုပ်ရမလဲ သမီးကသပ်သပ် မိန်းမကသပ်သပ် လွှမ်းကို ကိုကို သိပ်ချစ်တယ် " ကိုကိုက အသာညှိရုံတင်မကဘဲ ည်းတဲ့ဘက်ကို ခပ်ပါပါရယ်။"

ထို့ပြင် မျက်ခုံးထူထူ ပါးယိုင်းမွေးစစနှင့် မျက်နှာကအစဉ်သဖြင့် ည်တင်းနေတက်သူမို့ ချောတယ်လို့ ဘယ်လိုမှ ပြောမရတာဖြစ်သည်။

ဒါပေမဲ့ ကြည့်ကောင်းတာ တစ်ခုရှိသည်။

ကိုကိုအရပ်က ယောက်ျားထဲမှာ ရှားပါးစွာမြင့်သော နေအထားမို့ ဘောင်းဘီအရှည်ဝတ်ထားလျှင် ဗိုက်သားရှပ်သော ကိုယ်ဟန်နွဲ့နွဲ့နှင့် ယောက်ျားပီသခြင်းသည့် ဖျားယောင်းမှုတစ်ခု ဖြစ်နေသည့်နှယ်

စတွေ့ကြတုန်းက လွှမ်းက ဆယ်တန်းကို တစ်နှစ်နားနေပြီးမှ ပြန်ဖြေချင်စိတ်ပေါက်၍ ကျောင်းမှာ Form တင်ပြီး ပြန်လာတာ

အဲဒီမှာ လွှမ်းရဲ့ဆံပင်တွေက နားရွက်အောက်သာသာ







www.burmeseclassic.com

www.burmeseclassic.com



တိတိရိရိလေးဖြစ်ကာ ဆံမြိတ်ပါးပါးချထားသေးသည်။

ဂျင်းစကက် ခြေသလုံးတစ်ဝက်လောက်လေးကို တီရှပ် လက်ပြတ် အဖြူလေးနှင့် တွဲဝတ်လျက် ကြိုးသိုင်းချည် လွယ်အိတ် အပြာလေးကို စလွယ်သိုင်း လွယ်ထားတာဖြစ်သည်။

ရဲမြင့်သူဆိုသော ကိုကိုသည် ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာကာ ဘယ်ကိုမှ မော့မကြည့်

လွှမ်းကတော့ သူ့အရပ်ကြီးနှင့် သူ့မျက်နှာတင်းတင်းကို လူကြားထဲမှာ မားမားကြီးလှမ်းမြင်လိုက်ကတည်းက သတိထားမိခဲ့၏။

သူက မကြည့်ဘဲ လျှောက်လာကာ

လွှမ်းက သူ့ကို ကြည့်နေလျက်နှင့် တမင်တကာလည်း မဟုတ်ပါဘဲ ပခုံးတစ်ဘက်နဲ့ သူလက်မောင်းငြိမိသွားတာက ဘယ်သူ့ အပြစ်မှန်းမသိ

" အာ "

" ဟာ. . . . ဆောရီး "

လွှမ်းမျက်နှာလေး မဲ့သွားတာကို သူငုံ့ကြည့်၍ ပျာပျာသလဲ တောင်းပန်သည်။ သို့သော် အရေးကြီးနေပုံရသည့် သူ့မျက်နှာကလည်း လွှမ်းကို စိတ်ဝင်စားပုံမရဘဲ ချက်ချင်းခရီးဆက်လိုခြင်းများနှင့် လှည့်ထွက်သွားပြီးမှ

" ဟာ ချာတိတ်. . . . ခဏ "

သူ့ကို မကျေမနပ်လေးကြည့်နေဆဲရှိသည့် လွှမ်းရှိရာကိုပဲ





ခြေလှမ်းကျဲများနှင့် ပြန်လျှောက်လာကာ သူအင်္ကျီထဲကိုလည်း အားနေသည့် လက်တစ်ဖက်နှင့် နှိုက်နေ၍

" ဒီပစ္စည်းလေးကို ကိုယ်ပြောတဲ့ဆီ ပို့ပေးစမ်းပါ၊ မင်းလိုင်း ကားနဲ့သွားလည်း (၂၀၇) ကားကို စီးသွားလို့ရတယ်၊ ကားငှားစီးလည်း ထောင့်ငါးရာ နှစ်ထောင်ဆိုရတယ်၊ ကျန်တဲ့မင်းယူ. . . . "

" အံမာ "

လွှမ်း ခါးကို ဆက်ခနဲ ထောက်ပစ်၍ ပါးစပ်ထဲမှာ စကားလုံးတွေ အလုအယက်ပြည့်သိပ်နေတာကို ခေါင်းစဉ်ရွေးနေဆဲ

" လုပ်ပါ ချာတိတ်ရာ ကိုယ်အချိန်မရတော့လို့ပါ "

သူက လက်ထဲမှာကိုင်ထားသည့် အနက်ရောက်လက်ဆွဲ အိတ်သေးသေးလေးကို ပိုက်ဆံတွေနဲ့ အတူအတင်းထိုးပေး၍ တောင်းပန်နေ၏။

လွှမ်းဒေါသတွေက အဆမတန် တနင့်တပိုးကြီးပါ

" ရှင်ကြီးက လူကို ပိုက်ဆံပေးပြီး ခိုင်းတိုင်းလုပ်မယ့် လမ်းတေလေမ မှတ်နေလို့လား "

" ကျွတ် "

သူမျက်နှာမဲ့သွားကာ ဖျက်ခနဲခါပစ်လျက် ကျွတ်ခနဲ စုတ်သပ်လိုက်ပုံမှာ ဘယ်လိုကြီးမှန်းမသိပေမယ့် လွှမ်းမျက်လုံးထဲမှာတော့ ကြည့်ကောင်းသွားတာပဲဖြစ်၏။

" လမ်းတေလေမလို့ ထင်ရင် ငွေရော ပစ္စည်းရော



www.burmeseclassic.com

www.burmeseclassic.com



ထိုးအပ်နေပါ့မလား ''

သူက အရေးတကြီးပုံစံနှင့် ဘောင်းဘီနောက်အိတ်ထဲမှာ လိပ်စာကဒ်လေးတစ်ခု ထပ်ထုတ်လိုက်ပြီး အိတ်မည်းလေးထဲ ထည့်လိုက်ကာ

'' ရော့ပါကွာ အဲဒီလိပ်စာအတိုင်း သွားပေးပေးစပ်းပါ။ ပိုက်ဆံပေးနိုင်းတယ်လို့ မထင်နဲ့၊ ချာတိတ်မို့လို့ ညီမလေးလို သဘောထားပြီး မုန့်ဖိုးပေးတယ်လို့ မှတ်လိုက်၊ ကျေးဇူးတင်တယ် တကယ်နော် ''

လွမ်းဘာမှ မပြောရသေးမီ သူတစ်ချက်မှ ပြန်မကြည့်တော့ဘဲ ကျောခိုင်းသွားပြီဖြစ်၏။

မြတ်စွာဘုရား မှောင်ခိုပစ္စည်းတွေ ဘာတွေ ဖြစ်နေမှဖြင့် တွေးလိုက်မိကာ ပတ်ဝန်းကျင်မှာ ရှုပ်ထွေးနေသည့်လူတွေဆီကို ငေ့ကြည့်မိ၊

အိတ်ကိုလည်း ဖွံကြည့်ရင်း သုံးဆယ့်တစ်လမ်းဘက် ပြေးတက်ကာ နီလာဒန်ပေါက်ဆိုင်ထဲ ကဗျာကယာ ဝင်ထိုင်လိုက်ရသည်။

'' အစ်မ ပါဆယ်လား ''

'' အင်း မဟုတ်ဘူး၊ အဲ. . . . ဟုတ်. . . . ဟုတ်တယ် ''

လွမ်း အိတ်ထဲကို နှိုက်လျက်နှင့် အယောင်ယောင်အမှားမှား ပြောလိုက်မိသည်။

ပြီးတော့ ဒန်ပေါက်စောင့်နေရင်း ထုတ်ကြည့်လိုက်တော့





သားရေအိတ်အညိုလေး တစ်လုံးဖြစ်ကာ သံလိုက်စေ့လေးကို ဆွဲဖွင့်ကြည့်လိုက်တော့

'' ဟယ် မျက်မှန်လေးတော့. . . လှလိုက်တာ ''

တကယ်ဒီလောက်လှတာကို မြင်ကိုမမြင်ဘူးတာဖြစ်သည်။

မျက်မှန်လေးမှန်းသိတော့ စောစောက ထိတ်လန့်သွားခဲ့သည့် စိတ်တွေလည်း ပျောက်ကွယ်သွားခဲ့လျက် ငွေကိုင်းတပ် အကြည်ရောင် မျက်မှန်လေးကို ဆိုးဆိုးဆတ်ဆတ် ထုတ်တပ်ပစ်လိုက်၏။

မှန်အကြည်လေးသည် ရိုးရိုးကြီးမဟုတ်ဘဲ ရွှေအိုရောင်တွေ ဖြာနေပြီး တပ်လိုက်တော့လည်း မြင်းကွင်းအားလုံးက ရောင်ပြန် တောက်ပနေသည်။

လူကိုကြည့်လျှင် သွား မျက်ဝန်းတို့မှာ တလက်လက်ဖြာ၍ ရွှန်းလဲ့ကာ ကိုယ့်ကိုပဲ သဘောကျလို့ ကြည့်နေသလိုလို

တစ်ခုခုကိုပဲ တစ်မက်စိတ်နဲ့ကြည့်နေသလိုလို

ဒြပ်ဝတ္ထုအမျိုးမျိုးတို့မှ အကြည်လွှာရှိသမျှ အရာအားလုံးကို တောက်ပနေစေခြင်းဖြစ်၏။

မျက်နှာကို ချွတ်လိုက်တော့ လှလိုက်တာဆိုသည့် အရာအားလုံးက ဘာမှမဟုတ်ဘဲ ဖြစ်နေပြန်သည်။

လွမ်း မျက်မှန်လေးကို သဘောကျလို့မဆုံး

လိပ်စာကဒ်လေးကို ထုတ်ကြည့်လိုက်တော့

Brothers အီလက်ထရောနစ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိမ့်မြကြာဖြူ . . . . . ဟု ရေးထားသည်

ဆက်လက်ပါရှိသည့်လိပ်စာကို လွှမ်းစိတ်မ၀င်စားတော့ပါ။

ထိုမျက်မှန်လေဟာ ဒေါ်သိမ့်မြကြာဖြူကို ပေးလိုက်တာဟုပဲ မှတ်လိုက်၏။

ပြီးတော့ မျက်မှန်လေးက အပိုင်းမဟုတ် လေးထောင့်မကျ သေးသေးရှည်ရှည်လေးဖြစ်၏။

" စိတ်တော့ မကောင်းဘူး၊ ဒေါ်သိမ့်မြကြာဖြူရေ လွှမ်းက ဒါလေးကို ကြိုက်လို့ "

ဘာဖြစ်လဲ သူကသူ့ဈေးပဲ

လွှမ်းက ဒါမျိုးကို ၀ယ်နိုင်တဲ့သူမဟုတ် . . . . .

ဖေဖေက ကုမ္ပဏီပြုတ်သွားလို့ ကြွေးတင်တာကို ရှိတာတွေ ရောင်းချ ဆပ်နေသည်။

မေမေကလည်း ငါမဖြုန်းလည်းကုန်မှာပဲ ဟုညည်းညူကာ စီးပွားပျက်နေသည့်ကြားမှ ၀ယ်လိုက်တဲ့အ၀တ်အစား ထွက်လိုက်တဲ့ခရီး လွှမ်းအတွက်ကျတော့ ဘယ်သူ့စာရင်းထဲမှမပါ။

ခုဆိုဖေဖေ အိပ်ရာထဲလဲနေတာ မေမေက အိမ်မကပ်တော့ဘူး ဆိုတော့ လွှမ်းမှာ ဖေဖေ့ကိုပြုစုနေရသေးသည်။

ငွေတစ်သောင်းပြည့်အောင် မကိုင်ရတာကြာလှပြီ လွှမ်းမျက်မှန်လေးကို ယူထားလိုက်ကာ စာတစ်စောင် ချက်ချင်း ကောက်ရေး၏။





ဒေါ်သိမ့်မြကြာဖြူ

တစ်စုံတစ်ယောက်သည် ဒေါ်သိမ့်မြကြာဖြူထံ အလွန်လှပသော မျက်မှန်လေးတစ်လက် ပို့နိုင်းပါသည်။

သို့သော်ထိုပစ္စည်းလက်ခံသူ တစ်စုံတစ်ယောက်က ထိုဟာကို နှစ်သက်သွားသည်ဖြစ်ရာ ဆောရီးလို့ နှုတ်ဆက်ရင်းပဲ

စာကို စာတိုက်ကနေထည့်ပေးလိုက်ပြီးတော့ လွှမ်း ဘယ်သွားသွား မျက်မှန်လေး ထုတ်တပ်ကာ ကိုယ့်ကိုယ်ကို အပြစ်ရှိသည်လည်း မထင်ခဲ့ဘဲ. . . .

နောက် နှစ်နှစ်ကြလေမှ

" ခဏလေးငှားပါ လွှမ်းရယ် နင်ကလည်း ဒီမှာ ရွှေရောင် လေး၀တ်ထားလို့ ခဏတဖြုတ်ပဲမျှား ကြည့်ချင်လို့ပါ "

" မငှားနိုင်ပါဘူး ငါတောင်ကြိုက်လွန်းလို့ သူ့ခိုးကျင့်သူ့ခိုးကြံ သူ့ထားရတာ နှစ်နှစ်ရှိပြီ ဒီနေ့ထိလုံး၀ကိုယ်နဲ့မကွာထားတာ "

မြကျွန်းသာထဲက အတူထွက်လာကြရင်း လွှမ်းက မျက်မှန်လေးကိုခုမှ မြင်ဖူးသူလို သေချာကြည့်ရင်း ဂုဏ်ယူ၀င့်ကြွား သလိုလေးပြောကာ ပြန်တပ်မလို့လုပ်တုန်း

" ဟိတ် "

" ဟင် "

လွှမ်း မျက်မှန်ကိုင်ထားသည့် လက်ကောက်၀တ်လေးကို ဆံကြမ်းကြမ်း ဆောင့်ဆွဲပစ်လိုက်ခြင်းခံရကာ



www.burmeseclassic.com

www.burmeseclassic.com



" ရှင်. . . . ရှင်ကြီးက. . . . ဟို "

" ဟုတ်တယ် သူခိုးမိပြီ "

သူငယ်ချင်းတွေလည်း အံ့ဩကုန်ခဲ့လျက် လွှမ်းလည်းရှန်းဖို့ သတိမရဘဲ သူတိုးသိပ်တင်လိုက်တဲ့ ကားပေါ်ရောက်မှ

" ဟင်. . . ဒါ. . . ဒါဘာလုပ်တာလဲ. . . . ချပေး. . . ချပေး"

ကားက သိမ့်ခနဲ ဆောင့်ထွက်သွားပြီး လက်တစ်ဖက်နှင့် လွှမ်းကို သူကတင်းကျစ်စွာ ဖမ်းဆွဲထား၏။

" ငြိမ်ငြိမ်နေနော် ဒီမှာကားမောင်းနေတာ နှစ်လောင်းပြိုင် ဖြစ်သွားမယ် "

ပြောရင်းကားက ခါယမ်းသွားသဖြင့် လွှမ်းအတင်းဆင်းဖို့ ရှန်းနေရာမှ ငြိမ်ကျသွားသည်. . . .

ဒီအချိန်မျိုးမှာ ဒီလူကြီး လွှမ်းဘေးမှာ ဘွားဘွားကြီး ပေါ်လာလိမ့်မယ်လို့ ထင်ထားခဲ့ပါ့မလား။

ကားလေးက အင်းယားကိုပတ်ကွေ့၍မောင်းရင်း လူရှင်းသော နေရာမှာ ရပ်တန့်သွား၏။

" မင်းဘာလုပ်ထားလဲ ကိုယ့်အပြစ်ကိုယ်သိလား "

လွှမ်း မျက်နှာလေးကို တင်းပစ်ကာ သူ့ကို ဂျစ်ကန်ကန် ပြန်ကြည့်လိုက်၏။

" လွှမ်း ခိုးတာမဟုတ်ဘူး။ ဒေါ်သိမ့်မြကြာဖြူကို ပြောလိုက်ပြီးမှ ယူတာ "





" သူက ပိုင်ရှင်မှမဟုတ်တာ၊ ကိုယ်ကပိုင်ရှင် မင်းကိုမပေးဘဲ ယူတာ မင်းခိုးတာပေါ့ကွ "

ဘယ်လိုမှ ခေါင်းထဲထည့်မထားခဲ့သောကိစ္စ

ကိုယ်မှာလည်း အပြစ်ရှိနေတာကို ရုတ်တရက် အာပြောရမှန်း လွှမ်းမသိ။

ထို့ကြောင့်

" ရော့ ပြန်ယူ. . . . လွှမ်းသွားမယ် "

လွှမ်း သူ့ပေါင်ပေါ်ကို မျက်မှန်တင်ပေးကာ ကားတံခါး လှည့်ဖွင့်တော့ သူက လွှမ်းကိုယ်လုံးလေးကို တစ်ပွေ့တစ်ပိုက်ကြီး ဆွဲပွေ့ လိုက်ကာ

" ဒီလို ပြန်ပေးလိုက်တာနဲ့ ပြီးရောလား "

" အို. . . . ဘာလုပ်တာလဲ လွှတ်နော်၊ ရှင်. . . ရှင်ကြီး မယုတ်မာနဲ့ လွှမ်းအော်လိုက်မှာ"

တကယ်တမ်းကျတော့ သန်မာသည့်သူ့လက်များကြားမှာ လွှမ်း ဟုတ်တုတ် မလှုပ်နိုင်တော့ဘဲ အော်ဟစ်ခြင်းလည်း မပြုနိုင်ခဲ့ပါ။

နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးတွေနဲ့ပေမယ့် သူ၏ ရှည်ကြာသော အနမ်းဘို့က ကြမ်းတမ်းခြင်းမရှိပေ။

ငြိမ့်ငြိမ့်လေး စီးဆင်းသွားသည့် ရေအလျင်ထက်က မှင့်ဖက်လေးသဖွယ် လွှမ်းရင်တွေ ပရမ်းပတာ လှုပ်ခါသွားခဲ့လေသည်။

" အဲဒီတုန်းက မင်းကို ကိုယ်ခဏလေး စကားပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တာပဲ. . . . ဒါပေမယ့် ခဏခဏ သတိရနေတယ်၊ ဒါလျှော်ကြေး တောင်းတာမဟုတ်ဘူးနော်၊ ချစ်လို့နမ်းတာ . . . . . " တဲ့

လွန်ခဲ့သော နှစ်နှစ်လောက်က ဆယ်မိနစ်လောက်ပဲ မျက်နှာ ချင်းဆိုင်ဖူးသည်၊ ခုပြန်တွေ့တော့ ချစ်တယ်လို့ပြော၏။

အဓိပ္ပါယ်မရှိလိုက်တာ

လွမ်းခေါင်းခါနေမိသည်၊ နှလုံးသားက အတင်းပဲခေါင်းညိတ် နိုင်းနေသည်။

" ကိုယ်က သဘောသားကွ၊ ခဏ ခဏခရီးထွက်နေရတာ မင်းကို စဉ်းစားခွင့် တစ်ခါပေးရမယ်ဆိုရင် နှစ်နဲ့ချီကြာမှာ လုပ်မနေပါနဲ့ကွာ မင်းမှာ ရည်းစားမှမရှိတာ ကိုယ်နဲ့လိုက်ခဲ့ "

ပြောပုံက ပေါ့ပျက်ပျက်နဲ့ပါပဲ

လွမ်းကို အထင်သေးသလိုလို သူက ဒီလိုပဲရှုပ်နေကျလိုလို

ဒါပေမဲ့ ဖေဖေ့အပေါ်မှာ ကြွေးတွေအများကြီးတင်ထားသည့် သူဌေးဆိုသောလူကြီးနဲ့ လွမ်းကိုပေးစားတော့မလိုလို၊ ဖေဖေစကား စလာတော့

" ဦးရဲမြင့် "

" ပြော "

" လွမ်းကို လာခေါ်လှဲ့ "

" လာပြီ "

သူချက်ချင်း ဖုန်းချသွားပြီး ဆယ့်တစ်မိနစ်တိတိမှာ လွမ်းတို့





ခြံရှေ့ ရောက်လာခဲ့သည်။ ကားပေါ်မှာ သူ့ဘေးမှာ လွမ်းထိုင်မိတော့

" ချာတိတ် ကိုယ့်ကိုယုံလား "

" မသိဘူး "

" ဘာလို လိုက်လာတာလဲ "

" ဟင့်အင်း မသိဘူး "

သူက ကားမောင်းရင်း ရယ်၍

" အခုဘယ်ကို ခေါ်သွားမယ်ထင်လဲ "

" မသိပါဘူးဆိုမှ . . . . . "

" မကြောက်ဘူးလား "

" ဟင့်အင်း "

" ကိုယ့်ကိုချစ်လား "

" အင်း "

" အိုခေ "

" အား "

သူကားကို ချက်ချင်းရပ်ပစ်ကာ လွမ်းကို ဆွဲပွေ့လိုက်တော့ လွမ်းလန့်ဖျန့်သွား၏။

" အဲဒီ အင်းတစ်လုံးကိုပဲ ကိုယ်လိုချင်တာ နောက်တစ်ပတ်ဆို ကိုယ်သင်္ဘောတက်ရတော့မှာ မင်းကို ဇွတ်ခိုးပြေးပြီး လက်ထပ်ဖို့တိ စိတ်ကူးနေတာသိလား၊ ဒါပေမဲ့ ကိုယ်ကရှုပ်ဆိုးတယ်၊ မင်းက သိပ်လှနေလို့ စဉ်းစားနေတာ ပြီးတော့ မင်းက ကိုယ့်ထက် ဆယ်နှစ်ကျော် ငယ်နေတာကို လန့်တယ် "



www.burmeseclassic.com

www.burmeseclassic.com



သူက လွမ်းကို တင်းကျပ်စွာဖက်ထား၍ အတင်းဖိကပ်နမ်းရှိုက်နေတာကို လွမ်းတားဆီးဖို့ မေ့နေ၏။

'' ကိုယ်မှာ အနှောင်အဖွဲ့မရှိဘူး၊ ရန်ကုန်မှာ နေစရာလည်းမရှိဘူး၊ ဒီကားတစ်စီးပဲရှိတာကွ၊ ဒါပေမဲ့ မပူပါနဲ့ မင်းကိုကိုယ်အားလုံးဖန်ဆင်းပေးနိုင်တယ် ''

သူက ပြောတဲ့အတိုင်းလုပ်ခဲ့သည်။

ဘဏ်မှာ စုထားသမျှ ငွေတွေကိုထုတ်၍ ခြံနဲ့ပျဉ်ထောင်နှစ်ထပ်အိမ်လေးဖြစ်အောင် အားချင်းဝယ်ပစ်သည်။

လွမ်းလက်ထဲမှာ ငွေတွေအထပ်လိုက် ထည့်ပေးခဲ့ပြီး သင်္ဘောတက်သွားတော့ လွမ်းကို မေမေတို့လက်ထဲ သေသေချာချာ အပ်ခဲ့၏။

'' ကျွန်တော်မရှိတဲ့ အချိန်လေးမှာ လွမ်းကို မိဘနဲ့ပဲ စိတ်ချလို့ပါ ''

ခိုးပြေးရသည့်အပြစ်ကို ကျေနပ်အောင်တောင်းပန်၍ ငွေတွေနဲ့လည်း ပုံ၍ ကန်တော့သေးသည်။

ဘာကြောင့်ပဲဖြစ်ဖြစ် ဖေဖေတို့က လက်ခံတော့ သူကျေနပ်သွား၏။

မထင်မှတ်ဘဲ ကံကြမ္မာပြောင်းလဲသွားတာက ထိုမှစခဲ့တာဖြစ်သည်။ မမ သိင်္ဂီနွယ်မွေးဖွားကျန်ရစ်ခဲ့သော သမီးလေး ရဲရင့်ထန်သည် ထိုအချိန်က ဖေဖေတို့လက်ထဲမှာ ကျန်ခဲ့တာ တစ်လသမီးလေးပဲရှိသေးသည်။

'' တူမလေးလည်းဖြစ် မိဘမဲ့လေးလဲဖြစ်ဆိုတော့





ဒီမိန်းကလေးရဲ့ ရေ့ရေးကို သမီးပဲ တာဝန်ယူစေချင်တယ် သမီးရယ် သူ့အဖေက ဖဲသမား လူဆိုး ဒီကောင် ကလေးရှိမှန်းသိလို့ လာပြန်တောင်းရင်တောင် မြေးလေးကို ဖေဖေတို့မထည့်နိုင်ဘူး ဖြစ်နိုင်ရင် မောင်ရဲမြင့်နဲ့ သမီးတို့ရဲ့ သမီးဦးလေးအဖြစ် ကိုယ့်သမီးရင်းလေးလို သဘောထားပြီး ထာဝရ စောင့်ရှောက်သွားစေချင်တယ် ''

ဖေဖေက လွမ်း လက်ထဲကို အပ်ခဲ့သည်။

အစ်မရင်းက မွေးခဲ့သည့် တူမလေးမို့ လွမ်း သမီးလေးကိုတန်နေအောင် ချစ်ခဲ့သည်။ မိဘမဲ့လေးမို့လည်း ကရုဏာ ပိုခဲ့မိတာဖြစ်သည်။

ကိုကိုဟု သူ့ကိုယ်သူ တိုးတိုးလေး ကင်ပွန်းတပ်ပြောသွားသည့်ကိုကိုကိုလည်း သတိရမိပါသည်။ ကိုကိုပြန်လာလျှင် လွမ်းပြောမည်။ သမီးလေးကို လွမ်းနဲ့ကိုကိုမှ လွဲ၍ တခြားတစ်စိမ်းပတ်ဝန်းကျင်မှာ လွမ်းတို့သမီးဟုသာ သိစေရမည်။

လွမ်း စိတ်ကူးလေးတွေကို အမြဲအလိုလိုက်တတ်ခဲ့သော ကိုကို့ကို လွမ်းနှစ်ခါမပြောခဲ့ရ။

'' သတ္တဝါကယ်တာပဲ လွမ်းရယ် ပြီးတော့ လွမ်းရဲ့တူမလေးပဲ မင်းပျော်တယ်မို့လား ''

'' အင်း ကိုကို ကတိပေးနော် ကိုကို့သမီးလို့ပဲပြော ''

'' စိတ်ချ ကိုကို့ဘက်က ရှားရှားပါးပါးရှိတဲ့ အဒေါ်ကိုတောင် မသိစေရဘူး သူတို့နဲ့လည်း ဝေးပါတယ် တွေ့ဖြစ်ကြမှာလည်း မဟုတ်ပါဘူး ''

ထိုတစ်ခုကတော့ ကိုကို ခန့်မှန်းခဲ့တာ လွဲခဲ့သည်။

နောက်မကြာခင်မှာပဲ ထိုအုပ်စုနှင့် လွမ်း ကံကြမ္မာမျက်စိမှား၍ ဆုံဆည်းခဲ့ရလေသည်။

ထိုအုပ်စုကြောင့် မှန်တိုင်းကြားက သစ်ပင်ကြီးတစ်ပင်နှယ် ယိုင်လဲသော်လည်း လေပြင်းကြောင့် လူးလူးလဲလဲပျက်စီးမတ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတာတွေတော့ရှိခဲ့၏။

ကိုကို ကားအက်ဆီးဒင့် ဖြစ်ပြီး သေဆုံးခဲ့ရခြင်းမှာ လွှမ်းဘဝ ကံဆိုးမိုးမှောင်ကျခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှာ လွှမ်းဘက်က မိဘနှစ်ပါးလည်း မရှိကြတော့။

အက်ဆီးဒင့်ဖြစ်သည့်ကားလေးမှာလည်း ဒဏ်ရာများစွာနှင့် တစ်ခါတည်း ရောင်းပစ်ခဲ့ရသည်။ ကိုကိုအလိုလိုက် ယုယထားခဲ့သမျှ ကိုကို ဖန်ဆင်းခဲ့သော အားလုံးသည် ကိုကိုနဲ့အတူ ထာဝရ ပျောက်ကွယ်ကုန်ကြ၏။

လွှမ်းဘာမှ မလုပ်တတ် မကိုင်တတ်နှင့် ကျန်ခဲ့သောအခါ ရှိသမျှလက်ဝတ်လက်စားတွေ ရောင်းချခဲ့ရသည်။ အိမ်တွင်းမှာ ရှိသမျှ အဖိုးတန် အိမ်ထောင်ပရိဘောဂပစ္စည်းအားလုံး တစ်ခုပြီးတစ်ခု ဖြုတ်ခဲ့ရ ရင်း ကိုကို့ကို တမ်းတ၍ ငိုခဲ့ရတာ မျက်ရည်မစဲ

ကိုကိုမရှိခဲ့ရင်ဆိုသည့် အတွေးမျိုးလည်း မဝင်ခဲ့ဘူးသော ရင်ထဲမှာ ကိုယ့်အတွက်သာမက သမီးလေး၏ ရှေ့ရေးပါ နှစ်ဘဝစာ ရှုန်းကန်ရတော့မည့်အခွင့်အရေးဟာ ခုရော နောက်ရော ဘယ်တုန်းကမှ မရှိခဲ့။

'' တကယ်လို့ ကိုကိုတစ်ခုခုဖြစ်သွားရင်ဆိုပြီး လွှမ်းအတွက် စိတ်ပူလို့ အလုပ်တစ်ခုခု ရင်းနှီးထူထောင်ပေးဖို့ ကိုကိုစိတ်ကူးမိတယ်၊ ဒါပေမယ့်ကွာ လွှမ်းက ငယ်ပါသေးတယ်၊ ကိုကိုလည်းမသေနိုင်သေးပါဘူး ဟုတ်တယ်နော် ဒီအတိုင်းလေးပဲနေကွာ ကိုကိုလွှမ်းကို ခိုင်းရမှာ စိတ်မချဘူး ''

ကိုကိုက လွှမ်းကိုဆို ဖက်ထားတာတောင် ပေါင်ပေါ် ပွေ့တင်ပြီးမှ သိမ်းကျုံးဖက်ထားတတ်တာ

လွှမ်းကိုနမ်းတိုင်း လွှမ်းရဲ့ပါးလေးကိုဖြစ်ဖြစ်၊ မေးဖျားလေးကို ဖြစ်ဖြစ် လွှမ်းထအော်သည်အထိ ကိုက်ပစ်တတ်သူ

'' အသည်းယားလို့ကွာ ဆောရီး ''





'' ဆောရီး ဆောရီး ချစ်လို့ စိတ်မဆိုးရဘူးလေ ''

လွှမ်းနားမှာ ကိုကိုရှိနေချိန်များသည် နတ်တို့ဖန်ဆင်းသော ကြာဥယျာဉ်ကြီးထဲ ရောက်နေသလိုပါပဲ

ထိုအချိန်များကို ကိုကိုက သူနဲ့အတူထိခနဲ ပြတ်ချပြီး နှုတ်သိမ်းပါသွားတဲ့အခါ

'' အိုရပြီ ရပြီ ဦးလေး လွန်သွားပြီ နောက်နည်းနည်း ဆုတ်ပေးပါဦး ''

'' ဩော် ပြောရောပေါ့ကွယ် ''

ကားသမားလူကြီးက စိတ်မရှည်သော်လည်း သည်းခံ လိုက်သည့် လေသံနှင့် မျက်နှာမကြည်သာ။

အိမ်ကထွက်ခဲ့ပြီး ဖုန်းဆက်သည်။

ဖုန်းထဲမှ ဦးဆန်းဆက်၏ တိုက်တွန်းခြင်းဖြင့် အပြင်ထွက် ခဲ့ရသည့် အချိန်အထိရင်ထဲမှာ အတိတ်က ကိုကိုနှစ်ပက်သတ်သော ဘာယာကြည်နူးမှုများကို တသိမ့်သိမ့်ခံစားနေခဲ့မိတာ သတိလက်လွတ်

လွှမ်းကားပေါ်မှဆင်းလျက် သက်ပြင်းလေးချလိုက်မိသည်။

အတိတ်နဲ့ ပစ္စုပ္ပန်က နီးနီးလေးရှိနေသည့်အတိုင်းပါပဲ။

အဝင်ဝဘက်ကို ကျော်ပေးရပ်လျက် အောက်ဘက်လမ်းမကို ကြည့်နေသည့် ကျော်ပြင်ကိုမြင်လိုက်ရလျှင် လွှမ်းတစ်ကိုယ်လုံး ပျင်းခနဲ ဖြစ်သွားမိလေသည်။

နောက်ကနေမြင်ရသည့်ပုံစံသည် ခေါင်းများမှ ခြေဖျားအထိ အနေပ်မြင့်ပုံ ခပ်နွဲ့နွဲ့ ခြေချဲခါးထောက်၍ ရပ်နေပုံ

ဆံပင်များ လှိုင်းတွန့်ရေးရေးရှိနေတာကအစ ကိုကိုနဲ့ အထေရာတည်း

ထိုသူ့ရှေ့မှ စီးကရက်မီးခိုးငွေ့တွေ တလွန့်လွန့်တက်နေတာ မြင်ရသဖြင့် ထိုးသူစီးကရက်သောက်နေတာမှန်း သူမ သိလိုက်၏

www.burmeseclassic.com



အထဲဝင်လိုက်သည်နှင့် လွမ်းသိပ်ကြာကြာ မရပ်လိုက်ရသေးဘဲ သူချာခနဲလှည့်ကြည့်သည်

" မင်းရောက်လာပြီလား "

လွမ်းမဖြေနိုင်သေးပါ။

အရပ်အမောင်း ပုံစံသာတူသော်လည်း သူ့အသားအရေသည် ကိုကို့လို မည်းညိုသည်မဟုတ်ဘဲ ဖြူဝင်းရှင်းသန့်လျက် နှုတ်ခမ်းပါးတို့ကလည်း နီမြန်းနေပြီး လွန်စွာ ချောမောသော မျက်နှာပြင်ဟာ ကိုကိုနဲ့ တူသလားဆိုတာ စိတ်ဝင်စားမှုများနှင့် သူ့မျက်နှာမည်းကို စောင့်ငေးနေခဲ့မိသော လွမ်းမျက်နှာလေးမှာ စိတ်ပျက်ခြင်းတို့ ချက်ချင်းဖြစ်တည်းသွားကာ မျက်ခုံးလေး နှစ်ဖက်ပါ တွန့်ခနဲ မှုကုတ်သွား၏။

" မင်းက အလွမ်းရင့်ရင့် ဆိုတာလား "

လွမ်း နှုတ်ခမ်းလေးစေ့၍ ခေါင်းညိတ်ပြလိုက်သည်။

" ထိုင်ပါ "

လွမ်းကို စားပွဲရှေ့က ကုလားထိုင်ကို မေးဆတ်ပြ၍ သူက နေရာမှာ ပြန်ထိုင်၏။ ရှေ့ကိုင်းနှင့်မျက်မှန်နက်ကို တပ်ထားလျက် ထိုသူသည် ကိုကိုနဲ့စာလျှင် အများကြီးငယ်ပါလိမ့်မည်။ အဖြစ်နိုင်ဆုံးက လွမ်းနဲ့ဆို မတိမ်းမယိမ်းလောက်ပဲ ရှိလိမ့်မည်။

ဒီနေ့ကုမ္ပဏီများ ပိုင်ရှင်သစ်ပြောင်းသွားပြီ။ အလုပ်သမားဝန်ထမ်း ထုတ်တာ နုတ်တာတွေ ရှင်းကြမည်။

ဒါကြောင့်လွမ်းမလာတော့တာပါ။

ဘယ်တော့မှမလာတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့ပြီမို့ စိတ်ဒုံးဒုံးချ နေခဲ့တာဖြစ်သည်။

ဦးဆန်းဆက်သာ အရေးတကြီး ဖုန်းမဆက်ခဲ့ဘူးဆိုပါက ခုလို ရောက်လာခဲ့လိမ့်မည် မဟုတ်ပေ။

" မင်းသူနဲ့ သွားတွေလိုက်ပါ လွမ်းရယ်၊ တို့ကအားလုံးအဆင် ပြေအောင် ပြောထားခဲ့ပြီးသား၊ သူကလည်း အတွင်းရေးမှူး ကိစ္စအတွက်





ပြောင်းလဲဖို့ ဘာမှမစီမံရသေးဘူးတဲ့၊ သူနဲ့တွေ့ပြီးမှ မင်းဆန္ဒနဲ့မင်း ဆုံးဖြတ်ပေါ့၊ အခုတော့ သွားတွေ့လိုက်ပါ "

လွမ်း ပိုက်ဆံအိတ်ထဲမှာ လမ်းစရိတ်ရှိမရှိ စစ်ကြည့်ပြီး အိမ်ထဲသို့ပင် ပြန်မဝင်တော့ဘဲ ဆက်ထွက်လာခဲ့တာဖြစ်သည်။

စိမ်းညို့သည့် မျက်ခုံးတန်းလေးနှစ်ဘက်က ထင်းလျက် င်းကော့ကော့နှာတံလေးကဘိုဆန်နေသည်။

နီထွေးသည့် နှုတ်ခမ်းထူ ပြည့်ပြည့်လေးတွေက စိတ်တိုင်းကျ ပေါ်ဆွဲထားသလို လှချင်တိုင်းလှနေသည်။

ထိုမျက်နှာလေးမှာ ဖြူဖျော့ဖျော့ ဝင်းစက်စက်လေးသာရှိကာ သိမ်းခြယ်ခြင်းဆို မြူတစ်မှုန်စာမှ တင်မနေတာကို မြင်တာနှင့်သိသည်။

သူ စေ့စေ့စပ်စပ်ကြည့်ရင်း မျက်မှန်ကို အသာချွတ်သည်။ ဘာဝမျက်နှာလေးအတိုင်း ပို၍ထင်းရှားလာ၏။

" မင်း နေမကောင်းလို့ မလာတာလား "

" မဟုတ်ပါဘူး "

" ကိုယ့်နာမည် ရန်ကာကွယ် မင်းသိထားလား "

" အမှတ်တမဲ့ပါပဲ "

" ဘယ်လို "

သူ့မျက်ခုံးနှစ်ဘက် မြင့်တက်သွား၏။

" မင်းမှာအမှတ်တမဲ့ ထားလိုက်ဖို့တွေ တော်တော်ရှိနေ လား "



www.burmeseclassic.com

www.burmeseclassic.com



" တော်တော် မရှိပါဘူး၊ မှတ်ထားဖို့မလိုတာကို တမ
ရွေးထုတ်ထားလိုက်တဲ့သဘောပါ "

" ဒါဆို ......"

" လွမ်း ဒီမှာအလုပ် မလုပ်တော့ဘူးဆိုရင် ဒီကဘယ်သူဖြစ်ဖြ
မှတ်ထားဖို့မလို့တော့ဘူးလေ ဒါပါပဲ "

" လွယ်လှချည်လား "

သူက နောက်မှီမှာ ခပ်မတ်မတ်မှီလိုက်ပြီး လွမ်းမျက်နှာ
စိုက်ကြည့်၏။

" ဒီကုမ္ပဏီက ဝန်ထမ်းတွေကို ကိုယ်တယ်သူမှ ဖြုတ်မပစ်သေ
ဘူး၊ လည်ပတ်နေတဲ့ လုပ်ငန်းတစ်ခုကို လောလောဆယ် လေ့လာနေရုံ

စကားရပ်ပြီး သူက လွမ်းကို ကြည့်ပြန်သည်။ပြီးမှဆက်၍

" ဒီလုပ်ငန်းတွေကို ကိုယ်ကသိမ်းပိုက်ထားခဲ့တာ မဟုတ်ဘူ
တကယ်က လက်လှမ်းမီသရွေ့ ဘွဲ့တွေကိုယ်ယူခဲ့တယ်။ နောက်ကျ
ဝါသနာပါတဲ့လိုင်းတစ်ခုမှာ နစ်မြုပ်သွားဖို့ပေါ့ ဖြစ်လာတာက ကုမ္ပဏီ
လုပ်ငန်းမှာဦးစီးဖို့ ဒါကအဖြစ်မနေ လုပ်ရတာဆိုတော့ ရှောင်လွှဲလို့မရဘူ
ကိုယ်ပြောချင်တာက ဒီလုပ်ငန်းကို လောလောဆယ် ကိုယ်မကျွမ်းသေးဘူ
မင်းမရှိလို့မဖြစ်တာဟာ အစကတည်းက သေချာပြီးသား "

လွမ်းသူ့ကို စူးခနဲတစ်ချက်ကြည့်ကာ မျက်နှာလွှဲ လိုက်၏။
ဝတ်ထားသည်ကလည်း ပန်းနုရောင်ရိုးရိုးဘလောက်စ် ပွပွလေးဖြစ်သည်
ဘာမှလိမ်းခြယ်မထားပေမယ့် ဒီတိုင်းဖြန့်ချထားသည့် ဆံပင်ရောက်က





နက်မှောင်လက်တောက်လျက် အရောင်မရှိသောမျက်နှာလေးကို
ဝင်းအိလှပစေသည်ဘဲဖြစ်ရာ... သူစေ့စေ့ စပ်စပ်ကြည့်၍ စကားဆက်ဖို့
မေ့နေ၏။

လွမ်းက ဘာမှမသိသလို မျက်နှာလေးကို ခပ်တည်တည်
လှည့်လာကာ

" လွမ်းအလုပ်မလုပ်တော့ဘူးဆိုတာ ဦးဆက်ကိုပြောထား
ပြီးသားပါ "

" မဆိုင်ဘူးလေ အခုကိုဆန်းနဲ့ ကိုယ်လူချင်းချိန်းမယ်၊ ဒါပေမဲ့
လုပ်ငန်းလည်ပတ်နေတဲ့ နှုန်းနဲ့ဘာမှ မပတ်သက်ဘူးဆိုတော့ ကုမ္ပဏီ
စည်းကမ်းအတိုင်း မင်းအလုပ်က ထွက်ချင်ရင် ခြောက်လကြာမှ ထွက်လို့
ရမှာ "

နဂိုကတည်းက ဒီအလုပ်က ထွက်လိုက်သည်နှင့် အဘက်တက်
က အခက်အခဲတွေရှိလာမှာကို သိထားသည့် စိတ်က အတိုက်အခံလည်း
သိပ်မလုပ်ချင်တော့ဘဲ လွမ်းကို ငေးငိုင်းသွားခဲ့၏။

" မင်းက မလုပ်ချင်ဘဲ ဆက်လုပ်ရမှာဆိုတော့ ကိုယ်ဘက်က
မင်းအခုရတဲ့ နဂိုလစာကိုနှစ်သောင်း ပိုပေးမယ် "

လွမ်း လိုက်ခနဲဝမ်းသာသွားပေမယ့် သူမျက်နှာကို
သေသေချာချာ အကဲခတ်မိအောင်ကြိုးစားသည်။

မျက်မှန်ဖြန့်တပ်ထားသည့် သူ့မျက်လုံးတွေကို မမြင်ရပါ။

" တစ်ခုရှိသေးတယ်၊ ကိုဆန်းနဲ့ကိုယ်က နှစ်နှစ်ပဲကွာတာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း Form ဖြည့်ထားတဲ့ စာထဲမှာအရဆို ကိုဆန်က မင်းထက် နဲနဲလေး
အသက်ကြီးတာပဲ ဘာဖြစ်လို့ ဦးဆက်လို့ခေါ်တာလဲ. . . . .

လွှမ်းက ဘာမှမဖြေ။

'' အဲဒါ ကိုယ့်ကိစ္စတော့မဟုတ်ပါဘူး၊ ကိုယ်ပြောချင်တာက
မင်းနဲ့ကိုယ်ရွယ်တူပဲ မင်းကိုယ့်ကို ဦးတပ်မခေါ်ပါနဲ့ ''
ဩော် ကိုကိုနုံစံ ဂိုက်ဆိုဒ်မျိုးနဲ့ပေမယ့် ကိုကို့ထက် ဆယ်နှစ်ကျော်လောက်
ငယ်နေတာပဲ

ဘာမှအံ့ဩစရာမရှိပေမယ့် အံ့ဩမိသည်။
ဆန်းဆက်ဆိုသော နာမည်နှင့် ထိုသူကို ဦးတပ်ခေါ်လိုက်သည်က ကိုယ့်
သူဌေးဖြစ်သည့်ပြင် ဆန်ဆက်ဆိုသူ၏ နာမည်ရဲ့ နောက်ကပါလာသည်
ကြိုတင်ရှောင်ရှားသင့်သော အချက်များကြောင့်လည်းပါသည်။

တကယ်တော့ ဆန်းဆက်က ဦးတပ်ခေါ်ရလောက်အောင်
ရင့်ရော်သူလည်းမဟုတ်ပေ။

သူကိုယ်တိုင်ကလည်း လွှမ်းဘယ်လိုပဲခေါ်ခေါ် ပိတ်ပင်
တားမြစ်ခဲ့တာမရှိ။

ရန်ကာကွယ်က လွှမ်းငေးနေတာကိုကြည့်၍

'' အခု မင်းခဏဖြုန်ပြီး အလုပ်ပြန်ဆင်းပေးလို့ရမလား

လွှမ်းက ကိုယ့်ကိုယ်ကို တစ်ချက်ပြန်ကြည့်မိကာ

'' ဒီအတိုင်းနဲ့ဖြစ်တယ်ဆိုရင် ပြန်ဖို့မလိုပါဘူး၊ ဖုန်းတော့
ဆက်ပါရစေ ''





'' ရတယ် ဆက်ပါ ''

လွှမ်းက ဖုန်းကောက်ဆက်လိုက်၏။

'' သမီးလေးလား မေလွှမ်း ဒီမှာအလုပ်အရေးကြီးလို့
...လာလို့ မရတော့ဘူး၊ အင်း . . . ဒါပဲသမီး သမီးလိုတာဝယ်ခြမ်းပြီး
...မှာပြန်နေနေ၊ တစ်နေကုန် လျှောက်မလည်နဲ့. . . . အင်း. . .
...တ်ဘူးသမီး မေလွှမ်းဗိုက်ရှိမ်လို့ပြောတာ ဩော်. . . သမီးရယ် . . . . ''

လွှမ်း ဖုန်းချလိုက်သည်အထိ သူက ထိုင်လျက်မှ မေးထောက်
...ကြည့်နေသည်။

'' ကိုဆန်းခန့်ထားတဲ့ အတွင်းရေးမှူးက ဆယ်တန်းကျောင်းသူ
...မီးတစ်ယောက်ရှိနေတဲ့ အိမ်ထောင်သည်ဆိုတာ ကြားလိုက်တုန်းက
...ယ်တော်တော်အံ့ဩသွားတာ၊ အတွင်းရေးမှူးဆိုတာ ပညာပြည့်ဝဖို့
...ပြင် နုငယ်ဖျက်လတ်ဖို့ လှပတက်ကြွဖို့ အများကြီးလိုတာလေ''

လွှမ်းသူ့ကို တစ်စုံတစ်ရာပြောဖို့ လှည့်ကြည့်လိုက်တော့
...လက်ကာပြလိုက်ပြီး. . . . .

''မင်းကို ကိုယ်မမြင်သေးခင်က တွေးမိတာကိုပြောတာ . . .
...မဟုတ်ဘူး ''

သူက နှုတ်ခမ်းဖွင့်ရယ်၍ စားပွဲမှာသွားပြန်ထိုင်သည့် လွှမ်းကို
...ကြည့်ရင်း

'' ဘာပဲဖြစ်ဖြစ် အလုပ်နဲ့ ဆိုင်တာ ဟုတ်ဟုတ် မဟုတ်ဟုတ်
...ယ်က ကိုယ်ရေးကိုယ်တာ အခက်အခဲတစ်ခုခုဖြစ်တာရှိရင် ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရပါတယ် ''

ကျေးဇူးတင်ပါတယ်လို့ ပြောသင့်ပေမဲ့ လွှမ်းတစ်ချက်သာ ပြုံးပြလိုက်မိပြီး နှုတ်ဆိတ်နေလိုက်သည်။

ဆန်းဆက်နှင့် ရန်ကာကွယ် မည်မျှရင်းနှီးကာ သူမ အကြောင်းကို အဲလောက်ထိ ပြောဖြစ်ခဲ့ကြသလဲ။

✿ ✿ ✿ ✿ ✿



## အခန်း (၄)

ထန် ကားစောင့်နေစဉ် ဘာရယ်မဟုတ်ဘဲ မျက်လုံးက ရောက် ဒီရောက်နှင့် Trader Hotel ဘက်ကို လှမ်းကြည့်လိုက်မိ၏။

'' ဟင်. . . မေလွှမ်းပါလား ''

လွှမ်းရဲ့ဘေးမှာ ပုံစံတစ်မျိုးစီနှင့် လွန်စွာကြည့်ကောင်းသော ယောကျ်ားနှစ်ယောက်က ယှဉ်တွဲလျက် စကားတွေ ပြောနေကြ၏။

တစ်ယောက်ကလည်း ချောမေ့ဆိုသည့် မြန်မာနိုင်ငံက ရုပ်ရှင် သားများထက်သာသည်။

တစ်ယောက်က ဖြူဖြူဝင်းဝင်း အရပ်ကြီးမြင့်ကာ ဘောင်းဘီ နက်ပြာရောင် ရှပ်လက်ရှည်အပြာနှင့် မျက်မှန်နက်ကို တပ်ထား ဖြင့် ထန့်မျက်လုံးထဲမှာ ထင်းနေသည်။

ချောလိုက်တာဟု တိုးတိုးလေးထပ်ပြောမိသည်။

လွှမ်းက ခြေသလုံးတစ်ဝက်ခန့် ကိုယ်ကျပ်အနက်ရောင်နှင့် ပေါ်က ကုမ္ပဏီဝတ်စုံဖြစ်သည့် အပြောရောင်ကုတ်အကျီကို ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ညွန့်လောက်ထိ ကြယ်သီးအပြည့်တပ်ထားတာကြောင့် ကိုယ်လုံးက အကွေးအဝိုက်တို့က သတိထားမိလောက်အောင် ထင်းရှင်းနေသည်။

ဒေါက်ချွန်အနက်ရောင်မြင့်က ပြောင်လက်နေပြီး
ဆံပင်တွေကို ဖြန့်ချထားသဖြင့် ခါးမတ်မတ်ခြေလှမ်းကျဲကျဲ
လျှောက်တက်သည့် ကိုယ်ဟန်က ဆွဲဆောင်မှုတွေအပြည့်

သူတို့ သုံးယောက်လုံး ချောကလက်ရောင် ပြောင်လက်နေသည့် တံခါးခြောက်ခုပါသော ကားကြီးပေါ်ကို တက်သွားကြသည်။

ထန့် ရင်ထဲမှာ ပူလောင်မှု ရေလှိုင်းထသွားလေးသည်။
သားသမီးချင်းအတူတူ ကိုယ်ကသမီး ဆယ်ကျော်သက်အရွယ်လေး
သူကအမေ အသက်သုံးဆယ်ကျော်

ထန့်မှာ ဘာမှမဟုတ်လောက်သည့် အများသူငါလို ဘဝမျိုးထဲမှာ ဘဝကို စိတ်တိုင်းမကျခြင်းများစွာနှင့် ဖြတ်သန်းခဲ့ရသည်။

မေလွှမ်းတို့ကျတော့ ဖေဖေရှိတုန်းကလည်း ဖေဖေက တုန်နေအောင်ချစ်သည်။ မေလွှမ်းမှ မေလွှမ်း

“ ငါ့မြေးကိုငါခေါ်ထားတာဘာဖြစ်လို့လဲ ရဲမြင့် ၊ မင့်မယားကို မင်းပဲဂရုစိုက်နေပါ ..... ကလေးရှိနေရင် ရှုပ်ဦးမယ် ”

ကြီးမေက ထန့်ကိုလာခေါ်တိုင်း ဒီစကားမျိုးတစ်ခုမဟုတ် တစ်ခုတော့ အမြဲပြောတတ်၏။

ဒါပေမဲ့ ဖေဖေက ဘယ်မှာငြင်းလို့လဲ





“ ဒေါ်လေးကလည်း ပြောမနေစမ်းပါနဲ့ဗျာ. . . မိန်းမက သပ်သပ် သမီးကသပ်သပ်ပါ ”

“ အေးပါ။ မင်းမယားကို မင်းတုန်နေတာ မဟုတ်လား။ အဲဒါကြောင့် ကျုပ်က အလိုက်အသိကလေး ထိန်းပေးတာ၊ ကျေးဇူးတင် ဆိုက်သေးတယ် ”

“ ကဲ ကဲ တင်ပါတယ်ခင်ဗျာ၊ တင်ပါတယ်၊ ခေါ်သွားပါ ”တဲ့

ထိုစကားများကြားလျှင် ထန့်ကို ကြီးမေနဲ့ မထည့်ချင်ဘူးဆိုသော ဖေဖေ့စကားတွေကို ကိုယ်ထန်မယုံမကြည် ဖြစ်လာခဲ့သည်။

“ ညည်း အဖေလာခေါ်မှာကို မျှော်မနေစမ်းပါနဲ့အေရယ် ဟိုမှာ သူမယားက ညည်းထက်အရေးကြီးနေတာ မရှိလေ ကောင်းလေလို့တောင် ထင်နေဦးမှာ ”

ကြီးမေကလည်း ဒီစကားတွေပဲ တတွတ်တွတ်ပြောနေတော့
သမီးက မအေလောက်မလှဘူးဆိုသော စကားများကြောင့်
ဖြစ်ခဲ့ရသည့် မကျေနပ်စိတ်ကလေးတွေရော

ဖေဖေ့အချစ်ကို ထန့်ထက်အများကြီး ပိုရနေတာဆိုသည့် သဝန်တိုစိတ်တွေပါ စုပေါင်းမိတာ ထန့်မေလွှမ်းကို ရင်းနှီးချစ်ခင်လို့ မရ ဖြစ်ခဲ့ခြင်းက၊ ထိုအချိန်ကတည်းက စခဲ့၏. . . . .။

ဒီခံစားမှုတွေက ကြာလေလေ ပိုဆိုးလေပါလား
လွှမ်းကလှနေလေ ထန်ကမုန်းမိန်သွားလေ။
အခု လွှမ်းအလုပ်လုပ်နေသလိုမျိုး ထန်လုပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှလှပပလေး ဝတ်ဆင်ပြီး တကယ့်လူကုံထံဆိုသော ဟိုက်ဘော့စ်တွေ အရာရှိတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားထဲမှာ ဘယ်လောက်မျက်နှာပွင့်သလဲ။

မေလွှမ်းတောင် ဆယ်တန်းမအောင်ဘဲ ဝင်နိုင်သေးတာ ထန်ဝင်လို့မရဘူးလား. . . . .။

ခုဆို ထန် ကွန်ပျူတာ ကျွမ်းကျင်နေပြီ။

Speakiing လည်း ဘာသာနှစ်မျိုး လောက်တော့ ပြောဆိုနိုင်ဘို့ ရှိပြီပဲ

" ငါတော့ စက်(ခ)ထရီ သိပ်လုပ်ချင်တာပဲ. . . . . ဒါကြောင့်သင်တန်းတွေ စုံအောင်တက်ဖို့ ရည်ရွယ်ထားတာ။

" ဟုတ်တယ် ငါရောပဲ ဒါပေမဲ့ ငါတို့ထဲမှာ ထန်က အရင်ဖြစ်မှာပါ၊ သူမာမီက ရှိပြီးသားဆိုတော့ တို့ထက်ပိုလွယ်တာပေါ့"

" အေး. . . နော် "

သူငယ်ချင်းတွေက ထင်ကြေးပေးခဲ့ကြသည်။

ဒီနေ့ထိတော့ ထန်ဘယ်လောက်ပဲ စကားခေါ်နေနေ

ဆန္ဒတွေကို ဂရုစိုက်တင်ပြနေလည်း မေလွှမ်းက မသိချင်ယောင်ဆောင်နေခဲ့သည်သာ။

" ထန် စက်(ခ)ထရီလုပ်ချင်တယ် " လို့ဖြင့် တောင်းပန်ပူဆာဖို့ကို ထန်ဘယ်တော့မှ စိတ်ကူးမည်မဟုတ်ပေ။

သူမ ဒါကိုဖြစ်ချင်သည်။ ဒါပေမဲ့ မပြောဖြစ်တာက အောက်ကျ





ခံပြောဖို့ မလိုဟုထင်တာတွေ. . . . .

ပြီးတော့ မေလွှမ်းနဲ့အတူတူ မလုပ်ချင်တာတွေ နှစ်ခုလုံးဖြစ်၏။

ဘာကြောင့်ပဲဖြစ်ဖြစ် ထိုဆန္ဒကတော့ ရှိနေပြန်ရာ၊ မေလွှမ်းအပေါ်မကျေလည်သည့် စိတ်ကတော့ရှိနေဦးမှာပဲဖြစ်လေသည်။

ခုလို မြင်လိုက်ရတော့ ပိုဆိုးပြီ။

လွှမ်းကတော့ ဘာမှမသိပေ။

ရှေ့မှာ ယောက်ျားနှစ်ယောက်

သူမကနောက်မှာထိုင်လျက် လိုအပ်သည့် မှတ်ချက်အတိုများကို အဆက်စပ်များ မေ့မသွားရအောင် သေချာပြန်မှတ်နေခဲ့၏။

" လွှမ်း "

" ရှင် "

" မင်းလက်ကိုင်အိတ် ကြိုးပြတ်နေတယ်မဟုတ်လား။ ပလာဇာ ဝင်လိုက်လေ "

" ရတယ်ကိုရန် ဒီလိုပဲပြုတ်တတ်တော့ ပြန်တပ်လိုက်လို့ ရတယ် "

လွှမ်းက နောက်ကနေ စာရင်းတွေ ငုံ့မှတ်ရင်း ပြောသည်။

အလယ်ခန်းကနေ ရန်ကာကွယ်က လွှမ်းကို မှန်ထဲက လှမ်းကြည့်၏။

သူ့ကိုကြည့်၍ ဆန်းဆက်ပြုံးလိုက်တာကိုတော့ ရန်ကာကွယ် မမြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



" ဘာပဲဖြစ်ဖြစ် သွားလာရင်း ပြုတ်သွားရင် ဒုက္ခရောက်မယ် မိုးဆွေ ပလာဇာကို မောင်းစမ်း "

" ဟုတ်ကဲ့ အစ်ကိုလေး "

လွမ်းငြင်းဆန်ဖို့မော့လိုက်တော့ ဒရိုက်ဘာက ကားကို လှည့်မောင်းသွားပြီဖြစ်၏။

" တို့ကို ဒီမှာပဲ ချပေးခဲ့တော့ ရန် ....."

" ဘာဖြစ်လို့လဲ "

" ကုမ္ပဏီကို တို့မလိုက်တော့ဘူးလေ. . . . ပလာဇာဝင်တာလည်း တို့လိုမှာမှမဟုတ်တာ "

" မဟုတ်ဘူး ပလာဇာအပြန် ကိုဆန်းကို ရွှေဂုံတိုင်ထိပြန်ပို့ပေးမှာ "

ဆန်ဆက်ကရယ်၍ ရန်ကာကွယ်ကို စိုက်ကြည့်၏။

" နေပါစေကွာ အချိန်တွေဖဲ့ပေးရမှာ မနည်းဘူး၊ လောလောဆယ်တို့က အားနေတဲ့သူ ..... မိုးဆွေ ခဏရပ်ပေး "

ကားက ရပ်လို့ရသည့်နေရာထိ ထိမ်းကာ ထိုးရပ်သွား၏။

ဆန်းဆက်က ကားပေါ်က ဆင်းလိုက်ပြီး လွမ်းထိုင်နေသည့် ဘေးကိုလျှောက်သွား၍

" လွမ်း ..... ညနေတို့လာစောင့်နေမယ်၊ နာရီဝက်လောက် အချိန်ပေးနိုင်မလားဟင် "

" မဖြစ်ဘူး ဦးဆက် လွမ်းဒီနေ့ နောက်ကျလို့မရဘူး "





" မနက်ဖြန်ညနေကော "

" အဲဒါက ပြောလို့ မရသေးဘူး "

ဆန်းက ပြုံးလိုက်ပြီး လွမ်းမျက်နှာလေးကို စိုက်ကြည့်၏။

" ရပါပြီ– သွားတော့ကိုရန် "

ရန်ကာကွယ်က ဆန်းဆက်ကို နှုတ်ခမ်းလှုပ်ရုံလေး ပြုံးပြ၏။ ဆန်းဆက်က အသံမထွက်ဘဲ နှုတ်ခမ်းဖွင့်ရယ်၍ ပခုံးတစ်ဖက်တွန့်၏။ လွမ်း ဘယ်ကိုမှ မော့မကြည့်သည့်မို့ ဘာမှမမြင်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

“ ဟဲ့ . . . . . အိမ်မှာဘယ်သူမှ မရှိကြဘူးလား ”

“ ရှိတယ် ဟယ် . . . . . ကြီးမေ လာလေ . . . . . ”

သူတို့ပြောကြတဲ့ စကားတွေကို ကြားထားလို့ မသွားမလာဘဲ နေခဲ့ပေမယ့် ငယ်စဉ်ကတည်းက အတူနေကြီးပြင်းလာသည့် ဒီရင်ခွင်ကို ထန်ရင်ထဲက တွယ်တာခြင်းကရှိပြီးသား . . . . .

ကြီးမေ လက်ကိုဆွဲ၍ ညောင်ခန်းက ဆက်တီခုံတွေမှာ အတူထိုင်လိုက်ပြီမှ

“ နေဦး ကြီးမေကို ထန် လွှက်သုတ်ကျွေးမယ် ”

“ အံမယ် . . . ညည်းလေးက သုတ်တတ်လို့လား ”

“ သုတ်တတ်တာပေါ့၊ မေလွှမ်းသင်ပေးထားတာ၊ ဟင်းလည်း ချက်တတ်တယ် ”

“ တကယ် ”

“ တကယ်ပါဆို. . . ”

ထန်က ကြွားလိုက်တာ၊ ဒါပေမယ့် ကြီးမေပုံစံက ဝမ်းသာ





ဖြစ်မသွားဘဲ သွားဖို့ပြင်နေသည့် ထန်လက်ဖဝါးလေးတွေကို ဆွဲထား၍ သေချာဖြန့်ကြည့်ကာ. . . .

“ ကြည့်ပါဦး ငါ့မြေးလေးကို သူက မီးဖိုချောင် ဝင်နိုင်းနေပြီပေါ့ ”

“ ဟာ ကြီးမေကလည်း ဒါတတ်သင့်တာပဲဟာကို. . . . . ဒက်ဒီရှိတုန်းကလည်း မီးဖိုချောင်ထဲမှာ ချည်းပဲ။ သဘော်ာမတက်မချင်း မေလွှမ်းကို ဘာမှမနိုင်းဘူး. . . . ”

ထန့်ကိုတောင်ပြောသေးတယ်၊ သမီးလေးဆိုတာ အမေကို ကူရမယ်၊ အမေ့ရဲ့ လက်ရုံးတဲ့. . . . . သမီးလိမ္မာမှ အမေသက်သာမှာ ပေါ့တဲ့ . . . . . ဒက်ဒီမရှိတဲ့အခါ သမီးမာမီ မပင်ပန်းပါစေနဲ့တဲ့. . . . ”

“ အမလေး လေး. . . . . ”

ကြီးမေ ရင်ဘက်ထုလေသည်။

“ ညည်းအဖေကိုတော့ မပြောစမ်းပါနဲ့၊ အဲဒီမိန်းမ ရကတည်းက စုံလုံးကန်သွားတာ သူ့မှာမယား တစ်မျက်နှာကလွဲရင် ကျန်တာဘာမှမရှိဘူး၊ အဲဒီလို ဖူးဖူးမှုတ်ထားလို့ ညည်းအမေလက်တွေ ကြည့်ပါလား၊ ကိုင်လိုက်တာနဲ့ သွေပေါက်ထွက်လာမလား အောက်မေ့ ရတယ် နီရဲနူးဖက်နေတာ၊ ကြည့်စမ်း ဒီမှာ ညည်းလက်တွေ ကြမ်းကုန်ပြီ ဖြစ်ရလေ၊ အေ. . . . ဒီမိန်းမကိုကလည်း ကံကောင်းလွန်းပါတယ်၊ မြင်တဲ့ ယောက်ျားတိုင်းဟာ အရူးအမူး . . . . . ခုလည်းကြည့်လေ သူကျတော့ အချိန်ပြည့် ရှိုးနဲ့စတိုင်လ်နဲ့ ကလေးကို ထမင်းချက် ဟင်းချက်တဲ့ . . . . တကယ်ဆို သူကအဒို ကလေးကအပို သူ့နေရာကို ကလေးက



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး သူ့ထမင်းချက်ပေါ့ "

ထိုစကားမှာတော့ ထန်မျက်နှာလေး တည်သွားလေသည်။

ရင်ထဲက ဒဏ်ရာတည့်တည့်သို့ ချွန်မြသည့် ဓါးသွားတစ်စင်း အရှိန်ပြင်းစွာ ထိုးစိုက်ကျသွားသလို နှလုံးသားမှာ စူးခနဲ အောင့်တက်သွားဧ။

ဟုတ်တယ် တကယ်ဆို ပညာအရည်အချင်း အတူတူပဲ ငါကအပျို မေလွမ်း ငါ့ကို တင်မင် ချောင်ထိုးထားတာ

ကြီးမေခေါ် ဒေါ်စိုးစိုးက ထန့်မျက်နှာလေးကိုကြည့်၍ မသိမသာ ပြုံးသည်

ကလေးမို့ ငယ်ငယ်တုန်းက ချစ်တာကတော့ အမှန်ပါပဲ

ဒါပေမယ့် မိန်းမရမှ သူမတို့အပေါ် ပေးကမ်းထောက်ပံ့ခြင်း ဘာမှမရှိခဲ့တော့သည့် ရဲမြင့်သူ့အပေါ် မကျေနပ်သ၍ သူတို့မှာ ပေါက်ကွဲစွ လည်းမရှိ။

ရဲမြင့်သူကို သူမတို့ဘက်က ပြောရလောက်အောင် ကြည့်ရှု ထောက်ပံ့ခဲ့ရတာ ဘာမှမရှိတာ

ထိုအခါ ပြောလို့ရသည့်ဘက်ဟာ လွမ်းဘက်ကိုပဲဖြစ်လာ

သင်းကြောင့် ဟိုကောင်မ မှိုင်းမိနေတာ. . . . .

လွမ်းဆိုတဲ့မိန်းမက သွေးခွဲနေတာပဲဖြစ်မှာပါ . . . . .

အရင်ကဆို သဘောတစ်ခေါက်ပြန်လာတိုင်း လက်ဆောင်တွေ ဆိုတာ မြင်လို့မကောင်း လျှံနေခဲ့တာ





ကားတစ်စီးတောင့်ပါသေးသည်။

ကိုယ်မကောင်းလို့ ကုန်သွားခဲ့ရတာ၊ နောက်တစ်စီးများ ...ပေးဦးမလားလို့ တွက်လိုက်မိသေးသည်။

မောင်မင်းကြီးသားက ငယ်ငယ်လှလှမိန်းကလေး တစ်ယောက် ...ချက်ချင်းကြီး ကောက်ယူပစ်လိုက်ပြီး တစ်ကိုယ်ရေ တစ်ကာယမို့ ...ဆောင်းထားမိသမျှ ထိုမိန်းမအတွက် စုပုံအကုန်ခံ၍ အိမ်တစ်ဆောင် ...အပြောင်နဲ့ထားခဲ့သည်။

အဲဒီကတည်းက ဘယ်ဆွေမျိုး ဘယ်မျက်နှာကို ပြန်ကြည့်ခဲ့ ...သဲ. . . .

တကယ်ဆို ကိုယ်ကလည်း စပ်နိုင်မှ တော်တဲ့ဆွေမျိုး။

သူ့မိန်းမ အလွမ်းရင့်ရင့်ဆိုတာကိုတောင် အိမ်ကိုဘယ်နှစ်ခါ ...လာဖူးလို့လဲ. . . . .

မိန်းမကိုယ်တိုင်ကလည်း ဆွေမျိုးရယ်လို့ အဖက်လုပ်ခဲ့တာ ... မလိုလားမိတာတွေက လွမ်းပေါ်မှာပဲ စုပြုံသွားခဲ့သည်။

သူကမိန်းမမို့ သူ့လင်ကို သူပိုင်တာ ပိုင်စမ်းပါစေ. . . . .

ငါနိုင်တဲ့ဘက်က ငါလုပ်ပြမယ်

စိတ်ထဲကြိမ်းဝါးထားခဲ့သည်။

ကလေးလေးမွေးလာတော့ အိမ်ကိုဝင်ထွက်ချိုးပြီး ကိုယ့်အိမ် ...ဆောင်ခေါ်ချလာခဲ့သည်။

ကလေးကို ချစ်လည်းချစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အမုန်းက ပိုကဲနေသည်မို့ ယုံလွယ်တတ်သော ကလေး ရဲ့ အသိစိတ်ထဲကို ရိုက်သွင်းပေးခဲ့သည်က လွမ်းနဲ့ ကလေး စိမ်းကား သွားရဖို့. . . . .

ဒီအတွက်ပို၍ လွယ်ကူခဲ့သည့်အကြောင်းမှာ ထန်လေးခမျာ ဖအေတူ သမီးလေးဖြစ်လျက် မွေးကတည်းက ညိုညို ရှည်ရှည်လေးရယ်

လွမ်းက လှတာမို့ ထန့်မျက်နှာလေးက မဆိုးလှပေမယ့် အသားညိုကာ မျက်နှာသွယ်သွယ် ကိုယ်လုံးသေးသေးလေးက အရပ်ရှည်တော့ ကြည့်မကောင်းသည့်ဘက်ကို ပါသွားသည်။

ထန်ဟာ ရုပ်မဆိုးပေမယ့် မလှပါ . . . . .

ထိုအချက်ကြောင့်ပင် အလှအပမက်သော မိန်းကလေး တစ်ယောက်၏ ရင်ထဲကို ခါးသီးသွားအောင် ဒေါ်စိုးစိုး ပမ်းစားနိုင်ခဲ့သည်

" ဘာလဲ အိမ်ကို လွမ်းနေပြီးလား၊ မပြန်ချင်ပါနဲ့သမီးရယ် ညည်းအမေက ညည်းနဲ့ ယှဉ်ယှဉ်ပြီး သွားကြီးတဖြဲဖြဲနဲ့ဂုဏ်ယူနေတာ ညဉ်းမရှက်ဘူးလား . . . . ."

ဆိုတာမျိုး

" သမီးရယ် ငါ့မြေးလေးက ချောပါတယ် သူ့အမေ ယှဉ်လိုက်ရင်သာ ကျန်ခဲ့ရှာတာ၊ ဒါကိုပဲ ဟိုတစ်ယောက်က ဂုဏ်ယူ မဆုံးနိုင်. . . . ဟင်း . . . . ."

အဲဒီလိုတွေ ကြိုးစားပန်းစား ပြောပေးခဲ့ရတာ

ခုဆို ဒီကလေး အိမ်မလာတာကြာလို့ သားအမိ ပြန်လည်နေကြပြီလားဆိုပြီး အပူတပြင်းပြေးလာကြည့်တာဖြစ်သည်။

ထင်တဲ့အတိုင်းပဲ. . . . . မအေကို အကောင်းထင်နေပြီး. . .

" ကဲ. . . ကဲ ကြီးမေပြန်ဦးမယ်၊ လှောက်သုတ်မနေနဲ့တော့ မီးဖို ချောင်ထဲမှာ ငါ့မြေး တကုတ်ကုတ် ဝင်လုပ်လာမှာကိုလည်း မျိုမကျပါ ဘူး. . . . ."

ထန့်အတွေးတွေ ကိုယ်တွန်းပို့လိုက်တဲ့ ဘက်ရောက်သွားပြီမှန်း သိကာ အသာလေး ခေါင်းလျှိုပြန်ဖို့ ဒေါ်စိုးစိုးနေရာမှထသည်။

" နေပါဦး ကြီးမေရယ် ထန်ပျင်းလို့ပါ"

" ပျင်းရင် အပြင်ထွက်ပေါ့ . . . . . သူတောင်မှ နေကုန်မှ ပြန်လာတာ လူငယ်ကနေနိုင်ပါ့မလား . . . . . သွားချင်တဲ့နေရာသွား အချိန်နဲ့အခါနဲ့ပြန်ပေါ့. . . . . ကြီးမေက မနေချင်လို့မဟုတ်ဘူး၊ ညည်းမအေနဲ့ မျက်နှာချင်းမဆိုင်ချင်တာ . . . . .။

ထန်တစ်ယောက်တည်း ကျန်ခဲ့တော့ ရင်ထဲမှာပူလောင် ကျန်ခဲ့ သည် တစ်လှမ်းချင်းလေးကန်စွာ လှမ်းဝင်ခဲ့မိသည်က မေလွမ်း အခန်းထဲ ပြီ ဖြစ်သည်။ နှစ်ယောက်အိပ်ခုတင်ကြီးနဲ့ မွေ့ယာ နုနုထက်မှာ ဒက်ဒီနဲ့ အတူရှိစဉ်ကလိုပဲ အိပ်ရာထက်မှာ ခေါင်းအုံးနှစ်လုံးက ယှဉ်လျက်သားပဲ ရှိသည်။

ဒက်ဒီကို မေလွမ်း ဘယ်လောက်ထိချစ်တယ်ဆိုတာတော့ ထန်သိသည်။ အိမ်မှာ မေလွမ်းရှိနေချိန်များမှာ ဒက်ဒီရဲ့ဓါတ်ပုံ ဒက်ဒီနဲ့ ပတ်သက်သည့် သည်အစိတ်အပိုင်းအားလုံးတို့ကို တယုတယ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကြည့်ကာ သိမ်းဆည်းတာ သန့်ရှင်းနေခဲ့တာ ထန်မြင်သည်ပဲ

ထန့်ကိုကျတော့ မေလွှမ်းဘာဖြစ်လို့မချစ်တာလဲ။

ဒက်ဒီချစ်အောင် အလှတွေပဲပြင်ပြင်နေပြီး ထန့်ကိုကျတော့ ကြီးမေတို့လောက်တောင် ဂရုစိုက်ခဲ့တာမဟုတ်။

" ညည်းလေးကို နို့တောင်မှ ဂရုစိုက် မတိုက်လို့ ကျုပ်က နို့ဘူးနဲ့ ဒီမှာခေါ်ထားရတာလေ "

မေလွှမ်း နို့မတိုက်ချင်လို့ ကြီးမေက ခေါ်ထိန်းရသည်တဲ့ ဒါကိုတော့ ထန်မမေးခဲ့မိပါ . . . . .

ရင်ထဲမှာတော့ ထိုစဉ်က ကြေကွဲခဲ့မိတာအမှန်

ခုကျတော့ နာကျင်နေသည် . . . . .

" မေလွှမ်း ဘာဖြစ်လို့ ဒီလောက်တောင် အလှပြင်နေတာလဲ" လို့ ထန်ငိုလိုက်သည့် အချိန်မှစ၍ မေလွှမ်းမိတ်ကပ်လုံးဝ မလိမ်းခဲ့တော့တာတောင်ကြာပါပြီ။

လွှမ်းရဲ့မှန်တင်ခုံရှေ့မှာ ဝင်ထိုင်ရန် အလှပြင်ပစ္စည်းဆိုလို့ ဘာမှရှိမနေတော့သည့် မှန်ရှေ့က ရေမွှေးဘူးလေးနဲ့ လက်သည်းဆိုးဆေး တစ်ဘူး၊ ပတ်(ဖ်)တစ်ဘူးနဲ့ ဘီနှစ်ချောင်း

ပစ္စည်းလေးတွေကို ကိုင်ကြည့်ကာ အတွေးတို့က ရှုပ်ယှက်ခတ်လာ၏။

သူဘာပြောပြော မေလွှမ်းဘက်ကလိုက်လျောခဲ့သည်ချည်း ဖြစ်သည်။





ခုလည်း မေလွှမ်း မိတ်ကပ်လုံးဝ မလိမ်းခဲ့တာ သူမအသိ ရင်ထဲမှာ တင်းကျပ်နေသေးသည်က ထန်လုပ်ချင်သည့် စက်(ခ်)ထရီ အလုပ်ကို မေလွှမ်းက ဖွတ်ယူထားတာပဲဖြစ်၏။

" ဟင် . . . . သမီး . . . . . "

နောက်ဘက်က ဝင်လာသည့် မေလွှမ်း၏ ပုံရိပ် မှန်ထဲမှာ ပေါ်လာ၏။ ခါတိုင်းလည်း ထန့်သူမအခန်းထဲကိုဝင်လာကာ အိပ်ရာပေါ်မှာ စာဖတ်တာ လာအိပ်တတ်တာရှိသည်။

ဒါပေမယ့် မှန်ရှေ့မှာတော့ ဝင်မထိုင်တတ်တာမို့ လွှမ်း ခပ်သုတ်သုတ်ဝင်လာကာ လက်ထဲက လက်ကိုင်အိတ်ကို စားပွဲပေါ် လှမ်းတင်လိုက်ပြီး

" သမီး ဘာရှာနေတာလဲဟင် မေလွှမ်း မှန်တင်ခုံပေါ်က ပစ္စည်းတွေ သမီးဆီမှာ ပြောင်းထည့်ပေးထားတယ်လေ . . . . ."

" ဘာမှ မရှာဘူး "

ထန်မှန်တင်ခုံရှေ့က ထရပ်လိုက်ကာ ဘာမှ လိမ်းခြယ် မထားဘဲနဲ့ ပါးမို့လေးတွေမှာ နီရဲနေသည့် မေလွှမ်းကို ငေးခနဲ တစ်ချက်ကြည့်မိ၏။

သူကသိုလ်နဲ့သူပါလားဆိုသည့် အတွေးက မဝင်ဘဲ ငါမလှလို့ပဲ သူလှတာပေါ်လွင်နေတာဟုမြင်သည်။

လွှမ်းကတော့ ထန့်မျက်နှာကိုပဲ ဘာတွေ ပြောင်းလဲသွားတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပူပန်မှုလေးများနှင့် စူးစမ်းရှာဖွေနေရှာသည်။

" မေလွှမ်း "

" ဟင်း ဘာလဲသမီး "

" နောက်နေ့ကစပြီး ထန် မီးဖိုချောင်ဝင် မပေးနိုင်တော့ဘူး

" ဟင် . . . . . "

ထန့်မျက်နှာလေးကို ကြည့်ကာ လွှမ်းအံ့သြသွားမိသည်။

ဒီရက်ပိုင်းမှာ သူမကိုယ်တိုင် ထန့်သဘောကျ ဘာမှမလိမ်းခြ

ဘဲနေသလို ထန်ကလည်း အရင်လိုမဟုတ်ဘဲ ပြုံးပြုံးရယ်ရယ်လေဖြ

လာသည်။

မနက်စောစော သူမ ထမင်းထချက်နေတာကို သူချက်မ

လို့လည်း စိတ်လိုက်ကိုယ်ပါ ပြောလာခဲ့သည်။

စိတ်ချမ်းသာနေခဲ့ရတာ ဘယ်လောက်ကြာသေးလို့လဲ . . . .

လွှမ်းမျက်နှာ ပျက်သွားတာကို စိုက်ကြည့်၍ ထန်က မဲ့ပစ်လို

၏။

" ထန် ကျောင်းတွေမဖွင့်ခင်ပျင်းတယ်၊ မေလွှမ်းအလု

သွားတာနဲ့ ထန်လည်း သွားတာလာတာ ရှိချင်ရှိမှာ၊ ထန်ကိုသုံးဖို့ ပေးပြ

မေလွှမ်းအလုပ်သွား "

" နေပါဦးသမီးရယ် . . . သမီးက ထမင်းမချက်ချင်ရင် မေလွ

ချက်မှာပါ တစ်သက်လုံးလည်း မေလွှမ်းပဲချက်လာတာ ဘာမှမဖြစ်ဘူ





" ထန်သုံးဖို့ကိုတော့ မပေးချင်ဘူး မဟုတ်လား မေလွှမ်းက .

မေလွှမ်းပဲ လမ်းထွက်နေချင်တာ ထန်ကိုချောင်ထိုးထားတာ "

" အို . . . . . မဟုတ်ပါဘူး သမီးရယ်၊ မေလွှမ်းသမီးကို

သုံးဖို့ ပိုက်ဆံပေးနိုင်ပါတယ် . . . . .၊ သမီးလေး သွားမှားလာမှားကို

စိတ်မချလို့စဉ်းစားနေတာပါ မိန်းကလေးဆိုတာ . . . . . "

" တော်ပါတော့ . . . . . မေလွှမ်းက အခုမေပဲ အကြောင်းပြချက်

တွေ အမြဲတမ်းမရှိနေမှာပေါ့ ထန်ကတော့ ဒီနေ့ကစပြီး မီးဖိုချောင်

ဝင်နိုင်ဘူး၊ သွားချင်လာချင်တာရှိရင်သွားမှာပဲ လာမှာပဲ"

" သမီး "

လွှမ်းက ထန့်လက်မောင်းလေးနှစ်ဘက်ကို ဆုပ်ကိုင်၍

စိတ်မကောင်းခြင်းများစွာနှင့် မျက်နှာလေးကိုကြည့်မိကာ . . . . .

" သမီးလေး ဘာကိုခံစားနေရလဲဟင်း၊ ဘာပြောချင်လို့လဲ၊

သမီးရင်ထဲမှာ တကယ်ပြောချင်တာ၊ တကယ်ခံစားနေရတာ

ဒါတွေမဟုတ်ပါဘူး၊ မေလွှမ်းသိအောင် ပြောပါသမီးရယ် . . . . . သမီး

မေလွှမ်းကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ "

ထန်က လွှမ်းမျက်နှာကို စူးစိုက်ပြန်ကြည့်၍ အောက်

နှုတ်ခမ်းဖျားလေး လှုပ်ခတ်သွားသည်အထိ အံကြိတ်လိုက်၏။

" ဒါဆိုပြောမယ် ထန်အတွင်းရေးမှူးလုပ်ချင်တယ် "

" ဟင် "



www.burmeseclassic.com

www.burmeseclassic.com



လွမ်းမျက်ဝန်းလေးတွေ ပြူးကျယ်သွား၏။

ထန်က ပြုံးမဲ့မဲ့နှင့် စိုက်ကြည့်ကာ

" အဟွန်း ခြောက်ချားသွားသလား မေလွမ်း၊ ပူမနေနဲ့ ထန် မေလွမ်းအကူအညီနဲ့လည်း မလုပ်ဘူး။ ထန်မှာ မေလွမ်း တတ်သလော အကုန်တတ်တယ်၊ မေလွမ်းလိုနေရာမျိုး ဘာဖြစ်လို့မရရမှာ တစ်ခုတော့ရှိတာပေါ့၊ မေလွမ်းက ဒီလိုရအောင် တစ်နည်းနည်း ဖြားယောင်းရယူထားတာဆိုရင်တော့ "

" သမီး "

လွမ်းအသံလေး တုန်ခါနေသည်။

ဒီနေရာကို ဒီလိုအရည်အချင်းလောက်နဲ့ ဝင်လို့မရနိုင်တာ တကယ်ပါ။

လွမ်းကို ကိုကို့မိတ်ဆွေတစ်ယောက်က ကူညီသည့်အနေ နေရာတစ်နေရာ ရအောင်ယူပေးထားတာဖြစ်သည်။

ဆန်းဆက် ကိုယ်တိုင်းကလည်း လွမ်းကို လိုလား လက်ခံခဲ့သည်။ သမီးလေးက ငယ်ပါသေးသည်။

Speaking တတ်နေရုံ ကွန်ပျူတာကျွမ်းကျင်ရုံလောက် အတွင်းရေးမှူး အလွယ်တကူမဖြစ်ဘူးဆိုတာ လွမ်းဘယ်လိုပြောပြရမ

ပြီးတော့ သမီးလေက အလုပ်လုပ်မည်ဆိုသည်မှာ လွမ်း အတိုက်ခံလုပ်ချင်သည့် စိတ်တစ်ခုတည်းကြောင့်သာဖြစ်သည်။





သမီးမှာ ဒီစိတ်တွေ အဘယ့်ကြောင့် မကြာခဏ ကိန်းအောင်း လာတတ်တာလဲ၊ ဒေါသများနှင့် ထွက်ခွာသွားသည့် သမီး၏ ကျောပြင်လေးကို လိုက်ကြည့်ကာ လွမ်းမှာ ရှင်းပြလို့လည်းမရ၊ ပြောလို့လည်း နားမဝင်။

ထိုအဖြစ်ဆိုးများနှင့် သမီးနဲ့ သူ့မကြားမှာ အစိမ်းရင့်ရောင် နယ်မြေက တစ်စတစ်စ ကျယ်ပြန့်လာခဲ့ရာ . . . . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

လွမ်း ထမင်းချိုင့်ကို ကိုင်လိုက်တော့ သူ့အနားရောက်လာသည်။

" ထမင်းစားမလို့လား. . . . . ကိုယ်နဲ့ အပြင်မှာ လိုက်စားမ လား၊ တစ်ခါတစ်လေပေါ့ "

" ဟင်းအင့် လွမ်း အပြင်ထွက်မစားတတ်ဘူး "

သူ့ကိုတော့ ကြည့်လိုက်ပေမယ့် အကြည့်က မျက်ဝန်းချင်း ဆုံသည်အထိ ခရီးမရောက်လိုက်ဘဲ ထမင်းချိုင့်ကို တစ်ဆယ့်ချင် ဖြုတ်ချနေလိုက်ခြင်းမှာ အဆုံးသတ်သွား၏။

ရန်ကာကွယ်က လွမ်းရဲ့စာပွဲစွန်းမှာ လက်တစ်ဖက် ထောက်၍ တွေခနဲဖြစ်သွားပြီးမှ အပြင်ထွက်သွားသည်။

ပြီးမှ ပြန်ဝင်လာ၏။

" ဘာတွေချက်လာလဲ . . . . . ကိုယ့်ကို ထမင်းစား မခေါ်တော့ဘူးလား "

လွမ်း ထမင် တည်တည်နေမှန်းသိ၍ လိုက်ရောနေတာက သိသာလျက်





ရန်ကာကွယ်မျက်နှာက တည်မလို ရယ်မလိုနှင့် နှုတ်ခမ်းတို့က အကဲဖမ်းဖို့မလွယ်၊

" ဟင်းမပါဘူးကိုရန် ဝက်အူချောင်းကြော်နဲ့ ငါးချဉ်သုတ်ပဲ၊ ဒါတွေ ကိုရန်မစားတတ်မှန်းသိလို့ မခေါ်တာပါ "

" မစားတတ်ဘူးလို့ ဘယ်သူပြောလဲ "

ရန်ကာကွယ်က လွမ်းရဲ့ဘေးမှာ ခုံဆွဲထိုင်လိုက်ပြီး ဟင်းချိုင့်ကို ငုံ့ကြည့်တော့ လွမ်းက သူ့နားတွန်းပိုကာ

" စားလေ သြော် ဟို ဘယ်လိုကျွေးရမှန်းတောင် မသိဘူး၊ ကိုရန် ထမင်းသွားစားမှာ မဟုတ်လား "

" သွားမစားတော့ဘူး၊ တော်ကြာ ဒီကိုလာပို့မှာ "

" ရှင် "

" မင်းနဲ့ စားမယ်လေ ရတယ်မဟုတ်လား "

လွမ်းမျက်နှာလေ ပျက်သွားမိ၏။

ကုမ္ပဏီမှာ ရန်ကာကွယ်က ပိုင်ရှင်အသစ်လည်းဖြစ် ငယ်ငယ်ချောချော စတိုင်ကျကျမို့ အားလုံးက သတိပြုရရိုက်နေကြတာ၊

အထူးသဖြင့် မိန်းကလေးတွေ ပါးစပ်ဖြာမှာ

" ငါတို့ ဘော့စ်က တကယ်မိတယ်ဟာ "

" တို့ကုမ္ပဏီက ဘော့စ်တွေ အစဉ်အဆက် ချောကြတယ်နော်"

" မေလွမ်း ဘော့စ်ကို ငေးပြီး ကွန်ပျူတာ ခလုပ်တွေ မှားနှိပ်ဦးမယ်နော် "



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးတွေ

" သူ့ဌေးက မေလွမ်းကို ဦးစားပေးမှာပါ၊ ဦးဆက်တုန်း ကြည့်ပါလား၊ တို့လွမ်းက လူချစ်တဲ့ ဆေးပြီးပြီးသား "

ဆိုတဲ့ စကားတွေကတော့ အကောင်းပြောတာလား၊ ထော ပြောတာလား လွမ်းမတွေးချင်

တတ်နိုင်သမျှ ဒီလူတွေနဲ့ လွမ်းရှောင်ချင်သည်။

ဘာအကြောင်းနဲ့မှ မငြိရအောင်လည်း လွမ်းမှာ သမီး တစ်ယောက်ရှိကာ မှဆိုးမဆိုတာကအစ ကုမ္ပဏီမှာ ရင်းနှီးခဲ့ မကြာခင်ပဲ ကျော်ညာထားခဲ့တာမို့ လွမ်း ဖုံးဖိခဲ့တာ ဘာမှမရှိ။

ခက်နေသည်က ကိုယ်လုပ်တဲ့ အလုပ်က အတွင်းရေးမှူး

သူ့အနားမှာနေရသည်၊ သူနဲ့ကိုယ် နှစ်ကိုယ်တစ်စိတ်လို ရင် နေရပြီး သူနဲ့ ပတ်သက်သမျှ ကိုယ်ကပဲ ဦးအောင်သိ၊ ကိုယ်က ဖယားချ စီစဉ်ပေးနေရတာမျိုး

ထမင်းတူတူစားမည်ဆို၍ လွမ်းငိုင်ကျသွားတာကို စိုက်ကြည့် ကာ ရန်ကာကွယ်က မသိမသာ ပြုံးသည်။

" ကလေးအမေဆိုပြီး မရယ်နဲ့ ကိုယ့်လူ၊ မင်းမြင်ရ ပုတ်သင်ညိုဖြစ်သွားလိမ့်မယ်၊ လုလဲလုတယ်၊ မာနကလည်းကြီးတယ် နေတာထိုင်တာ စည်းကမ်းရှိတယ်၊ အခုအချိန်ထိ အလုပ်သဘောနဲ့ လွဲပြီး ဘယ်မှကို ခေါ်ထုတ်လို့မရဘူး မယုံမရှိနဲ့ "

ကိုဆန်းပြောတာ မလွန်ပါလားဟု စိတ်ထဲက ထောက်





လိုက်မိ၏။

" အလွမ်းရင့်ရင့်ဆိုတာ နာမည်တင်လုတာမဟုတ်ဘူး၊ နာချင်းဆိုင်ထိုင်လိုက်မိရင် မင်းသဘောပေါက်သွားမှာ "

" ဘာလဲ "

" သူ့နားက တစ်ဖဝါးမှ ထမသွားချင်တော့ဘဲ ထိုင်ကြည့်နေချင် ၊ ကိုယ့်နားက ထထွက်သွားမှာ စိုးနေတာ၊ ပြောသမျှ မကောင်းမြင်လို့ ၊ ချင့်မရဲဖြစ်ရတာ၊ မင်းရဲ့ ရင်သန်ခြင်းအားလုံး သူ့ရှေ့မှာ ကျဆုံးသွားလိမ့် ၊ ဘယ်လိုဆုတောင်းနဲ့ မွေးဖွားလာမှန်း မသိအောင်ကို ညှို့ချက်ပြင်း "

ပြောတုန်းက သူယုံမှ မယုံခဲ့ဘဲ

" ဒါကတော့ သူက ဒါတွေ ကျွမ်းဝင်နေလို့ ပြုစားတာ နေမှာပေါ့ ကိုဆန်းရာ၊ ကိုဆန်းမရှောင်နိုင်တာ နေမှာပါ "

" လုံးဝ မဟုတ်ဘူး၊ သူက အဲဒီလို သူများစွဲလန်းနေတာကို ကျေနပ်မောနေတဲ့ မိန်းကလေးမျိုး မဟုတ်ဘူး၊ ငါ့မှာ လိုချင်တဲ့ မိန်းကလေး ၊ အများကြီးပါပဲ ကိုရှန်ရယ်၊ ဒါပေမယ့် သူက အဲဒီထဲမှာ မပါဘူးကွ၊ ၊ တန်ထက် ဘာမှမပိုဘူး၊ ငါကလည်း မလိုချင်တဲ့သူကိုမှ ပေးချင်နေတာ၊ ကယ်ချစ်တာ " တဲ့

သူ ဟတ်ဟတ်ပက်ပက်ရယ်တော့ ကိုဆန်းက လိုက်ရယ် သည်။

" အေးပါ၊ မင်းဒီလိုပဲ ရယ်နေဖို့ ငါဆုတောင်းပါတယ်၊ ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



သတိပေးလိုက်မယ်နော်၊ စိတ်နဲ့တောင် မတွေးနဲ့ '' တဲ့၊ ကဲ

ကိုယ့်အတွေးနဲ့ကိုယ် ရန်ကာကွယ် ပြုံးလိုက်မိသည်။

စေားရီး ကိုဆန်း၊ စိတ်နဲ့တော့ ရေလည်လည်ပစ်မှားပြီးပြီ၊

ကြွေတယ်ဗျာ

'' ဆရာ ''

'' ဟင် .....ဩော် ..... ရပြီ ရပြီ ''

ရှေ့မှာ စားပွဲပြည့်အောင် ခင်းကျင်းပြီးသွားသည့်အထိ သူဘာမှ မပြောပဲ ကြည့်နေသဖြင့် ပြင်ဆင်ပေးရသည့် ကောင်လေးက လိုအပ်ချက်များ ရှိနေသလားဟု စိုးရိမ်ကာ သတိပေးတာဖြစ်ပြီး ရန်ကာကွယ်က လက်ကာပြလိုက်သည်။

'' လွှမ်း .... ယူစားလေ၊ နှစ်ယောက်စာ မှာထားတာ ''

'' ဟုတ်ကဲ့ ''

ဟုတ်ကဲ့ဆိုပြီ ဘာမှမနှိုက်တော့ ရန်ကာကွယ်က သူကိုယ်တိုင် ခပ်ထည့်ပေးလိုက်ပြီး

'' လွှမ်း ကိုယ့်ကိုယ် ဆက်ဆံတာ စိမ်းသလိုပဲ၊ ကိုယ်ဆိုလိုတာက မင်းကကိုယ့်ရဲ့ အတွင်းရေးမှူး၊ ကိုယ်နဲ့ပတ်သက်ပြီး ဒီလောက် စိမ်းသက်နေဖို့ မလိုဘူးထင်တာ ''

လွှမ်းက ထမင်းတစ်ဇွန်းစာကို သေသေသပ်သပ်လေး ခပ်ယူပြီးမှ ပါးစပ်ထဲ မထည့်ဖြစ်သေးပဲ မျက်လွှာ ပင့်ကြည့်၏။

'' လုပ်ငန်းနဲ့ ပတ်သက်ပြီး လွှမ်းဘက်က လိုအပ်ချက်ရှိနေရင်





ဆွမ်းပြင်ပါ့မယ် ''

မဆိုင်တာကို မပြောပါနဲ့ဆိုသည့်သဘော

ရန်ကာကွယ်က ပြုံး၍ ထမင်းစားခြင်းကို ဆက်ပြီး ဥပေက္ခာ

'' ဒီနေ့လည်း ကိုဆန်းလာလိမ့်မယ်၊ ။ ကိုယ်တိုင်ပင် ဥပေက္ခာ

ဆုတောင်းလို့ ကိုယ်ခေါင်းညိတ်လိုက်တာ ''

'' ဘယ်လို ''

လွှမ်းမျက်နှာလေး သိသာစွာ င

ခေါင်းခါလိုက်ပြီး

'' သူခေါ်တာကို လိုက်တာမလိုက်ဝ.

ကိုယ်က ခေါင်းခါရမယ့်သူမဟုတ်လို့ လက်ခံလိုက်တာ.

ဆိုရင် ကိုယ်ခွင့်ပြုတဲ့အကြောင်း မင်းကို ကြိုပြောထားပ

လွှမ်းထမင်းငုံ့စားနေလျက် ဘာမှမပြောေ

ပါသစိတ်လေး ရှိနေတာကို သူသိသောကြောင့်

'' ကိုဆန်းက ကိုယ့်အကိုဝမ်းကွဲနဲ့ သူငယ်ချင်းလေ၊ ကိုယ်တို့ ညီအစ်ကိုခြားမပြောင်းခင်ကဆို တအား တွဲခဲ့ကြတာ၊ သူက မိစုံဖစုံရှိတယ်၊ ကိုယ်က မိဘမရှိတော့ဘူး၊ သူတို့အိမ်မှာ ကိုယ်ဝင်ထွက်ဖူးတယ်၊ သူ့မိသားစုက နွေးထွေးကြပါတယ်၊ နောက်တော့ ကိုယ် ဆယ်တန်း အောင်ပြီးတာနဲ့ ဂျပန်က ဆွေမျိုးတွေခေါ်တာနဲ့ အဲဒီမှာ သွားနေခဲ့တာ ''

'' ကိုရန့်မှာ ဆွေမျိုးသားချင်းတွေ မရှိဘူးလား ''

'' အားလုံး ဂျပန်မှာပဲ သိပ်အရင်းအချာဆိုလို့ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



သတ်[illegible]ာက်ပဲရှိတာ၊ မြန်မာနိုင်ငံမှာတော့ ဘယ်သူမှ မရှိတော့ဘူး။

ကိုယ့်[illegible]းကိုချစ်တဲ့စိတ်တော့ အပြည့်ရှိတယ်၊ မြန်မာပြည်မှာပဲ

စောရီး ဖို့ စိတ်ကူးက အခိုင်အမာရှိပြီးသား။ ဦးလေးကလဲ

ကြွေတယ်ဗျာ ရှာဖို့ အရင်းအနှီး စုဆောင်ဖို့ အားလုံး

" ဆရာ "

" ဟင် ....

ရှေ့မှာ စားပွဲပြည့် ထမင်းစားသည့် အလုပ်ကိုလည်း ဟုတ်သည့်

မပြောပဲ ကြည့်နေသ ကာစသပ်လိုက်ကြ၏။

လိုအပ်ချက်များ ရှိနေ ဟင်းမျိုးစုံက လက်ရာမပျက်ရှိနေသည့် ပွဲက

ရန်ကာကွယ်က လ

" လှ[illegible]မှုလည်း တကယ်ဆို ကိုဆန်းက ဒီကုမ္ပဏီကို

" , မဟုတ်ဘူး။ အန်တီတို့က မိဘလုပ်ငန်းကလွှဲပြီး သပ်သပ်

[illegible]တစင် ထောင်တာကို မကြိုက်လို့ ဖြုတ်ခိုင်းနေတုန်း

ကိုယ်ဝင်လိုက်တော့ လွှဲပေးရတဲ့အထိ ဖြစ်လာတာ "

" ဟုတ်မှာပါ၊ ဦးဆက်ဆီကို အိမ်ကဖုန်းလာတိုင်း

လွှမ်းသတိထားမိတယ် "

အဲဒီလိုမလုပ်စေချင်ကြတာ သူမနဲ့ ပတ်သက်နေမှန်း

လွှမ်းမသိရှာ

" မင်းကို လွှဲချင်လို့ လွှဲပေးရတာတော့မဟုတ်ဘူးနော်။

ဆက်လုပ်နေရင် လွှမ်းကို ဘာပြောတော့မယ် ညာပြောတော့မယ်နဲ့





[illegible]ကဲကဲဖြစ်လာလို့ ခဏ ဆုတ်ပေးလိုက်တာ၊ ခဏဆို ခဏပဲ "

ကိုယ်ဆန်း စွဲလန်းနေတာလည်း မသေးပေ၊

သူမနဲ့ပတ်သက်သမျှ အလွှမ်းကရင့်နေပေမယ့်၊ ဥပေက္ခာ

[illegible]တော့ မေးမှိန်နေ၏။ ပြက်ရယ်ပြုခဲ့ဘူးသော သူကိုယ်တိုင်ပင် ဥပေက္ခာ

[illegible]ထားနိုင်ခဲ့ပဲ ရှိသည်မို့

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နာရီကို ကြည့်တော့ ခြောက်နာရီခွဲနေပြီ

'' သူမလာတော့ဘူးထင်တယ် မင်းပြန်ချင်ပြီလား ''

'' ပြန်ချင်ပြီ ဒီတစ်ခါ ဂျော့(ဇ်)တို့ ဆွေးနွေးဖို့ ထပ်လုပ်လာရင် အထူးသတိထားမှ ဖြစ်တော့မယ် . . . . . ''

'' ဟုတ်တယ် ကိုယ်လည်းမကြိုက်ဘူး၊ သူ့ကို စောင့်နေရတဲ့ အချိန်တွေအတွက် စတေးလိုက်ရတာ မနည်းဘူး ''

'' ညြသည်နဲ့ ချိန်ထားကြတာလား ''

သူတို့ စကားပြောနေတုန်း ရောက်လာသူက ဆန်းဆက်

'' ဟုတ်တယ် ကိုဆန်း၊ အခုပဲ ပြန်တော့မလို့ ''

ပြောရင်း ရန်ကာကွယ်နဲ့ လွှမ်းတို့ အတူထရပ်လိုက်ကြ၏။

ဆန်းဆက်က ရေညှိစိမ်းရောင် Sweetony အပျော့သား ဝတ်စုံလေးကို ချပ်ချပ်ကပ်ကပ် ဝတ်ထားသည့် လွှမ်းတစ်ကိုယ်လုံး ဝေ့ခနဲကြည့်၍

'' လွှမ်းကို ကိုယ်ပြန်ပို့ပေးလိုက်မယ် ကိုရန် ''





ရန်ကာကွယ်က လွှမ်းကို တစ်ချက်လှမ်းကြည့်၍ ခေါင်းညိတ်လိုက်၏။

လွှမ်းမျက်ခုံးလေးနှစ်ဖက် အနည်းငယ် တွန့်သွားသော်လည်း ငြင်းပယ်ခြင်းမပြုပါ။

'' လွှမ်းလိုက်သွားမယ် မဟုတ်လား ''

'' ဟုတ်ကဲ့ ဖြစ်ပါတယ် ''

ကားပေါ်အတူ တွဲတက်သွားကြသည်အထိ ရန်ကာကွယ် စောင့်ကြည့်နေပြီးမှ ကားကိုစက်နှိုးဖြစ်၏။

ရင်ထဲမှာ နင့်နင့်နဲနဲ ဖြစ်ကျန်ခဲ့သည်ကတော့ သေချာ၏။

ဆန်းဆက်က ဘက်မှန်ထဲကနေ ရန်ကာကွယ်ကားလေး လှည့်ရှားပဲ ကျန်ခဲ့တာကို သေချာကြည့်နေပြီးမှ နှုတ်ခမ်းစေ့ ပြုံးလိုက်၏။

'' လွှမ်း ''

သူခေါ်တော့ လွှမ်းက မထူးပဲ လှည့်ကြည့်သည်။

'' လွှမ်းကိုတို့ ဘာဖြစ်လို့ စကားပြောဖို့ကြိုးစားနေလဲ သိလား''

'' လွှမ်းနဲ့မဆိုင်တာကို လွှမ်းဘာမှ စိတ်မဝင်စားချင်ဘူး ''

'' သိပ်ဆိုင်တာပေါ့ လွှမ်းရယ်၊ လွှမ်းကို တို့ချစ်ပါရစေလို့ပဲ ပြောချင်တယ်၊ လက်ထပ်ခွင့်လည်း လိုချင်တယ်၊ တစ်အခါတည်း ပြောရတာက တို့မှာ ရည်းစားထားဖို့ အချိန်မပေးနိုင်တော့လို့ပါ၊ ပြီးတော့ လွှမ်းကလည်း စဉ်းစားရင် စဉ်းစားမှာပဲရှိမယ်၊ ရည်းစားထားပြီး ပျော်ရှာမှာ မဟုတ်ဘူးဆိုတာ တို့သိတယ် ''



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းက ရည်းစားစကားပြောခံရခြင်း လက်ထပ်ခွင့် တောင်းခံရခြင်းတို့အပေါ် ဘယ်လိုလှုပ်ရှားခြင်းမျိုးမှ ဖြစ်မသွားဘဲ မှန်မှန်လေး မောင်းနေသည့်ကားပေါ်မှ လမ်းဘေးဘက်ကိုသာ မျက်နှာ လေး ပို့ထားကာ ငြိမ်သက်နေခဲ့၏။

ဆန်းဆက်က ကားကို လမ်းဘေးကပ်၍ ရပ်ပစ်လိုက်တော့ လွှမ်းဖြတ်ခနဲလှည့်ကြည့်၏။

" တို့ကို အဖြေတစ်ခုခုပေးပါ လွှမ်းရယ်၊ မင်းကိုအခုလို တွေ့ခွင့်ရဖို့ဆိုတာ နောက်တစ်ခါ ထပ်ရှိဖို့ တော်တော့်ကို မလွယ်တာ လွှမ်းကိုတို့ လက်ထပ်ပါရစေ၊ တို့မှာ လွှမ်းကို တင့်တင့်တယ်တယ် ထားနိုင်တဲ့ အရည်အချင်းရှိတယ်၊ မြတ်နိုးယုယဖို့ အချစ်တွေရှိတယ် လွှမ်းဘက်က လိုအပ်နေတာ တို့ကို သဘောမကျတာ ဘာရှိလဲ ရှိရင်ပြောစမ်းပါ၊ မဖြစ်ဘူးဆိုတာ ဘာမှမရှိစေရဘူး "

လွှမ်းက သူ့ကို စေ့စေ့ကြည့်ပြီးမှ မျက်နှာလွှဲပစ်လိုက်ကာ

" လွှမ်းက ကလေးအမေ မုဆိုးမဖြစ်နေတဲ့အတွက် နောက်ထပ် အိမ်ထောင်ပြုဖို့ကို လုံးဝမစဉ်းစားနိုင်တော့ဘူး ပိုပြီးခိုင်မာတာက လွှမ်းမှာ သမီးလေးမွေးထားတဲ့အတွက် ပထွေးဘယ်တော့မှ မရစေရဘူး လွှမ်းဘဝကို ရပ်တည်နိုင်တယ်၊ အားကိုးဖို့ တစ်ခုအတွက်နဲ့ ယောကျ်ား ယူဖို့ဆိုတာ အဝေးကြီးပဲ "

" လွှမ်း အသက်ငယ်ငယ်လေးရှိသေးတာကွာ၊ အချစ်ဆိုတာ ရှိလာဦးမှာပါ၊ စကားကို အပြတ်တော့မပြောပါနဲ့ "





" မရှိနိုင်ဘူးဆိုတာ လွှမ်းယုံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကို့ကို လွှမ်းသိပ်ချစ်ခဲ့တာ၊ ကိုကို့လောက် လွှမ်းပေါ် ဂရုစိုက် တလိုလိုက်ပြီး အစစအရာရာ ပြည့်စုံစေနိုင်တဲ့ ဖန်တီးရှင်ဟာ နောက်တစ်ယောက် ရှိလာတော့မှာမဟုတ်ဘူး ဘာဖြစ်လို့လဲဆိုတော့ လွှမ်းကကိုကို့ကိုပဲချစ်ပြီး ကိုကိုကလွဲပြီးဘယ်ယောကျ်ားကိုမှမရိုးသားစိတ်နဲ့ မကြည့်မိလို့ လွှမ်းရင်ထဲမှာအချစ်တွေသေသွားခဲ့ပါပြီ "

ဆန်းဆက်မျက်နှာမှာ စိတ်ပျက်ခြင်းတို့ကြောင့် အိုစာသွားပေမယ့် လက်လျှော့လိုက်သည်တော့မဟုတ်ပါ။

လွှမ်းဟာ ရက်ရက်စက်စက်လှသလောက် လူချောလူလု ဘယ်လောက်ချမ်းသာသူကိုဖြစ်ဖြစ် အရေးမစိုက်စွာ နေတတ်ခဲ့ခြင်းဟာ မာနင်ကြီးစား၍ အိန္ဒြေဆည်နေခဲ့ခြင်းမဟုတ်ဘဲ သူမကိုယ်တိုင်က သူကိုကိုမှလွဲ၍ ယောကျ်ားကို ယောကျ်ားလို့မမြင်ခဲ့တော့သည့် အဖြစ်ကိုလည်း ပို၍ နားလည်သွားခဲ့သည်။

သူမ၏ အလှအပများပေါ်မှာ ရင်ခုန်တပ်မက်ခဲ့ကြသည့် ယောကျ်ားတို့ဟာ မီးလောင်ပြင်ကြီးအလည်မှာ ဖယောင်းရုပ်ထုဖို့ ကြိုးစားနေကြရသကဲ့သို့ ပင်ပန်းနွမ်းလျခြင်းသည်သာ ဖြစ်ရကြမည်။

သို့သော် ဆန်းဆက် ထိုပင်ပန်းမှုကို ကျောခိုင်းလှည့်မပြေးခဲ့နိုင်။

" လွှမ်း "

လွှမ်းက သူ့ကို မျက်ခုံးလေးပင့်၍ ကြည့်၏။

တစ်ခြမ်းမှောင်၍ တစ်ခြမ်းလင်းနေသော လွှမ်းမျက်နှာလေးက



www.burmeseclassic.com

www.burmeseclassic.com



နှာတံစင်း ကော့ကော့လေး၏ အရိပ်သည် နှုတ်ခမ်းဖျားလေးများ
ပါ၍ မစုမပို့ မီးရောင်အောက်မှာ ရင်ခုန်လိုက်မူးဖွယ်ဖြစ်လေသည်။

ဆန်းဆက် လွှမ်းလက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်ညှ
ပစ်လိုက်ချင်သည့်စိတ်ကို ပင်ပန်းဆင်းရဲစွာ ထိန်းသိမ်းနေမိရရ
ကားမီးတွေ ဖွင့်ပစ်လိုက်တော့မှ စိတ်နှစ်သက်သာရာရလေသည်။

ဝင်းထိန်သွားသည့် မီးရောင်အောက်မှာလည်း လွှမ်းက ဝင်းဝ
စက်စက်လေး လှနေပြန်သည်။

'' လွှမ်းကိုတို့ သိပ်ချစ်တယ်ကွာ၊ လွှမ်းပြန်မချစ်နိုင်သေး
တောင်မှ လောလောဆယ် မင်းနဲ့အရင်းနှီးဆုံးနေထိုင် ခင်မင်ခဲ့
ယောကျ်ားတစ်ယောက်အဖြစ် တို့ကိုအခွင့်အရေးပေးတဲ့ အ
လက်ထပ်ဖို့ စဉ်းစားပေးပါ၊ မင်းချစ်တဲ့အထိ တို့ သည်းခံနိုင်တယ်

လွှမ်းခေါင်း တွင်တွင်ခါနေလျက်

'' လွှမ်း အားမနာတတ်သော စိတ်မကောင်းပါဘူး ဦးဆ
အချစ်ရေး အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး လွှမ်း အားမနာတက်အေ
ကြိုးစားထားတယ်၊ ဘယ်နှစ်ခါမေးမေး ဒါပဲဖြေမှာပဲမို့ ထပ်မမေးပါနဲ့
လွှမ်းကို ပြန်ပို့ပေးပါ. . . . ''

ပြတ်သားလိုက်တာလွှမ်းရယ်

ဆန်းဆက် စတီယာရင်ကိုကိုင်၍ မသိမသာ အံကြိတ်မိ
မြင်လိုက်တုန်းက သဘောကျရုံလေးရယ်
နောက်တော့ တန်ဖိုးကြီးလေလေ မက်မောမိလေ





မရတော့ပိုလိုချင်သည်။

ကြာကြာနေလျှင် လွှမ်းကိုသူ ကားတင်ပြေးမိတော့မလားပဲ
သို့သော် လွှမ်းနဲ့ သူ့အဖြစ်က ဆယ်ကျော်သက်လေးတွေလည်း
ဟုတ်တော့ပြီမို့ မိုက်ရူးရဲ လုပ်ဖို့ကမဖြစ်နိုင်။

ဒါထက်ပိုဆိုးသည်က သူ့ဘက်က လွှမ်းနဲ့ဆို ဘယ်လိုမှ
သဘောတူကြမှာမဟုတ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

" ဒါဆိုလည်း ဘာလို့စိတ်ဆင်းရဲခံနေမှာလဲ ကိုဆန်းရ အားလုံးစိတ်ချမ်းသာရမှာမှ မဟုတ်တာ "

စီးကရက်ကို နှုတ်ခမ်းလွှာကြားမှာကပ်၍ မီးညှိလိုက်သည်။ ပြီးမှ မီးနိုးလွန့်လွန့်ကို အသာမှုတ်ယုတ်လိုက်ပြီး

" သူချစ်ကိုယ်ချစ်မို့လို့ နိုးပြေးကြတယ်ဆိုရင် တော်သေးတာ ကိုဆန်းဘက်က မောက်မောက်မာမာဖြစ်လာရင် လွမ်းကလည် သည်းခံနိုင်မှာ မဟုတ်ဘူး "

" ကိုရန် မင်းက ငါ့အတွက် ပြောပေးနေတာလား၊ လွမ်းက သဝန်တိုနေတာလား "

ဆန်းဆက်က မျက်မှောင်ကုတ်ကုတ်နှင့်ပြောတော့ ရန်ကာကွယ်က စီးကရက်ကို ရှိုက်ဖွာရင်း ပခုံးတွေ လှုပ်အောင် ကြိတ်ရယ်၏။

" တည့်တည့်ကြီးပါလား ကိုဆန်းရာ၊ ကျွန်တော့်ပုံစံ အဲ ပုံပေါက်နေလို့လား ....."





" ပေါက်နေတယ်လေ "

" ဟား ဟာ ဟာ "

ရန်ကာကွယ်က ကုလားထိုင်မှာ ခပ်လျော့လျော့ မှီချလိုက်ပြီး သီးချင်းဆိုနေသည့် စင့်မြင့်ပေါ်က ဂါဝန်ဖားဖားနဲ့ ကောင်မလေးဆီ တစ်ချက်လှမ်းကြည့်၍

" ဆယ်ကျော်သက်ဆိုတဲ့ ကောင်မလေးတွေ ဘယ်လောက်လှလှ လွမ်းကိုဘယ်လိုမှ မမှီတာတော့ သေချာတယ်၊ လွမ်းက ဘယ်မှာနေနေ ဆင်းနေအောင်လှတာ "

" ကိုရန် ငါသိချင်တာ အဲဒါမဟုတ်ဘူး "

" ဘာလဲ "

" လွမ်းကိုမင်း သဘောကျနေတာမဟုတ်လား "

" ဟုတ်တယ် "

ဆန်းဆက် မျက်နှာတစ်ချက်မဲ့ကျသွားကာ ခပ်သဲ့သဲ့ ရယ်သည်။

" အစကတည်းက ငါထင်ခဲ့ပြီးသားပါ..... လွမ်းနဲ့ နီးနီးကပ်ကပ် ဆက်ဆံခေါ်ပြောမိရင် ဘာကောင်ဖြစ်ဖြစ် စိတ်မဝင်စားဘဲ နေမှာမဟုတ်ဘူး..... သူ့မှာလှတာ တစ်ခုတည်းမဟုတ်ဘူး၊ ာနကြီးတာ ဂရုမစိုက်တတ်တာ၊ အဲဒါတွေဟာ သူ့ကို စိတ်ဝင်စား ယ်မက်စေအောင် ညှို့ငင်နေတာပဲ၊ မင်းကို ငါတစ်ခုပဲ တောင်းပန်တယ်၊ ကြိုးစားနေတဲ့ ကာလမှာ မင်းငြိမ်ငြိမ်လေး နေပေးပါ"

ရန်ကာကွယ်က သောက်လက်စ ဘီယာလက်ကျန်ကို



www.burmeseclassic.com

www.burmeseclassic.com



မော့လိုက်ပြီး

" လုပ်စမ်းပါ ကျွန်တော်ကလည်း အလုအယက် ရှေ့တိုးပြီ ပန်းကုံးစွပ်အရွေးခံဖို့ စိတ်မဝင်စားဘူး "

ပြောပြီး ဆန်းဆက်မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။

ဆန်းဆက်ကလည်း ရန်ကာကွယ်တစ်ခုခုပြောလာတော့မည်ကို သိကာပြန်စိုက်ကြည့်နေ၏။

" ကိုဆန်းကြိုးစားဖို့အတွက် ကျွန်တော်ပိုင်တဲ့အလုပ်ချိန် သို့မဟုတ် ကျွန်တော်နဲ့ ပတ်သက်မှု တစ်ခုခုထဲက ဘာဖြစ်ဖြစ် ကျွန်တော် မပေးနိုင်တော့ဘူး . . . . . "

ဆန်းဆက်က မချိသလို ပြုံး၍ခေါင်းညိတ်လိုက်၏။

" ဒါပေါ့. . . . . ဒါသဘာဝကျပါတယ် "

ပြောနေရင်း ကိုယ့်ကိုယ်ကို သဘောကျသလိုရယ်လိုက်၏။

" အဲဒါငါ မှားခဲ့တာကွ. . . . မေမေက ငါ့ကို မိန်းမယူဖို့ လက်ထပ်ပေးဖို့ ဟိုတုန်းကတည်းကပြောနေတာ၊ ငါကအချစ်တွေနဲ့ ပျော်မွေ့နေရတာကို လွတ်လပ်ခြင်းပဲဆိုပြီး သာယာနေခဲ့တာ . . . . . အချစ်ရှေ့မှာ တကယ်တမ်း ဒူးတုန်လာတော့ သနားမယ့်သူတောင် မရှိတော့ဘူး၊ ဟွန်း. . . . . ငါဝန်ခံပါတယ်၊ လွမ်းကို တွေ့ခဲ့တုန်းက သူ့ကိုလှလို့ သဘောကျမိတာပဲရှိတယ်၊ အထင်မကြီးခဲ့တာအမှန်ပဲ၊ ခုကျ ဘာမှမဟုတ်တဲ့ ကုန်ဆုံးသွားခဲ့တဲ့အချိန်တွေကို နှမြောမိတယ်၊ ရင်ထဲမှာ ရူးရူးနှစ်နှစ် ရင်ဆိုင်လာတဲ့အချိန်မှာ ငါ့သူ့နားမှာ နေခွင့်မရတော့ဘူး"





ရန်ကာကွယ်က နှုတ်ခမ်းမဖွင့်ဘဲရယ်သည်။

စားသောက်ဆိုင်တစ်ခုလုံးမှာ သီးချင်းသံက ဖုံးလွှမ်းကာ အဆိုရှင်မိန်းကလေးထံမှာ အားလုံး၏ အာရုံတွေ စိုက်နစ်နေကြသော်လည်း ဆန်းဆက်မျက်နှာက မိုးအုံ့သလို ညှိုမှောင်နေ၏။

ရန်ကာကွယ် မျက်နှာက ရိုတိတိနှင့် နီမြန်းနေ၏။

နှစ်ယောက်လုံးရင်ထဲမှာ ချစ်ခြင်းတွေရှိနေကြသော်လည်း ဒီဂရီ အနိမ့်အမြင့်တော့ ကွာနေလိမ့်မည်။

ဘယ်သူက သာနိုင်မလဲ . . . . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

" တီး "

အိမ်ရှေ့က ကပ်ပေါ်လာသည့် ကားဟွန်းသံကြောင့် ထန့် ခေါင်းလေး ထောင်သွားမိသည်။

" တီ တီး "

" လာပြီ "

ကိုယ့်အိမ်ထဲကို ခေါ်နေတာ သေချာပြီမို့ စာအုပ်ကိုင်လျက် တန်းလန်းနှင့် အိမ်ရှေ့ပြေးထွက်ခဲ့မိ၏။

" အယ် "

ချော့ကလက်ရောင်ကားနှင့် သနပ်ခါးရောင် စပို့ရှပ်ကို ဝတ်ထားသည့် မျက်နှာမှာ မျက်မှန်နက်နှင့် ထင်းနေသည်။

ထန့် အားရပါးရ ပြေးထွက်သွားပြီးမှ တံခါးဘောင်ကို တစ်ဖက်ကကိုင်ရင်း တစ်ဖက်က လက်ချောင်းကလေးများကို နှုတ်ခမ်းလွှာလေးကြားမှာ ထည့်၍ ဖိလိုက်ထားလိုက်မိသည်အထိ တအံ့တဩဖြစ်သွားသည်။





မေလွှမ်းတို့ သူဌေးပဲဖြစ်ပါသည်။

အိမ်ကို ဦးဆန်းဆက်ဆိုသူ တစ်ခါတစ်ရံ လာတတ်သော်လည်း ခြံဝမှာပဲရပ်၍ မေလွှမ်းကို ချပေးခဲ့တာ၊ တင်ခေါ်သွားတာတို့ရှိသည်။

ခုလို အိမ်ရှေ့ရောက်အောင် လာတာမျိုးမရှိခဲ့။

" ဟိတ် ဘာရပ်ကြည့်နေတာလဲ ဒီကိုလာဦး . . . . . "

အို အသံကလည်း ဩရှရှလေးနဲ့ ဆွဲဆောင်မှု ရှိလိုက်တာ၊

ထန့်ခြေလှမ်းမသွက်တော့တဲ့ တစ်လှမ်းချင်း ဆင်းလျှောက်လာခဲ့မိတာ ကတုန်းကယင်လေးဖြစ်လေသည်။

တဆက်တည်း မေလွှမ်းဆီကို လာတာမှန်းလည်းသိကာ ဘာလုပ်ရမည်ကို အကြံစည်က ချက်ချင်းဖြစ်လာသည်။

ကားနားရောက်တော့ အေးစက်စက်ဖြစ်လာသည့် လက်ဖျားလေးတွေကို ခပ်ဖိဖိဆုပ်ထားလိုက်ရကာ ပင့်သက်ရှိုက်၍ စိတ်ကို တင်လိုက်၏။

ဒါတောင် . . . . . ရင်တွေက ဗရမ်းဗတာလှုပ်ခတ်နေဆဲ။

" လွှမ်းရှိလား "

" မေမေလား မေမေမရှိဘူး . . . . . ရုပ်ရှင်သွားကြည့်တယ်"

ထိုသူ တွေခနဲဖြစ်သွားတာကို ကြည့်၍ ထန့်ပြုံးလိုက်မိသည်။ မေလွှမ်းက အပျိုလို့ပဲ ညာထားသလား။

ဒါမှမဟုတ် လူတွေအထင်ကြီးအောင် ဘာတွေ ကြီးကျယ်ထားသလဲ . . . . . ဘာပဲဖြစ်ဖြစ် မေမေလို့ ခေါ်ပြလိုက်တော့ ပြီပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုက်လို့ဆိုပြီး အိမ်ထဲမှာအိပ်နေတာကို ရုပ်ရှင်သွားကြည့်တယ်လို့ တမင်ပြောလိုက်တာ။

" ဘာပြောခဲ့မလဲဟင်၊ ထန်က ,မေမေ့သမီး ရဲရင့်ထန်ပါ၊ မှာချင်တာ မှာခဲ့လို့ရပါတယ် "

" အင်း . . . . . မှာပါ့မယ်၊ မနက်ဖြန် အလုပ်ဆင်းချိန်ပြီးရင် သံလျင်ကို ဆက်ဖို့ရှိတယ်လို့ တော်ကြာ ဘာမှမမှာခဲ့ရဘူး၊ မပြင်ဆင်ခဲ့ဘူး ဖြစ်မှာစိုးလို့ . . . . . "

" ဟုတ် . . . . . ဟုတ် "

" မင်း ငါ့ကိုသိလား "

" ကုမ္ပဏီက . . . . . "

" ဟုတ်တယ် . . . . . ရန်ကာကွယ်လို့ပြောလိုက် "

" ဟုတ် . . . . . "

" မင်းက . . . . . လွမ်းသမီးလား "

မျက်မှန်ချွတ်လိုက်ရင်း ပြုံး၍မေးလာတော့ ရှုတောက်နေသည့် မျက်ဝန်းတွေကို သတိလက်လွတ်ငေးသွားမိကာ ခေါင်းညိတ်လိုက်မိသလား၊ ခါလိုက်မိသလား . . . . .

ကိုယ့်ကိုယ်ကိုပင် ဘာလုပ်မိမှန်းမသိတော့. . . .

ကားလေးပျောက်ကွယ်သွားတော့လည်း ထန်ရပ်နေမိဆဲ. . .

မေလွမ်း မေလွမ်းကတော့ နေ့စဉ် ဒီလူမျိုးတွေနဲ့ လက်ပွန်းတီး ပျော်ရွှင်နေရမှာပေါ့။





ရန်ကာကွယ်တဲ့

လူသာမက နာမည်ကလည်းလှသည်။

မေလွမ်းရဲ့သမီးလို့ မဏ္ဍပ်တိုင်တက်ပြလိုက်တာတောင် အံ့သြပုံလည်း ဖြစ်မသွားဘဲ ခပ်ပြုံးပြုံးမျက်နှာက တစ်ချက်မှမပျက်။

ဒါဆို မေလွမ်းက သမီးရှိတယ်ဆိုတာ ပြောထားခဲ့လို့ပေါ့ . . . သမီးအပျိုအရွယ်ကြီးရှိနေတာ သိလျက်နဲ့တောင် ဒီလူတွေက မေလွမ်းကို ရိုးသားစွာ ဆက်ဆံနေကြတာလား၊

ဒါမှမဟုတ် ရိုးရိုးသားသားလား. . . . .

" ညည်းမေမေကလည်း ဘယ်ယောကျ်ားဖြစ်ဖြစ် သူ့ကို မြင်တာနဲ့ အရူးအမူးဖြစ်ကြာတာအေ့ . . . . . အလှပြင်တာလည်း ပြောနဲ့ "

ကြီးမေက အစကတည်းက ပြောခဲ့ဖူးတာ

ဟုတ်မှာပါ မေလွမ်းက တော်တော်ကြီးလှတာ

ဒီလူ မေလွမ်းကိုများ ကြိုက်နေမလား

ရင်ထဲမှာ နာနာကျင်ကျင်လေး ခံစားလိုက်ရ၏။

မေလွမ်းနဲ့ ပတ်သက်သမျှ ထန်ရင်ကို အေးချမ်းစေတာ ဘာမှမရှိပါလား . . . . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ကားက High Way လမ်းမကြီးပေါ်မှာ ရိပ်ရိပ်ပါအော ပြေးနေသည်။ မှောင်ရိပ်သမ်းနေပြီမို့ လမ်းဘေးသစ်ပင်ရိပ်တို့ လှမ်းကြည့်ရင်း လွှမ်း ပင့်သက်လေးရှိုက်၏။

ပြီးမှ စစ်လက်စ စာရင်းကို ပြန်စစ်ရသည်။

" ဘာဖြစ်လို့ အပင်ပန်းခံနေတာလဲ လွှမ်း၊ အလုပ် ပြန်ရောက်မှ စစ်လို့ရတာပဲ၊ ဘာလဲ ကွာနေတယ်ထင်လို့လား "

ကားမောင်းနေရင်း ရန်ကာကွယ်က လှည့်မေးတော့ လွှမ်း မော့မကြည့်ဘဲ ခေါင်းလေးညိတ်ကာ

" ဟုတ်တယ် သူတို့လယ်ဂျာ အဟောင်းတွေ လွှ ထုတ်ကြည့်ဖူးတယ်၊ ဒါနဲ့မကိုက်ဘူး၊ ထွက်လာကတည်းက အဲဒါ တစ်ခါတည်း လုပ်လာလိုက်ရရင် အကောင်းသား "

" မဟုတ်ဘူးလေ သူတို့နဲ့ကိုယ်က အဲဒီလောက် အတိအကျ ဖြတ်ချလို့မကောင်းတာတွေရှိတယ်၊ မင်းယူတယ်ဆိုတာကို ကိုယ်တ မယူဖို့ တားခဲ့တာပဲ "





လွှမ်းက စာရင်းဖိုင်ကို လက်ဖဝါးလေးခံ၍ ဖျတ်ခနဲ အုပ်လိုက်ကာ

" ကျွန်တော်တယ်လောက် လျော့ပစ်လိုက်တယ်နော်လို့ ကိုရန် ညည့်ပြောခဲ့နိုင်သလား . . . . .၊ အခု ခန့်မှန်းခြေ ခြောက်ဆယ်ကျော် လောက် ကွာနေတယ်လို့ လွှမ်းထင်တယ်။ ဒါသူတို့ သိသိမသိသိ. . . . ကိုယ်လျော့ပစ်လိုက်တာကို ဘယ်သူကမှ ကျေးဇူးတင်အမှတ်ပေးမှာ မဟုတ်ဘူး၊ ခြောက်ဆယ်ပဲ ဖြစ်ဖြစ် တစ်ရာပဲ ကွာကွာ. . . . . သူတို့ တစ်ထောင့်ပေးထားရင်၊ တစ်ထောင်နှစ်ထောင်ပေးလိုက်ရင် နှစ်ထောင်ပဲ ထင်မှာ မဟုတ်ဘူးလား၊ လူမှုရေးနဲ့ စီးပွားရေး မရောတာ ကောင်းမယ်လို့ လွှမ်းထင်တယ်၊ စေတနာရှိလို့ လုပ်ငန်းတစ်ခုလုံးပဲ ထိုးအပ်အပ်၊ အရောင်းအဝယ်က အရောင်းအဝယ်လို ဖြတ်ထားသင့်တယ် "

လွှမ်း အောက်ဆတ်ဆတ်လေးပြောနေတာကို စိုက်ကြည့်၍ သမ်းဘက်ပြန်လှည့်ရင်း ရန်ကာကွယ်က ပြုံးသည်။

" ကောင်းပြီ ဒါဆို သေချာစစ်လိုက်၊ ကွာနေရင် မနက်ချက်ချင်း အကြောင်းပြန်လိုက်မယ် "

" မနက်ထက် အခုညတွင်းချင်းဆို ပိုကောင်းမယ် "

" ညတွင်းချင်း အကြောင်းပြန်ဖို့က ညတွင်းချင်းစစ်နိုင်မှ ဖြစ်မှာပေါ့၊ ဒီက အပြန်ဝင်စစ်ရအောင်. . . မင်းလိုက်နိုင်မလား "

လွှမ်းက လမ်းမကြီးကို လျှောက်ကြည့်လိုက် နာရီလေးကို ကြည့်လိုက်ဖြစ်သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'' ကိုယ်တို့ ရှစ်နာရီခွဲလောက် ဟိုကိုပြန်ရောက်မှာပါ၊ နာရီဝက်လောက် စစ်လိုက်လို့ရတယ် ဖြစ်သလား ''

'' အင်း ရတော့ရပါတယ် ''

ငွေမှင်ရောင်ပြောင်အိနေသည့် ကိုယ်ကျပ်အင်္ကျီနှင့် တဆက်တည်း ထမီစကက်ကိုဝတ်ထားကာ ဆံပင်တွေက ဖြန့်ချထားသည့် လွှမ်းမျက်နှာလေးကို သူ့မှန်ထဲကနေ မကြာခဏ ခိုးကြည့်ဖြစ်၍ ရဲရင့်ထန်ဆိုတာ ခပ်မည်းမည်း ပိန်ရှည်ရှည် မော်ဒယ်လို ကောင်မလေး၏ ခဏအမြင်ကို ဘယ်လိုမှ ဆက်စပ်လို့မရဘဲ ဖြစ်နေမိသည်။

သားအမိဆိုတာ ဖယ်ထား . . . . .

ညီအစ်မဆိုလျှင်တောင် အထက်အောက်အကြီးနဲ့အငယ် ပုံစံမျိုးသာရှိသည်။ လွှမ်းက တစ်ကိုယ်လုံးဝင်အိနမွတ်နေအောင် လှလေသည်။

ကားလေးက ခန့်မှန်းထားသည့်အတိုင်းပင် ရှစ်နာရီခွဲသာသာ လောက်မှ ရန်ကုန်မြို့ထဲ ပြန်ရောက်လာ၏။

ရန်ကာကွယ်က ကားကို ကုမ္ပဏီရှိရာသို့ ဦးတည်လိုက်ရင်း

'' မင်း အိမ်ကို ဖုန်းဆက်ဦးမလား . . . . . ရော့ . . . . . ''

သူ့ဖုန်းကိုလှမ်းပေးတော့ လွှမ်းခေါင်းခါလိုက်သည်။

'' သမီးကို လွှမ်းပြောခဲ့ပြီးသားပါ၊ နောက်ကျရင် ခေါင်းရင်းခြံက အဖေါ်တွေလည်းရှိတယ် . . . . . ရပါတယ် ''

ကုမ္ပဏီမှာ နေ့ခင်းကြောင်တောင်ကြီးအတိုင်း မီးတွေ လင်းနေ





ည်။ All Night ဆင်းကြသည့် အလုပ်သမားတချို့က ကားဝင်လာတော့ ထောင်ကြည့်ကြ၏။

ရန်ကာကွယ်နဲ့ လွှမ်း အပေါ်ထပ်တို့ တက်လာခဲ့ကြ၏။

အပေါ်တစ်ထပ်လုံးမှာတော့ ဘယ်သူမှမရှိဘဲ တိတ်ဆိတ် ဖြင့် လွှမ်းစိတ်ထဲမှ မသိုးမသန့်ဖြစ်လာမိသည်။

နေ့တိုင်း ဝင်ထွက်နေကျ ရုံးခန်းထဲရောက်လာတော့ ပို၍ က်ချားသွားမိ၏။

အပေါ်တစ်ထပ်လုံးမှာ လွှမ်းနဲ့သူ နှစ်ယောက်တည်း။

သို့သော်လည်း စိတ်ထဲမှာရှိတာကို မျက်နှာမှာ မပေါ်လွင်စေဘဲ သော့နံပါတ်တွေကို ဂရုစိုက်နှိပ်လိုက်၏။

ဒီဗီရိုသော့နံပါတ်တွေကို ရန်ကာကွယ်နဲ့သူမ နှစ်ယောက်တည်း သိသည်။ ရန်ကာကွယ်က လွှမ်းစားပွဲမှာထိုင်လို့ရအောင် စာရင်းဖိုင်နဲ့ ယ်ဖုန်းတွေကို ရွှေ့ဖယ်နေ၏။

ထိုစဉ်

'' ဝုန်း ''

'' အား ''

ဗီရိုပေါ်ကနေ မည်းခနဲလွှာဆင်းလာသည့် မည်းမည်း ကြီးကြောင့် လွှမ်းလန့်ဖျန့်ကာ နောက်ဆုတ်လိုက်မိရာ ကွယ်ကိုယ်နဲ့ တိုက်မိကာ လဲကျတော့မလိုဖြစ်သွား၏။

ရန်ကာကွယ်က လွှမ်းပခုံးလေးကို နောက်ကနေ ဆွဲဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပြီး

" ကြောင်ပါ လွမ်းရဲ့ . . . . . ဟိုမှာ . . . . . "

ဗီရိုပေါ်ကနေ ကြွက်ချောင်းနေပုံရသည့်ကြောင်က တစ်ဘ ဗီရိုပေါ်ကနေ ပြူးတိပြူးကြောင် ပြန်ကြည့်နေ၏။

လွမ်းချက်ချင်းကြီး ကြောက်စိတ်မဖြေနိုင်ဘဲ သူ့ရင်ခွင်ထဲ ကျောလေးကပ်ကာ သူ့ခါးကို နောက်ပြန်ဆုပ်ဆွဲထားမိသည်ကို မလွှ

" ကြောက်နေသေးလား . . . . . လာ ရေသောက်ရအော

သူ လွမ်းပခုံးလေးကို ဖွဖွဖက်ကာ ရေခဲသေတ္တာ ခေါ်လာတော့မှ သတိဝင်ကာ သူ့လက်တွေကို ဖယ်ချလိုက်မိ၏။

" ရ . . . . . ရတယ် "

လွမ်းက လက်ကိုဖယ်ချပစ်၍ ဟိုဒီ လျှောက်ကြည့်နေ ရန်ကာကွယ်က သက်ပြင်းချလိုက်ပြီး

" လွမ်း . . . တစ်ခုခုကို ကြောက်နေတယ်ထင်တယ် ကိုယ့် တော့ မကြောက်နဲ့နော် . . . ကိုယ်ကအခွင့်အရေးသမား မဟုတ်ဘူး . . . အဲဒီလို အောက်တန်းကျဖို့လည်း ဘယ်တော့မှ စိတ်မကူးဘူး . . . "

သူက ရေခဲသေတ္တာထဲက ရေဘူးထုတ်ယူလိုက်ပြီး

" မင်းကို ကိုယ် တကယ် ချစ်နေတယ် . . . "

" ရှင် "

" ဆိုရင်တောင် ခုလိုအချိန်မျိုးမှာ မပြောဘဲ မျိုသိပ်ထားမှာ

လွမ်း သူ့မျက်နှာကို အလန့်တကြား မော့ကြည့်တော့ သူ



ည်တည်ငြိမ်ငြိမ်ပဲ ပြုံးပြကာ ရေထည့်ပြီးသည့် ဖန်ခွက်ကို လှမ်းပေး၏။

" ကိုယ့်ကိုမကြောက်ပါနဲ့ မင်းကို ကိုယ်ဘာမှ အဓမ္မ ပြုဘူး . . . ရော့ ရေသောက်လိုက်ပြီးရင် စာရင်းကြည့်မယ် ကြမ်းဖျင်းပဲကြည့်ကွာ စာရင်းကျွာနေရင် ကျွာတယ်လို့ ပြောလို့ရတာပဲ င်းအချိန်နောက်ကျမှာစိုးလို့ ပြောတာ "

လွမ်း သူ့ကို ကျေးဇူးတင်ရအခက် မတင်ရအခက်

သူ လွမ်းကို ရည်းစားစကားပြောလိုက်သည်လား . . . မပြောခဲ့ လား . . .

လွမ်း စိတ်ညစ်သွားပုံလေးကို ကြည့်၍ ရန်ကာကွယ် တစ်ဘက် ည့်ရယ်မိသည်။

မြတ်နိုးစွဲမက်ဖွယ်ကောင်းလှသည့် ဒီအမူအရာ ဒီမျက်နှာလေး တိတ်ဆိတ်စွာ နှစ်ယောက်တည်းရှိနေသည့် အခန်းထဲမှာ ရိုးသားဟန် ောင်နေရသည့် အပြစ်က ပင်ပန်းလွန်းလှသည်။

သို့သော် လွမ်းဘက်က အထင်မြင်လွဲ အားငယ်သွားစေလောက် ည့်အပြုအမူမျိုး သူမပြုရက်

" ဟင် . . . ကိုရန် သော့က ဘယ်လိုမှ မပွင့်ဘူး . . . "

" ဘာ "

နောက်မှာရေသောက်နေသည့် ရန်ကာကွယ် ချက်ချင်းအနား က်လာပြီး ဗီမုတ်ကွန်ထရိုးကို ကိုင်၍ သူ့ဖွင့်ကြည့်ပြီး . . .

" သွားပြီ . . . ဗီရိုကို ဖောက်သွားပြီ "



www.burmeseclassic.com

www.burmeseclassic.com



" အို. . . "

လွမ်း မကြုံဖူးသည့်အဖြစ်မို့ ထိတ်လန့်သွားမိ၏။

ရန်ကာကွယ်က ဘဲလ်နှိပ်၍ ရုံးစောင့်ကို လှမ်းခေါ်သည်

နောက်ထပ် ရှိသမျှ အလုပ်သမားတွေနဲ့ Night

ကျသည့် မန်နေဂျာကိုပါ ခေါ်တွေ့တော့လည်း သူတို့မသိလိုက်

" သူဌေး ရာဇာတစ်ယောက်တော့ ဦးထုပ်ကျန်ခဲ့တယ်

အထဲပြန်ဝင်သွားတာတွေ့တယ် ထွက်လာလာ မမြင်ဘူး. . . "

ရန်ကာကွယ် မျက်လုံးတွေက အတွင်းတံခါးစောင့်

မောင်ကိုထံ ရောက်သွားသည်။

" ကျွန်တော် တံခါးမင်းတ်ခင့်ကဖြစ်မယ် သူဌေး ပိ

ဒီဘက် ဂိတ်ကို ကျွန်တော်လုံးဝမဖွင့်ဘူး ဘယ်သူမှလည်း မလာဘူး

ပျာပျာသလဲ ရှင်းပြသည်။

" မဟုတ်ဘူး. . . ဂိတ်ပိတ်လိုက်မှ ဝင်သွားတာ "

ပြောတဲ့သူကလည်း ရှေ့ထွက်လာပြီး ရဲရဲဝင့်ဝင့်နိုင်နိ

" မောင်ကို "

" မဟုတ်ဘူး သူဌေး ကျွန်တော်. . . "

" ခွပ် "

ရန်ကာကွယ် ခွပ်ခနဲ ထိုးချလိုက်တော့ ရပ်နေကြသူ

ဆုတ်သွားကြ၏။

" မောင်ကို မင်းနဲ့ရာဇာ အခြေမမှန်တာ ငါရိပ်မိ





ကြာပြီ. . . ပြောစမ်း. . . ရာဇာ ဘယ်မှာလဲ "

" ကျွန်တော်. . . "

" ဟိတ်ကောင် "

ရန်ကာကွယ်က မောင့်ကို့ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်သဖြင့် မောင်ကို ကတုန်ကယင်ဖြစ်သွားကာ လက်တကာကာနှင့် ခေါင်းယမ်းနေသည်။

" တောက်. . . လွမ်း. . . ရဲကို ဖုန်းဆက်စမ်း. . . ဒီကောင် ရဲလက်ထဲရောက်မှ မှန်မှန်ကန်ကန်ပြောမှာ. . . "

" ဟာ. . . သ. . . သူဌေး. . . မ. . . မလုပ်ပါနဲ့ ရာဇာလုပ်တာ ဟုတ်ပါတယ်. . . "

ကုမ္ပဏီထဲမှာ ရုတ်ရုတ်သဲသဲတွေဖြစ်ကုန်တော့သည်။ မောင်ကိုပြောပြလိုက်တော့ ရာဇာကို ချက်ချင်းဖမ်းမိသည်။ မောင်ကိုကလည်း ကြံရာမို့ အတူတူ အချုပ်ခံလိုက်ရသည်။

မီးခံသေတ္တာကိုမဖွင့်ဘဲ ဗီရိုကို ဖွင့်သည်က ကွာဟထားခဲ့သည့် နှစ်ချုပ်စာရင်းဖိုင်တွေကို ခိုးယူဖျောက်ဖျက်ဖို့ဖြစ်သည်။

ငွေပေးခိုင်းသူက အလွဲသုံးစားလုပ်ထားသည့် ရာထူးချခံထားရသော မန်နေဂျာဟောင်း ကိုယ်တိုင်တွယ်ထားသည့် ကိုယ်လက်ရာတွေမို့ ခန်းကိုလိုက်ရ စာရင်းရှင်းရနှင့် ဟိုသွားဒီသွားပြန်လာတော့ ဆယ့်တစ်နာရီ ကျော်နေပြီ။

သွားလာရင်း အိမ်ကိုဖုန်းဆက်ဖို့ ခေါ်ပေမယ့်၊ ဘယ်သူမှမကိုင်



www.burmeseclassic.com

www.burmeseclassic.com



" စိတ်မပူပါနဲ့လွှမ်းရယ် ကိုယ်လိုက်ရှင်းပြပေးမယ် ဒီမှ
ပြဿနာ ဖြစ်တာ အားလုံးသိကြတာပဲဟာ "

ရန်ကာကွယ်က လွှမ်းကိုပြန်ပို့ဖို့ အိမ်ဆီကိုမောင်းနေရင်း အားပေးစကားပြောသည်။

လူရှင်းကားရှင်းနှင့် တိတ်ဆိတ်နေပြီဖြစ်သော လမ်းမကြီး ကြည့်ကာ လွှမ်း စကားမပြောနိုင်. . .

အိမ်မှာ သမီးလေး တစ်ယောက်တည်း

နွဲ့တို့အိမ်မှာပဲ သွားအိပ်နေပြီလား ဒါမှမဟုတ် အိမ်မှာ အမေကို မျှော်နေရှာသည်လား

" ရပြီ ကိုရန် လွှမ်းကို ဒီမှာပဲ ချပေးခဲ့ပါ "

" မဟုတ်တာ လွှမ်းရယ်. . . လမ်းကြားထဲမှာ ဒီလော မှောင်မည်းနေတာကို မင်းတစ်ယောက်တည်း ဝင်သွားရင် ပတ်ဝန်းကျ က ဒီအချိန်ကြီးမှာ ဘယ်လိုထင်ကြမလဲ ကိုယ်အိမ်ထိ လိုက်ပို့ပြီး သေ ပြောပြပေးပါ့မယ် "

ရန်ကာကွယ်က ကားကို မီးရောင်မရှိသည့် လမ်းသွယ်ထဲ ခပ်ဖြည်းဖြည်း မောင်းဝင်ရင်းစေ့ထားသည့် ခြံတံခါးကိုလည်း သူကိုယ် ပဲ ဆင်းဖွင့်ကာ အိမ်တံခါးဝထိဝင်သည်။

ထိုစဉ် ပိတ်ထားသည့် အိမ်ပေါ်တံခါးမကြီး နှစ်ချပ်က ဒိုင်း ဆောင့်ဖွင့်သွားလေသည်။

" သမီး. . . "





ထန်သည် အိမ်ထဲက မီးရောင်ကို ကျောပေးလျက် ခါးထောက် ရပ်နေကာ သူမနောက်မှာ ဒေါ်စိုးစိုးနှင့် ခေါင်းရင်းအိမ်က နွဲ့တို့ညီအမ နှစ်ယောက်. . .

လွှမ်း ကားပေါ်က ကပျာကယာဆင်းသွားကာ လှေခါးသုံး ထစ်ကို လှမ်းတက်လိုက်စဉ်

" မလာနဲ့. . . မလာနဲ့တော့ မေလွှမ်း. . . ဒီလောက်ထိ တစ်ညလုံး ထင်သလိုနေပြီးကာမှ အိမ်ကို ဘာ့လို့ပြန်လာသေးလဲ "

" သမီး. . . မေလွှမ်း. . . "

" မပြောနဲ့နော် မေလွှမ်း ကိုယ်ပိုင်ကားကြီးတွေနဲ့ ဟိုပါသွား ဒီပါသွား လူပြောခံနေရတာကြာပြီသိလား. . . ခုတော့. . . "

" ဟော့. . . မင်းပြောတာ မရိုင်းနဲ့လေ ဘာဖြစ်လို့ထင်ရာတွေ စွတ်ပြောနေတာလဲ "

ရန်ကာကွယ် ကားပေါ်ကဆင်းကာ တံခါးကို ဆောင့်ပိတ်ပစ် လိုက်၏။

ကောင်မလေး အော်ပြောနေပုံက ညဦးယံမှာ ကျယ်ကျယ် လောင်လောင်ကြီးဖြစ်ကာ မောင်းခတ်ကြေငြာနေသည့်အတိုင်း. . .

လွှမ်း ဘယ်လောက်ထိ ရှက်မည်ဆိုတာကိုသိ၍ သူစိတ် မကောင်းနိုင်။

" ကဲ. . . လွှမ်း. . . ညည်းက ပြန်လာရဲပေမယ့် ဒီလော ညဉ့်နက်မှ ယောက်ျားတစ်ယောက်နဲ့ ပြန်လာတဲ့ ညည်းကို ကျုပ်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမျက်နှာနဲ့ လက်ခံရမှာလဲ လုပ်မနေနဲ့တော့ ညည်းလိုက်သ
သွား. . .''

'' ကြီးမေ. . . ဘယ်လို ပြောလိုက်တာလဲဟင်. . .''

'' ကြားတဲ့အတိုင်းဘဲလေ. . . ဒီမှာ သမီးအပျိုလေးနဲ့ ညည်း
ထင်သလိုနေလို့ မရဘူးဆိုတာ နားလည်ဖို့ကောင်းတာပေါ့. . . ခု
ကဇလေးက တစ်ယောက်တည်း ရပ်ကွက်ကို အကြောင်းကြားပြီး အ
ခေါ်အိပ်ရတဲ့အဖြစ်. . .''

ဒေါ်စိုးစိုးက အော်ကြီးဟစ်ကျယ်နှင့် ပုံကြီးချဲ့ပြော၏။

ခြေရင်း ခေါင်းရင်း ခြံများမှ တံခါးဖွင့်သံ ချောင်းဟန့်သံ
ထွက်ပေါ်လာသည်။

ဘာမှမဟုတ်နိုင်သည့် ကိစ္စလေးကို အကြီးအကျယ်ဖြစ်သွား
အောင် ဒေါ်စိုးစိုး ဖန်တီးလိုက်တာကို လွှမ်း သိသည်။

ကိုယ့်ဘက်က ခြေလှမ်းမှားသွားတာမို့ ပြောစရာစကား
အစရှာမရ။

မခံချင်ဒေါသများကြောင့် မျက်ရည်တွေ ဝေ့တက်လာ၏။

'' ဒီလိုရှိပါတယ် အဒေါ် ကျွန်တော်တို့ ကုမ္ပဏီမှာ ဒီ
ဖောက်ထွင်းခံရပါတယ်. . . အဲဒီကိစ္စနောက်လိုက်ရင်း အချိန်ကြန့်ကြ
သွားတာပါ. . . ကျွန်တော်တို့ဘက်က မရိုးသားတာ ဘာမှမလုပ်ဘူး. . .

ဒေါ်စိုးစိုးက ရန်ကာကွယ်ကို ပြန်ကြည့်၍ နှုတ်ခမ်းကို မဲ့ပစ်လို
၏။





'' ပြောလာပြီတွေ့လား လွှမ်း. . . ညည်းကို ကျုပ်တို့က
ကန်ထုတ်လိုက်ရင် သူ့ခေါင်းပေါ်ကျမှာစိုးလို့လေ အဲဒါမှတ်ထား. . . မတန်
တရာကို မှန်းပြီး ညည်းဘဝမေ့နေတာ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံတဲ့. . . ကျုပ်
တို့ရဲ့ အိမ်မှာ ဖောက်လိုဖောက်ပြန်လုပ်နေတာကိုတော့ မခံနိုင်ဘူး. . .
သမီးလေးတံခါး ပိတ်ပစ်လိုက်. . .''

'' မပိတ်နဲ့ မပိတ်ရဘူး. . . သမီး. . .''

'' ဂျိမ်း. . .''

ထန်ကလည်း လွှမ်းအပြေးတက်လာတာကို မြင်သည်နှင့်
တံခါးကို ဆောင့်ပိတ်ပစ်လိုက်၏။

'' သမီး. . . တံခါးဖွင့်ပါဦး သမီးရယ်. . . မေလွှမ်း
ရှင်းပြပါရစေ သမီးတို့ ထင်သလိုမဟုတ်ပါဘူး. . . မေလွှမ်း အလုပ်ကိစ္စနဲ့
ကြာသွားတာပါ တံခါးလေးဖွင့်ပါ. . . သမီးရယ်. . .''

လွှမ်း. . . တံခါးကို လက်ဖဝါးလေးနှင့် ရိုက်ပုတ်၍ ငိုကြွေးနေ
သည်ကို ရန်ကာကွယ် ဘယ်လိုမှ မကြည့်ရက်တော့။

'' လွှမ်း. . .''

သူလွှမ်းနားထိ တက်လိုက်သွားကာ လွှမ်း၏လက်တစ်ဖက်ကို
ခပ်တင်းတင်းဆုပ်ဆွဲလိုက်၏။

'' မင်း မျက်ရည်တွေ အဓိပ္ပါယ်မဲ့နေပြီ ကိုယ်နဲ့လိုက်ခဲ့တော့

'' ဟင်. . . အို. . . မလိုက်ဘူး. . .''

'' မလိုက်လို့မရဘူး. . . ဖြစ်နေတာတွေကို မင်းဘယ်လိုရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ လာ. . . သွားမယ်ကွာ. . .''

ရန်ကာကွယ် လွှမ်းလက်ကလေးကို တောက်လျှောက်ဆွဲချလာကာ ကားထဲထိတွန်းပို့ပြီး ထိုနေရာမှ ချက်ချင်းထွက်လာခဲ့သည်။လွှမ်းက ရှိုက်ငိုနေဆဲ. . .

တိတ်ဆိတ်သော ညဉ့်ယံမှာ အသံတိတ်ပြေးလွှားနေသည့် ကားလေးကာ လမ်းမဘေးတစ်ခြမ်းမှာဘဲ ထိုးရပ်သွား၏။

'' လွှမ်း. . .''

သူခေါ်ပေမယ့် လွှမ်းက မထူးဘဲ

'' လွှမ်းကို ကျောက်မြောင်းက ခြံကိုပို့ပေးပါ ကိုရှန်. . .လွှမ်းဟာ သူတကာ နှာခေါင်းရှုံ့တဲ့ အမှိုက်ထုပ်ကြီး တစ်ထုပ်လို. . .''

'' ဘာတွေလျှောက်ပြောနေတာလဲ လွှမ်း. . . လွှမ်းက ကိုယ့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ နှလုံးသား ရတနာပါ ကိုဆန်းကို ဂတိပေးထားရလို့ လွှမ်းကို ကိုယ်ဖွင့်မပြောဖြစ်သေးတာ. . . ဒီအခြေအနေမျိုးမဖြစ်ခဲ့ရင်လည်း လွှမ်းကိုရဖို့ ကိုယ်ကြိုးစားမှာဘဲ ကိုယ်ချစ်နေတာကြာပါပြီ လွှမ်းရယ်. . . ယုံပါ. . .''

လွှမ်းက မျက်ရည်ရောင်လဲ့သော မျက်ဝန်းလေးများနှင့် သူ့ကို ပြန်ငေးကြည့်နေပြီး. . .

'' ရှင့်ကို လွှမ်း မချစ်နိုင်ဘူး. . .''

'' ကိုယ်က ချစ်နေရင် လုံလောက်ပါတယ်. . . လွှမ်း ကိုယ့်ကို





လက်ထပ်ခွင့်ဘဲ ပေးပါ. . . ကိုယ့်ရဲ့ အချစ်တွေက မင်းနှလုံးသားကို ပုတ်နှိုးသွားကြမှာပါ. . .''

လွှမ်း ခေါင်းလေးခါပစ်သည်။

'' အချိန်တန်တော့ ဒီလိုပဲဖြစ်လာတာပဲဆိုတဲ့ အပြောမျိုး လွှမ်းမခံနိုင်ဘူး. . .''

'' မင်း အခေါ်ပြောသလို မင်းကို တွဲပြီးမှ ကိုယ်က ခေါင်းရှောင်သွားလို့ မင်းလမ်းပေါ်ရောက်နေပြီဆိုတဲ့ အဖြစ်မျိုးကျတော့ လက်ခံနိုင်လား. . .''

လွှမ်းနှုတ်ခမ်းလေးကိုက်၍ ငြိမ်ကျသွားသည်။

'' မင်းကို ကိုယ်ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာ ပြပါရစေ. . . မင်းခေါင်းညိတ်လိုက်ပါ လွှမ်းရယ်. . .''

သူလွှမ်းရဲ့ လက်ဖမိုးလေးကို အုပ်မိုးဆုပ်ကိုင်လိုက်၏။ လွှမ်းရုန်းကန်လိုက်ပေမယ့် သူက ခပ်တင်းတင်းဖိဆုပ်ထားလိုက်ကာ. . .

'' မင်းကို ကိုယ်သိပ်ချစ်တယ်. . .''

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ရန်ကာကွယ်

B.Sc (Hons) First class

အလွမ်းရှင်ရှင် (မောင့်သည်းအိမ်)

M.Sc (Thesis) Zoology နှင့်

လက်ထပ်ပြီးစီးခြင်း ကြော်ငြာကို ဖတ်၍ ထန်မျက်လုံးပြူး နှုတ်ခမ်းတွေ ပွင့်သွားလျက် နှစ်ခါသုံးခါ ထပ်ထပ်ဖတ်တာလည်း အားမရ။

ပထမ တအံ့တသြဖြစ်ရသည်က ရန်ကာကွယ်ဆိုသူ၏ ဘွဲ့တွေ တသီတစ်တန်းကြီးကိုဖြစ်ကာ နောက်ထပ်အံ့သြတာက မေလွမ်း၏ နောက်က (မောင့်သည်း ◌) ဆိုတာကို ဖြစ်၏။

" ကြည့်ပါဦး. . . ကြီ◌မေရဲ့ သူတို့တကယ်ယူသွားကြတာ ကြီးမေပြောတော့ ဒီကောင်မျိုးက လွမ်းလိုဟာကို ယူမတဲ့လားဆို. . ."

" စောင့်ကြည့်စမ်းပါဦး. . . ဒီသူဌေးလေးက မိဘဆွေမျိုး တွေက နိုင်ငံခြားမှာတွေရော တကယ့် ဒိတ်ဒိတ်ကျဲတွေ လှတာလေးကို မက်ပြီးယူတာ ဘာဖြစ်ကြမလဲစောင့်ကြည့်. . ."





ထန်ကတော့ ဒီလိုဖြစ်မယ်မထင်ပါ။

မောင့်သည်းအိမ်ဆိုသည့် အမွှန်းတင်စာလုံးလေးသုံးလုံးထဲမှာ လွမ်းကို ချစ်တာ မြတ်နိုးတာတွေကို ပြောမပြဘဲ မြင်နေရသည့်နှယ် တော့ မင်္ဂလာဆောင်သည်က ဟိုတယ်ကြီးတွေမှာ အနီးကပ် ဒိတ် သိနိုင်လို့. . . မထင်ရှားလှသည့် ခန်းမတစ်ခုမှာပေမယ့် ညပိုင်းခြံထဲမှာ သည့်ညစာခံပွဲက ခြိမ့်ခြိမ့်သဲဆိုဘဲ. . .

မင်္ဂလာပွဲကို ဒီနားပတ်ဝန်းကျင် အားလုံးဖိတ်သည်။

သွားကြသည့်လူတိုင်းက လက်ဖျားခါပြသည်။

" ရန်ကာကွယ်ဆိုတဲ့ လူက တော်တော်ချမ်းသာတာဘဲ လွမ်း မှာ စိန်တွေဆိုတာ ညွတ်နေတာဘဲ "

" မိန်းမ မျက်နှာကို တကြည့်ကြည့်နဲ့ တော်တော်ချစ်ပုံလည်း ယ်. . . ရှေ့မှာ လာပြောသည့် လူက လာပြောသည် "

" တောက်. . ."

ထန် နှုတ်ခမ်းလေးကိုက်ထားလျက် တက်ခေါက်တော့ ပြတင်း တွေလိုက်ပိတ်နေသည့် ကြီးမေက လှည့်ကြည့်သည်။

ဒက်ဒီရော မေလွမ်းပါ ကြီးမေ◌ကြီးခေါ်ကြသဖြင့် ထန်လည်း လိုပဲ လိုက်ခေါ်ရင်း နှုတ်ကျိုးသွား◌ဘာဖြစ်သည်။

" ကြီးမေ အဲဒါ မေလွမ်း ထန်တို့ကို သက်သက်ရွဲ့တာ ကို အရှက်ခွဲတာ "

" သိပ်မှန်တာပေါ့ ဒါပေမယ့် မပူပါနဲ့ အေ. . . လွမ်းက ညည်းကို က်ပါတယ် တို့တက်မှာ နိုင်လို့ရတဲ့ နည်းတွေ အများကြီး ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



စောပါသေးတယ်ကွယ်. . .''

ထန်ကတော့ ဒီလိုဖြေလို့မရ။

ဆုံးရှုံးလိုက်ရခြင်းဆိုသော ကြေကွဲခြင်းက ဘာကိုဆိုတ

အမည်တပ်လို့ မရဘဲ တလှိုက်လှိုက်ပူလောင်နေသည်။

ဖြစ်နိုင်ခြေအရှိဆုံးက မေလွမ်းကို လက်လွှတ်ဆုံးရှုံးလိုက်ရတ

ကြောင့် ဖြစ်ပါလိမ့်မည်။

ပြီးတော့ ရန်ကာကွယ်ဆိုသည့် လူစားမျိုးကို ယှဉ်ပြလိုက်သည

က

လှပါတယ်. . . ချောပါတယ်ပြောနေကြသည့် လူတွေပို

လက်ဖျားခါသွားအောင် အကွက်ဆန်းထွင်တာ

သူ ဒီလို လုပ်စရာလား. . .

တစ်လောကလုံး ပြေးကြည့်မှ ထန်နဲ့ သူ့သားအမိနှစ်ယော

နှင ဘဲ ရှိတာ. . . ထန်မျက်နှာကို ပြန်မငဲ့တော့ဘူးလား. . .

အဲဒီညက လွမ်းဘယ်တဝရောက်သွားနိုင်တယ်ဆိုတာကို ထ

မတွေးမိပါ။

သူမရင်ထဲမှာ မင်္ဂလာပွဲကိုလည်း မကျေနပ်. . .

မေလွမ်းကိုပို၍ နာကျည်းသွားခဲ့သည်။

ငါ့ကို ဘယ်တုန်းကမှ မချစ်ခဲ့တာပဲ. . .

ထိုအတွေးတို့သည်သာ နှလုံးသားမှာ အထပ်ထပ် ရစ်ပ

လျက်. . .

✿ ✿ ✿ ✿ ✿



## အခန်း (၁၂)

အိပ်ရာကနိုးတော့မျက်လုံးမဖွင့်မီ လှမ်း၍ ဖက်လိုက်မိရင်း

က်လုံးတွေကို ဖွင့်ကြည့်လိုက်သည်။

လွမ်း. . . အိပ်ရာထဲမှာမရှိတော့. . .

နာရီကိုကြည့်တော့ လေးနာရီပဲရှိသေးသည်။

'' ကျွတ်. . .''

ရန်ကာကွယ် ချက်ချင်းထထိုင်ကာ ညဝတ်အကျႌကိုလဲ

သည်။ သူရေချိုးသံကြားတော့ လွမ်းက လဲဖို့ဝတ်စုံထုတ်ပေးထား

သည်။

ထမီရိုးရိုးလေးနှင့် ရှပ်အကျႌလက်တိုပွပွလေးဝတ်ထားသည့်

း လုပ်ကိုင်နေပုံက တိတ်တိတ်ဆိတ်ဆိတ်လေးရယ်. . .

ရေစက်တွေတတောက်တောက်ကျနေသည့် ဆံပင်တွေ

တိုင်းနှင့် သူရပ်နေတော့ လွမ်းက လှည့်ကြည့်ကာ. . .

'' တဘက်ယူမသွားဘူးလား. . .''

'' မင်းလာပေးမလားလို့ စောင့်နေတာလေ. . .''



www.burmeseclassic.com

www.burmeseclassic.com



လွမ်းက ဘာမှမပြောဘဲ တန်းပေါ်က တဘက်ကို ဆွဲယူ၍
လှမ်းပေး၏။

" မောင့်ကို သုတ်ပေးဖို့နည်းနည်းလေးမှ စိတ်ကူးမရှိဘူးလား"

လွမ်းက သူ့ကိုကြည့်၍ ခေါင်းလေးညိတ်သည်။

လွမ်း မျက်နှာမှာ သူ့ရင်ထဲမှာရှိသလို အိမ်ထောင်ပြုလိုက်ရ ခြင်းနှင့် ပတ်သက်သော ရင်ခုန်ခြင်း လှုပ်ရှားခြင်းဆိုသော အရာကို ရှာမတွေ့ပါ။

လွမ်းဆီက ကြင်နာခြင်း နွေးထွေးခြင်းတွေကို တောင့်တနေ မိသည့် သူ့အပေါ် အခွင့်အရေးယူနေတယ်လို့များ လွမ်းထင်သလား

ခြေဖျားလေးထောက်၍ သူ့ခေါင်းကို ရေသုတ်ပေးနေသည့် လွမ်း ကိုယ်လုံးလေးကို သူပွေ့ဖက်ထားလိုက်မိကာ. . .

" လွမ်း. . . လွမ်း မောင်နဲ့လက်ထပ်လိုက်ရတာကို စိတ်ညစ် နေတာလားဟင်. . ."

" စိတ်ညစ်တာက ဟုတ်မယ်. . . ဒါပေမယ့် လက်ထပ်ရတဲ့ အတွက်ကြောင့်တော့မဟုတ်ပါဘူး. . ."

" မောင်နဲ့လက်ထပ်ရလို့ စိတ်ညစ်တယ်ဆိုရင်လည်း မောင် ခွင့်လွှတ်ပါတယ်. . . ဒါပေမယ့် ဟန်ဆောင်ပန်ဆောင်လေးဘဲဖြစ်ဖြစ် ကြည်ကြည်သာသာနေကွာ. . . မောင့်ဘဝကို လွမ်းရဲ့မျက်နှာ အပြုံးတွေနဲ့ ဖြည့်စုံခွင့်ပေးပါ. . ."

သူ လွမ်းကို နမ်းဖို့ ငုံ့လိုက်တော့ လွမ်းမျက်နှာကို ငုံ့ချ





က်သည်။

မင်္ဂလာဦးညကတည်းက လွမ်းဘက်က နွေးထွေးမှုမရှိပါဘဲ တ်တရွတ်ဘဲ ချစ်ခဲ့ရသည်။

နမ်းမည်ကြံတိုင်း ရှောင်ဖယ်ပစ်တတ်တာကိုလည်း သူအတင်း ရသည်ဘဲ. . . လွမ်းမချစ်ဘူးဆိုတာကိုသိလျက်နဲ့ ယူခဲ့မိသည့် ကိုယ့် ဖြစ်ကိုသိနေသည်မို့ နားလည်နိုင်အောင် ကြိုးစားနေရသည်။

" အအေးပတ်လိမ့်မယ် ကိုရန် အင်္ကျီဝတ်တော့ "

" မောင် အအေးပတ်မှာစိုးလို့လား. . . နမ်းမှာစိုးလို့လား "

" မဟုတ်ပါဘူး. . . "

" မဟုတ်ရင် ကြည်ကြည်ဖြူဖြူမော့ပေးကွာ. . . "

" ကိုရန်ကလည်း. . . "

" မရဘူး. . . မောင်က ကိုယ့်မိန်းမကို ခါးပြတ်ကိုက်နမ်းနေရတာ ကျေနပ်တော့ဘူး. . . ဒီမှာမောင့်ကိုကြည့် "

လွမ်း မော့ကြည့်တော့ သူထံမှ မြတ်နိုးတပ်မက်သော အနမ်း း ပြန့်ကျဲကျလာသည်။

လွမ်းသည် ကိုကို့ထံမှလွဲ၍ ဤကဲ့သို့ ထိတွေ့ပေးဆပ်မှုတွေကို ယ်လိုယောက်ျားမျိုးထံကမှ ရယူဖို့ စိတ်ပင်ကူးမကြည့်ခဲ့မိပေ။

ဆန်းဆက် လက်ထပ်ခွင့်တောင်းခဲ့စဉ်ကလည်း သူမ ဘယ်လို စိတ်ကူးမရနိုင်ခဲ့ဘဲ လက်ထပ်ခွင့်တောင်းခဲ့သည်လည်းမရှိ။ မ်းခေါင်းထဲပင် မထည့်ခဲ့ဘူးသော ရန်ကာကွယ်နှင့် မထင်မှတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လိုက်ရသည့် အဖြစ်ဟာ အိပ်မက်ဆန်သလောက် နှလုံးသား
ကလက်ခံဖို့ အင်းအားမရှိခဲ့တာ ဘာကိုအပြစ်တင်ရမလဲ။

ရန်ကာကွယ်က သူမကို ချစ်နေခဲ့သည့်တဲ့
ယုံလောက်အောင်လည်း ချစ်ပြခဲ့ပါသည်။
ဒါဟာ ပထမအစမို့လို့လား. . .

လွှမ်းရဲ့ အပျိုစင်မဟုတ်သည့်ဘဝကို သူတရေးရေးခံစားမိလာ
တဲ့အခါ

" လွှမ်း "

" ဟင်. . . "

" ဘာလုပ်နေတာလဲ ဟာ ဘာမှလည်း မလိမ်းရသေးဘူး
မှန်ရှေ့မှာ ထိုင်နေပြီးတော့ "

လွှမ်း သူ့ကိုမော့ကြည့်၍ ယှဲ့ယှဲ့လေးပြုံးလိုက်မိကာ

" လွှမ်း ဒီအတိုင်းပဲနေလာတာကြာပြီ "

" မောင် နားလည်တယ်. . . လွှမ်း ဒီအတိုင်းပဲလှနေတာ
ပြင်လိုက်ဆင်လိုက်ရင် အန္တရာယ်များတယ် အခု မောင့်မိန်းမဖြစ်သွား
ပြီ ဘာအန္တရာယ်မှ မရှိတော့ဘူး. . . လှလှပပလေးနေလို့ရပြီ
လုပ်ကွာ. . . လိမ်း. . . "

အတွင်းရေးမှူးကနေ ဖနီးအဖြစ်နှင့် ကုမ္ပဏီကို ဒီနေ့မှ
စဆင်းရမှာမို့ လွှမ်းမျက်နှာပူနေသည်။

ထို့ကြောင့် ပို၍ မပြင်ချင်။





" ဒါတွေက ဘာဖြစ်လို့ သိမ်းနေတာလဲလွှမ်း. . . ဒီဗိုင်းတွေ
...ကြိုက်လို့လား. . . "

တစ်ခုကို စိတ်ရှုပ်နေဆဲ ရတနာဘူးတွေ အထပ်လိုက်ကိုင်
...ာကာ ရှေ့မှာ ချပေးနေပြန်သည်။

" လွှမ်း မောင်က ဂုဏ်ပကာသနလိုချင်လို့ ကြွားနေတာ
...ဟုတ်ဘူး. . . ဒါတွေ မောင်ဝါသနာလည်း မပါဘူး. . . စုဆောင်းထား
...ာလည်း မဟုတ်ဘူး. . . လွှမ်းနဲ့လက်ထပ်မယ်ဆိုမှ ချက်ချင်း
...ာက်ဝယ်ပစ်လိုက်ရတာ. . . မောင့်စေတနာက လွှမ်းကို မောင်
...ယ်လောက်ထိ တန်ဖိုးထားတာ မြတ်နိုးတာကို အားလုံးသိစေချင်တာ
...မ်းကို အားမငယ်စေချင်တာ. . . "

" ကျေးဇူးတင်ပါတယ် ကိုရန်. . . "

" ကျွတ် "

ရန်ကာကွယ် မျက်လုံးတွေမိတ်ကာ ကျွတ်ခနဲခါပစ်သည်။

" မင်း ကျေးဇူးတင်တာကို မောင်လိုချင်တာ မဟုတ်ဘူး. . .
...ာင်ချစ်တာကို အသိအမှတ်ပြုတဲ့ အနေနဲ့ လှလှပပ ပြုံးပြုံးရယ်ရယ်
...မ်းနေပေးမယ်ဆိုရင် မောင်ကျေနပ်တယ်. . . "

သူ့ကို ငေးငေးလေးကြည့်ရင်း လွှမ်းခေါင်းညိတ်လိုက်သည်။
ပြီးတော့ အလှအပ ပစ္စည်းတွေကို ကိုင်၏။
ဒီတော့မှ ရန်ကာကွယ်ကျေနပ်ကာ လှည့်ထွက်သွားလေ သည်။
ရှုပ်မင်းရောင် ကိုယ်ကျပ်ပေါ်မှာ ကုတ်အင်္ကျီအနက် ထပ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ရင်ဘက်မှာ ချိတ်ထားသည့် ကုမ္ပဏီတံဆိပ်ကပါပြီး သား...

ပြီးတော့ မဟူရာ လည်ကုံးလေးကိုဝတ်ကာ တစ်ကိုယ်လုံး မဟူရာတွေဆင်လိုက်၏။

ဆံပင်တွေကို ဒီအတိုင်းပဲ ဖြန့်ချကာ အနက်ရောင်ကြိုး... ဒေါက်ချွန် ဖိနပ်ကိုစီးပြီး ထွက်လာခဲ့၏။

ညှော်ခန်းထဲမှာ ရပ်စောင့်နေသည့် ရန်ကာကွယ်က ဖိနပ်... ကြားတော့ လှည့်ကြည့်၏။

လွှမ်းကိုမြင်တော့ နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားကာ...

" သိပ်လှတာပဲ "

ဟု ပြောသည်။

ပြီးတော့ လွှမ်း ပခုံးလေးနှစ်ဘက်ကို ဖွဖွလေးဆုပ်ကိုင်...

" နဖူးလေကို နမ်းပြီး ပါးပြင်. . . ပြီးတော့ "

" အို. . . ကိုရန်ကလည်း ပျက်ကုန်မှာပေါ့ "

နှုတ်ခမ်းလေးကို လွှမ်း ရှောင်ပစ်လိုက်၏။

" ဆောရီး. . . ဒါဆို မောင့်ကိုနမ်း. . . "

" ကိုရန်ကလည်း ကလေးကျနေတာပဲကွာ. . . "

" ယောက်ျားတွေက အပြင်မှာ ရာထူးကြီးနဲ့ ဘယ်လော... ခန့်ခန့်ကြီးနေပါစေ မိန်းမရှေ့ရောက်ရင် ကလေးဘဲတဲ့. . . မရဘူး...

" ပါးကိုနှုတ်ခမ်းနီတွေပေကုန်မှာပေါ့ "

" ပြီးမှ ဖျက်ပစ်မယ် နမ်း. . . "





သူ့အတင်းအကျပ်ဖြစ်နေပုံကလည်း ကိုကိုနဲ့တူနေပြန်သည်။

ကိုကို့ကို သတိရမိတော့ လွှမ်း ရင်တွေခုန်လာမိကာ ပျော်သွားသလိုလို ကျေနပ်သလိုလို. . .

သူ့အရပ်ကြီးကလည်း ကိုကိုနဲ့ အတူတူပဲမို့ ခြေဖျားလေး ထောက်နမ်းရတော့ ကိုကို့ကို နမ်းလိုက်ရသလိုပါဘဲ. . .

လွှမ်း အမှတ်တမဲ့ ကြည်နူးစိတ်လေးဖြစ်ကာ သူ့လည်တိုင်ကို ပါ ရစ်သိုင်းဖက်လိုက်မိတော့ သူက တင်းကျပ်စွာပြန်၍ ပွေ့ဖက်ကာ. . .

" ချစ်လိုက်တာ လွှမ်းရယ် "

ဖျတ်ခနဲ ညှတ်ယိမ်းသွားခဲ့သော လွှမ်း၏ နူးညံ့ပျော်ဝင်ခြင်းများ မှာ ဆင့်ကဲကျရောက်လာသည့် သူ့အနမ်းများကြောင့် လွှမ်း အပြင်ထွက် ခါနီးမှ နှုတ်ခမ်းနီပြန်ဆိုးခဲ့ရလေသည်။

ကျေနပ်ပျော်ရွှင်သွားသည့် သူ့မျက်နှာက အပြုံးများကို ကြည့်၍ လွှမ်း ပင့်သက်ရှိုက်မိသည်။

ကိုကို့ကို သတိရစိတ်နဲ့ လွှမ်း ချွေကျသွားတာကိုများ သူသိခဲ့ လျှင်. . .

လွှမ်း ရင်ထဲမှ ကိုကိုမှလွဲ၍. . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဝင်လာသူကို နှစ်ယောက်လုံး မော့ကြည့်လိုက်မိကြတော့ လွှမ်းမျက်နှာလေး လွှဲလိုက်မိကာ ရန်ကာကွယ်က အားနာပြုံးနှင့် ခေါင်းတစ်ချက်ပွတ်၏။

" ထိုင်လေ ကိုဆန်း ပြန်ရောက်တာတောင် မသိလိုက်ဘူး"

ဆန်းဆက်က မချိတရိ ပြုံးလိုက်ပြီး ရန်ကာကွယ် ရှေ့မှာထိုင်၍ လက်ထဲက ဘူးလေးတစ်ဘူးကို ရန်ကာကွယ်ရှေ့ချပေးလိုက်၏။

" ခုချိန်မှာ မင်း အားလုံးကို မေ့နေမှာပါ၊ ငါ ကိုယ်ချင်းစာ တယ် ကွန်ဂရက်ကျူလေးရှင်း. . ."

ဆန်းဆက် လက်ကမ်းပေးတော့ မျက်နှာပေါ်က အချို လေးကို မမြင်ယောင်ပြုကာ လက်ဆွဲနှုတ်ဆက်လိုက်ရ၏။

ဆန်းဆက်က လွှမ်းရှိတဲ့ဆီကို လုံးဝလှည့်မကြည့်ဘဲ ရန်ကာကွယ်ကိုသာ စူးစိုက်ကြည့်နေသည်။

" ငါ စင်ကာပူကို ဘာသွားလုပ်လဲသိလား. . ."

" မသိဘူး. . ."





" မသိတာဘဲကောင်းပါတယ် ငါနောက်ကျသွားပြီဘဲ မင်းတို့အတွက် ဒါ ငါ့ရဲ့လက်ဖွဲ့ ခုပဲဖွင့်ကြည့်လိုက်ပါ. . ."

ရန်ကာကွယ်က လွှမ်းကို တစ်ချက်လှမ်းကြည့်၍ ဘူးကိုဖွင့်လိုက်၏။ ပလက်တီနမ်ကွင်းလေးထဲမှာ စိန်ပွင့်လေးတွေ မြှုပ်ထားသည့် လက်စွပ်နှစ်ကွင်း မြင်လိုက်စကတော့ ဘာမှထူးခြားတာမတွေ့။

ရန်ကာကွယ် ပြုံးကြည့်နေရင်း မျက်ခုံးတွေ တဖြည်းဖြည်း တွန့်ကုတ်သွား၏။

လက်ထပ်လက်စွပ် သို့မဟုတ် စေ့စပ်လက်စွပ်ရိုးရိုးလေးလို့ ထင်ရပေမယ့် သေချာကြည့်တော့မှ စိန်ပွင့်လေးတွေက တန်းထားတာ မဟုတ်ဘဲ စာလုံးလေးတွေ ဖော်ထားမှန်းသိသာလာ၏။

SL ဆိုသော စာလုံးလေးက ပီပြင်လာလေလှလာလေ. . .

ရန်ကာကွယ် မျက်နှာပျက်သွားတော့ ဆန်းဆက်က ပြုံးမဲ့မဲ့နှင့် နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်ရ၏။

" မင်းရဲ့ မင်္ဂလာပွဲကို ငါဘယ်လိုမှ မရည်ရွယ်ခဲ့ဘူး. . . ဒါ. . .ငါ့ဘက်က တစ်ဘက်သက်ရူးသွပ်ခဲ့တာ သက်သက်ပါ။ ဘာပဲ ဖြစ်ဖြစ် လက်ထပ်လက်စွပ်ဆိုတော့ လက်ထပ်နိုင်တဲ့သူနဲ့ဘဲ ဆိုက်တန်ပါတယ်။ဒါကြောင့် ငါလက်ဖွဲ့တာ တိုက်ခိုက်တာလို့ မထင်ပါနဲ့ ဆက်နက်ချတာပါ. . ."

ဆန်းဆက် ဘာတွေ ရည်ရွယ်၍ ဘယ်လိုကြိုးစားနေခဲ့သည်ကို ရန်ကာကွယ်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြုံးကျမတတ် အုံ့မည်းနေသည့် ဆန်းဆက်မျက်နှ
ပေါ်က အရှုံးကို မကြည့်ရက်သလို ဖြစ်သွားမိ၏။

လက်စွပ်တွေကိုလည်း သူမလိုချင် မငြင်းရက်သည့်
ငြိမ်သက်နေမိသည်။

ဆန်းဆက်ပြန်သွားတော့ ဘူးကလေးကိုပြန်ပိတ်က
သူ့နောက်က အထပ်စင်မြင့်လေးပေါ်မှာ အသာတင်ထားလိုက်၏။

ဟူး. . . မိန်းမလေးတစ်ယောက်ရတာ မလွယ်ပါလား. . .

" ကိုရန်. . . ဒီမှာ လက်မှတ်ထိုးပေးဦး. . . "

သူက စာရွက်တွေကို မကြည့်ဘဲ လွှမ်းလက်ဖျားလေး
ဆွဲထားကာ. . .

" ကိုဆန်းပေးသွားတဲ့ လက်ဖွဲ့ လွှမ်းကြည့်ဦးမလား. . . "

" မကြည့်တော့ဘူး. . . "

လွှမ်း၏ လက်သူကြွယ်သွယ်သွယ်လေးမှာ သူပေးထားသ
လက်ထပ်လက်စွပ်လေးကို ကြည့်လိုက်မိရင် ကိုဆန်းပေးသည့် လက်
လေးကရော လွှမ်းနဲ့ အတော်ဘဲ ဖြစ်နေမလားဟု တွေးလိုက်မိသည်

လွှမ်းနဲ့ အတော်ဘဲဖြစ်အောင် ကိုဆန်းလုပ်လာမှာက သေချာ
ကာ သူ၏စွဲလမ်းမှုကို ဂရုမစိုက်လို့မရဘဲ ဖြစ်လာမိ၏။

လွှမ်းမျက်နှာလေးမှာ ကိုဆန်းနဲ့ ပတ်သက်တာ စိတ်မကော
ခြင်း မျှိုသိပ်ခံစားခြင်းတွေ ဖြစ်နေမလား. . .

သံသယမဟုတ်ပေမယ့် သိချင်စိတ်သေးသေးလေးနှင့် စူးစိုက်





ကြည့်မိပြန်သည်။

လွှမ်း မျက်နှာပေါ်မှာ ဘယ်လိုအရေးအကြောင်းမှ သူမတွေ့။

" ကိုရန် ဘာကြည့်နေတာလဲ ဒီမှာ လက်မှတ်ထိုးပါဆို "

" တစ်ရန်တည်း ရန်နေတာကို မကျေနပ်လို့ ကြည့်တာ
မောင်က မင်းရဲ့ ယောက်ျားဖြစ်နေပြီ အလုပ်ရှင်မဟုတ်တော့ဘူး "

" အဲဒါ လောလောဆယ် ပြဿနာမဟုတ်ပါဘူး ကိုရန်. . .
အလုပ်တွေ ဒီမှာ စုပုံထပ်နေတာ ဘာဖြစ်လို့ အချိန်ဖြုန်းနေ တာလဲ. . . "

" ထပ်တော့ဘာဖြစ်လဲ. . . မင်းကို ဘယ်သူက ဆူမှာမို့လို့လဲ"

လွှမ်း မျက်နှာလေး ငြိုနေတာကို သိလျက်နှင့် သူတမင်ဂျစ်
တိုက်ကာ လွှမ်းရုန်းနေသည့် လက်ကလေးကို ဖိဆွဲထားလျက်

" လွှမ်း မောင့်ကို . . . မောင်လို့ ခေါ်. . . "

" ဘယ်လိုဖြစ်နေတာလဲ ကိုရန်. . . ရုံးခန်းထဲမှာ "

" ဘာဖြစ်လဲ နိုးတွေ့နေတာမှ မဟုတ်တာ မောင်တို့က
လင်မယားဘဲ အိမ်မှာဆို မင်းမှာ ချောင်နိုစရာတွေက များမှများ အခု
ဒီအခန်းထဲမှာ ဘယ်လိုမှ ရှောင်ထွက်သွားလို့မရတော့ဘူး. . . ကဲ
ခေါ်မှာလား မခေါ်ဘူးလား. . . "

" မခေါ်ဘူး. . . သွား. . . "

လွှမ်းနှုတ်ခမ်းစူလျက် ခေါင်းခါတာရော ခြေဆောင့်တာရော
အမူအရာတွေ စုံသွားလျက် ရန်ကာကွယ် တအုံ့တသြပြုံးကျသွားကာ
ချက်ချင်းထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လွှမ်း ပခုံးလေးကို ဆွဲဖက်လိုက်ပြီး

" လွှမ်း စိတ်ကောက်တတ်တာ ကြည့်စမ်း ချစ်ဖို့ကောင်းလိုက်တာကွာ မောင်က အဲဒါလေးတွေကို ချစ်တာ. . ."

" အို. . ."

" ဟာ "

သူအတင်းနမ်းဖို့လုပ်တော့ လွှမ်းတိမ်းရှောင်ပစ်ရင်း တံခါးကရုပ်ခနဲပွင့်သွား၏။

လူရိပ်တစ်ရိပ်ဝင်လာကာ ဟားခနဲဖြစ်လျက် ချက်ချင်းပြန်ပျောက်သွား၏။

လွှမ်း ရှက်ရှက်နှင့် ရန်ကာကွယ်လက်တွေကို အတင်းဖယ်ချပစ်မိ၏။

" ကိုယ့်အလုပ်သမားက ကိုယ့်ကို အထင်သေးသွားရင်မကောင်းဘူး ကိုရန် နေတာထိုင်တာ မကလက်ပါနဲ့ "

လွှမ်း မျက်နှာတင်းကာ လှည့်ထွက်သွားလိုက်တော့ သူကပြန်ဆွဲထားကာ

" ကိုယ့်မိန်းမကို ချစ်လို့နမ်းတာ ဘယ်သူက ကလက်တယ်ပြောပြော မောင်ဂရုမစိုက်ဘူး. . . တကယ်ဆို လက်ထပ်ပြီးတာ ခုမှသုံးရက်ပဲရှိသေးတာ မောင်တို့ဟန်းနီးမွန်းထွက်ပြီး သာယာကြည်နူးနေရတယ့် အချိန် မင်းကို ခေါ်လို့မရလို့. . ."

" ဒီမှာ ပြဿနာလက်စနဲ့ အလုပ်တွေက အားလုံးတန်းလန်းချည်းပဲ ကိုရန်မသိလို့လား. . ."

" သိတယ်လေ ဒါပေမယ့် စိတ်ချမ်းသာဖို့ကို မောင်ဘာနဲ့မှလဲနိုင်ဘူး ဒီအချိန်မှာ လွှမ်းကို မောင့်ရင်ခွင်ထဲမှာ ဖက်ထားပြီး ပင်လယ်ကြီးကို ဖြစ်ဖြစ် ရေတံခွန်ကြီးနားမှာဖြစ်ဖြစ် ဒါမှမဟုတ် ဂိမ်းကစားရင်းမော်နီတာပေါ်မှာ လွှမ်းနဲ့မောင်ရယ်မော တိုက်ခိုက်ချင်တယ် စိတ်ကူးသည့်တယ်ပြောပြော ဆရူးပဲဆိုဆို. . . အဲဒါ မောင့် ဆန္ဒပဲ "

တင်းနေသည့် လွှမ်းမျက်နှာလေး ပြေကျသွားသည်။

သူပြောတာ မှားတာ ဘာမှမပါ။

လွှမ်းဘက်က ဘာမှ ထူးခြားပျော်ရွှင်ခဲ့တာ မရှိပေမယ့်သူ့အတွက်ကိုယ်က အိမ်ထောင်ဦး. . .

" လွှမ်း. . ."

သူက လွှမ်းကိုင်ထားသည့် ဘောလ်ပင်နီလေးကို ဖြေယူပြီးစားပွဲပေါ်ပစ်တင်လိုက်၏။

" မောင့်ကို ဣန္ဒြေမရတဲ့ ခပ်ပေါပေါကောင်လို မျက်လုံးမျိုးနဲ့ကြည့်နဲ့ကွာ မောင်မခံနိုင်ဘူး. . ."

" လွှမ်း. . . မှားသွားပါတယ်. . . မောင်. . . လွှမ်းကိုခွင့်လွှတ်ပါ. . ."

" ဟင်. . . ဘာ. . . မောင်. . .ဟုတ်လား. . ."

မှုံကုတ်ကုတ်ဖြစ်နေသည့် မျက်နှာက ချက်ချင်းဝင်းထိန်သွားသော ပခုံးလေးကို ဖိဆုပ်ကိုင်လိုက်တော့ လွှမ်းနှုတ်ခမ်းလေးပြုံးမေ




ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သမ်းသွား၏။

သူ လွှမ်းမျက်နှာကို နမ်းချင်လျက် အံကြိတ်နေရှာတာကို သိကာ သွားလေးတွေပေါ်အောင် ရယ်မိရင်း လွှမ်း ချာခနဲလှည့်ထွက်လာခဲ့၏။

သူ့ထံမှ ကျွတ်ခနဲ စိတ်ပျက်သံထွက်လာကာ

" လွှမ်း. . . ဒီနေ့မောင် အစောကြီး ပြန်မှာနော်. . . "တဲ့

တကယ့် ကလေးဆိုးကြီးနှယ်. . .

✿ ✿ ✿ ✿ ✿



## အခန်း (၁၄)

တစ်ထပ်တိုက်ပုလေးပေမယ့် အတွင်းမှာ အတော်ကျယ်သည်။ [ခြံ]ထဲမှာလည်း ရောင်စုံပန်းခင်းဆိုတာမျိုးမဖြစ်သေးပေမယ့်

မပွင့်သေးသည့်ပန်းပင်တွေ ရှင်ထားသည့် မြေပြန့်ပြန့်မြက်ခင်း[ကျ]ယ်များနှင့် ဘယ်ကြည့်ကြည့်သာသာနေသည်သာ. . .

လွှမ်း. . . နဲ့ မောင် ဒီတိုက်ကလေးမှာ နှစ်ယောက်တည်းပေ[မ]ယ့် အနေတော်လေးဘဲဖြစ်သည်။

အိမ်မှာ နေရချိန်မှာ နှစ်ယောက်အတူရှိနေကာ ထွက်ကြရ[တ]ာလည်း အတူတူ. . .

လွှမ်းမှာ ပျင်းဖို့အချိန်မရှိသည့်အပြင် သူက လွှမ်း မီးဖိုထဲမှာ [ချ]က်ပြုတ်နေတာတောင် ဟင်းအိုးတွေဆွဲချ မီးပလပ်ဖြုတ်

" မောင်တစ်ယောက်တည်း ပျင်းတယ်ကွာ ချက်မနေနဲ့. . . "

[လ]မြည်တွန်တောက်တီးလျက် လှီးဖြတ်နယ်ဖယ်ထားတာတွေကိုတောင် [ဖ]ျားသွန်ပစ် ရေတွေထည့်ပစ်

လျှောက်လုပ်ပစ်လွန်းလို့ ရန်ဖြစ်ရ ဒါသထွက်ရရန်ကာကြည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်ယောက်ျား အဲဒီလောက် ဂျစ်ကန်ကန်နိုင်မှန်း ခုမှပဲ အတွင်းကျကျသိရပါတော့သည်။

" လွှမ်း ဒီမှာလာကြည့်စမ်း စုန်းကား ကောင်းတယ် "

လွှမ်းက သူထိုင်နေသည့် ဆိုဖာနောက်မှာရပ်လျက် ပြတ်သွားသည့်အနက်ရောင် ပုတီးကုံးလေးကို ပြန်ဆက်ဖို့ သေချာကြည့်နေတုန်း အတင်းလှမ်းဆွဲခေါ်၏။

" လာ ဒီမှာ ကောင်းတယ် လာကြည့်. . ."

လွှမ်းက တစ်ချက်လှမ်းကြည့်ပြီး နှုတ်ခမ်းလေးမဲ့၏။

" နိုင်ငံခြားကားတွေ ရွံစရာကြီး "

" ဘာမှမပါဘူးကွ. . . ရိုးရိုးလေးရယ် လာပါဆို "

" ဘာမှမရိုးဘူး လွှမ်းသိတယ် "

ရန်ကာကွယ်က ရယ်ကျဲကျဲနှင့်လှည့်ကြည့်ကာ

" အဲဒါတွေ ကျော်ပစ်မယ် လာကြည့်. . ."

" မောင်နော် လွှမ်း အဲဒါတွေ မကြိုက်ဘူးလို့ပြောနေတယ်"

" ကျော်ပေးမယ်လို့ ပြောနေတယ်ကွာ. . ."

" မကြည့်ဘူး. . ."

" ကြည့်ရမယ်. . . လာ. . ."

သူ့အတင်းဆိုတော့ ပုတီးစေ့လေးတွေပါ ပြုတ်ကျကျန်ခဲ့လျက် လွှမ်း သူ့ဘေးမှာအိခနဲ ပစ်ကျသွား၏။

သူ့လက်ထဲက ရီမုတ်ကိုပါလုယူက လွှမ်းကပိတ်ပစ်လိုက်သည်။





သူက ပြန်လုတော့ နှစ်ယောက်သား လုံးထွေးကာ ရီမုတ်က ကြမ်းပေါ် ဒေါက်ခနဲ လျှောကျသွား၏။

" အေးနော်. . . မောင် ဟိုမှာ မကြည့်ရရင် လွှမ်း စိတ်ညစ်အောင်လုပ်မှာ "

" ဟာ. . . မသိဘူး. . . မရဘူး. . . မောင်နော်. . ."

" တစ်အိမ်လုံးမှာ နှစ်ယောက်တည်းမို့ ဖွတ်တရွတ် ကဲချင်နေသည့် သူ့ကို လွှမ်း ဘယ်လိုမှ ရှောင်ဖယ်ရုန်းထွက်လို့မရ. . ."

ထိုစဉ် ဖုန်းသံက ကျယ်လောင်စွာ ထမြည်လာ၏။

" ဟော. . . ဖုန်းလာနေပြီ "

" ကျွတ်. . . ရှုပ်လိုက်တာကွာ. . ."

လွှမ်းဖုန်းထကိုင်တော့ ရန်ကာကွယ် ဆိုဖာပေါ်မှာ ဆန့်ဆန့်ကြီးချလိုက်ကာ ရီမုတ်ကို ပြန်ကောက်သည်။

" ဟင်. . . သမီး. . . သမီးလေးလား. . ."

လွှမ်း ဖုန်းပြောရင်း လှမ်းကြည့်လျှင် ရန်ကာကွယ်က တော်ကောက်ထားလျက် လှမ်းကြည့်နေတာနှင့်ဆုံသည်။

" သမီးပြောလေ. . ."

" မေလွှမ်း. . . မေလွှမ်းကတော့ သိပ်ပျော်နေမှာဘဲနော်. ."

" ဘယ်လိုပြောလိုက်တာလဲ သမီးရယ့် သမီး ငိုနေတာလား ဘာဖြစ်လို့လဲ. . ."

" ဟုတ်တယ် မေလွှမ်း ထန်ငိုနေတာ. . . ထန် ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com





တစ်ယောက်တည်း ဘယ်လိုနေရမှာလဲ. . . ထန့်အတွက် မေလွမ်း နည်းနည်းလေးမှ မပူတော့ဘူးလား. . .''

'' ပူပါတယ် သမီးရယ် သမီးနားမှာ ကြီးမေရှိနေတယ်ထင်လို့ မေလွမ်း ဘာမှမမေးခဲ့တာပါ ''

'' မေလွမ်းနဲ့ ထန်လာနေမယ် ''

'' ဟင်. . .''

'' မေလွမ်း သူ့ကိုလှမ်းကြည့်မိပြန်သည် ''

ရန်ကာကွယ်က ဆိုဖာပေါ်မှာသုံ့နေလျက်မှ ခြေတစ်ဖက်[ကို] နောက်မှီမှာ ပစ်တင်လျက် ဇီဒီယိုကြည့်နေသည်။

'' ဘယ်လိုလဲ မေလွမ်း မေလွမ်းက ထန်ရှိနေရင် ရှုပ်တယ်[လို့] မြင်နေပြီလား ထန်ဒီလိုပဲ နေရတော့မှာလား ''

'' အို မဟုတ်ပါဘူး သမီးရယ် . . . . . သမီးကို မေလွ[မ်း] ခေါ်မှာပါ၊ သမီးအဆင်သင့်ပြင်ထားနော်၊ မနက်ဖြန် မေလွ[မ်း] လာခေါ်မယ် . . . . .''

လွမ်း ဖုန်းချပြီး သူ့ဘေးမှာ သွားထိုင်လိုက်၏။

'' အဲဒါ ခဏပိတ်လိုက်ပါဦး မောင် ''

'' ဟင် ပြောလေ ''

ရန်ကာကွယ်က ထထိုင်၍ ဇီဒီယိုကို လှမ်းပိတ်လိုက်၏။

'' သမီးဖုန်းဆက်တာ ''

'' မောင် သိသားပဲ ''





'' သူ . . . . . သူဒီမှာ လာနေချင်တယ်တဲ့ ''

'' ဟင် . . . . . ဘာ. . . . .''

ရန်ကာကွယ် မျက်နှာ ချက်ချင်းတင်းသွား၏။

'' သမီးကိုမောင်က မထားချင်လို့လားဟင် ''

'' မထားချင်လို့ဆိုတာက အထင်ဆိုးတာပေါ့လွမ်း . . . . . [ဒီ]ခု လွမ်းရဲ့သမီးက အရွယ်ရောက်နေပြီ။ပြီးတော့. . . . ပြီးတော့ကွာ''

ရန်ကာကွယ် ဆံပင်တစ်ချက်ဖွပစ်ကာ ဆိုဖာကို အိခနဲ [မှီ]ချလိုက်သည်။

'' မောင့်ကို လွမ်းစိတ်မဆိုးနဲ့နော် လွမ်းရဲ့သမီး စိတ်ဓါတ်ကို [မ]ောင်သဘောမကျဘူး။ သူ့စိတ်ထဲမှာ အဆိပ်အတောက်တွေ ရှိနေတယ်လို့ [မ]ောင်ထင်တယ်၊ ပြီးတော့. . . . .''

'' တော်ပါတော့မောင်. . . . မောင်မကြည်ဖြူနိုင်ဘူးလို့ပဲ [တ]စ်ခွန်းတည်းပြောလိုက်စမ်းပါ၊ ဒါမောင့်အိမ် မောင်ရှာဖွေနေတာပဲ၊ [မ]ောင်ကသဘောမတူဘူးဆိုရင် လွမ်း ဖွတ်ခေါ်လို့မရပါဘူး . . . . .၊ [ဒါ]ပေမဲ့ လွမ်းရဲ့သမီးကို လွမ်း ပစ်မထားနိုင်ဘူး . . . . .''

'' လွမ်းကိုလည်းမောင်က ပစ်မထားနိုင်ဘူးလွမ်း . . . . . [သူ့]ကိုခေါ်ခွင့်မရရင် မင်းသွားမှာပဲမဟုတ်လား . . . . . ခေါ်လိုက်ပါ၊ [တ]စ်ခုတော့ မောင်ပြောထားချင်တယ်၊ မောင်က လွမ်းဆိုတဲ့ [မိန်း]မတစ်ယောက်အတွက်ကလွဲရင်း သိပ်ဆိုးတယ်လို့ ရာဇဝင်တွင်ခဲ့တဲ့ [ကောင်]ပဲ သူ့အပေါ်မင်းသည်းခံသလောက် မောင်ကခံမှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါသေချာတယ် ''

'' ဖြစ်လာမှပြောတာ ကောင်းပါတယ် ''

လွှမ်းခပ်မာမာပြော၍ ထရပ်လိုက်တော့ ရန်ကာကွယ်
ဆောင့်ဆွဲလိုက်သဖြင့် သူ့ရင်ခွင့်ထဲကို လွှမ်းပုံကျသွား၏။

'' လွှမ်း သူ့ဟာသူ ဟိုမှာပဲနေပါစေလားကွာ၊ သူ့အတွ
အခြေအရံ စည်းစိမ်ဥစ္စာ ဘာမှလိုလေသေးမရှိအောင် မောင်စီစဉ်ပေး
ရတယ် . . . . .''

'' အပျိုအရွယ်လေးတစ်ယောက်တည်း တင့်တယ်သလားမော
လွှမ်း''

ကလေးတစ်ယောက်လုံးရှိလျက်နဲ့ သမီးကိုပစ်ထား
နောက်အိမ်ထောင်နဲ့ ပျော်နေတယ်ဆိုတဲ့နာမည်ဆိုး လွှမ်းမလိုချင်ဘူး

'' အဲဒီလိုဖြစ်အောင် ဘယ်သူတွေ တွန်းပို့လိုက်တာလဲ၊ မိ
တစ်ယောက်ကို လက်ညှိုးထိုးရှုံ့ချပြီး ပြောဆိုပစ်ရဲတဲ့သတ္တိ
ဘယ်ရောက်ကုန်ပြီလဲ အဲဒီအမှုအကျင့် စိတ်ဓာတ်တွေက သိပ်
ကြောက်စရာကောင်းတယ်လွှမ်း . . . . . လွှမ်းသမီး သိပ်ရိုင်းတာ

'' မောင်ဘာဖြစ်လို့ ပြီးခဲ့တာတွေကို ပြန်တူးဖော်နေတာ
သမီးနဲ့ လွှမ်းရဲ့အနေအထား ဘယ်လိုစိမ်းသက်ခဲ့သလဲ ဒီလို
ဘာကြောင့်ဖြစ်လာခဲ့သလဲ မောင်ဘာမှ မသိဘဲနဲ့ ဘာဖြစ်
ဝေဖန်နေတာလဲ၊ မောင်ပြောရမယ့် အပိုင်းကိုပဲပြောပါ . . . . . လွှ
ဘာလုပ်ရမှာလဲ ''





ရန်ကာကွယ် နေရာမှ ထရပ်ကာ တွေတွေကြီးရပ်နေမိသည်။
မ်းသူ့ရှေ့မှာ ရပ်လိုက်ပြီး မျက်နှာကို သေချာကြည့်ပြီးမှ ခေါင်းညိတ်၏။

'' လွှမ်း သဘောပေါက်ပြီ ''

ဟုဆိုကာ လှည့်ထွက်လိုက်သည်တွင်

'' လွှမ်း ''

လွှမ်းပခုံးလေးကို သူလှမ်းဆွဲထားပြီး

'' မောင်ပြောခဲ့တာတွေကို မေ့ပစ်လိုက်ပါ၊ မင်းစိတ်ချမ်းသာ
လို လုပ်ဖို့ မောင်ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုတယ် ''

သူ ချာခနဲလှည့်ထွက်သွားလေသည်။

လွှမ်းနှုတ်ခမ်းလေးကိုက်လျက် တောင့်တောင့်လေးရပ်နေမိဆဲ
သမီးရောက်လာလျှင် ဘာတွေဖြစ်လာနိုင်သေးလဲဆိုတာ
းကြည့်ဖို့ မလိုဘဲ လွှမ်းသိသည်။

သမီးရဲ့ စိတ်ဓာတ် မှန်သားပြင်လို မာကြည်နေတာကို
သိဘဲနေပါ့မလား . . . . .

ဒါပေမဲ့ လွှမ်းက ဝမ်းနဲ့လွယ်မွေးထားခဲ့ရသည့်မိခင် . . . . .

သမီးလေးကို နုငယ်စဉ် အရွယ်ကတည်းက အမုန်းတရားတွေနဲ့
ျက်လမ်းကြောင်းပေါ် တွန်းတင်ပေးခဲ့ကြတဲ့သူတွေမှာသာ
ဖြစ်ရှိတာ။

သမီးဘာပြောပြော လွှမ်းခွင့်လွှတ်ခဲ့မိသည်။ အဇာတသတ်
သားလေးကို ဒေဝဒတ် အသိမှောင်ချသလို ထပ်တူဆိုးဝါးခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအဖြစ်ကို သူမ အသိဆုံး . . . . .

ဒါတွေနောက်တော့မှ မောင့်ကို လွမ်းရှင်းပြရဦးမည်။

ထိုညကတော့ ဘယ်တုန်းကမှ ငြိမ်ငြိမ်ကလေး မနေတတ်သည့် မောင်သည် လွမ်းအိပ်ရာဝင်တာကိုပင် မျက်လုံးဖွင့်မကြည့်တော့ ပက်လက်ဆန့်ဆန့်ကြီး လက်ပိုက်လျှက် တညလုံးမလှုပ်၊

မိုးလင်းပိုင်းရောက်တော့မှ လွမ်းကို ပွေ့ဖက်ထားလျက်

" မောင့်ကို စိတ်ဆိုးနေလား " ဟု တိုးတိုးလေးကပ်မေးသည်

စားပွဲပေါ်မှ နာရီလေးကိုမော့ကြည့်ရင်း သူ့ရင်ခွင်ထဲ ငြိမ်သက်နေခဲ့သောလွမ်းမှာ မိုးထိန်ထိန်လင်းသွားသည့်အ မထဖြစ်ပဲ. . . . .

" မိုးလင်းနေပြီ အခုမှ ငါးနာရီပဲရှိသေးတာ နာရီ ဘယ်လို တာလဲ မောင် "

ရန်ကာကွယ်က ဟားဟားရယ်ကာ နာရီကို လှမ်းယူပြီး

" မင်းထသွားမှာစိုးလို့ မောင်နောက်ပြန်လှည့်ထားတာ

" ကြည့်စမ်း . . . . . မောင်"

" ဟား. . . . ဟား. . . . ဟား "

လွမ်းဒေါသလည်းဖြစ် ရယ်လည်းရယ်မိကာ သူ့ကို ခေါင်း တအားလွှဲရိုက်တော့ လက်တကာနှင့် ရယ်နေသည့် သူမျက်နှာ နှပျိုချော့မွေ့လျှက် . . . . .။

✿ ✿ ✿ ✿ ✿



## အခန်း (၁၅)

ဒီကောင်ဖလေး ရောက်လာခြင်းအတွက် ရန်ကာကွယ် ထထမဆုံး စိတ်ညစ်ရခြင်းက မလွတ်လပ်ခြင်းကြောင့်ဖြစ်၏။

အိမ်က အပေါ်ထပ် ဆောက်ထပ်မရှိ။

အစတုန်းက သူတစ်ကိုယ်ရေတစ်ကာယမို့ တစ်ထပ်တိုက် ခြံကျယ်လေးပဲလိုတာဟု တွက်ကာ ပုံစံလှလှ သန့်သန့်ခန့်ခန့်လေးပဲ ဆောက်ထားခဲ့တာပါ။

ခုလည်း လူသုံးယောက် တိုက်တစ်လုံးမှာ ချောင်ချောင်ချိချိ နေလို့ရသည်။

ခက်နေသူက ရဲရင့်ထန်

ဘယ်နေရာပဲ ရှောင်သွားသွား သူမနဲ့ လွတ်တယ်လို့မရှိ။

အိပ်ခန်းထဲက ထွက်သည်နှင့် ဘယ်နေရာမှာမဆို သူမရှိနေသည်။ ထမင်းစားခန်းထဲမှာဆိုလည်း အစကမရှိခဲ့တာတောင် သူတို့လင်မယား ထမင်းစားပြီဆို ဝင်လာတာပဲဖြစ်၏။

" ဟော သမီးလေး ထမင်းမစားရသေးဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



မအေဖြစ်သူက ပျာပျာသလဲ ခွဲ့ကျွေးတော့ မတက်ဖြစ်သွားရ

သမီးကကျတော့ ချစ်လို့ဆိုးနွဲ့တာမျိုးမဟုတ်ဘဲ တမင်အနိုင်ယူ

ဗိုလ်ကျနေသည့် မျက်နှာနှင့်

ဧည့်ခန်းထဲမှာ ထိုင်နေလျှက် သူထထွက်လာသည်။

ခြံထဲ ဆင်းနေပြန်တော့ တစ်နေရာကနေ မြင်သာထင်သာ ရပ်နေပြန်သည်။

" ဟိုမှာ သမီးမြင်နေရတယ် မောင် . . . . . "

လွှမ်းက ဘယ်လိုမှ ထိတာကိုင်တာမကြိုက်တော့

ကြာလာတော့ အဲဒီတစ်ယောက်ကို မျက်နှာချင်းဆိုင်လိုက်မိတာနှင့် ရန်ကာကွယ် မျက်နှာက အလိုလိုတင်းပြီးသားဖြစ်သွားရသည်။

ဒီနေ့လည်း လွှမ်းကိုရှာတာ ဘယ်မှရှာမတွေ့ . . . . .

" လွှမ်း "

" ဟင် ဘာလဲ "

လွှမ်းက ကုမ္ပဏီကအပြန် အင်္ကျီတွေပင် မလဲရသေးဘဲ ခြံထဲပြန်ဆင်းသွားတာဖြစ်၏။

ပြန်တက်လာတော့ လက်ထဲမှာ ဒေလီယာ ပန်းခရမ်းတွေ ပါလာသည်။

" လွှမ်းကကွာ အင်္ကျီတောင်မလဲနိုင်ဘူး ဘယ်လိုဖြစ်တာလဲ "

" ကားဝင်လာကတည်းက ပန်းတွေကို လှမ်းမြင်ပြီး ဘုရားပန်းလဲချစိတ်တွေ ဖြစ်လာတာနဲ့ ချက်ချင်းဆင်းလာတာ မောင်ရေချိုးမလို့လား . . . . . "

" ဘာလဲ "

" လာစမ်းပါ "

ဘုရားပန်းတွေမလဲရသေးတာ တက်ကြည့်ပြီး လွှမ်းပန်းသွားခူးတာပဲ ဖြစ်တယ်ဆိုတာ သူသိသည်။

အိမ်မှာ မိန်းကလေးတစ်ယောက်အပျိုရှိနေပြီး လွှမ်းဘယ်နေရာမှာမှ မသက်သာသည့်အပြင် သမီးတာဝန်ကတောင် ပိုလာနေခဲ့သေးသည်။

ဘာပဲဖြစ်ဖြစ် လွှမ်းစိတ်ညစ်မှာစိုး၍ သူမသိသလိုပဲ နေခဲ့ပါသည်။

" ဘာလဲမောင် ဘုရားပန်းလဲပြီးမှ ပေးလေ "

" မရဘူး . . . . . ဒီမှာ မိန်းမကို မျက်နှာရချင်လို့ ခက်ကယားနေပြီ "

လွှမ်းကို ဆိုဖာမှာထိုင်ခိုင်းကာ ပခုံးကိုဖက်၍ သူ့ဘောင်းဘီအိတ်ထဲက ကတ္တီပါဘူးလေး တစ်ဘူးကို ထုတ်ယူလိုက်၏။

" ဒါဘာလေးလဲ သိလားလွှမ်း "

" သိတော့မသိဘူး၊ ဒါပေမဲ့ ရတနာပစ္စည်းမှန်းသိတယ်၊ မောင်ဝယ်ပေးထားတာတွေ တစ်ပုံကြီးပဲ ရှိပြီးသားမောင်ရယ်၊ ဘာဖြစ်လို့ ထပ်ဝယ်လာတာလဲ "

" ဘာဖြစ်လဲ မောင့်မှာ ဆင်စရာ ဒီမိန်းမပဲရှိတာ နေ့လည်က



www.burmeseclassic.com

www.burmeseclassic.com



မောင်ပြန်ထွက်သွားတာ လွမ်းသိတယ်မို့လား ''

'' သိတယ်လေ ''

'' အဲဒါ ဒီပစ္စည်းသွားယူတာ . . . . . ဖွင့်ကြည့်ကွာ ''

ဖွင့်ကြည့်လို့ပြောပြီး လွမ်းကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပစ်ဒ
လွမ်းရဲ့ခါးကြားထဲကနေ လက်ပြန်ထုတ်၍ သူကိုယ်တိုင်ပဲဘူးကိုဖွင့်လိုက်

'' ဟယ် ရင်ထိုးလေး ''

လှလွန်းလို့ လွမ်းဟန်မဆောင်နိုင်

စိန်ရင်ထိုးလေးက စိန်ပွင့်သေးသေးလေးတွေ စုပုံချထားသ
စုစုခဲခဲလှုပ်လီလှုပ်လဲ့လေးတွေ တုန်ခါနေသည်။

ဘယ်လိုကြည့်ကြည့် ပြိုးပြက်လက်နေပုံလေးတွေက မျ
ကျိန်းလောက်ဖွယ်ဖြစ်ကာ ကြည့်လို့မဝနိုင်။

'' လှလိုက်တာ မောင်ရယ် . . . . .''

'' လွမ်းကြိုက်လား ''

'' ကြိုက်တယ် သိပ်ကိုလက်ရာကောင်းတာပဲ ဒီဗိုင်းမှိ
အရမ်းဆန်းနေတာ ဒါဘယ်လောက်ပေးရမလဲဟင် ''

'' နှစ်ရာ့ရှစ်ဆယ် ''

'' အို . . . အဲလောက်တောင် ''

'' ဘာဖြစ်သွားတာလဲ အဲဒါ ''

ရန်ကာကွယ်က လွမ်းနှာခေါင်းချွန်ချွန်လေးကို ဆွဲလိမ်၍ ကိ
ကို တင်းခနဲဖက်ပစ်လိုက်၏။





'' ဒီလိုနေရာမှာ မသုံးရင် မောင်က ဘယ်မှာသွားသုံးရမှာလဲ''

'' မောင်ရယ် ရှေ့ရေးနောင်ရေးဆိုတာ ရှိသေးတယ်''

'' ဒါလောက်လေးသုံးလို့ မွဲမသွားပါဘူး လွမ်းရယ်. . . မွဲမှာလည်း မောင်မကြောက်ဘူး. . . မင်း မငတ်အောင် လုပ်ကျွေးဖို့ မောင့်မှာ ပညာတွေ ရှိသေးတယ်၊ ပူမနေနဲ့ နောက်နေ့ကစပြီး လွမ်းရဲ့ ကုတ်အင်္ကျီရင်ဘတ်မှာ ကုမ္ပဏီတံဆိပ်နဲ့ ရာထူးအမှတ်ကြီး လုံးဝမတပ်နဲ့တော့ ရင်ထိုးတွေပဲတပ်၊ ကုတ်ကတော့ အနက်ရောင်ပဲ ဖြစ်မှာဆိုတော့ စိန်တွေပဲ မောင်ထပ် အပ်ခဲ့တယ်၊ ဒီဗိုင်းသုံးမျိုးနဲ့ သေသေချာချာလုပ်ခိုင်းထားတာ''

'' မောင်ရယ် ''

'' လွမ်း ''

'' ဟင် ''

'' မောင့်ကို ကျေးဇူးမတင်ဘူးလား ''

'' တင်တာပေါ့ ''

'' တင်ရင် မောင့်ကို နမ်း ''

'' မောင်ကလည်း ''

'' မောင်ကလည်း ဒါတွေ ဘာတွေလာမလုပ်နဲ့ ဒီမှာ မိန်းမကို စိတ်ကူးထဲမှာ နမ်းခိုင်းပြီး မီးပွိုင့်တွေကျော်တက်မိလို့ ဒဏ်ငွေ ဆောင်ခဲ့ရသေးတယ် ''

'' တကယ် ''

'' တကယ် ဒီမှာကြည့် ဒီကိုနမ်း ''



www.burmeseclassic.com

www.burmeseclassic.com



ရန်ကာကွယ်က သူ့နှုတ်ခမ်းကို လက်ညှိုးနဲ့ ထောက်ပြ၍ မျက်နှာရှေ့ထိုးပေးသည်။

" မောင်ကလည်း အိမ်ရှေ့ခန်းကြီးမှာကို "

" ဘာဖြစ်လဲ မောင်ဒီလောက်ရင်ခုန်ခဲ့တာကို အိပ်ယာဝင်တဲ့အထိ စောင့်ရဦးမှာလား ကြာနေပြီကွာ နမ်း. . . "

သည်းတယ် ကဲတယ် ပြောရလောက်အောင် ချစ်တတ်လွန်းသည့် မောင့်ကို လွမ်းဘယ်လိုမှ ဥပေက္ခာပြု၍ မရဘဲဖြစ်ခဲ့ရသည်။

မလွှဲသာတာတွေ ငြင်းလို့မရတာတွေ များလာခဲ့ရရင်း ကြာလာတော့ ရင်းနှီးမှုများမှ သံယောဇဉ်ဆိုတာ ဖြစ်ခဲ့ရသည်သာ။

" လွမ်း. . . မောင် စောင့်နေတယ်ကွာ "

လွမ်း မောင့်ကို ရွှန်းလက်သော မျက်ဝန်းလေးများနှင့် စူးစိုက်ကြည့်သည်။ မောင်ကလည်း ပြန်ကြည့်သည်။

လွမ်းရဲ့ ခါးကို ခပ်တင်းတင်းဆွဲဖက်လိုက်တော့ မျက်နှာ ချင်းက နီးကပ်သွားပြန်သည်။

လွမ်း မောင့်လည်တိုင်ကို လက်ဖဝါးနုနုလေးနဲ့ လှမ်းဖက်လိုက်တော့ မောင်က ပို၍ ငုံ့ကျလာကာ နှုတ်ခမ်းနှစ်စုံ၏ ထိစပ်ခြင်းက ထွက်သက်တို့၏ လေငွေ့နွေးနွေးကြောင့် ရင်ခုန်တိမ်းမူးဖွယ် ဖြစ်လာနေဆဲ

" မေလွမ်းဟာ ခက်တော့တာပဲ ဘာမှန်းလဲမသိဘူး"

" အသံက စူးခနဲ ထွက်လာသလို လူက အနားရောက်နေပြီ





လွမ်းကိုယ်လေးက ဓါတ်လိုက်သွားသလို ဆတ်ခနဲ တုန်သွားလျက် ရန်ကာကွယ် ကိုယ်ကိုပါ တွန်းပစ်လိုက်မိ၏။

" ကျွတ် "

ဒါ သက်သက်လုပ်တာ။

ရန်ကာကွယ် မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

အမြင်မတော်ဘူးဆိုရင်လည်း ပြန်ဝင်သွားပါလား။

ဒီနားထိရောက်မှ တမင်အသံပေးပြီး နှောက်ယှက်တာ ဘာလုပ်ဘာလဲ. . .

" ဘာတွေဝယ်လာတာလဲလို့ ထန်က လာကြည့်တာ မေလွမ်းတို့က ဧည့်ခန်းကြီးမှာ မဆင်မခြင်နဲ့ "

" အေး လင်မယားနှစ်ယောက်တည်း ရှိနေမှန်းသိရင် နေရာဒေသကာ လူလုံးထွက်မပြရဘူးဆိုတာလည်း မင်းသိဖို့လိုတယ် "

ရန်ကာကွယ်က ပြောပြီး နေရာမှ ထရပ်လိုက်၏။

" ငါ့အိမ်မှာပဲ ဆိုပြီး ဒါ ဦးရန်သက်သက်ကြီးကျယ်တာ အိမ်မှာအပျိုလေးရှိမှန်းသိရင် လူကြီးတွေက အနေအထိုင် ဆင်ခြင်ပါ "

" သမီး "

လွမ်းဝင်တားတော့ ထန်မျက်နှာက လွမ်းဆီဆတ်ခနဲ လှည့်လာ၏

" မေလွမ်းက ထန့်ကိုချည်းဆူမနေပါနဲ့ မေလွမ်း ယောကျ်ားကထန့်ကိုဆို အမြဲတမ်း ရန်လိုနေတာပဲ "



www.burmeseclassic.com

www.burmeseclassic.com



“ မင်း. . . ”

“ မောင်. . . မောင် နေဦး ”

လွှမ်းက ရန်ကာကွယ်ရှေ့က မတ်တပ်ရပ်လိုက်ပြီး. . .

“ သမီး လူကြီးတွေကို ပြောတာဆိုတာထင်သလို မပြော ရဘူးလေ. . . မိသားစုလိုနေရင် မိသားစု စိတ်ဓါတ်နဲ့ ကြည့်ရတယ် ”

ထန်က မျက်ခုံးလေးနှစ်ဘက်ပင့် ပခုံးတွန့်လျက် ဂျစ်ကန် ကန်လေး ပြုံးလိုက်သည်။

အရပ်ကရှည်၍ ခပ်ပိန်ပိန်ကိုယ်လေးမှာ ဂျင်းဘောင်းဘီ ကျပ်ကျပ်ကို ဝတ်ထားလျက် ဂျင်းအင်္ကျီလက်ပြတ် ခါးတိုပွပွကို ဝတ်ထား တော့ ခန္ဓာကိုယ်နဲ့လိုက်တိုင်း ခါးပေါ်သွားလိုက် ဗိုက်ပေါ်သွားလိုက်။

တစ်ချောင်းခြင်း ဆန့်ကျနေသည့် ဆံပင်က ဂုတ်မထောက် တထောက် ခပ်ပါးပါးမို့ ခပ်သွယ်သွယ်မျက်နှာလေး ဆိုတော့ ခေါင်းသေး သေးလေးလို ဖြစ်နေ၏။

ဒါပေမယ့် ထန်က မျက်ခုံး မျက်လုံးလှသည်။

ထို့ကြောင့် မလှဘူးလို့ ပြောရလောက်အောင်တော့ မဆိုးပေ

သူမက အံကြိတ်၍ စိုက်ကြည့်နေသည့် ရန်ကာကွယ်ကို ဝေ့ခနဲကြည့်၍

“ ထန်က မိသားစု စိတ်ဓါတ်နဲ့ နေမလို့ပါ ဒါပေမယ့် ကိုယ့်အပေါ် မကောင်းလို့ကတော့ ဆောရီးပဲ ”

ပြော၍ လွှမ်းကိုင်ထားသည့် ဘူးလေးကို လှမ်းယူလိုက်၏။

“ ဒါဘာလေးလဲ ”





လွှမ်းက ပြန်မဖြေနိုင်လောက်အောင် မျက်နှာလေး ပျက်သွားမိ သည်။

ဘာတွေဖြစ်လာတော့မည်ကို သိလိုက်ပြီ။

“ ဟယ်. . . . လှလိုက်တာ ရင်ထိုးလေး ကြည့်စမ်း မေလွှမ်း. . . . ဒါလေး ထန့်ကိုပေး ”

“ အဲ. . . အဲဒါလေး. . . ဟို ”

“ မေလွှမ်းကလည်း မေလွှမ်းက အပျိုမှမဟုတ်တာ သမီး အပျိုရှိနေတာကို မဆင်ဘဲ မေလွှမ်းက ဝတ်ဦးမှာလား ထန့်ကိုပေးပါ နော်. . . ”

လွှမ်း. . . မောင့်ကို လှမ်းကြည့်လိုက်မိ၏။

မောင်က လွှမ်းကို ရူးရူးရဲရဲကြည့်ကာ ချာခနဲလှည့်ထွက် သွား၏။

မောင်ဘယ်လို ခံစားသွားရမည်ကို လွှမ်းသိသည်။

ယောကျ်ားမို့ တိုတိုထွာထွာ မပြောတတ်၍သာနေမည်။

လွှမ်းအတွက် ဝတ်စေချင်လွန်း၍ တမင်ပုံပေးအပ်နှံယူလာခဲ့ သည့် ပစ္စည်း ပြီးတော့ ဆယ့်လေးငါးသိန်းလောက်ပေးခဲ့ရတာ မဟုတ်

“ မေလွှမ်းက ဘာငိုင်နေတာလဲ ဒါလေးတောင် မပေးချင် ဘူးလား ”

“ မပေးချင်လို့ မဟုတ်ဘူး သမီးရယ်. . . ဒီပစ္စည်းလေး က အခုပဲ သူဝယ်လာတာ ပြီးတော့ နည်းနည်းပါးပါး တန်ဖိုးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး. . . သမီး သွားစရာရှိတော့ ယူဝတ်နော် လောလောဆယ်ပြောတာ ပါ နောက်တော့ ''

'' ဟင့်အင်း. . . ဟင့်အင်း. . . ယူမှာပဲ သူ မေလွှမ်းကို ပေးပြီးသားပဲဟာ မေလွှမ်းသဘောကျ ဘာလုပ်လုပ်ပေါ့ မေလွှမ်းက ပေးချင်ရင် ပြီးတာပဲ ''

ထန်က ပြောပြောဆိုဆို စိန်ဘူးကိုယူပြီး လှည့်ထွက်သွား၏ လွှမ်းဘာမှ မပြောသာတော့ပါ။

မောင်ကျေနပ်အောင် လွှမ်းဘယ်လိုပြောရမလဲ။

✿ ✿ ✿ ✿ ✿



## အခန်း (၁၆)

ခေါင်းတွေ အုံနေသဖြင့် မောင်နဲ့အလုပ်တွေကို ထားခဲ့ပြီး လွှမ်းအိပ်ရာဝင်လာခဲ့သည်။

အိပ်ရာပေါ်မှာလှဲလိုက်ပြီးမှ မောင် ညဥ့်နက်မှာကိုသိ၍ စားစရာ တစ်ခုခု လုပ်ပေးထားချင်သည့်စိတ်နှင့် ပြန်ထလိုက်သည်။

သို့သော် လွှမ်းခြေလှမ်းတွေက တံခါးခန်းဆီးစလေးနားရောက် သည်နှင့် အပြင်က စကားသံတွေကို ကြားလိုက်ရကာ ရှေ့ဆက်မလှမ်း ဖြစ်တော့ပေ။

'' မင်း မုန်းဖို့လိုချင်တာ မင်းအမေဆီမှာ တောင်းပေါ့၊ သူ့ကိုရှိသမျှ အကုန်အပ်ထားတာပဲ ''

'' မေလွှမ်းဆီကလည်း တောင်းမယ် ဦးရန်ဆီကလည်း လိုချင်တယ် နှစ်ခါလိုချင်လို့. . . ''

ထန့်အသံချွဲချွဲနွဲ့နွဲ့ဖြစ်ကာ ရန်ကာကွယ်၏ တင်းမာမှုကို အာရုံမစိုက်စွာ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှဆို ရန်ကာကွယ်ကို တစ်ချက်မှအကောင်းမြ
ရန်ကာကွယ်ကလည်း မျက်နှာချင်းဆိုင်မိတာတောင် မျက်နှာ
အစွမ်းကုန်တင်း၍ လွှဲရှောင်ပစ်တတ်သူ။

ဒီလို အနေအထားမှာ ထန်ခုလို အရောတဝင်ပြောဆို
တော့ လွမ်းအံ့ဩမိကာ ခန်းဆီးစကို အသာလေး 'မ'ကြည့်လိုက်
၏။

" အို "

အလုပ်စားပွဲမှာ ထိုင်နေသည့် ရန်ကာကွယ်၏ နောက်ကျေ
မှာ လက်ထောက်၍ ခါးလေးကိုင်းပြောနေသော သမီး မျက်နှာက
မျက်နှာဘေးမှာ. . .

" ဦးရန်ကလေ ထန့်ကိုဆို ဘယ်တော့မှ အကောင်း မပြော
ဘယ်လိုမှကို တည့်အောင်နေလို့မရဘူး လက်လန်တယ် "

ရန်ကာကွယ်က စားပွဲမှ ထရပ်လိုက်ကာ တဘက်ကို တိမ်း

" မင်းဟာမင်း ဘာပဲလန်လန် တည့်အောင်လည်း မကြိုး
ကျေးဇူးတင်တယ် "

ရန်ကာကွယ် ချာခနဲ လှည့်ထွက်သွားတော့ ထန်အ
လိုက်သည်။

" ဦးရန်နေဦး "

ရှေ့ကနေ နီးနီးကပ်ကပ် ပိတ်ရပ်လိုက်ပြီး

" ဦးရန်က ထန်ကို ဘာဖြစ်လို့ ဒီလောက်ကြည့်မရ ဖြစ်နေ
တာလဲ "

" အခုလို မနေတတ် မထိုင်တတ်တာတွေပေါ့ ဒီမှာ ထန်. . .
မင်းထင်သလို ခပ်ပေါ့ပေါ့ကောင် မဟုတ်ဘူး. . . အဲဒါ နားလည်
ား. . . "

လွမ်း နံရံမှာ ကျောကပ်ထားရင်း ထန်မျက်နှာက မဲ့ပြုံးကို
ရေးရေးမြင်ယောင်နေမိသည်။

ခုကျတော့လည်း မောင် ဘာပြောပြော မဲ့ပြုံးလေးနှင့် မျက်နှာ
မော့လို့ပါလား. . .

သမီးလေး အနေအထိုင်မတတ်တာလား အပြောမတတ်တာ
း. . .

အပြင်ထွက်မည့် ခြေလှမ်းတွေက အိပ်ရာဆီကိုပဲ ရွေ့လျားလာ
ျက် လွမ်း ပက်လက်ကလေး လှဲနေလိုက်မိ၏။

တအောင့်ကြာတော့ ရန်ကာကွယ် အခန်းထဲဝင်လာပြီး တံခါး
ပိတ်လိုက်တာတွေ့၍

" မောင် အိပ်တော့မလို့လား "

" အင်း. . . "

" ဒါနဲ့ ညဥ့်နက်မှာဆို "

" မထိုင်ချင်တော့ဘူးကွာ "



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ပျက်ပျက်နှင့် အိပ်ရာထဲဝင်လှဲလိုက်တော့ ထထိုင်လိုက်ပြီး. . .

" စိတ်မကြည်လို့လား ရေချိုးလိုက်ပါလား မောင် "

" နေပါစေကွာ. . . မချိုးတော့ဘူး "

ရန်ကာကွယ်က လွှမ်းလက်ကလေးတစ်ဖက်ကို ရင်ဘတ်မှာ ကပ်ထားလိုက်ပြီး. . .

" လွှမ်း. . . မောင့်ရင်ထိုးတွေ သိမ်းထားပြီး အလု ရင်း ကားပေါ်ကျမှ ထိုးပေးတာကို စိတ်ဆိုးတာလားဟင် "

" မဆိုးပါဘူးမောင်. . . လွှမ်းနားလည်ပါတယ်၊ လေးကိုလည်း မောင်နားလည်ပေးပါ. . . သမီးက ခုမှ ဆယ် ဖြေထားတဲ့ ကလေးသာသာပါ "

" မောင်တို့နှစ်ယောက်တည်း ရှိတဲ့အချိန်မှာ အဲဒီ စကာ မပြောကြေးကွာ. . . ဒါတွေမောင် မဆွေးနွေးချင်ဘူး. . . "

" အားလုံး ပြေလည်သွားစေချင်တာ "

" မောင်ကတော့ မပြေလည်လေ ကောင်းလေလို့ ထ လွှမ်း စဉ်းစားကြည့် မောင်ကပထွေး အပြောအဆို အနေ ဘာပဲမှားမှား မောင်ပဲလွန်မှာ ပြီးတော့မောင် ပွင့်ပွင့်လင်းလင်း ထန့် မျက်လုံးတွေက မသန့်စင်ဘူး. . . လွှမ်းနဲ့ ဖြစ်ဖြစ် မောင်နဲ့ ရင်ဆိုင်မိရင် သူ့မျက်လုံးတွေက မသန့်စင်ဘူး. . . ဖြူစင်တာမရှိ





မောင့်အမြင်ပြောတာ. . . မောင့်ဆန္ဒကတော့ ကင်းကင်းနေချင် မောင့် စကားပြောမှားသွားရင် ဆောရီး. . . "

လွှမ်း ဘာပြောရမှာလဲ. . .

မောင့်ကိုပဲ အပြစ်တင် အမုန်းဖွဲ့လိုက်ရမလား။

သမီးက မှားတာပါလို့လည်း ကိုယ့်သမီးကို ယိုးမယ်မဖွဲ့ချင်၊ ဖြစ်ဖြစ် သမီးလေးဘက်မှ လွှမ်းရှိနေမှ ဖြစ်မည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟုတ်လို့လားအေ"

" ဟုတ်လို့ပြောတာပေ့ါ ကြီးမေရယ် ရင်ထိုးလေးတွေ
အများကြီးပဲ ငှက်ပုံလေးတွေ ပန်းပုံလေးတွေ အားလုံးစိန်တွေချည်း
ပဲ။ အဲဒါကို ကားပေါ်ရောက်မှ ထိုးတာဖြစ်မှာပေ့ါ ပြန်ဝင်လာလာ
ရှိသေးတယ် အဝတ်စားလဲပြီးရင် မရှိတော့ဘူး "

" ဪ. . . ဪ ဒါဆို ရှင်းနေတာပဲ ညည်းအ
ညည်းတောင်းမှာစိုးလို့ ဝှက်ဝှက်ထားတာနေမှာပေ့ါ၊ တော်တော်အ
ပီသတဲ့ အမေပဲ "

ဒေါ်စိုးစိုးက မီးလောင်ရာ လေပင့်လိုက်သည်။

ရည်ရွယ်ချက်က ထန့်တစ်ယောက် ကိုယ့်လက်ထဲရောက်
ဖြစ်သည်။

" ကိုယ့်အမေတစ်ယောက်လုံး သူဌေးကတော်ဖြစ် နေတာ
ကိုယ်ကဒီအတိုင်းနေစရာလား သမီးရယ် ညည်း အ လှချေလား





ားသမီးနဲ့ မိဘ သူ့အပြစ်ယူတယ်ဆိုရင် ပတ်ဝန်းကျင်က ပြောကြမှာ
ပို့ ခုနေ ညည်းပြောကြည့် သူ့ပတ်ဝန်းကျင်ကို ကြောက်လို့ကိုပဲ
ည်းကိုလက်မခံဘဲ မနေရဲဘူး. . . ဟိုရောက်ရင် သူတစ်ခုရရင်
ယ်တစ်ခုရအောင်လုပ်၊ ကိုယ်က အပျို ငယ်တဲ့သူ သူ့ထက် ပိုအရေး
တယ်။ ညည်းဘယ်လောက်ဆိုးဆိုး သူက နောက်လင်ယူထားတာ
ည်းကို သူက ဘာမှပြောရဲမှာမဟုတ်ဘူး ရသမျှ အခွင့်အရေးအကုန်
"

" ဟုတ်တယ်ကြီးမေ ထန့် ဟိုမှာသွားနေမယ် "

" သွားနေရမှာပေ့ါ အခု ညည်းအမေကိုယ်မှာ စိန်တွေ၊ ရွှေတွေ
တ်နေတာပဲတဲ့ အဲဒါတွေ ကိုယ့်ကိုယ်ပေါ်ရောက်အောင် လုပ်၊
ွားဆိုတာ မယားပါသမီးကို အလိုမလိုက်တဲ့ ပထွေးမရှိဘူး. .
ည်သလိုနေ၊ ရသမျှကိုလည်း ယူ၊ ကြီးမေကိုလည်း မမေ့နဲ့ "

သူ့မှာ သင်လည်းသင်ပေးရ မှာလည်းမှာရနှင့် ထန်ကို
ဆိရောက်အောင် ပို့ပေးလိုက်တာ ခုဆို အဆင်ပြေလိုက်တာမှ
ာ အိမ်ကိုမကြာမကြာရောက်လာကာ ငွေပါလျှင်လည်း ငွေ၊
လျှင်လည်း ရွှေ ဒေါ်စိုးစိုး ညည်းလိုက်တာနှင့် အားလုံးချပေးပြီး
ဖြစ်၏။

" ယူပါ ကြီးမေရယ်. . . လက်ကောက်ဖြစ်ဖြစ်၊ လက်စွပ်
ဖြစ်၊ ဘယ်ကျပျောက်သွားမှန်း မသိဘူးပြောလိုက်ရင် ပြီးရော "

မေလွမ်းက ဘာမှမဆုဘူးဆိုတာတောင်မှ သားသမီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိဘကြားမှာ အကောင်းမြင်ဝါဒတွေ ဖြစ်သွားမှာ စိုး၍

" အဲဒါ အလိုလိုက်တယ် မထင်နဲ့ မရွှေချောရေ. . . တစ်ဘက်က ညည်းဖြုန်းနေတာကို ကြည့်နေပြီး လင်ကို တစ်ဘက်က လှည့်တိုက်နေတာ အဲဒါကြောင့် ရန်ကာကွယ် ဆိုတဲ့ကောင်က ညည်းကို မကြည်ဖြူတာပေါ့. . . တော်တော်လည်း အံ့ဩဖို့ကောင်းတဲ့ အမေပါတော့. . . သူ့လင်က ချောချောမောမော ဆိုတော့ သမီးနဲ့ ပြေပြေလည်လည် သင့်မြတ်သွားမှာစိုးလို့ ပညာရှိ နည်းနဲ့ တို့ထောင်ပေးနေတာ. . . ကြီးမားလိုက်တဲ့ ဥာဏ်ပညာပါပဲ "

ထန် ဘယ်လိုမှကို အကောင်းမြင်ပေးချိန်မရအောင် ဒေါ်စိုးစိုး ရင်ဘတ်ထု၍ တအံ့တဩ အော်လိုက်သေးသည်။

ထို့ကြောင့် ထန်နှုတ်ဖျားမှာ လွှမ်းနဲ့ ပတ်သက်သမျှ ဘာမဆို မဲ့ပြုံးတို့သာ စွန်းထင်နေခဲ့တာဖြစ်၏။

မတတ်နိုင်ဘူးလေ. . . ထန်မှာရှိနေမှ ကိုယ်စားရမှာ

ဒါကြောင့် ထန်ရဖို့ကိုပဲ များများသင်ပြပို့ချနေရသည်။

ဒေါ်စိုးစိုးက သူသုပ်ပေးသည့် ရှောက်သီးသုပ်ကို အားရပါးရ စားနေသည့် ထန့်မျက်နှာကို စိုက်ကြည့်၍ ကျေနပ်စွာ ပြုံးလိုက်၏။

" ရန်ကာကွယ်ဆိုတဲ့ကောင်က နည်းနည်းနောနော ချမ်းသာ တဲ့ကောင် မဟုတ်ဘူးတဲ့. . . ကြီးမေကြားတယ် သူ့မိဘနှစ်ပါးဘက်က အမွေဆက်ခံမယ့်သူ သူတဲ့ရှိတာဆိုတော့ နိုင်ငံခြားမှာရှိတဲ့ သူ့ဆွေမျိုးတွေ ထူထောင်ထားတဲ့ လုပ်ငန်းတွေဆိုတာလည်း သူကိုပဲ ပေးရမှာတဲ့ ပြီးတော့





ထ်မှာ သူ့အတွက် အသုံးစရိတ်ပိုင်းထည့် ပေးထားကြတာတင် တစ်လ ်လကို ဒေါ်လာသောင်းနဲ့ချီတယ်ဆိုပဲ"

" ဟုတ်လို့လား ကြီးမေကလည်း "

" ဩော်. . . အတိအကျကိုကြားတာ အဲဒီလောက် ချမ်းသာ ့လည်း ညည်းအမေကို ရင်ထိုးတစ်ခုတည်း သိန်းသုံး လေးရာဖိုး က်ခံပြီး ဆင်နေတာပေါ့ ညည်းရတာလေးလောက်ကို ဟုတ်လောက်ပြီ ည်ပြီး ကျေနပ်မနေနဲ့ ရသမျှရအောင်ယူထား ကိုယ့်လက်ထဲရောက်လာ ာမှ ကိုယ်ပိုင်တာ "

" ထန်လည်းတောင်းတာပဲ "

" မြင်လိုက်မှ တောင်းယူရအောင် သူတောင်းစားမှ မဟုတ် ာအေ့. . . ငါပြောပြီးသား သူတစ်ခုရရင် ကိုယ်တစ်ခုရအောင် ်ပါဆိုမှ ညည်းအမေက သူ့လင်ကိုပဲ တုန်နေတာ ကျန်တာ ာဖြစ်ဖြစ် ညည်းတောင်းရင်ပေးမှာပဲ "

" အဲဒါ ဟုတ်တယ် "

ထန်က ခေါင်းညိတ်သည်။

သူ့ဘာတောင်းတောင်း မေလွှမ်း ဘာငြင်းရဲခဲ့လို့လဲ. . .

ပေးခဲ့ရတာချည်းပဲ. . . ဒါပေမယ့် ဦးရန်မျက်နှာက ပုတ်သိုး ာနေတာ မေလွှမ်း တို့ထောင်ပေးနေလို့ပဲဖြစ်မှာ

" ငါ့မြေးတောင်မှ တိုက်ကြီးပေါ်ရောက်သွားမှ လှလာလိုက် ာ ဖြူဖြူဝင်းဝင်းကြီးကို ဖြစ်လို့ "



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူချင်လွန်းသူမို့ ဖြူတယ်၊ ဝင်းတယ်၊ ပြောလျှင် ထန်ကျေနပ်လို့မဆုံး။

" ကြီးမေတောင်မှ သမီးတို့ရဲ့ အိမ်ကို အငယ်မ လက်ထပ်ပြီးရင် ခဏာပေးထားဖို့ စိတ်ကူးနေတာ သမီးတို့က "သူဌေး မိသားစုဖြစ်သွားပြီဆိုတော့ ဒီအိမ်နဲ့ ခြံလောက်ကို မက်မောမှာ မဟုတ်တော့ပါဘူး"

ဒေါ်စိုးစိုးက သွေးတိုးစမ်းလာသည်။

ထန်က ဘာမှ မရိပ်မိ။

" သူဌေးကတော်ပေမယ့် ဒီအိမ်ကို ဒက်ဒီခေါင်းချသွားတဲ့ အိမ်ဆိုပြီး မေလွှမ်းက သံယောဇဉ်ကြီးတယ် ဟိုတလောကပဲ အိမ်ကို သန့်ရှင်းပြီး သေချာသော့ခတ်ဖို့ ပြီးတော့ ခြံစောင့်နဲ့ အမြဲသန့်ရှင်းထားဖို့ ပြောနေသေးတယ် "

" သူ့လင်ကွယ်ရာမှာ ပြောတာမဟုတ်လား လင်ကြီးအကြောင်းကို လင်ငယ်ရှေ့မှာ မပြောရဲပါဘူး "

" ဦးရန်ကို ပြောပြနေတာပဲ ကြီးမေရဲ့ "

ဒေါ်စိုးစိုးမျက်နှာပျက်သွား၏။ ခုဆို လောလောဆယ် အိမ်ဂရံ့က သူ့လက်ထဲမှာ

– လွှမ်း ညဘက်ကြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားကတည်းက

သူရှာယူထားတာဖြစ်သည်။

ဒီအိမ်ကြီးနဲ့ခြံကို ပေါင်ပေါင်ရောင်းရောင်း လုပ်ချင်တာ လုပ်လို့





ပြီ။

" မေလွှမ်းက သမီးရဲ့အဖေ ခေါင်းချသွားတဲ့ အိမ်မို့လို့ သေချာဂရုစိုက်ထားချင်တာတဲ့ ဒါကိုတော့ နားလည်ပေးပါတဲ့ ဦးရန်ကလည်း မေလွှမ်းကိုဆို ခေါင်းခါတာ ဘာမှမရှိဘူး. . . အရမ်းအလိုလိုက်တာပဲ၊ မေလွှမ်းက အရမ်းကံကောင်းတာပဲ သိလား "

" ဒါပေါ့အေ ဟိုကောင်က လူပျို သူက ကလေးအမေကြီးပြီးတော့ ရုပ်ကလေးကလည်း လှလှပပဆိုတော့ လူပျိုက အရူးအမူးဖြစ်နေတာပေါ့၊ ဒီကောင်မျိုးနောက်ထပ် အပျိုစင်လှလှလေး တစ်ယောက်နဲ့ ငြိကြည့်ပါလား. . . ညည်းအမေ ကံဆိုးပြီ "

ဒေါ်စိုးစိုး မဲ့မဲ့ရွဲ့ရွဲ့ပြောနေသည်။

ထန်က ဒေါ်စိုးစိုးကို ရေခွေးပူပူ မှုတ်သောက်ရင်း ကြည့်နေမိ၏။ ကြီးမေနဲ့ မေလွှမ်း ရန်ဖြစ်တာကို မမြင်ဘူးပေမယ့် သင့်မြတ်ကြတာလည်း တစ်ခါမှ မမြင်ဘူးပါ။

ထန့်ကိုခေါ်ခေါ်ထားသည့် ကိစ္စနှင့်ပတ်သက်၍ ဒယ်ဒီရှိတုန်းက မေလွှမ်းဒေါသဖြစ်နေတတ်တာ မြင်ဖူးပေမယ့် ကြီးမေအကြောင်းကို သက်သက်ကြီး ချပြော၍ ကဲ့ရဲ့အပြစ်တင်တာမျိုးတော့ မရှိခဲ့ဖူးပေ။

ကြီးမေကျတော့ မေလွှမ်းအကြောင်း အဆိုးအကောင်းသိပ်မပါသလောက် ဘယ်အချိန်ထမေးမေး ပြောဖို့ရာ ပါးစပ်ထဲမှာ အမြဲတမ်း တစ်လုံးကြီး ရှိနေတတ်သည်။

" ညည်းအမေက ကျုပ်အကြောင်း ဘယ်ပြောမလဲ. . "



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာမှ မရှိတာ သူကသာ အလကားမိန်းမ ယောကျ်ားတစ်ယောက်ကို ခုမြင်၊ခုချစ်၊ခုလိုက်ပြီး တစ်သက်လုံး နွားဖြစ်အောင် ပြုစားနိုင်တဲ့ကဝေမ ''

ငယ်ငယ်ကတည်းက ခုချိန်ထိ ကြီးမေပြောတာ လွှန်လွှန်ကျူးကျူး စကားတွေ ပါနေပါစေ၊ ထန်က လွှမ်းဘက်က နာရကောင်းမှန်းမသိခဲ့။ ထိုဟာသည် ကြီးမေအပေါ်ခင်တွယ်မှုပိုခဲ့၍လား

ဒါမှမဟုတ် တလွဲမွေးဖွားခဲ့သော ရှေးရှေးအတိတ်ကံက ဆိုးဝါးမှုပါလာခဲ့သည့် အငြိုးအတေးတွေကြောင့်လား။

မေလွှမ်း နည်းနည်းလေးဆူလျှင် ထန်သည်းမခံချင်။

ကြီးမေကိုလည်း မကောင်းပြောတာ မကြိုက်။

ကြီးမေကမှ ကြင်နာတာဆိုသော အမြင်သာ စိုးမိုးခဲ့တာ ခုချိန်ထိ။ မေလွှမ်းလုနေတာကို ကြာကြာမြင်လာရလေ ထန်နှဲ့ ဝေးကွာသွားသလို ဖြစ်ရလေ. . .

မေလွှမ်းနဲ့ ထန်ကြားမှာ စတင်စည်းခြားခဲ့တာလည်း ထိုအလုကြောင့်ပဲဖြစ်၏။

'' သမီးလေးရယ် ညည်းလေးက အိမ်ကိုပဲ ပြန်ချင်နေတယ် သနားစရာကောင်းလိုက်တာ အမေလုပ်သူကတော့ သူ့ကိုယ်သူ အလုတွေပြင် အလုပျက်မှာ စိုးလို့ ကလေးကို နို့တောင်သိပ်မတိုက်ချင်ဘူး. . . ရဲမြင့်က တောင်းပန်လွှန်းလို့ရယ် ''

ထိုစကားတွေကို နှလုံးသားနုနုလေးမှာ စတင်စွဲမြဲလာခဲ့သည်။





'' လွှမ်းက တော်တော်ကို လှတာနော်. . . သူ့သမီးက သူ့တစ်ဝက်လောက် လှရင်ပဲ မိန်းမလှလေးဖြစ်ပြီ ''

အသိမိတ်ဆွေတွေက ပြောကြလည်း ကြီးမေက ထန်ကို တယုတယမွေ့ဖက်၍ -

'' ငါ့မြေး အကျည်းတန်လေးကို အားငယ်အောင် မပြောကြပါနဲ့ကွယ်. . . သူ့ခမျာ အမေက မကြင်နာရတဲ့အထဲ အဖေလုပ်သူကလည်း မယားမှ မယား. . . ကလေးမှာ ကြင်နာမယ့်သူမရှိတဲ့ဘဝ ''

ကြီးမေအဲဒီလို ပြောပြီဆို ထန် ကြိတ်ငိုခဲ့ရ၏။ထိုအခါ ထန်အတွက် နွေးထွေးသည့် ရင်ခွင်မှာ ကြီးမေ ရင်ခွင်မှတစ်ပါး တစ်ခြားမရှိဖြစ်လာခဲ့၏။ အရွယ်လေးရောက်လာတော့ အလှပ မက်လာလေ။

မေလွှမ်းလောက်မလှဘူးဆိုသော အပြောအဆိုဝေဖန်မှုတွေကို နာကျင်လာခဲ့လေ မေလွှမ်းလှနေတာကိုပဲ ဒေါသဖြစ်မိသည့်စိတ်က မေလွှမ်းနဲ့ ထန်ကြားမှာ ဝေးကွာသွားခဲ့မှုဆိုတာ ကြာလာလေ ခိုင်မြဲလေ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

မနက်စောစော ခြံထဲမှာ လမ်းဆင်းလျှောက်ပြီး မေလွှမ်းပြင် ထားသည့် မနက်စာ စားပွဲကို စိတ်က ရောက်လျက် အိမ်ပေါ်ပြန် တက်လာခဲ့သည်။

မနက်တိုင်း ထန် အိပ်ရာထနောက်ကျသည်။

အစက မေလွှမ်း စောစောလာနှိုးတက်ပေမယ့် နောက်ပိုင်း တော့ မနှိုးတော့ပဲ ထန်အတွက် မနက်စာ စားပွဲပေါ်မှာ ပြင်ဆင်ပေးထား ပြီး မေလွှမ်းတို့ ထွက်သွားမှ ထန်အိပ်ရာထသည်။

အများအားဖြင့်တော့ မနက်စာအချိန်ဆို မဆုံဖြစ်ကြတာ များ သည်။

ထန်ရူးလာသည့် သစ်ခွနိုင်လေးကို ငွေ့ယမ်းဆော့ရင်း နောက်ဖေးဘက်က တက်လာတော့ မေလွှမ်းအခန်းရှေ့သို့ရောက်လျှ

“ မောင်ဘယ်လိုဖြစ်နေလဲ လွှတ်ကွာ ”

“ မောင်ခေါ်နေတာ ဘာလို့လှည့်မကြည့်သလဲ ”

“ ဒီမှာ ခေါင်းလိမ်းဆီတွေ မှောက်ကုန်လို့ပါဆို ”





“ ခေါင်းလိမ်းဆီမှောက်ကုန်တာ ဘာဖြစ်သွားနိုင်လဲ ”

“ မောင်ကကော ဘယ်လောက်အရေးကြီးနေလို့လဲ ”

“ ကြီးတာပေါ့ လွှမ်းဆိုတဲ့ မိန်းမလောက် မောင့်အတွက် ဘာမှအရေးမကြီးဘူး ”

“ ဟာကွာ. . . မောင်နော်. . . ဒီမှာ ပြင်ဆင်ထားပြီးသားတွေ”

“ မောင်ပြန်လိမ်းပေးမယ် ”

“ မသိဘူးသွား. . . ဖယ် ”

“ မဖယ်နိုင်ဘူး ”

“ ကြည့်ပါလား အား. . . ”

တစ်စုံတစ်ခုပေါ် ပစ်လဲကျသွားသလို လုံးထွေးနေကြသည့် အသံတွေကြောင့် ထန် ရင်တွေခုန်ကာ နေရာမှာ ရပ်နေမိဆဲနှင့် ထွက်သွားဖို့ကို သတိမရ။

ရန်ကာကွယ်ဆိုသော ယောက်ျားကို မြင်ကတည်းက ထန် စိတ်ဝင်စားခဲ့မိတာ။ မေလွှမ်းသည် ဆယ်ကျော်သက် မိန်းကလေးတစ် ယောက်လိုလှသလောက် ရန်ကာကွယ်က ချောသည်။

ထန်မြင်ဖူးခဲ့သလောက် ယောက်ျားတွေထဲမှာ အချောဆုံးပါဘဲ ဆိုရင် လွန်သွားမလား. . .

ရန်ကာကွယ်မှာ ပညာဂုဏ် စည်းစိမ်ဥစ္စာ၊ ဂုဏ်နှင့်ပို၍ တင့်တယ်နေသည်။

ဒီယောက်ျားမျိုးကိုမှ မေလွှမ်းက အတင်းကျုံးသွင်းစည်းရုံးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်မှာ ထန်ရင်ထဲကို ဒေါသစိတ်ကလေးတွေနှင့် တန်နှုံဖြစ်စေခဲ့သ

ပြီးတော့ ထန်က အပျို၊ ထန်ကိုကျတော့ ရန်ကာကွယ်

မတူသလို မတန်သလိုဆက်ဆံသည်။

မေလွမ်းက စည်းစိမ်ဥစ္စာကို ကွယ်ကွယ်ဝှက်ဝှက်လုပ်

တွေးမိလေ မခံချင်လေ. . .

ထိုဒေါသ မာနများကို ထွက်ပေါက်ပေးဖို့ ထန်အမြဲကြိ

နေမိသည်။ ထန်ရင်ထဲမှာ ပညာသင်ရမည့် အရွယ်ဆိုတာကို ကိုယ့်ကိုယ်

သတိမရဘဲ မေလွမ်းလို ပြည့်စုံမှုမျိုးကိုသာ စိတ်ကူးယ

မက်မောနေမိသည်။

အခန်းရှေ့မှ လေးပင့်စွာ ထွက်ခွာလာခဲ့ရင်း အခန်

ပြန်ရောက်တော့ မှန်ရှေ့မှာ ရပ်မိသည်။

ရှော့ပင်နိအဖြူရောင် ဆွယ်တာလက်ရှည်အပြာလေး

ညိုသောမျက်နှာသွယ်သွယ်က အရောင်တွေနဲ့ ရောသမမွှေလို့မ

အထီးကျန်ခြင်းက မှန်ကြည့်မိတိုင်း စိတ်ဆင်းရဲ ဒေါသဖြစ်ရ

အချက်ဖြစ်သည်။

မေလွမ်း ဘာဖြစ်လို့ လှနေတာလဲ

ငါဘာဖြစ်လို့ မေလွမ်းလောက်မလှတာလဲ

ငါမေလွမ်းလိုကံကောင်းပါ့မလား

မှန်ကြည့်ရင်း မပြည့်ဝသော ဆန္ဒများကို ဖိစီးချိုးနှိမ်လို့မ

✿ ✿ ✿ ✿ ✿



## အခန်း (၁၉)

အခန်းထဲကို အတူဝင်လာခဲ့ကြရင်း လွမ်းက လက်ကိုင်

အိတ်လေးကို ဖွင့်လိုက်သည်။

'' ဒါဆို ဒင်နာကို မောင်တစ်ယောက်တည်းသွားရမှာပေါ့''

'' သွားလိုက်တော့မောင်. . . လွမ်း တကယ် မူးနောက်နေ

တာ ''

'' အင်းပါ မူးနောက်နေရင်လည်း နားလေ ဘာတွေ ငုံ့ရှာနေ

တာလဲ ''

'' ဗီရိုသော့ ထုတ်မလို့မောင် ဒီမှာ အထဲက ဖဲကို ဆွဲလို့

ရလို့ ''

'' မောင့်ကိုပေး ''

ရန်ကာကွယ်က လွမ်းလက်ထဲက အိတ်ကို လှမ်းယူကာ

နံတင်ခုံ ရှေ့မှာ ထိုင်ချလိုက်၏။

တစ်ဝက်ထိ ဆွဲလို့ရပြီး ငြိနေသည့် အတွင်းဖဲကို သေသေ

ချာချာ ဖြုတ်ထုတ်လိုက်ပြီး လွတ်သွားသော ဖဲကို ဆွဲဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ရပြီ လွမ်း. . . ရော့. . . ဟင်း "

လွမ်းကိုလှမ်းပေးမလို့ပြင်ပြီးမှ အထဲက ဓါတ်ပုံတစ်ပုံ၏ နောက်ကျောတစ်ခြမ်းကို မြင်လိုက်သဖြင့် ဆွဲထုတ်ကြည့်လိုက်၏။

" မောင် "

လွမ်းက လှမ်းယူပေမယ့် ရန်ကာကွယ်က လက်ကိုလွှဲပစ်လိုက်ပြီး ဓါတ်ပုံကို စူးစိုက်ကြည့်နေသည်။

မျက်နှာသည် တဖြည်းဖြည်း နီမြန်းလာကာ မျက်လုံးအစုံက တွန့်ကွေးကုတ်ကျသွား၏။

" ဒါ ရဲမြင့်သူ ဆိုတဲ့ သူလား "

လွမ်း ထိတ်ထိတ်ပျာပျာဖြစ်သွားမိသည့် ကိုယ်ကိုယ်ကို ပြန်လည်တည်ငြိမ်အောင် ကြိုးစား၍

" ဟုတ်တယ် မောင် "

ရန်ကာကွယ်က ဓါတ်ပုံနှင့် လွမ်းကို တစ်လှည့်စီ ကြည့်၍ နာကျင်စွာ မဲ့ပစ်၏။

" မင်းဆီက နူးညံ့လိုက်လျောမှုတွေဟာ မောင့်ရဲ့အချစ်တွေကို လက်ခံလာလို့ပဲလို့ ထင်ပြီး မောင်က အပျော်ကြီးပျော်နေခဲ့တာ၊ မင်းက တော့ မောင့်ကို ကျောနောက်ကနေ နှုတ်ခမ်းမဲ့နေခဲ့တာကိုး. . . "

" မဟုတ်ဘူးမောင်. . . "

" ဒီ့ထက်ပိုပြီး ခိုင်လုံသေးတယ် လွမ်း. . . မင်းမှာ လက်ကိုင်အိတ်တွေ တစ်ပုံတစ်ပင် တစ်နေ့တစ်မျိုး မင်းကိုင်နေတာ ဒီပုံကို င်းကိုယ်နဲ့မကွာ ထားဖို့အတွက် ဘယ်လောက်ဂရုစိုက်သလဲဆိုတာ ဟုတ်ပါဘူးလို့ မင်းငြင်းဦးမှာလား "

လွမ်း ဘာမှ မပြောနိုင်တော့. . . ဒါပေမယ့် ဒီပုံကို အမြဲတမ်း မှတ်တရ ထုတ်ကြည့်ဖို့ တမ်းတနေဖို့ဆိုတဲ့ စိတ်ကူးမျိုးမရှိခဲ့တာက သေချာပါသည်။

" လွမ်း "

ရန်ကာကွယ် နေရာမှထ၍ လွမ်း ပခုံးလေးကို မျက်နှာချင်းဆိုင် လှည့်ပစ်လိုက်သည်။

" မင်း. . . မောင့်ကို အဲဒီလောက်ထိ ပြတ်ရယ်ပြုရက်တယ် နော်. . . မင်းသိပ်ရက်စက်တယ် "

" မဟုတ်ဘူး. . . မဟုတ်ဘူး. . . လွမ်း လုပ်နေကျ အကျင့် ခုဖြစ်နေလို့ လုပ်မိခဲ့တာ၊ လွမ်း သပ်သပ် ထုတ်နုတ်ခံစားနေတာ တ်ဘူး. . . "

" ဒါဆို ဒီပုံ မောင် ဆုတ်ပစ်လိုက်မယ် မင်းခံနိုင်လား "

" အို ဘာဆိုင်လို့လဲ "

" မဆိုင်ဘူးဆိုပြီးတော့ မင်းကိုယ့်ရင်ခွင်ထဲကနေ တစ်ပါး ာကျွားကို တမ်းတနေတဲ့အဖြစ်ကို ကိုယ်ကဘယ်လောက်ထိ ချင်ယောင်ဆောင်နေပေးရမှာပဲ "

" လွမ်း အဲဒီလိုစိတ်မျိုးမထားဘူး "

" မထားဘူးဆိုရင် အဲဒီပုံကို မင်းဘာဖြစ်လို့ ကိုယ်နဲ့မကွာ




www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားတာလဲ မပစ်ရက်နိုင်တာလဲ ''

'' လွမ်းကို အထပ်ထပ်အခါခါ ဒါတွေပဲ မေးမနေနဲ့မော
လွမ်းမဖြေရှင်းတတ်ဘူး. . . ဒီပုံကိုလည်း မပစ်နိုင်ဘူး. . . သူ့ဟာ
ရှိနေတဲ့ကိစ္စကို တမင်စွန့်ပစ်တဲ့အထိ လွမ်း ဘယ်တော့မှ မလုပ်ဘူး. .
အခု လွမ်းက မောင့်မိန်းမ မောင့်အပေါ် လွမ်းဘက်က မယားဝတ္တ
မပျက်ကွက်ခဲ့ဘူး ''

'' ဘာလဲ ဘာဝတ္တရားလဲ ဝေယျာဝစ္စလုပ်ပေးနေရ
တွေလား. . . ပိုက်ဆံပေးနိုင်ရင် အခြွေအရံ ဘယ်လောက်လိုချင်သ
ကုန်းပိုးပြီး တိုင်းပြည်လှည့်လည်ချင်သလား။ ဒူးထောက်ကျောခံပေး
သူတွေအများကြီး ကိုယ်လိုချင်တာ မင်းလုပ်ကိုင်ပေးနေတဲ့ ဝတ္တရား
မဟုတ်ဘူး. . . မင်း တုန့်ပြန်လာမယ့်အချစ် မင်းကိုယ်တိုင် ကြည်
လိုက်လျောပေးအပ်လာမယ့် ကြင်နာမေတ္တာ ''

'' အို မပြောနဲ့ မောင့်ကို လွမ်း ချစ်ပါ့မယ် ကြင်နာပါ့မယ်
ကတိတွေပေးပြီး လက်ထပ်ခဲ့တာ မဟုတ်ဘူး. . . ချစ်နိုင်းတိုင်း ချစ်
မရဘူး ''

'' ဟုတ်တယ်. . . မုန်းခိုင်းတိုင်းလည်း မုန်းလို့မရ
မင်းကိုကိုယ် ဖွတ်ယူခဲ့တာ ''

'' ဟုတ်ပြီ. . . အခု မောင် ဘာဖြစ်ချင်သလဲ ''

'' ဘာ. . . ဘာပြောတယ် ''

မာနတရားများနှင့် တင်းမာစွာ ပင့်မော့နေသည့် လွမ်းမျက်





နှာကို သူတအံ့တသြနာကျင်စွာ စိုက်ကြည့်လိုက်မိသည်။

'' မင်း. . . မင်းက ကိုယ့်ကို ဒီလိုမေးရလောက်အောင်
သွားတယ်ပေါ့. . . ဒီဓါတ်ပုံတစ်ပုံအတွက်နဲ့ ဘာမဆို စွန့်လွှတ်တော့
မယ်လို့ ကြေငြာလိုက်တာပေါ့. . . ဟုတ်လား. . . ဟုတ်လား. . . လွမ်း''

လက်မောင်းလေးနှစ်ဘက်ကို ဖျစ်ညှစ်ဆုပ်ခါနေသဖြင့်
မ်းနာကျင်မှု ကြောင့် မျက်နှာလေးမဲ့သွားသည်။

ကိုကိုနဲ့ ပတ်သက်၍ ထားခဲ့နိုင်ဖို့
မောင့်ကို ချစ်ခြင်းမေတ္တာနဲ့ ဆုံးဖြတ်နိုင်ဖို့
လွမ်း အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပါ။

ထိုကဲ့သို့ မောင်နဲ့ လွမ်းရဲ့ နှလုံးသားချင်း ချည်နှောင်ဖို့ ကိစ္စမှာ
ဓါတ်ပုံတစ်ပုံကို ဒီလောက်ထိ ဆွဲသွင်းတိုက်ခိုက်နေဖို့ လိုသလား. . .
င် သက်သက်သဝန်ကြောင်တာ

လွမ်းမှာ အိမ်ထောင်ရှိခဲ့တယ်ဆိုတာဟာ ပြီးခဲ့ပြီးပေမယ့်
ခဲ့ဘူးလို့ရော ငြင်းလို့ရမလား. . .

ကိုကို့ကို လွမ်းအသည်းနှင့်အောင် ချစ်ခဲ့ရတာတွေကို မောင့်ကို
တဲ လက်ထပ်ခဲ့ရသည့် ဒီကာလအတွင်းမှာ အစအနမကျန်အောင်
က်ဖျက်ပစ်လိုက်ဖို့ လွယ်မလား

ရင်ထဲမှာ မာနတွေ တရှိန်ရှိန်အုံကြွလာသည်။

ကိုကို့ကို ဖျောက်ဖျက်နိုင်းလိုက်သည့် အဖြစ်ဟာ ကိုကို့ကို
င်စွဲလမ်းနေဆဲမို့ မဟုတ်ပေမယ့် မောင့်ကိုအထင်သေးသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှုံးတိုက်ဖို့ စိတ်ကို တင်းပြီးသားဖြစ်လာသည်။

လွမ်းမျက်နှာလေးကို စူးစိုက်ကြည့်ကာ ရန်ကာကွယ် အံကြိတ်လိုက်၏။

တစ်ဖက်သက် အချစ်၏ ပူလောင်ခြင်းကို ဘယ်လို မခံစားနိုင်ဘဲ အံကြိတ်ထားရသည်က သွားခြေတွေပင်နာလာခဲ့၏။

" မင်းမုန်းပါတယ်. . . မင်းမုန်းပါတယ် လွမ်း. . . ဒါပေမယ့် မောင် မောင်မင်းကို မစွန့်လွှတ်နိုင်ဘူး. . . မင်းကို ဆက်မုန်းခွင့်ပေး မောင်အရည်ပျော်ကျသွားတဲ့အထိ မင်းလက်ပိုက်ကြည့်နေပေးပါ "

ရန်ကာကွယ် ဆတ်ခနဲ လှည့်ထွက်သွားသည်။

ကြမ်းပေါ်မှာ ကျနေသည့် ကိုကို့ဓါတ်ပုံကို လွမ်းတယုတ ကောက်ယူလိုက်မိ၏။

ကိုကို့ကို လွမ်းချစ်ခဲ့တာက သပ်သပ်။

မောင့်ကို လက်ခံနိုင်အောင် ကြိုးစားနေမိတဲ့ စိတ်က တခြား

ဘာပဲဖြစ်ဖြစ် မောင့်ကို လွမ်းဘယ်တုန်းကမှ လှောင်ရယ်မ ခဲ့ဘူးပါ။

ဒီဓါတ်ပုံရှိနေခြင်းဟာလည်း လွမ်းချစ်ဖို့မဟုတ်ဘဲ ကိုးကွယ် မြတ်နိုးမှု သက်သက်ဖြင့်သာ ဖြစ်လေသည်။

ထို့ပြင် ကိုကိုမရှိတော့ သည့်နောက်ပိုင်းမှစ၍ ကိုကို့ဓါတ်ပုံ လွမ်းအိတ်ထဲမှာ အမြဲရှိနေခဲ့တာ. . .

အိမ်ထောင်သစ် ထူထောင်လိုက်ကာမှ ထုတ်ပယ်ပစ်လိုက်



သည့် အဖြစ်မျိုး ရင်ထဲမှာ လက်ခံလို့မရသေးတာကြောင့် မပစ်ခဲ့နိုင်. . .

မောင် ဘာဖြစ်လို့ နားမလည်တာလဲ. . .

ဒါကို လွမ်းက ဒူးထောက်ရှင်းပြဖို့လိုသလား. . .

နေပါစေ. . .

လွမ်း. . . လက်ကိုင်အိတ်လေးကို အိပ်ရာပေါ်ပစ်တင်လိုက်မိ ၏။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မိုးချုပ်သွားသည်အထိ သူပြန်မရောက်လာတော့ အဝတ်အစား မလဲဘဲ ဒင်နာကို ဆက်သွားပြီးမှန်း လွှမ်းသိလိုက်သည်။

သူ့ကိုစောင့်ရင်း လုပ်လက်စတွေကိုဆက်လုပ်ဖို့စားပွဲမှာဝင်ထိုင် လိုက်သည်။

'' မေလွှမ်း ''

'' ဟင် ''

'' ဦးရန်နဲ့ရန်ဖြစ်ကြတာလား ''

''မဖြစ်ပါဘူး သမီးရယ် သူကဒီလိုပဲစကားပြောရင် အော်ကျယ်ကျယ် ပြောတတ်တာ ''

လွှမ်းကမော့မကြည့်ဘဲ ကွန်ပျူတာနှိပ်နေရင်းဖြေသည်။

ထန်က လက်နှစ်ဖက် နောက်ပစ်ရင်းခပ်မဲ့မဲ့ပြုံးသည်။

ဒီကမကြားတာမှတ်လို့

မေလွှမ်းဟာလေ. . . သူ့ယောကျ်ားကိုများ. . . ဟွန့်. . .





ထန်က လက်ကလေးပိုက်၍ လွှမ်း၏ကျောနောက်မှာ နှစ်ခေါက် သုံးခေါက်လျှောက်နေပြီးမှ

'' မေလွှမ်း ''

'' ဟင် ''

'' ထန်ကို စိန်လည်တုံတစ်စုံလောက်လုပ်ပေးပါလား ''

'' ဟင် ''

လှုပ်ရှားနေသည့် ကွန်ပျူတာခလုတ်ပေါ်က လွှမ်း လက် ကလေးတွေ ရပ်တန့်သွား၏။

ပြီးတော့ ထန်မျက်နှာကို မော့ကြည့်လာကာ

'' စိန်လည်တုံ ဟုတ်လား ''

'' ဟုတ်တယ်လေ မေလွှမ်းမှာကျတော့ ရတနာဘူးတွေ ထပ်လိုက် စုပုံနေပြီးတော့ ထန်ကျတော့ ဆွဲကြိုးလေး လက်ကောက် လေးလောက်နဲ့ ''

'' သမီးရယ်. . . မေလွှမ်း တတ်နိုင်သမျှဘဲ သမီးလေးကို ဆင်ထားတာပါ၊ ရတနာတွေဆိုတာ မေလွှမ်းသူ့ကိုပူလည်း မပူဆာခဲ့ဘူး နေ့ထိလည်း မေလွှမ်းတပ်မက်စိတ် မဖြစ်ခဲ့ဘူး. . . ကိုယ်ပိုင်တာဘာရှိလို့ လဲ ''

'' အမလေး. . . မေလွှမ်း လိုတရဖြစ်နေတာကို ကြွားမနေပါနဲ့ မေလွှမ်း မမက်ပေမယ့် ထန်ကမက်တယ်၊ လင်နဲ့မယားဘဲ ကိုယ်ပိုင်တာ ရှိဘူးလို့ မပြောစမ်းပါနဲ့ မေလွှမ်းကိုက ထန်ကိုမပေးချင်တာ ဦးရန်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ချမ်းသာတယ်ဆိုတာ ထန်သိတယ်. . . မေလွှမ်းဆီက ထန်ဘာပဲတောင်းတောင်း ဦးရန် မျက်နှာတစ်ချက် ပျက်ခဲ့လို့ လား"

ထန်က ဖွတ်ပြောနေသည်။

လွှမ်းစိတ်ညစ်သွားမိကာ ကွန်ပျူတာဘက်ကို ပြန်လှည့်လိုက်၏။

ဟုတ်ပါပြီ. . . မောင်ချမ်းသာတာကို တကယ်ပေါင်းမိတော့မှ ပိုသိရသည်။

ထန်ကို ဘာပေးပေး မောင်နှမျောတွန့်တိုခြင်း မရှိတာလည်း မှန်တာပါဘဲ။ ဒါပေမယ့် လွှမ်းအတွက် မှန်းထားတာကို လုယူတာမျိုး နေရာတကာ ရဲရဲတင်းတင်း ဝင်ပြောဝင်လုပ်ပစ်တတ်တာ တွေ ထန်ကို ထိုက်စွမ်းများမှာသာ သဘောမကျနိုင်ဖြစ်နေတာကိုလည်း လွှမ်းသိနေသည်။

ထန်ကတော့ အလိုက်မသိတာလား တမင်မသိချင်ယောင် ဆောင်နေတာလားမသိ။

တစ်လောကလုံး ဘာဖြစ်ဖြစ် ထန်မျက်နှာ အပြုံးမပျက်။

" မေလွှမ်း ထန်ပြောတာ ဖြေဦးလေ "

" သူလာတော့ မေလွှမ်းပြောပေးပါ့မယ်၊ ခုဝယ်ဖို့ မေးလွှမ်းမှာ ငွေမှမရှိတာ "

" အဲဒါကိုက မေလွှမ်းညာနေတာ မီးခံသေတ္တာသော့က မေလွှမ်းဆီမှာ အဲဒီထဲမှာ ပိုက်ဆံတွေ အုပ်လိုက် ကျပ်ညက်နေတာ ရတနာဘူးတွေ ကျပ်ညက်နေတာ မေလွှမ်းကသော့ကိုင်ထားပြီး မပိုင်ဘူး





ဆိုတာ ဘာလဲ ဘဏ္ဍာတိုက်စောင့်လား ဦးရန်ရဲ့ အလုပ်သမားလား"

" သမီး. . . သမီး ဒါတွေသိတယ် "

မီးခံသေတ္တာဆိုတာ အချိန်တိုင်းမကြာခဏ ဖွင့်နေတာမှ မဟုတ်တာ. . . ဒါဆို ထန်က လွှမ်းတို့နေတာထိုင်တာ အတော်များများမှာ လိုက်ကြည့်နေတတ်တာလား "

အိပ်ခန်းနားထိ သွားလာကြည့်ရှုနေခဲ့တာလား

အို. . . မဖြစ်နိုင်ပါဘူး မီးခံသေတ္တာထဲမှာ ရွှေငွေ၊ရတနာရှိမှာ ပဲဆိုတာကို မှန်းဆပြီး ပြောတာဘဲ ဖြစ်မှာပါ။

လွှမ်း အာခေါင်တွေ ချက်ချင်းခြောက်ကပ်လာကာ တံတွေးမျိုချမရလောက်အောင် နာကျင်နေသည်။

ထိုစဉ် ဖုန်းသံက အတွေးကို ဖျက်ဆီးပစ်လိုက်၏။

ထန်ကဘဲ သွားကိုင်လိုက်သည်။

" ဟလို. . . ဩော်. . . ဟုတ်ကဲ့. . . ထန်က ရဲရင့်ထန်ပါ"

" ဟုတ်ကဲ့. . . မေလွှမ်း ရဲရင့်ရဲ့သမီးပါ. . . မှာချင်တာ မှာလေ ရတယ် "

လွှမ်းမှာ ကိုယ်ကို မေးနေမှန်းသိပေမယ့် သမီးက ခေါ်မပေးဘဲ ဆက်သွယ်နေသည်ကို ထိုင်ရခက်၊ထရခက်ဖြစ်နေသည်။

ထန်က ဖုန်းပြောရင်း သူမကို တစ်ချက်မှ လှည့်မကြည့်

" ဟုတ်ပါတယ်. . . ရှိတော့ရှိတယ်. . . မေမေ မအားလို့လေ အင်း. . . ကောင်းပြီပြောပေးမယ်. . . ဟုတ်ကဲ့ မှတ်ထားလိုက်ပြီ "



www.burmeseclassic.com

www.burmeseclassic.com



ထန်က ဖုန်းဆက်၍ ဂွက်ခနဲချပစ်လိုက်ပြီးမှ ခပ်ပြုံးပြုံးလေး လှည့်လာ၏။

" မေလွှမ်း ဦးတာရာထွန်းတဲ့. . . သိလား "

" အင်း. . . မေလွှမ်းရှိနေရင်းနဲ့ ဘာဖြစ်လို့ မခေါ်တာလဲ သမီး "

" သြော. . . မေလွှမ်းကလည်း ထန်စကားပြောချင်လို့ပေါ့။ ဦးတာရာထွန်းဆိုတာ အသက်ဘယ်လောက်တောင်ရှိသလဲဟင်. . . အသံကတော့ တကယ်ဂွတ်တယ် ဦးရန်လိုပဲ ချောတာပဲပေါ့ "

အို. . . သမီး ဘာတွေပြောနေတာလဲ. . .

လွှမ်း သမီးဖြစ်သူ ပြုမူလုပ်ကိုင်သမျှ ပြောလိုက်သမျှ ရင်တခွေးခွေး တဒိတ်ဒိတ်ခုန်ကာ ကိုယ့်သမီးမှာ ဒီလိုအယူအဆ ဒီလို ပြောရဲဆိုရဲမှုတွေ ရှိနေရသည့် အဖြစ်မျိုးကို အံ့သြစိုးရိမ်ခြင်းတွေ ဖြစ်လာမိခဲ့သည်။

" ပြောပါဦး. . . ဦးတာရာထွန်းက ဘာပြောသွားလဲ "

" တွေ့လား. . . မေလွှမ်းက ထန်မေးတာကိုတော့ မပြောဘဲနဲ့ စကားဖြတ်ဖို့ပဲ ကြိုးစားနေတယ် မေလွှမ်းဝင်ဆံ့တဲ့ လှုကုံထံဆိုတဲ့ လူတွေနဲ့ ထန်ကိုပေးမသိစေချင်တာလား. . . ထန်မေလွှမ်းလို မျက်စိဖွင့် နားစွင့်နဲ့ လူဝင်ဆံ့သွားမှာစိုးလို့လား. . . "

" တော့်စမ်း သမီး. . . သမီးပြောသမျှ ဘာတစ်ခုမှ အနှစ်မရှိဘူး. . . မိဘတိုင်းဟာ ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာကိုပဲ





မြင်ချင်တာ. . . ဆင်နင်းပြီး မြင်းကန်ခံရမှာမျိုးကို ကာကွယ်ကြတယ် သမီးလေးကို မေလွှမ်း ကိုးလလွယ်ပြီး ဆယ်လမွေးခဲ့တာပါ။ မေလွှမ်းရဲ့ တစ်ဦးတည်းသော ရင်သွေးလေး သမီးစိတ်ချမ်းသာတယ် သမီးဘဝ မြင့်မားတယ်ဆိုရင် မေလွှမ်း ဘာပဲလုပ်ပေးရ ပေးရ ပေးနိုင်သမျှ ပေးချင်တယ် မတတ်နိုင်ဘူးဆိုတာမရှိရအောင် အဆင်သင့်ရှိနေချင်တယ် အဲဒါ မိခင်တစ်ယောက်ရဲ့ စေတနာ . "

" ဒါဆို မေလွှမ်းလို ဘဝမျိုး ထန်လိုချင်တယ် ပေးမလား"

" ဘာ "

လွှမ်း မျက်ဝန်းတွေ ဝိုင်းဝိုင်းလည်သွားသည်။

ထန်က ပခုံးတွေလှုပ်အောင် တမင်ရယ်ပစ်၍ လွှမ်းကို မိုက်မိုက်ရိုင်းရိုင်း စိုက်ကြည့်ကာ နှုတ်ခမ်းမဲ့လိုက်၏။

" ဒါပါပဲ အဲဒီပုံစံဖြစ်သွားမှာကို မြင်ချင်လို့ မေးကြည့်လိုက်တာပါ. . . မေလွှမ်းကို ဦးတာရာထွန်းက ခုချက်ချင်းလာခဲ့ပါတဲ့ နေ့လည်က Meeting ကိစ္စမှာ ဆုံးဖြတ်တဲ့ကိစ္စကို ပြောမလို့တဲ့ ဒေါ်. . . အဲ. . . ဒေါ်စန္ဒာကျော်လည်း ရောက်နေပြီတဲ့ "

" မောင်ရောပါသေးလား "

" ဆက်ကတည်းက ကိုရန် ဒင်နာသွားနေပြီလားလို့ မေးတာဆိုတော့ မရှိမှန်းသိလို့နေမှာပေါ့ "

" မေလွှမ်းသွားရင် သမီးနေရဲလား "

" ရတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ထန်က မျက်နှာလေးတင်းကာ ဆိုဖာပေါ် ဆောင့်ထိုင်ချ လိုက်၏။ "

ပြီးတော့ အဆင်သင့်ရှိနေသည့် ဂျာနယ်တစ်စောင်ကို ဆွဲယူလိုက်တာ မြင်သည်မို့ လွှမ်းနာရီကို ကြည့်လိုက်၏။

ကိုးနာရီထိုးတော့မည်။

ကိစ္စက မသွားမဖြစ်ဆိုတော့ သွားရမည်သာ။

မောင်အရင်ပြန်ရောက်လာလို့ ထန်နဲ့ စကားများ ပြဿနာ ဖြစ်နေရင် အခက် စိတ်မဖြောင့်ပေမယ့် ထွက်ခဲ့ရသည်။

ကားမောင်းနေရင်း စိတ်ကနောက်ပြန်ဆွဲနေသည်။

ကိုယ်တိုင် မမောင်းတာ ကြာပြီမို့ ကားမောင်းရတာ တစ်မျိုးကြီး ဖြစ်နေသည်။

စိတ်တွေ လှုပ်ရှားနေသည်က ထန်စိတ်နဲ့ မာကျောမှုများ ကြောင့် ဖြစ်သည်။ သူမနားထဲမှာ ထန်စကားသံများနှင့် မျက်နှာလေးက လုံးထွေးရစ်ပတ်ပေါ်နေဆဲ. . .

✿ ✿ ✿ ✿ ✿



## အခန်း (၂၁)

စောစောပိုင်းက ဘာမှ မဖြစ်ပေမယ့် ဆယ်နာရီထိုးတော့ ...န်တစ်ယောက်တည်းနေရတာ ကျောမလုံသလိုကြီး ဖြစ်လာ၏။

ဆိတ်ငြိမ်ရပ်ကွက်မို့ ဆယ်နာရီဆိုသော အချိန်က ချောက်ချား ...ာကောင်းလောက်အောင် တိတ်ဆိတ်လာပြီဖြစ်သည်။

ထန် စေ့ရုံစေ့ထားသည့် တံခါးကိုပင် ထမပိတ်ရဲတော့သည့် ...ဖြစ် ဂျာနယ်ကိုလည်း ဆက်မဖတ်နိုင်တော့ဘဲ မေလွှမ်းထွက်သွား ...တည်းက တံခါးထမပိတ်ခဲ့မိတာကိုဘဲ ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိ ...နေသည်။

အဲဒါပြောတာပေ့ါ ဒါလား. . . ပူပန်တတ်တဲ့ အမေ. . .

ညကိုးနာရီ၊ ဆယ်နာရီအထိ သမီးတစ်ယောက်တည်းထားပြီး ...ားလိုက်တာ ပြန်မလာ။

ထိုစဉ်မှာပင် ထန် ထပ်၍ ကံဆိုးသည်က လျှပ်စီးမီးတွေ ...တ်ခနဲ မှောင်ကျသွားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



" အမလေး "

ပတ်ဝန်းကျင်အားလုံး ပိတ်မှောင်အောင် မှောင်သွားတော့

ထန် လန့်ဖျန့်အော်ကာ ဖျတ်ခနဲ ထရပ်လိုက်မိ၏။

မီးခြစ်ဘယ်မှာလဲ အင်ဗာတာကို ဘယ်လိုဖွင့်တာလဲ. . .

ဘယ်လောက်ကြာအောင် ပျက်မယ်ဆိုတာ မသိနိုင်။

ထန် ဘယ်လိုလုပ်ရမှန်းမသိအောင် ကြောက်စိတ်ကြော

ခြေဖျားလက်ဖျားတွေ အေးလာပြီး မမြင် မစမ်းနှင့် အင်ဗာတာရှိရာ

တိုးထွက်လာရင်း ခလုတ်တိုက်မိတော့သည်။

" အား "

နဖူးပြင်မှာ ဒုတ်ခနဲ အသံမြည်ကာ စူးအောင့်သွား၏။

ထန် မူးမိုက်ပြာဝေသွား၍ ရုတ်တရက်ပြန်မထနိုင်တော့

" တီး "

ကားသံကြားလိုက်ရသည်။

ထန် သတိမလစ်အောင် အားခဲထားသော်လည်း ကားဟွ

သံတွေ ဆိုတာပဲ သိလိုက်ပြီး ဒဏ်ရာကြောင့် ဘာဆိုတာမှ မခွဲခြားနိုင်

သူမကို ကျားဆိုးကြီး တစ်ကောင်က ဆိုးရွားစွာ လှမ်းကပ်

ပြီး လွှားခနဲ ခုန်အုပ်၏။

ထိုကျားဆိုးသည် ရုတ်တရက် ရန်ကာကွယ် ဖြစ်လိုက်

သရဲတစ္ဆေလိုလို ကြောက်မက်ဖွယ်ကြီးဖြစ်လျက်. . . ထန် တစ်ကိုယ်

မွန်းကျပ်နေသည်။





လေဟုန်စီးနေရသကဲ့သို့ တိမ်တိုက်ထဲမှာ လွင့်မျောနေသည်

လား. . . ထန် အသိတရားတို့က ကိုယ်ခန္ဓာမှ ခွာသွားလိုက်၊ ပူးကပ်လာ

လိုက် ကြောက်ရွံ့နေသည်ရှိကာ

သာယာကြည်နူးမှုတွေလည်း ဖြစ်ပေါ်နေခဲ့ပြီး. . .။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မီးတွေပျက်နေပါလား. . .

သမီးလေး ကြောက်နေရှာတော့မည်။

အိမ်မှာ မောင်လည်းရှိမှာမဟုတ်။

လမ်းထိပ်ကို ရောက်ကတည်းက မီးပျက်နေတာကို သိ[illegible] လွမ်းကားကို အရှိန်မလျှော့ဘဲ ချိုးကွေ့ဝင်လာခဲ့သည်။

သို့သော် သူမကားခြံထဲ ဝင်လိုက်သည်နှင့် မီးတွေ ဖျက်[illegible] ဝင်းထိန်သွား၏။

တိုက်ထဲက ဖြာကျလာသည့် မီးရောင်နှင့် ရန်ကာကွယ်ကာ[illegible] လှမ်းမြင်လိုက်သဖြင့် လွမ်း စိတ်ချမ်းသာသွားမိသည်။

မီးပျက်သွားတာ သမီးလေးတစ်ယောက်တည်းမှ မဟုတ်[illegible] ရန်ကာကွယ် ပြန်ရောက်နေပြီဆိုသော အသိနှင့် ဝမ်းသာသွားခဲ့ခြင်း[illegible] လွမ်းတိုက်ပေါ်ခြေချလိုက်သည်နှင့် သွေးပျက်ချောက်ချားခြင်း[illegible] ရောက်ခဲ့လေသည်။





" အို. . . ဘုရား. . . ဘုရား "

နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်သွားမိကာ မြင်ကွင်းကို [illegible]ယုံနိုင်။

ဖရိုဖရဲ အဝတ်အစားများနှင့် ထန် ကိုယ်လုံးလေးကို [illegible]ပွေ့ပိုက်လျက် ရန်ကာကွယ်က အိပ်မောကျနေသည်။

ထန်က နဖူးချွေးစောင်းနေရာမှာ သွေးစ တချို့နှင့် မျက်နှာလေး [illegible]ကာ လူးလွန့်ညည်းညူနေ၏။

သမီး. . . ငါ့သမီးလေးကို မဟားတရားစော်ကားလိုက်ပြီ

ဒီလူ ယုတ်မာလိုက်ပြီပေါ့။

" သမီး. . . သမီးလေး "

လွမ်း. . . ထန်ကို ပွေ့ထူ၍ လှုပ်ခေါ်သည်။

နဖူးက ဒဏ်ရာဟာ အလိုမတူ ရုန်းကန်ရင်း ရခဲ့ခြင်းဟု [illegible]င်မှတ်၍ ယူကျုံးမရဖြစ်ခြင်းက ဆိုးဝါးလှစွာ

" သမီး. . . သမီး. . . မေလွမ်းကို ကြည့်စမ်း "

" ဟင်. . . အင်. . . မေ. . . မေလွမ်း "

တအားလှုပ်ခေါ်တော့မှ ထန် မျက်ခွံလေးတွေ လှုပ်ခက်၍ [illegible]ခါင်းထူလာခဲ့သည်။

" မေလွမ်း ထန်. . . ထန်ဘာဖြစ်သွားတာလဲ. . . ဟင်. . . [illegible]း. . . နဖူးက နာလိုက်တာ ထန် ကြောက်ကြောက်နဲ့ လဲကျသွား[illegible] "



www.burmeseclassic.com

www.burmeseclassic.com



" တောက်. . . လူယုတ်မာ "

လွမ်း. . . ဒေါသကို ထိန်းမရတော့ဘဲ ရန်ကာကွယ် ကိုယ်ကြီး ကို မနိုင်မနင်း အတင်းဆွဲထူလှုပ်နှိုး၍

" ရန်ကာကွယ်. . . ရန်ကာကွယ်. . . လူကြီးလူကောင်း ထစမ်းပါဦး. . . "

" အင်. . . လွမ်း. . . လွမ်းလား "

" ဟုတ်တယ်. . . လွမ်းဘဲ လူယုတ်မာ "

လွမ်း. . . သူ့ကိုယ်လုံးကြီးကို ဆွဲလှုပ်တွန်းခါရင်း တအ ရိုက်ပုတ်ပစ်သည်

" လွမ်း. . . လွမ်း ဘာလဲကွာ. . . ဘာဖြစ်လို့ မောင့် ရိုက်နှက်နေတာလဲ "

" ရှင်. . . လူယုတ်မာ. . . ရှင် ကျွန်မသမီးကို စော်ကား ဖျက်ဆီးပြီးမှ မသိချင်ယောင် ဆောင်နေတယ်ပေါ့. . . ဟုတ်လား "

" ဟင်. . . အား "

" အို. . . ထန်. . . ထန့်ကို. . . သူ "

ရန်ကာကွယ် ကိုယ်လုံးကြီး ဆတ်ခနဲတုန်သွား၏။

ထန်ဝေဒနာတွေကို မေ့လျော့သွားကာ သူမကိုယ် သူမပြ ကြည့်လိုက်မိသည်။

" အို. . . ဟင့်အင်း "

ကိုယ့်အဖြစ်ကို ခုမှ သိလိုက်ရကာ ထန်လက်ကလေးနှစ်





နှင့် ယှက်ကွယ်၍ အလန့်တကြားဖြစ်သွား၏။

" မဟုတ်ဘူး. . . အဲဒါ မောင်ယုတ်မာတာမဟုတ်ဘူး. . . "

" ဘာ. . . ဘာပြောတယ် "

" တကယ်မဟုတ်ဘူး. . . မောင် ဘာမှကို မသိတာအမှန်ပါ လွမ်းရယ်. . . မောင်. . . မောင့်စိတ်ထဲမှာ လွမ်းပဲရှိတာ မောင် လွမ်းလို့ပဲ ထင်ပြီး "

နီရဲမို့အစ်နေသည့် မျက်နှာနှင့် အရက်နံ့ကြောင့် လွမ်းမျက်နှာလေး တင်းပစ်ကာ အထင်မြင်သေးစွာ ကြည့်၏။

နားနှစ်ဖက်ကိုစုံပိတ်၍ ရှိုက်ငိုပစ်လိုက်မိရင်း. . . သမီးလေးကို ကြင်နာစွာ ကြည့်မိသည်။

ငါ့သမီးလေး ဖျက်စီးခံလိုက်ရပြီး အဲဒါ ငါ့ကြောင့်ဘဲ ငါမကောင်းလို့

လွမ်း ဆုံးဖြတ်ချက်ချလိုက်သည်။ အားလုံးကို သမီးလေး စိတ်ချမ်းသာသည့်အတိုင်း သူမလိုက်လျောဖို့ ထန်အခြေအနေအားလုံးကို ပုံမှန်အတိုင်း တွက်ဆလိုက်မိပြီးဖြစ်၏။

မေလွမ်းနဲ့ ဦးရန်ကို ဝေ့ကြည့်ကာ စောစောကနဲ့ ဘာမှမဆိုင်သော လှို့ဝှက်သည့် အပြုံးတစ်ခုနှုတ်ခမ်းဖျားမှာ ထင်လာပြီး မှားခဲ့ပြီးဘာကို ရင်ထုမနာ တမြေ့မြေ့ခံစားနေရမယ့်အစား အကောင်းဆုံးဖြစ်အောင် နင်ဘာလုပ်မလဲ ထန်

ထန် နှုတ်ခမ်းက အပြုံးကို ရန်ကာကွယ် မြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မောင် ပြောပါရစေ လွမ်းရယ်. . . "

ရန်ကာကွယ်ရှေ့တိုးလိုက်တော့ လွမ်းနောက်ဆုတ်သည်
ဝမ်းနည်း၍ မဟုတ်ဘဲ မျက်ဝန်းမှ မျက်ရည်တွေပါ တသောသော
ကျဆင်းနေလျက်. . .

" အရက်တစ်ကျိုက်နဲ့ အမိုက်ဇာတ်ခင်းပြီး သွေးဆာတတ်
ယောကျ်ား စည်းကမ်းမဲ့တဲ့ ယောကျ်ား ရှင့်ကို လွမ်း ရွံတယ်၊မုန်းတယ်

" ဘာ. . . ဘာပြောတယ် လွမ်း မောင်. . . မောင်လေ "

ရန်ကာကွယ် ရှေ့ထပ်တိုးလိုက်လျှင် လွမ်းအခန်းထဲလှည့်
ကာ တံခါးကို ဆောင့်ပိတ်ပစ်လိုက်၏။

" လွမ်း "

သူတံခါးကို ခေါက်ချားဇွာ ထုပစ်ရင်း နောက်ကို ချာ
ပြန်လှည့်လိုက်၏။ ထန်က မျက်လွှာလေးချကာ နေရာမှ ထွက်သွာ
ပြင်၏။

" နေဦး. . . "

သူအခန်းရှေ့ကို တလွှားလွှားလျှောက်သွားပြီး စကားသံ
ရက်တရက်မထွက်ဘဲ ကြမ်းပေါ်မှ သူကောက်ကြည့်ပြီးမှ ပြန်ချထား
မိသည့် နားဆွဲနှင့်ဖဲကြိုးလေးကို သတိတရ လှမ်းကြည့်လိုက်မိသည်

" ထန် ဒီကိစ္စ ငါတကယ် ကျူးလွန်လိုက်မိတာလား. . . မင်
. . . မင်း "

ထန် မျက်နှာက နီရဲလာလျက် သူ့ကို ကျားသစ်ပျိုမလေ





တစ်ကောင်ကဲ့သို့ စူးစူးရဲရဲပြန်ကြည့်ကာ

" ဒါကို ထန်က ပြန်ပြောရဦးမှာလား. . . ဦးရန်ယောကျ်ား
မဟုတ်ဘူးလား "

" ဟား "

ရန်ကာကွယ် တစ်ကိုယ်လုံး မီးပွင့်သွားသကဲ့သို့ ဝင်းခနဲ
မိုက်ခနဲဖြစ်သွား၏။ ကိုယ်ခန္ဓာသည် အောက်ခြေကို မမြင်နိုင်သည့်
ချောက်ကမ်းပါးကြီးထဲသို့ ဦးစိုက်ထိုးဆင်းသွားသကဲ့သို့ ကျင်ခဲအေးစက်
သွားလေသည်၊

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

လွမ်းမျက်နှာလေးကို တပ်မက်နှမြောတသစွာ ငေးကြည့်ရင်း
အံကြိတ်ထားမိသည်။

" မေလွမ်း. . . ထန် ကျေနပ်အောင် လုပ်ပေးခဲ့ပြီးမှ သွားဆို
သော ထန့်စကားကြောင့် လွမ်းဒီအိမ်မှာ ရှိနေပေမယ့် သူ့ကိုတော
စေ့စေ့ကြည့်တောင်မခံဘဲ လွမ်းက နည်းနည်းလေးမှ ရင်မဆိုင်၊ ရှင်မြ
တောင်းပန်ဖို့ ဘယ်လိုကြိုးစားလို့မှမရ "

ကိုယ်တိုင်ကျူးလွန်ခဲ့မိပြီ မှန်သည်မို့ ဘာကြောင့်ပဲဖြစ်ဖြ
သူ့မှာအပြစ်ရှိသည်။

ထို့ကြောင့် ယောကျ်ားပီပီ ရဲရင့်ဖို့ အံကြိတ်ထားရပေမေ
အံကြိတ်ထားလျက်နှင့် လက်သီးဆုပ်က ဆတ်ဆတ်တုန်နေသည်။

ဒေါ်စိုးစိုးက လက်ပွေ့အိတ်ကို ဟန်ပါပါပိုက်၍ အောင်နိုင်
ကဲ့သို့ အထက်တန်းဆန်သော မျက်နှာမဲ့မဲ့နှင့် မိန်မိန်ကြီးကြည့်နေသည်

" ကဲ. . . သမီးလေးက ပြောလိုက်လေ ဖြစ်ချင်တာကိုရ
ဖြစ်အောင်လုပ်ပေးဖို့ကို လွမ်းကစဉ်းစား ထန်က အပျိုလေး ပြီးေ





ညည်းရဲ့သမီး သူတောင်းဆိုသမျှ ညည်းလိုက်လျောရမှာပဲ "

လွမ်းက နှုတ်ခမ်းလေးစေ့ပိတ်၍ ခေါင်းမညိတ် ခေါင်းမခါဘဲ
ထန်ကိုသာ စိုက်ကြည့်နေသည်။

ဒေါ်စိုးစိုးဆိုသော မိန်းမကြီးကို လွမ်းနားလည်နေသည်။

သူမ ဒုက္ခပေးနေခဲ့သမျှ သည်းခံနေခဲ့ရသည်များမှာ ဒီကလေး
ကို မွေးဖွားခဲ့ပြီးသည့် အချိန်ကတည်းက

ထန့်စိတ်တွေ နူးညံ့နေချိန်မှာ စောင်းကြီးခတ်၍ ချော့သိပ်မည်။
ကြမ်းတမ်းလာချိန်ဆို လက်ထဲကို ဓါးတည့်ပေးမည်။

ထန့်ကို လွမ်း မွေးခဲ့ပေမယ့် ထန်ဘဝ၏ ကကြိုးရှင်က
ဒေါ်စိုးစိုးပဲဖြစ်သည်။ ဒါကို နှလုံးသားချင်း ခံစားသိရှိနေသော်လည်း
သူမဘာအထောက်အထားနဲ့မှ စွပ်စွဲချက်မတင်နိုင်ခဲ့ပါ။

ဒေါ်စိုးစိုး၏ ကြိုးဆွဲကောင်းမှုကြောင့်ခုတော့

" ထန်ကို ဦးရန် တခမ်းတနား လက်ထပ်ရမယ် "

" ဘာ "

" အို. . . "

" မဘာနဲ့လေ ထန်ကို ပထွေးစော်ကားတယ်ဆိုတဲ့
ခြောက်လှန့်မှုကို ထန်မေ့ပစ်ချင်တယ်၊ ပြီးတော့ ထန်ဦးရန်ရဲ့ ပွဲတက်
မယားပဲ ဖြစ်ချင်တယ် "

" ဘယ်တော့မှ မဖြစ်ဘူး အဲဒါ လုံးဝ သေချာတယ် "

ရန်ကာကွယ်နေရာမှ ဝုန်းခနဲထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ ဒီမှာထန် ငါမှားယွင်းခဲ့တာမှန်တယ် မမှားသင့်ခဲ့တာကို မှားခဲ့လို့ ငါမင်းကို လက်ထပ်ဖို့ထိ ဆုံးဖြတ်ပေးခဲ့တယ်။ ဒါပေမယ့် ငါ့ရဲ့မှားယွင်းမှုဟာ မင်းကို ဘာပ်မက်တဲ့ စိတ်နဲ့ လုံးဝမဟုတ်ဘူး... လွမ်းကလွဲပြီး ဘယ်မိန်းမကိုမှ ငါမမက်ခဲ့ဖူးသလို မင်းထက်အများကြီး လှတဲ့ ဒိတ်ဒိတ်ကျဲသူဌေး သမီးတွေကိုတောင် ခေါင်းထဲမထည့်ခဲ့ဘူး ငါဘာကြောင့်မှားခဲ့သလဲဆိုတာ မင်းသိမှာပါ ထန် တောင်းသင့်တဲ့ အရာကိုပဲတောင်းပါ... ငါပေးနိုင်သမျှ အကုန်ပေးမယ် ”

“ မသိဘူး ထန်ကလည်း လိုချင်တာအားလုံးရဖို့က လွဲပြီး ဘာမှမသိဘူး... အဲဒါ ဦးရန်လိုက်လျောဖို့ပဲ စဉ်းစား ”

“ မလိုက်လျောနိုင်ဘူးဆို မင်းဘာလုပ်မလဲ ”

ထန် ဆတ်ခနဲဖြစ်သွားကာ မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည် နေလျက် မော့ကြည့်လိုက်သည့် လွမ်းကို လှမ်းကြည့်ကာ

“ ဘာမှမလုပ်နိုင်ပါဘူး ထန်က ယောကျ်ားမရှိရင် မနေတတ် တဲ့ အမေနဲ့ အတူနေမိလို့ ပထွေးတော်ကားခံလိုက်ရတဲ့သူပဲ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေါ့... ဒါပေမဲ့ ထန် ဒီမှာ လုံးဝမနေနိုင်ဘူး ”

“ သမီး ”

“ လွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ”

သူမ မျက်ဝန်းတို့က ရန်ကာကွယ်ဆီသို့ မီးပန်းများနှယ်လွင့် စင်ပြေးထွက်သွားသည်။

“ ရန်ကာကွယ် ရှင် လွမ်းတို့ သားအမိကို ဘဝနှစ်ခုလုံး





ရစရာမရှိအောင် ချေမွှဖျက်ဆီးနေတာလားဟင်... တစ်ရက်ပြီး တစ်ရက်ထပ်ဖြစ်အောင် မဖန်တီးပါနဲ့... လွမ်းကို သနားပါ ”

“ လွမ်းကို ငဲ့လို့မောင်ပြောနေတာ မောင်စိတ်ထင်တိုင်း နှတ်မလုပ်ဘဲ ယောကျ်ားပီသပေးနေတာလည်း လွမ်းကိုငဲ့လို့ပဲ အခုဟာက လုံးဝကို မဖြစ်နိုင်တာ လွမ်းနဲ့မောင် လူတောထဲ ဘယ်လို တိုးမလဲ... ”

“ အဲဒါ ရှင်လူမဆန်ခဲ့တာလေ ရှင်နဲ့ လွမ်းကို တွဲမပြောနဲ့, နောက်ထပ် ဘာမှဆိုင်စရာမရှိတော့ဘူး တစ်ယောက်ပြီး တစ်ယောက် လက်ထပ်ယူနိုင်တော့ ရှင်တစ်ခါပြီး တစ်ခါ မျက်နှာပွင့်တာပေါ့ သမီးလေး စိတ်ချမ်းသာအောင် လုပ်ပေးလိုက်ပါ ”

“ လွမ်း... မင်း... မင်းရက်စက်လှချေလား ”

ရန်ကာကွယ် အသံတွေ တုန်ခါနေသည်

“ မဖြစ်နိုင်ဘူး မောင့်တစ်သက်မှာ ချစ်တဲ့သူနဲ့ တစ်မင်္ဂလာဘဲ ပြီးမယ် မောင်မှားခဲ့တာကို ဘာနဲ့ပဲ ပေးဆပ်ရ ပေးဆပ်ရ ဒါကိုလုံးဝ လိုက်လျောနိုင်ဘူး... ထန် မင်းကို ငါအရှုံးပေးပါတယ်... ရန်ကာကွယ်ဆိုတဲ့ ငါဟာ ရဲရင့်ထန်ဆိုတဲ့ မိန်းမရဲ့ မာယာကို ကာကွယ်နိုင်ခဲ့လို့ အခု မင်းရှေ့မှာ ငါဒူးထောက်ဆို ထောက်ပါ့မယ်... မင်းကြိုက်တာကို တောင်းဆိုပါ၊ ငါရဲ့စီးပွား၊ ဥစ္စာလုပ်ငန်း မင်း ဘာလိုချင် သလဲ ဘယ်လောက်လိုချင်သလဲ... ကြိုက်တာကို လက်ညှိုးထိုး ပြလာဆောင်ဖို့ကို မပြောပါနဲ့ ”

ထိုစကားကြောင့် ဒေါ်စိုးစိုး မျက်လုံးတွေ အရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလည်း ထန်ကတွင်တွင်ခေါင်းခါနေ၏။

ရန်ကာကွယ်ကိုပဲ ထန် ပိုင်ဆိုင်ချင်တာ. . .

စည်းစိမ် ဥစ္စာတွေပုံပေးနေတာကိုတောင် ခေါင်းခါပစ်နိုင်လောက်အောင် ခိုင်မာနေခဲ့တာ ဘာကြောင့်မှန်းမသိ။

သို့သော်. . .

" မှန်သင့်သလောက်တော့မှန်တယ် သမီး. . . သမီး နည်းနည်းပြန်စဉ်းစားရမှာက သမီးအမေရဲ့ သိက္ခာကိုပဲ ခမ်းခမ်းနားနား တကယ်လက်ထပ်ခဲ့ရင်တောင်မှ လူသိသွားတာပဲရှိတယ်. . . ဒုတိယ မင်္ဂလာ ဒုတိယလူအဖြစ်ကတော့ ပျောက်ပျက်သွားမှာ မဟုတ်ဘူး. . . "

ဒေါ်စိုးစိုးက သမ္မာသပတ်ကျစေလိုသော ဣန္ဒြေမျက်နှာကြီးနှင့် ဝင်ပြောလာ၏။

" ဟိုတယ်မှာ တခမ်းတနားမဟုတ်ပေမယ့် သူလက်ထပ်ပြီ ဆိုကတည်းက ပွဲတက်မယားပဲပေါ့ လွှမ်းက ဟိုတက်မှာ ပြောင်းနေမယ် ဒီမှာ သမီးတို့ပဲရှိမယ်. . . ဘာလိုသေးလဲ ရန်ကာကွယ်ကိုလည်း ကြီးမေးချင်တယ် နောင်ရှင်းသွားရအောင် ခုတည်းက ပြတ်သားဖို့ အရေးကြီး တယ် ခုနက မင်းပြောလိုက်တာ လွှတ်ခနဲ ပြောလိုက်တာလား တကယ်ပေးနိုင်လို့ ပြောတာလား "

" ကျွန်တော် ခုချက်ချင်း စာချုပ်စာတမ်းနဲ့ လွှဲပေးလိုက်မယ် "

" ဘာကိုလဲ "

" သူတောင်းဆိုသမျှ "





" ဒါဆို သူ့ကိုယ်စား ကြီးမေ ဆုံးဖြတ်ပေးမယ် ကလေးရဲ့ ဘဝ အာမခံချက်အတွက် ဒီခြံနဲ့ တိုက်ရယ် လက်ရှိ ကုမ္ပဏီရယ် အတွင်းပစ္စည်း စည်းစိမ် ရတနာအားလုံးရယ် မင်းအခု လွှဲပေးမလား"

" ဘာ "

ရန်ကာကွယ် ဒေါသထွက်သွား၏။ရှိသမျှ လက်ညှိုးထိုးချ လိုက်လျောမယ်မှန်းသိလို့ အနိုင်ယူတဲ့ သဘောလား. . .

ထန့် မျက်နှာကို သူလှမ်းကြည့်လိုက်ပြီး

" မင်းရဲ့ သဘောကို ပြောစမ်း. . . ထန်၊ မင်း ဒါတွေကို တကယ်လိုချင်သလား "

ဒေါ်စိုးစိုးပြောသွားသမျှမှာ ပျော်ဝင်သွားပြီဖြစ်သည့် ထန်က ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

" လိုချင်တယ် ခုချက်ချင်းလွှဲပေးမယ်ဆိုရင် မင်္ဂလာဆောင်ဖို့ ကိစ္စ ထန် ရှုတ်သိမ်းတယ် "

သူအထင်အမြင်သေးစွာ မဲ့ပစ်လိုက်မိ၏။

" ငါပေးရမှာထက်စာရင် မင်းပြန်ပေးတာက ဘာမှမဟုတ် လောက်သေးဘူး. . . ငါက ငါလုပ်ကိုင်နေတဲ့ စီးပွားကိုပါ လွှဲပေးလိုက်ပြီး ဒီမှာ ကျေးကျွန်တစ်ယောက်လို လူပိုကြီး ဖြစ်နေရတာ သဘာဝမှ မကျဘဲ ဒီတော့ ငါပြောမယ် အခုမင်းလိုချင်သမျှကိုပေးမယ် ငါကိုယ်တိုင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ချက်ချင်းဆင်းသွားပေးမယ်. . . ဒါပေမယ့် မင်းလက်မှတ် သုံးစောင်ထိုးရလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ထန်က နားမလည်သလိုကြည့်နေ၏။

ဒေါ်စိုးစိုးက မကျေနပ်ချင်တော့. . . ခုချိန်ထိ လွမ်းဘာမှ ဝင်မပြောသေးပါ။

" ပထမ မင်းကို ငါလက်ထပ်ကြောင်း လက်ထပ်စာချုပ် ဒုတိယ ကွာရှင်းပြတ်စဲကြောင်း လက်မှတ်စာချုပ် နောက်ဆုံးက ငါပိုင်ဆိုင်သမျှ အပ်တိုတစ်ချောင်းပါမကျန် လွှဲပြောင်းပေးခဲ့တဲ့ စာချုပ် အဲဒီ သုံးစောင်ပဲ မင်းထိုးရမှာ "

" ဦးရန်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ မေလွမ်းကို ခေါ်ထွက်သွားမယ်ပေါ့ "

" ဟုတ်တယ် ငါ့မိန်းမကို ငါ့ပညာနဲ့ တင့်တယ်အောင် ငါထားနိုင်တယ်။ ပညာကိုပါ လွှဲပေးဖို့တော့ မင်းစာချုပ်လို့ မရဘူးလေ"

" သိပ်ရတာပေါ့ ဦးရန်ကိုပိုင်ရင် ဦးရန် ပညာကိုပါ ပိုင်တာပဲ စိတ်ချ ထန် ဦးရန်နဲ့ ဘာကိုမှ မလဲဘူး. . . "

ထန်. . . လွမ်း မျက်နှာကို ဖျတ်ခနဲကြည့်လိုက်ပြီး

" ထန်ပြောချင်တာကုန်ပြီ မေလွမ်းသွားချင်သွားလို့ရပြီနော်" ပြောပြီး ထန် နေရာမှ လှည့်ထွက်သွား၏။

ဒေါ်စိုးစိုးကြိတ်မနိုင်၊ ခဲမရ ကျန်ခဲ့လေသည်။

" လွမ်း. . . "

တားမရတော့မှန်းသိ၍ အံကြိတ်ထိန်းချုပ်နေသော်လည်း လွမ်း သားရေသေတ္တာတစ်လုံးနှင့် သူ့ရှေ့က ထွက်သွားတာမြင်လျှင် ရင်ထဲမှာ မီးတောက်ပေါက်ကွဲသွားသလို ဘယ်လိုမှ ထိန်းချုပ်မရတော့ဘဲ အတင်းပြေးလိုက်၍ ဆွဲထားလိုက်မိ၏။

" ရှင်. . . ဖယ်. . . "

လွမ်း ကိုယ်ကို ယို့ကာအိတ်ကို စုံကိုင်၍ ရန်ကာကွယ် မျက်နှာကို တအားရိုက်ချပစ်လိုက်၏။

" လွမ်း "

မျက်နှာကို ပြင်းစွာ ရိုက်မိကာ လူလည်းယိုင်ဆင်းသွားသည်။ မျက်နှာတစ်ခြမ်းလုံး ပူထူသွားလျက် မျက်ဝန်းတစ်ဖက်မှာ မျက်ရည်ပူတွေ ချက်ချင်းဝိုင်းတက်လာ၏။

သူဖရိုဖရဲဖြစ်သွားစဉ်မှာ လွမ်းက ပေါ်တီကိုအောက်ရောက် သွားပြီဖြစ်၏။

" လွမ်း. . . လွမ်းကားယူသွားပါ. . . ကားယူသွားပါ လွမ်းရယ်"

သူပြေးဆင်းလိုက်သွားမိပြီးမှ ကိုယ်ကို ပြန်ထိန်းလိုက်သည်။ ထူးနိုင်တော့တာကိုသိ၍ပါ။

ယောက်ျားတန်မယ့် ငိုချင်လာသည်ကို ဘယ်လိုမှ တားဆီး မရ။

သိပ်ချစ်တယ် လွမ်းရယ်. . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

ကားတိုးစီးရသည့် ဒုက္ခကို သက်တမ်းတစ်လျှောက်လုံးမှာ နဖူးတွေ့ ဒူးတွေ့ကြုံတွေ့ခဲ့ရသည့် အကြိမ်ဟာ ဒါပထမဆုံး။

ငယ်စဉ်တုန်းကတော့ သူငယ်ချင်းတွေ ကိုယ်ပိုင်ကားတွေ အသီးသီးရှိကြသည်။ အိမ်ကကားတွေ လာကြိုကြပါလျက်နှင့် ကျောင်းကနေတမင် စောစောထွက် လိုင်းကားတိုးစီးပြီး သဘောတွေ လိုက်ကြတာ. . .

တစ်ယောက်လက် တစ်ယောက်ချိတ်ပြီး အတင်းတိုးတက် ဖွတ်တိုးဆင်း ကားပေါ်က ခုန်ချပြီး ချွေးသုတ်ရင်းရယ်ကြ

ပုံပျက်တွန့်ကြေကုန်သည့် အင်္ကျီတွေကို ဆွဲဆန့်၍ ရင်ဘက် ပျော်လိုက်တာလို့တမင် ပြောမိပါသေးသည်။

ခုတော့ ချွေးဒီးဒီးကျရုံမက ဆံပင်တောင်ပြေကျခဲ့သည်။ကား ကျပ်ကျပ် စိတ်ကညစ်လာတာနှင့် လွမ်း ငိုချင်လာသည်။

အလုပ်စုံစမ်းနေတာ သုံးရက်ရှိပြီ။

ဘယ်မှာမှ အဆင်မပြေခဲ့။





ဒီကြားထဲ နေရထိုင်ရတာက ဒုက္ခရောက်သေးသည်။

ကိုယ့်အိမ်ကိုယ်ပြန်နေတော့ ရန်ကာကွယ်ရောက်ရောက်လာ ာကို သည်းမခံနိုင်။

သူငယ်ချင်းနဲ့ တိုက်ခန်းမှာ လိုက်နေပြန်တော့ သူက နေ့ဘက်အလုပ်ဆင်းပြီး ညပိုင်းမှာ သီချင်းသွားဆိုတော့ ကိုယ့်မှာ တစ်ယောက်တည်း။

နေ့စဉ် သုံးလွှာအပေါ်ထပ်ရောက်အောင် တက်ရ ဆင်းရမည့် ဒုက္ခကသေးသေးမဟုတ်ပေ။

လွမ်း. . . ဒီတိုက်ကြီးပေါ်မှာ ပြောင်းနေတာ တစ်ရက်နဲ့ တစ်ညပဲရှိသေးသည်။

စိတ်ပျက်ခြင်းက အရင်ဝင်လာ၏။

ညကဆို တစ်ယောက်တည်း တိုက်ခန်းကြီးထဲမှာ မီးက က်သွားသေးသည်။

ကလေးမဟုတ်တော့ပေမယ့် ကြောက်တာက ကြောက်တာပဲ ၏။

မြေညီထပ်လှေခါးမှာ ရပ်ကာ လက်ကိုင်အိတ်ထဲက အခန်း သော့ကို ထုတ်ယူလိုက်သည်။

ထုတ်ယူနေရင်း လှေခါးထစ်တွေကို နင်းဖြတ်တက်လိုက်စဉ်

'' လွမ်း ''

'' ဟင် ''



www.burmeseclassic.com

www.burmeseclassic.com



ရန်ကာကွယ်ကို မြင်လျှင် လွှမ်း မျက်နှာထား တင်းမာသွား

" လွှမ်း မောင်နှောင့်ယှက်မလို့ လိုက်လာတာ မဟုတ်ပါဘူး လွှမ်းရယ်. . . လွှမ်း ဟိုအိမ်လေးမှာပဲ ပြန်နေပါ။ဒီမှာ လွှမ်း တစ်ယောက် တည်းကွာ "

လွှမ်း လမ်းပေါ်ပြန်ဆင်းဖို့ ဟန်ပြင်လိုက်ဆဲ ရန်ကာကွယ် အပေါ်ပြေးတက်လာကာ လွှမ်းလက်ကို ဆွဲထားလိုက်၏။

" ရှင် ဘာလုပ်တာလဲ သွား. . . ခု ထွက်သွား "

" မောင်စိတ်ပူလို့ ပြောတာပါ လွှမ်းရယ် ဒီအခန်းက နာမည်ပျက်လည်း ရှိတယ်၊ မနေပါနဲ့ကွာ ပြီးတော့ လွှမ်းဒီမှ အလုပ်လိုက်ရှာနေတယ်ဆို "

" ဒီမှာ ရန်ကာကွယ် ရှင့်လိုတစ်လောကလုံး လူယုတ်မာချ ချည်းရှိကြတာ မဟုတ်ဘူး. . . ရှိလည်း ကျွန်မ ဂရုမစိုက်ဘူး. . . ရှင်ပူစရာလည်း မလိုဘူး. . . အခု ရှင်သွားမလား မသွားဘူးလား "

" မောင့်ကို လူယုတ်မာလို့ မပြောနဲ့ လွှမ်း. . . မောင် လွှမ်း ရှင်းပြဖို့ ကြိုးစားနေတာ အဲဒါ. . . အဲဒီညက မောင်တအားမူးလာ မီးတွေက ပျက်နေတယ်။ မောင့်ရင်ထဲမှာ မင်းကို ကျေနပ်အောင် တောင်းပန်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဂွမ်းပြန်အောင် မူးနေတ မှားကုန်တာ "

" ဟင်. . . ရှင်. . . ရှင် မိန်းကလေးတစ်ယောက်ကို မုန် မျှစ်ချိုး. . . ကဲ "





လွှမ်းအသားဆတ်ဆတ်တုန်ကာ သူ့ပါးကို လွှဲရိုက်ပစ်လိုက်၏။ သို့သော် လက်ဝါးနဲ့ ပါးပြင်ထိတွေ့လိုက်ရခြင်းမရှိဘဲ လွှမ်း က်ကို ဖမ်းဆွဲခံလိုက်ရပြီး တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲရောက်သွား၏။

" လွှမ်းလိုက်ရတာ လွှမ်းရယ်. . . မောင်. . . မောင် မင်းကို သိပ်ချစ်တယ်. . . မခွဲနိုင်ဘူးကွာ. . . "

" ရှင်. . . လွှတ်နော်. . . လူယုတ်မာ "

လွှမ်းဘယ်လိုပဲရုန်းရုန်း အတင်းချုပ်ဖက်၍ တပ်မက်စွာ မ်းရှိုက်နေသမျှ တိမ်းရှောင်လို့ မရခဲ့ပေ။

" ရှင်. . . ရှင့်ကို မုန်းတယ်. . . မုန်းတယ်သိလား. . . င့်. . . ဟင်. . . "

သူ့ရင်ဘက်ကို တအားထုရိုက်တွန်းထိုး၍ လွှမ်းငိုသမျှ န်ကာကွယ်က အတင်းတောင်းပန်၍ ချော့သည်။ အသားအနာခံ၍ ဖွတ်ဖက်ထား၏။

" မောင်. . . မင်းရဲ့သမီးကို လက်ဖျားနဲ့ထိဖို့ မပြောနဲ့ တ်နဲ့တောင် မပြစ်မှားဘူး. . . အတူတူလည်း မအိပ်ဘူး လွှမ်း ထွက်သွားကတည်းက မောင် တစ်ညမှ အိပ်မပျော်ဘူးလွှမ်းရယ်. . . မောင်နဲ့လိုက်ခဲ့နော် မောင်တို့ ဂျပန်မှာသွားနေမယ် "

" ဘာပြောတယ် "

လွှမ်း အောက်နှုတ်ခမ်းလေးကို နာကျင်စွာ ဖိကိုက်မိ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ရဲရင့်ထန်ဆိုတာ လွမ်းရဲ့သမီး သမီးစိတ်ဆင်းရဲအောင် ဒုက္ခရောက်အောင် ဘယ်အမေက လုပ်ခဲ့တယ်လို့ ရှင်ကြားဖူးလဲ "

" ဘယ်လိုဒုက္ခရောက်ရမှာလဲ သူ့မှာ ရွှေငွေစည်းစိမ်ဥစ္စာ အပြည့်အစုံပေးထားခဲ့မှာ။ ရွှေရှိရင် ငွေရှိတယ် ငွေရှိရင် အခြွေအရံပေါတယ် ဒီထက် မောင်က ဘာလုပ်ပေးရဦးမှာလဲ လွမ်းနဲ့ အရာအားလုံး မောင်ပုံပေးပြီး လဲယူတာကို သူကမကျေနပ်နိုင်ဘူးလား. . ."

" ဟုတ်တယ်. . . သူ့နားမှာရှင် ရှိဖို့ပဲလိုတာ "

လွမ်း သူ့ရှေ့ကနေ အတင်းထွက်ပြေးကာ လှေခါးပေါ် တက်သွားသည်။

ရန်ကာကွယ် နောက်က လိုက်ပါလျက်

" လွမ်း "

" အို ရှင်မလိုက်နဲ့ ကျွန်မ ဒီကနေ ထပ်ပြေးရအောင် ရှင်တွန်း ပို့နေတာလား. . . ရန်ကာကွယ် "

" မဟုတ်ဘူး. . . သူ့နားမှာ မောင်ရှိတော့လည်း သူလိုချင် မှ မောင်မပေးနိုင်ဘဲ သူ့ဟာသူ တစ်ဘက်သက်ဖြစ်နေတဲ့ ကိစ္စ မင်းရဲ့ မေတ္တာဆိုတာတွေနဲ့ မောင့်ကိုထိုးမကျွေးနဲ့. . . နှလုံးသားနဲ့ စက်ရုပ်မဟုတ်ဘူး. . ."

လှေခါးထိပ်မှာ ခြေစုံရပ်၍ လွမ်းတံခါးမဖွင့်ဘဲ သူ့ကို ရင်ဆို လိုက်၏။

" ရှင်. . . ရှေ့ဆက်တိုးရင် ကျွန်မ တွန်းချလိုက်မှာနော် "



" ဟား. . . မင်းအဲဒီလိုမျိုး တွန်းမယ်ဆိုရင် တွန်းပစ်လိုက် မ်းပါလွမ်း. . . နှစ်ခါသေတဲ့မသာမရှိဘူး ချစ်တဲ့သူနဲ့ ကွေကွင်းပြီး မချစ်တဲ့ သူနဲ့ အတူနေရတဲ့ဒုက္ခ မင်းတို့ သားအမိ ကိုယ်ချင်းစာတတ် အောင်နောက်ဘဝကနေ မောင်စောင့်ကြည့်မယ်. . . တွန်းလိုက် လေ. . ."

နံရံနှစ်ဘက်ကြားနေရာ ကျဉ်းကျဉ်းလေးမှာ လွမ်းထွက်ပြေး သည်း သူဆွဲထားမှာပဲဖြစ်သည်။

လွမ်းကို ဘယ်လောက်ပဲ ချစ်တယ်ပြောပြော ဘာတွေပဲလုပ် ပြီ ခုချိန်မှာ သူဟာ သမီးလေးရဲ့ ခင်ပွန်း

သမီးလေးက ထိုယောက်ျားကို ဘာကြောင့်မှ မဟုတ်ဘဲ တစ်ဖက်သက်စွဲလမ်းစိတ်နဲ့ လက်ထပ်ဖို့ ကြိုးစားခဲ့တာ. . .

ချစ်ချစ် မချစ်ချစ် သွေးဆူလွယ်တာ ဖောက်ပြန်လွယ်တာကို လွမ်းမုန်းသည်။

" ရန်ကာကွယ် ရှင့်ကို ကျွန်မ တွန်းချဖို့ မကြိုးစားတော့ပါ ဘူး. . . ဒါပေမယ့် ရှင်ခုမပြန်ဘူးဆိုရင် ကျွန်မကိုယ် ကျွန်မ သက်သေမယ်"

" လွမ်း. . . မလုပ်နဲ့ "

ရန်ကာကွယ် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားကာ လှေခါးသုံးထစ်ခန့်ထိ ဆင်းချသွားပြီး အောက်ကနေ ပိတ်ရပ်လိုက်၏။

" မောင် ပြန်ပါမယ်. . . ဒါပေမယ့် လွမ်း ဟိုအိမ်လေးကို ပြန်ဖို့ မောင် ပြောပါရစေ. . . ဘယ်မှာပဲနေနေ လွမ်းဘယ်ကိုပဲ ပြေးပြေး



www.burmeseclassic.com

www.burmeseclassic.com



လွမ်းရှိတဲ့နေရာကို မောင်သိနေမှာဘဲ ဘာဖြစ်လို့လဲဆိုတော့ လွမ်းနောက်မှာ မောင်က အရိပ်လို ရှိနေလို့ မထူးဘဲနဲ့တော့ လျှောက်ပြေးမနေပါနဲ့ မောင်ပြောတာကို နားထောင်ပါ. . .''

သူ့ လွမ်းကို အကြာကြီး မော့ကြည့်နေပြီးမှ ချာခနဲလှည့်ထ သွား၏။ လွမ်းမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

ဘာမှမဟုတ်ခဲ့ဘူးထင်သော နှလုံးသားဟာ ဘာကြော ဆတ်ဆတ်ခါ နာကျင်နေခဲ့တာလဲ. . .

✿ ✿ ✿ ✿ ✿



## အခန်း (၂၅)

'' အော့. . .''

အိမ်ပေါ်လှမ်းအတက်မှာ လူက ယိုင်ကာ တံခါးဆီကိုဖမ်း ကိုင်လိုက်ရသည်။

'' ဦးရန် ဦးရန် မူးလာသလား ''

မျက်ခွံတွေလေးလံကာ လူလုံးမကွဲသော်လည်း နားဆီမှာ ထိုအသံကို ခါးသီးနေသည်။ ဒီအိမ်မှာ ကိုယ့်ချစ်သူမရှိတော့ဘူးဆိုသည့် အသိက စွဲမြဲနေသည်မို့ ဘယ်အသံ ဘယ်အရိပ်ကိုမှ လက်မခံနိုင်ဘဲ

'' ဘာလဲ. . . မလာနဲ့. . . မကိုင်နဲ့သွား. . . ထိကိုင်လာသည့် လက်ကို ပုတ်ထုတ်ပစ်လိုက်၏။ ''

'' ဟုတ်တယ် ငါမူးလာတယ် ဒါပေမယ့် မင်းအသံကို မေ့သွားလောက်အောင် မမူးဘူး. . . ဘယ်လောက်မူးမူး မင်းချော်လဲ ရောထိုင်လို့ မရတော့ဘူး. . . တစ်ခါက ငါ့မှာ အချစ်ဆိပ်တက်ပြီး အမှားတွေ တစ်ပွေ့တစ်ပိုက်နဲ့ မူးမိုက်လာခဲ့လို့မှားတာ ဟား. . . ဟား. . . အော့. . .''



www.burmeseclassic.com

www.burmeseclassic.com



သူခြေလှမ်းတွေ ယိုင်နေပေမယ့် ဆိုဖာပေါ်မှာ ကွက်တိလဲကျ သွားနိုင်သည်အထိ ထိန်းသိမ်းနိုင်ခဲ့သေးသည်။

ထန်က နောက်ပါးမှ တောင့်တောင့်လေး လျှောက်လိုက်လာ၏။

ပြီးတော့ ရန်ကာကွယ် ခြေရင်းမှာ ရပ်လျက်

'' ဦးရန် မနေ့ညက ဘယ်မှာ သွားအိပ်သလဲ ''

'' ငါဟာငါ ဘယ်မှာ သွားအိပ်အိပ် မင်းမေးဖို့ မလိုပါဘူး... မင်းရှိရာကို ခုလို ပြန်ရောက်လာဖို့အတွက် ငါကိုယ်ငါ ဘယ်လောက်နှ သိမ့်ခဲ့ရသလဲ သိလား အဟွန့် လွမ်းနဲ့ ပတ်သက်ပြီး ငါဒီကထွက်သွားရ လွမ်းကို ဘာသွားလုပ်မယ် ညာသွားလုပ်မယ် ပြောမယ်ဆိုမယ်ဆိုတဲ့ မင်းရဲ့ ခြိမ်းခြောက်စကားတွေသာ မရှိခဲ့ရင် မင်း ငါ့ရဲ့ အရိပ်ကိုတောင် မြင်ရမှာ မဟုတ်ဘူး...အဲဒါ နားလည်ထား...''

'' ထန် နားလည်ဖို့ထက် ဦးရန်ခုလို နားလည်ဖို့ပဲလိုတာ ထန်ပြောသမျှ ခြိမ်းခြောက်တာ တစ်ခုမှ မပါဘူး နောက်ထပ်ရှိသေးတယ် မေလွမ်းနဲ့ ဦးရန်ကို ကွာရှင်းပေးပါလို့ ထန် မတောင်းဆိုခဲ့ဘူးနော်... ဒါပေမယ့် အခု ဦးရန်ကိုထန်ပိုင်တယ်...ဦးရန်လောလောဆယ် လုပ်နေတဲ့ လုပ်ငန်းကို ထန်ကို လွှဲပေးပြီးသား မေလွမ်းဆီ ဦးရန်သွား မလိုသလို ဘာမှ မထောက်ပံ့ရဘူး...မေလွမ်းက ထန့်အဖေ ပေးသင့်ထောက်ပံ့သင့်တာကို ထန် ထောက်ပံ့မယ်...ဦးရန် မေလွမ်း ပတ်သက်တယ် ထောက်ပံ့နေတယ်ဆိုတာ အတိအကျသိရတဲ့ တစ်နေ့ မေလွမ်းနဲ့ ထန်ရင်ဆိုင်တဲ့နေ့ပဲ ထန်ဆိုတဲ့ မိန်းမက သူများသေးသေး တင်ရင် ဆံခတ်တတ်တဲ့မိန်းမ ထန်မပြောရဲတာ မလုပ်ရဲတာ ဘာမှမရှိဘူး...''

'' မင်း...''

ဆိုဖာပေါ်မှာ ပက်လက်ကြီးလဲနေရာမှ ရန်ကာကွယ် လက်ထောက်၍ ခေါင်းထောင်ကြည့်သည်။

အရက်ရှိန်ကြောင့် နီရဲနေသည့် နှုတ်ခမ်းတို့က ဒေါသကြောင့် တင်းတင်းစေ့ကာ မခံရပ်နိုင်စွာ တက်ခေါက်၏။

'' မင်းလို သမီးမျိုးကို လွမ်းက ငဲ့ညှာနေတာ ငါရင်နာတယ် ရဲရင့်ထန်...အေး မင်းလုပ်သမျှ လွမ်းကို မထိခိုက်ရအောင် ငါနွား အဖြစ်ခံတယ် လွမ်းစိတ်မဆင်းရဲစေချင်လို့ ငါ့အသည်း ပြာကျခံလိုက်မယ် ကြိုက်သလိုယုတ်မာစမ်း...''

ထန်က လက်ပိုက်၍ ပြုံးသည်။

သို့သော် လောင်ပြုံးတို့ကြားမှာ နာကျင်ဆွေးမြေ့ခြင်းက ဖုံးဖိမရ။

ရန်ကာကွယ်ကို ချစ်မိ၍ ကျူးသွင်းဖို့ ကြိုးစားသမျှ သူမအတွက်က အမုန်းတွေချည်းပါပဲလား...

'' ရဲရင့်ထန် မင်း...မင်းရဲ့ ရဲရင့်မှုတွေကို ငါဆက်မကြားပါရစေနဲ့ မင်း...မင်း ငါ့ရှေ့က ထွက်သွားစမ်း သွားကွာ...သွား ''

'' မသွားနိုင်ဘူး...ထန်ပြောစရာ ကျန်သေးတယ် အခု



www.burmeseclassic.com

www.burmeseclassic.com



ထန့်မှာ ထန့်မှာ ကိုယ်ဝန်ရှိနေပြီ ''

'' ဟင်. . . ဘာ. . . ဘာပြောတယ် ''

ရန်ကာကွယ် ခေါင်းထဲမှာ ဒိန်းခနဲ ပေါက်ကွဲသွားသည်။

ဒီစကားသံကို အမူးနဲ့ ရောထွေးကာ မကြားဘဲ နေလိုက်ရ တော့လား. . . သူရှင်းလင်းစွာ ကြားလိုက်ရသည်။

မူးနေတာတွေ ဘယ်ရောက်ကုန်မှန်းမသိတော့။

ဒီမိန်းမကို မမြင်ချင် မသိချင်၍ မျိုချလာခဲ့သည့် မူးယစ်ခြင်း တို့ကို ဘယ်လိုမှ ဆုပ်ဖမ်းထားလို့မရပါလား. . .

ထန်ပြောသမျှကို နားထဲက မူးယစ်ခြင်းများက ဖယ်ရှား ပြတ်သားပီပြင်စွာ ဆွဲယူနားဆင်ခဲ့သည်။

ကိုယ်ဝန်ရှိနေပြီတဲ့

နားထဲမှာ သံပူရည်စီးကြောင်းကြီးတစ်ခု နှလုံးသားထဲ တိုက်ရိုက်စီးဝင်သွားသည့်နှယ်. . .

'' မင်း. . . မင်း တစ်လကျော်ကျော်ပဲ ရှိသေးတာ. . . ''

'' ဟုတ်တယ် ဘာလဲ ဦးရန်က မယုံကြည်လို့လား ထ အားလုံးသေချာအောင် စမ်းသပ်စစ်ဆေးပြီးပြီ အဲဒီတော့ ဦးရန်ကို ထ ထပ်ပြောမယ် မေလွှမ်းနဲ့ လုံးဝမပတ်သက်ပါနဲ့ သတင်းထပ်ကြားတာ အခြေအနေတွေ ရှုပ်ထွေးပြီး ဒီထက်အဖြစ်ဆိုးသွားအောင် ထန်လု မယ်. . . ''

ရန်ကာကွယ် ထိုင်လျက်နှင့် ငုတ်တုတ်သေသွားခဲ့၏။





အချိန်များစွာ ထိုင်နေမိကာ ဘယ်လိုမှ ဖြေစရာရှာမရသည့် အဆုံးမှာ ထပ်မူးချင်လာသည်။

ဗီရိုကိုဖွင့်. . . နံရံကပ် ရှိုးကေ့စ်ထပ်ပေါ်မှာရှာ. . . ရှိသမျှ ပုလင်းတွေ ဘယ်ပုလင်းဆွဲဆွဲ အရက်ကမရှိ။

ဒီအဖြစ်ဆိုးကြီးထဲက လွတ်မြောက်ခွင့်ပေးပါ။

ဒါတွေဟာ အိပ်မက်ဆိုးတွေဖြစ်ပါစေ. . .

မိုးစင်စင်လင်းသည်အထိ သူဆိုဖာပေါ်မှာ ကျောခင်းလို့မရခဲ့ မျက်နှာသစ် ရေသုတ်နေဆဲ ထန်ရောက်လာ၏။

'' ဦးရန် ''

သူလှည့်မကြည့်ဘဲ အခန်းထဲ တောက်လျှောက်ဝင်လာတော့ နောက်ကပါလာ၏။

ပြီးတော့ သူ့အတွက် ထုတ်ထားပြီးသည့် ဝတ်စုံကို ယူပေး သည်။

'' မလိုဘူး. . . မင်း ငါ့အတွက် ဘာမှလုပ်ပေးဖို့ မလိုဘူး. . . မင်း. . . မင်းငါ့နားမှာ ရှိနေတာ ငါ့အတွက် ငရဲပဲ. . . မင်း. . . ထွက်သွားလိုက် ''

ထန်က ဝတ်စုံကို မွေ့ရာပေါ်ပစ်တင်၍ နာကျည်းစွာ မဲ့ပစ်လိုက် ၏။

'' ဦးရန် ညက မူးနေတာ ထန်ပြောတာကို ကြားမှကြားရဲ့ လားလို့ပါ. . . ''



www.burmeseclassic.com

www.burmeseclassic.com



" ကြားတယ် မင်းကိုယ်ဝန်ရှိတဲ့အတွက် ငါ့ဘာမှ ထပ်ပေးမှာ မဟုတ်ဘူး မင်းအတွက် ငါပေးသင့်တာ ပေးနိုင်တာကိုပေးပြီးပြီ ဒီကိုယ်ဝန်ကို ငါစိတ်လည်းမလှုပ်ရှားဘူး. . . အရေးယူဖို့လည်း မရှိဘူး. . . မင်းထပ်သိထားဖို့က မင်းဟာ ငါ့အတွက် လမ်းဘေးမှာ ချရောင်းနေတဲ့ ကော်ပတ်ရုပ်တစ်ရုပ်လောက်တောင် စိတ်ဝင်စားဖို့ မကောင်းဘူးဆိုတာပဲ "

" ဘာပဲဖြစ်ဖြစ် ဦးရန်က ဒီကလေးရဲ့ အဖေပါပဲ "

" တောက်. . . "

ရန်ကာကွယ် ဗီရိုတံခါးကို ကိုင်ထားလျက်မှ ဝုန်းခနဲ ဆောင့်ပိတ်ကာ လက်သီးဆုပ်၍ အားကုန်ထုပစ်လိုက်သည်။

တဆစ်ဆစ် နာကျင်နေသည့် နှလုံးသားက ထိုဗီရိုတံခါးကြားမှာ ညှပ်လျက် သွေးစိမ်ရှင်ရှင် စီးကျနေသည့်နှယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၆)

ကားကို ဆီလိုမ့်ရုံလေး မောင်းနေရင်း လွမ်း လျှောက်နေသည့် အတိုင်း နောက်က လိုက်လာခဲ့မိသည်။

လွမ်းကားမှတ်တိုင်ကနေ လိုင်းကားပေါ် တိုးတက်သွားကတည်းက သူထိုကားနောက်က ထပ်ချပ်မကွာ ကပ်မောင်းလိုက်ခဲ့သည်။

လွမ်းကားပေါ်က ဆင်းလာတာ တစ်သျှူးလေးနဲ့ ချွေးသုတ် အင်္ကျီလေးဆွဲချ ပြုပြင်နေတာ အားလုံးကို ရင်နာစွာ ငေးကြည့်နေမိ၏။

ပြောင်အိနေသည့် သစ္စားရောင် ကိုယ်ကျပ်ဝတ်စုံကလေးနှင့် ဆံပင်တွေကို ဒီအတိုင်းဖြန့်ချထားသော လွမ်းမျက်နှာဖြူနုနုလေးကို ငေးကြည့်၍ စတီယာတိုင်ကို တင်းကျပ်စွာ ဆုပ်ထားခဲ့ရသည်။

လွမ်းကို သူ့ရင်ခွင်ထဲမှာ နေမလောင် မိုးမလောင်အောင် ထားချင်ပေမယ့် လွမ်းမျက်နှာလေးမှာ ချွေးသီးနေတာကို မမြင်ရက်ဘဲ ဖြစ်နေရသည်။

လွမ်းလျှောက်သွားတော့ သူကားကို ဖြည်းဖြည်းမောင်းလိုက်ခဲ့၏။ လွမ်းသည်ကုမ္ပဏီကြီးတစ်ခုရှေ့မှာရပ်၍ လက်ကိုင်အိတ်လေးထဲမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကိုရှာဖွေနေသည်။

ဘာလုပ်တော့မည်ကို သူသိလိုက်၍ ရှေ့မှာတင်ထားသည့် ဖုန်းကို လှမ်းယူလိုက်သည်။

ကုမ္ပဏီဆီ တစ်ချက်လှမ်းကြည့်၍ နံပါတ်တစ်ခုကိုနှိပ်လိုက်ပြီး

" ကိုကိုမောင်လား. . . ငါပါ. . . "

". . . . . . . . ."

" အေး မင်းဆီကို မေလွမ်းရင့်ဆိုတဲ့ မိန်းကလေး အလုပ်လာလျှောက်တာလား "

" . . . . . . . . . . . . "

" ဟာ ဟိတ်ကောင် အဲဒါ ပြောမလို့ သူ့ကို မင်းဆီက အမြင့်ဆုံးလစာနဲ့ နေရာကောင်းကောင်းပေးလိုက်ပါ လုံးဝအရည်အချင်းရှိတယ် ငါတာဝန်ယူတယ်ကွာ. . . "

" . . . . . . . . . . "

" မနောက်နဲ့ကွာ. . . အဲဒါ ငါ့မိန်းမ "

" . . . . . . . . . . "

" အိုခေ ငါ့မိန်းမက ငါ့အသက်ထက်တန်ဖိုးရှိတယ် သဘောပေါက်ရင် မင်းဘယ်အပိုင်းက ပါဝင်ရမယ်ဆိုတာ စဉ်းစားထား ဟိတ်ကောင် ငါ့နာမည်လုံးဝထည့်မပြောမိစေနဲ့နော်. . . "

" . . . . . . . . . . "

" ငါ့အိမ်ထောင်ရေး ဘာဖြစ်နေတယ်ဆိုတာ မင်းမသိသေး



လို့ပါ. . . ဒါပဲကွာ ညနေ ငါလာမှပဲ ပြောပြမယ် အင်း. . . ဒါပဲ "

အချိန်အတော်ကြာမှ လွမ်းပြန်ထွက်လာသည်။

လာတုန်းအတိုင်းပဲ သူလိုက်ခဲ့တာ လွမ်းဆင်းတော့မှ ကားရပ်ခဲ့ပြီး လွမ်းအပေါ်ထပ်တက်သွားသည်အထိ အချိန်ဆွဲလျှောက်ခဲ့၏။

နောက်ကို တစ်ချက်မှ ပြန်မကြည့်ဘဲ လွမ်းတံခါးဖွင့်ဝင်လိုက်တော့မှ သူပြေးတက်ခဲ့ကာ. . .

" ဟင်. . . ရှင်. . . ရှင်. . . "

လွမ်း. . . လက်ကိုင်အိတ်လေးကိုဖြစ်သလို လွှတ်ချကာ တံခါးပိတ်ပစ်ဖို့ ကြိုးစားသည်။

သူက ဖွတ်တိုးဝင်လိုက်၍

" ခဏလေးလွမ်း မောင် စကားနည်းနည်းပြောပြီးပြန်မှာ "

" အိုမပြောနဲ့ ကျွန်မ ဘာမှ မကြားချင်ဘူး ရှင်ထွက်ဆိုထွက်သွားနော် "လွမ်းက နောက်ကို တွင်တွင်ဆုတ်၍ တွေ့ကရာ ပစ္စည်းတွေနှင့် ကောက်ပေါက်နေသည် "

ရန်ကာကွယ် လက်ကာရှောင်တိမ်း၍

" နေဦး ခဏလေး လွမ်း မောင်ပြောဦးမယ်ကွာ. . . "

" မပြောနဲ့ "

" မောင် နောက်တစ်ပတ်ဆို ဂျပန်ကို ထွက်တော့မှာ "

" ဘာ "

ပစ်ချက်တွေ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လွမ်း ဆတ်ခနဲ ခါးထောက်ပစ်လိုက်၍

" ရှင်က ဒီနည်းနဲ့ ရှောင်ထွက်သွားဖို့ ကြံတာပေါ့ ဟုတ်လား"

" ဟုတ်တယ် မောင် ဘယ်လိုမှ မခံစားနိုင်တော့ဘူး. . . လွမ်းကို မောင်စွန့်လွှတ်လိုက်ရလို့ အဝေးကပဲ ကြည့်နေမြင်နေခွင့်လေ ရရ မောင်ဖြေနိုင်တယ်. . . ဒါပေမယ့် မချစ်တဲ့သူရဲ့ အနားမှာ တစ်စက္ကန့်လေးတောင် မနေနိုင်တော့ဘူး. . . သူ့ကို မောင့် မှာ ပိုင်ဆိုင်သမျှ အားလုံးပေးခဲ့မယ်. . . ဒီ့ထက်ပိုပြီး မောင် မပေးဆပ်နိုင်ဘူ လွမ်း ဒါကြောင့် လူယုတ်မာ ဖြစ်သွားနိုင့်တယ်ဆိုလည်း မတတ်နိုင်ဘူ အဲဒါ မောင်လာပြောတာ "

" အို. . . မသွားရဘူး "

သူလှည့်ထွက်ဖို့ပြင်တော့ လွမ်းက ရှေ့တိုးလာသည်။

" သူလိုချင်တာ စည်းစိမ်ဥစ္စာတွေ မဟုတ်ဘူး. . . ရှင့်ရ ချစ်တာ သမီးလေးက အပျိုစစ်စစ် နုနုငယ်ငယ်လေးပါ ဗိုဆိုယင်ဗိုတော မသာမ်းခဲ့သေးဘူး ရှင် သူ့ကို ချစ်ဖို့ကြိုးစားကြည့်လိုက်ပါ ရန်ကာကွယ ရှင်လိုချင်တာကိုတောင် သူ့ဆီက ယူခဲ့သေးတာပဲ သူလိုချင်တာ ရှင်ပြန်ပေးနိုင်ရမှာပေါ့ "

" အဲဒါကိုက လွမ်းမှားနေတာ မောင်သူ့ဆီက ဘာကို တပ်မက်ခဲ့တာမရှိဘူး. . . ဘယ်တုန်းကမှ မရှိဘူး. . . အခုလည်း မ ဘူး. . . နောင်လည်း ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး. . . အရ ကြောင့် မှားခဲ့တာ မင်းဘဲဆိုတဲ့အသိနဲ့ မှောင်မိုက်ခြင်းထဲမှာ အမူးလွ



းခဲ့တာ ဒါကို ဒီ့ထက်ဘာမှမောင် မပေးဆပ်နိုင်တော့ဘူး မင်းတို့ ားအမိရဲ့ တုံ့ပြန်မှုတွေကြားမှာ ကြာရင် မောင် ရူးတော့မယ် အဲဒါမင်း လား. . . "

" မသိဘူး. . . ရှင်လုပ်ခဲ့တဲ့အပြစ်အတွက် ရှင်တာဝန်ယူရမှာ "

ရန်ကာကွယ် ခေါင်းခါပစ်၍ လွမ်းကို စိုက်ကြည့်သည်။

ဒီတစ်ခါ လွမ်းနဲ့ ပတ်သက်ပြီး သူတွေဝေမိလျှင် သည်းပါမက တစ်ကိုယ်လုံးပြာကျသွားနိုင်သည်။

ချစ်သူကို ကိုယ်ပိုင်ဆိုင်ချင်ပါလျက်နှင့် ဆုံးရှုံးခဲ့ရသော ဆင်းရဲကိုလည်း မခံစားနိုင်တော့။

" မောင် ဘာဖြစ်ဖြစ် ဘယ်လောက်ပဲ ခံစားရပါစေ မင်းကို င်ပစ်မထားနိုင်ဘူး. . . မင်းအနားမှာ နေခွင့်မရတဲ့ အနာဂတ်မှာ င့်မှာ မျှော်လင့်ချက် ဘာမှမရှိတော့ဘူး. . . ဒါကြောင့် မောင် ဖြတ်တာ မြန်မာပြည်ကနေ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လုံးကို ထားခဲ့ပြီး သွားမယ်၊ ပစ္စည်းမက်တဲ့သူ ပစ္စည်းကိုယူ မောင့်ကို င်ချင်လို့ ရှောင်နေရတဲ့မင်း စိတ်ချမ်းသာမှုကိုယူပေါ့ မောင်ကတော့ ာ်ချည်းသက်သက်ပြန်သွားမှာပါ "

လွမ်းရင်ထဲမှာ နာကျင်လာသည်။

ဘာကြောင့်မှန်းမသိဘဲ မျက်ရည်တွေ ဝေ့တက်လာပြီး ငိုချင် ကို တားဆီးနေရင်း ရင်ထဲမှာ မွန်းကြပ်အောင့်တက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားရာ

" လွှမ်း "

ကြမ်းပြင်ပေါ် ခွေခေါက်ပုံကျသွားသည့် လွှမ်းကို ခေါင်း[...] ဆောင့်ကျမသွားမီ ရန်ကာကွယ် အမိအရ ပြေးပွေ့လိုက်၏။

" လွှမ်း. . . လွှမ်း. . . "

မျက်နှာလေးကို မေးဖျားမှ ကိုင်လှုပ်သည်။

ကိုယ်လုံးလေးကို တင်းကျပ်စွာဖက်၍ လှုပ်နှိုး၏။

ကြံရာမရသောအခါ ဆရာဝန်ဆီ ဖုန်းဆက်လိုက်ရသည်။

အရေးတကြီးမှာတာမို့ ဆရာဝန်ချက်ချင်းရောက်လာပြီး

" ကျွန်တော့် မိန်းမ ဘာဖြစ်တာလဲ ဒေါက်တာ. . . "

" အားနည်းပြီး မူးလဲသွားတာပါ. . . ပြီးတော့ လူနာ[...] ကိုယ်ဝန်ရှိနေတယ် "

" ဗျာ. . . "

" သူ့ရင်ထဲမှာ လှိုက်ခနဲ လင်းလက်သွားသော်လည်[...] ဆို့နင့်ခြင်းက ကပ်ပါလာလျက် "

" တကယ်သေချာသလား ဒေါက်တာ. . . ဘယ်နှ[...] ရှိပြီလဲဟင် "

" သုံးလ. . . "

ဆရာဝန်ပြန်သွားတော့ သူလွှမ်းမျက်နှာလေးကို စိုက်ကြ[...] ကာ နဖူးဆံစလေးတွေကို တယုတယ သပ်တင်ပေးမိသည်။



လက်ဖဝါးလေးကို ထွေးဆုပ်၍ နမ်းနေမိကာ အကြိမ်ပေါင်းများ[...]ွာ သူဘာလုပ်ရမလဲ. . . လွှမ်းကိုထား၍လည်း ထွက်မသွားနိုင်တော့[...]တာ သေချာသည်။

ကိုယ့်ရင်သွေးကို လွယ်ထားပါသည့် ချစ်ဇနီးလေးကို ပယ်ယထွေး ပွေ့ထားချင်ပေမယ့် မဖြစ်နိုင်။

လွှမ်း ဘယ်လိုမှ လက်ခံမှာ မဟုတ်တာကို သိနေသည်။

တကယ်လို့များ ကိုယ်ဝန်ကို လွှမ်းဖျက်စီးပစ်လေမလား. . . [...]န်ထဲပူလောင်လာသည်။

" အင်း. . . "

လွှမ်းကိုယ်လေး လှုပ်လွန့်လာ၏။

" လွှမ်း. . . လွှမ်းသက်သာရဲ့လား မူးသေးလားဟင် "

" အို. . . ရှင် အိပ်ခန်းထဲထိ ဘာဝင်လုပ်တာလဲ "

သူ့ကို မြင်သည်နှင့် လွှမ်းအတင်းကျုံးထသည်။

ရန်ကာကွယ် လွှမ်းရဲ့ဘေးမှာ ထိုင်နေရင်း နအိသော ကိုယ်လုံး[...]လေးကို သိမ်းဖက်ထားလိုက်ပြီး

" လွှမ်းရယ် ခုပဲ ဆရာဝန် ပြန်သွားတယ် မင်းမှာ ကိုယ်ဝန်ရှိ[...]နေပြီတဲ့ "

" ဟင်. . . "

လွှမ်း သူ့ရင်ခွင်ထဲက ဖွတ်ရုန်းနေရင်း တောင့်တောင့်လေး[...]သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" မောင် ဒါကို ဘယ်လို ဥပေက္ခာထားရမှာလည်း မောင့်ရင်သွေးလေးကို လွယ်ထားရတဲ့ ဇနီးကို ဆင်းဆင်းရဲရဲနဲ့ မောင် ဘယ်လိုစိတ်မွေးပြီး ကြည့်နေရမလဲ. . . လွမ်းကိုမောင် စောင့်ရှောက်ပါရစေ. . . မောင့်ရင်သွေးကိုမောင်. . ."

" မလိုဘူး. . . ရန်ကာကွယ် ကလေးတစ်ယောက်မွေးဖို့ အဖေဘယ်သူဆိုတာဘဲ လိုအပ်တယ်။ အနားမှာ ရှိဖို့မလိုအပ်ဘူး. . . ကျွန်မမှာ အဆောင်အယောင်တွေ မရှိပေမယ့် ကလေးတစ်ယောက်ကို ကျွေးမွေးနိုင်လောက်တဲ့ အရည်အချင်းတော့ ရှိပါသေးတယ်. . . ရှင်ပြန်တော့. . ."

" လွမ်း "

" မပြောနဲ့ မပြောနဲ့တော့. . . လွှတ်. . . ရှင် ခုထွက်သွား"

" မောင် မသွားနိုင်ဘူး. . ."

" အို. . ."

အတင်းအကျပ် ပေးဆပ်လာသည့်အနမ်းများကို လွမ်းငြင်းဆန်နေရင်း မောဟိုက်လာသည်။

ခန္ဓာကိုယ်ဟာ မွေ့ယာနုနုထက်သို့ တအိအိယိုင်နက်ခွေကျသွားရကာ

" ချစ်တယ်. . . လွမ်းရယ် "

✿ ✿ ✿ ✿ ✿



## အခန်း (၂၇)

" သေချာလို့လား ကြီးမေ. . ."

" ဩော် မျက်စိနဲ့ကို တပ်အပ်တွေ့တာ ငါပြောတဲ့တိုက်ခန်းမှာဘဲ နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ဝင်သွားတာ ရန်ကာကွယ်ပြန်ထွက်လာတဲ့အထိ ကြီးမေ စောင့်ကြည့်တာ သုံးနာရီခွဲတိတိကြာတယ်"

ထန်မျက်နှာလေးက နုငယ်မှုလေးတွေ ပျောက်သွားလောက်အောင် နီရဲတင်းမာနေပြီး

နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်ထားလျက် တက်ခေါက်သည်။

" ညည်းထင်သလို လွမ်းကရှောင်တယ်ပဲထား ယောကျ်ားကမပြတ်ရင် ဘယ်လိုမှ မရဘူး. . . အဲဒါပေါ့. . . အစကတည်းကပစ္စည်းကိုပဲရသလောက်ယူပြီး ကန်ထုတ်လိုက်ရင် အေးရော ခုတော့ ဖွတ်မရ ဓါးမဆုံး ဖြစ်ဦးမယ် "

" ကြီးမေကလည်းတစ်မျိုး. . ."

" တစ်မျိုးမနေနဲ့လေ ညည်းသူ့ကိုကြိုက်နေတာ ကြီးမေသိ



www.burmeseclassic.com

www.burmeseclassic.com



တယ် လူကို မက်ရင်လည်း ကိုယ်ကအဖိုးလေး နုနုငယ်ငယ်နဲ့ ပိုင်အောင် စည်းရုံးပါလား. . . အမေနဲ့သမီး အမေကိုတောင် မနိုင်ဘူးဆိုတော့ ဘယ်သူညံ့တာလဲ "

" ကြီးမေ အဲဒီလိုမပြောနဲ့ "

" ကျုပ်က ညည်းလေးကို ကောင်းစားစေချင်လို့ပြောတာပါ"

ထန်က နှုတ်ခမ်းကို အကျည်းတန်စွာ မဲ့ပစ်သည်။

စိတ်က အရင်လို ကြီးမေအပေါ် အားကိုးတကြီး နွဲ့ချင်မှီချင် တာမျိုးမရှိတော့။

ငါ သူဌေးကတော်ဆိုသည့် မာနစိတ်လေးမှာ မေလွှမ်းဘာမှ ယူမသွားဘဲ ထားရစ်ခဲ့သည့် ရတနာတွေ. . .

မီးခံသေတ္တာထဲမှာ သုံးမကုန်အောင် အထပ်လိုက်ရှိနေသည့် ငွေတွေကြောင့် ပို၍ ခေါင်းမော့ချင်သည်။

" သိပါတယ် ထန် ကောင်းစားမှ ကြီးမေစားရမှာကိုး. . . "

" ဘာပြောတယ် ထန်. . . "

" မဟုတ်လို့လား ထန် ဟိုအိမ်လေးမှာ ကြီးမေနဲ့နေတုန်းက ရော အိမ်ကို ကြီးမေပေါင်သုံးခဲ့တယ်၊ ဒီရောက်တော့လည်း ရွှေဆိုရွှေ ငွေဆိုငွေ ထန့်ဆီက ကြီးမေ မရခဲ့ဘူးလား. . . အခု သူဌေးကတော်ဖြစ် ပြီဆိုတော့ ကြီးမေတောင်းလိုက်ရင် ဆယ်ဂဏန်းချည်းပဲ ထန် ဘာတွေလုပ်ပေးတယ် ဟိုက တစ်ချက်မှ ပြန်မကြည့်ခဲ့ပေမယ့် အ[illegible] ထန့်မှာ သားနဲ့သမီးနဲ့ ဖြစ်တော့မယ် သူများမြှောက်ပေးတိုင်း ကွေးအောင် [illegible]ကာမိဖို့ ကိုယ့်ကိုယ်ကို ဆင်ခြင်မှ ဖြစ်တော့မှာ "

" ရဲရင့်ထန် "

" ဒေါ်စိုးစိုး မျက်နှာကြီး ဘီလူးသဘက်စီးသလို လှုပ်ရှားခက် ထန်လာ၏။ ကိုယ်မွေးသည့်မျောက်က ပြန်ခြောက်တာခံရတော့ အသားဆိတ်တာ ထက်နာမိသည် "

" ညည်းက ခုတော့ ဒီစကားမျိုးပြောပြီပေါ့ ကျုပ်တင်ပေးလို့ [illegible]တ်ပြည်ရောက်သွားပြီကိုး. . . "

" ဘာမှမဆိုင်ဘူး ဘယ်သူမဆို ကိုယ့်သမိုင်း ကိုယ်ရေးတာ [illegible]ဇာတ်မှာ ထန် ဦးဆောင်တာ ထန်က မင်းသမီး ကြီးမေက မဏ္ဍာပ်တိုင် [illegible]ကက်ပြမနေပါနဲ့ ဒီနေ့ကစပြီး စာရင်းရှင်းရအောင် ပေးတာက သပ်သပ် [illegible]ချေးငှားတာက သပ်သပ်ပေါ့. . . ထန် ပေးခဲ့သမျှကို ထားလိုက်ပါ။ ကြီးမေပေါင်သုံးထားတဲ့ ဒက်ဒီ့အိမ်လေးကို ကြီးမေပြန်ရွေးပါ၊ [illegible]တစ်လအတွင်း ထန် လိုချင်တယ် "

" ဘာ "

ဒေါ်စိုးစိုး ဟန်မဆောင်နိုင်တော့ဘဲ ဝုန်းခနဲထရပ်လိုက်မိ၏။

" ညည်းဟာ ကျေးဇူးကန်းတဲ့ ငမန်းပဲ၊ အချော့ကြိုက်တဲ့ [illegible]သူမိုက်ငါက ညည်းအကြိုက်မပြောဘဲ အမေလောက် မပိုင်ဘူး [illegible]အသုံးမကျဘူး ပြောလိုက်တာနဲ့ ပါးကိုက်လို့ နားကိုက်တာ မဟုတ် [illegible]ဘား. . . မလုတာ မလုဘူးပေါ့အေ. . . ညည်းမှာ အသက်ငယ်တဲ့ [illegible]ထပ်ပဲရှိတာ ဘာမှမက်စရာမရှိဘဲ လွမ်းနဲ့ ဘယ်နေရာမှာယှဉ်လို့ရသလဲ



www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားလေးကအစ မတူဘူး. . . မလှလို့ မလှဘူးပြောတာ မခံနိုင်စ
မရှိပါဘူးအေ. . . လူတိုင်းသိကြတာပဲဟာ ရန်ကာကွယ်လိုလူကို ညည
မမျှော်လင့်နဲ့ လွမ်းလောက်လှတဲ့ မိန်းမကို ပစ်ပြီး ညည်းအနားဘ
တော့မှ ရောက်လာမှာ မဟုတ်ဘူး. . . အဲဒါသေချာတယ်. . .''

'' သွား. . . ရှင်ကြီး ခုထွက်သွား မလိုတစ်မျိုး လိုတစ်မျိုး
ယုတ်မာကောက်ကျစ်ခဲ့တဲ့ လူတွေ သွားကြ. . .''

'' သွားမှာပါ. . . ညည်းသာ ကျေးဇူးရှိတဲ့ လူတွေ
စော်ကားပြီး ဒုက္ခလှလှကြီးမရောက်ပါစေနဲ့ စိတ်ချရဲရင့်ထန် ညည်းအိမ်
ကျုပ်ပြန်ရွေးပေးမယ် ''

ဒေါ်စိုးစိုး ထမီ 'မ' ထွက်သွားတော့ ထန်မျက်ရည်တွေကျ
လျက် ဒေါ်သက စားပွဲပေါ်မှာရှိသမျှ ပစ္စည်းတွေဆီမှာ စုပြုံသွားခဲ့

''ဗုန်း''

''ခွမ်း''

တစ်အိမ်လုံးကွဲရှကြေမွကာ ရစရာမရှိတော့မှ အားပါး
ငိုချပစ်လိုက်မိသည်။

မလှဘူး အပြောခံရသည့်စကားလုံးများကို သူမနာကျ
လို့မဆုံး၊ ဒါကိုငယ်ငယ်လေးကတည်းက ခါးသီးခဲ့တာဖြစ်သည်။

လက်မခံနိုင်ခဲ့တာ

ခုချိန်ထိ အရာရာကို မရနိုင်ခဲ့တာကော ဆုံးရှုံးရခဲ့သမျှ ဒီအ
ကြောင့်၊ ကိုယ်မလှတာ သူကလှနေလို့





ထန်ကိုယ်လေး ဆတ်ကနဲဖြစ်သွားကာ ဖုန်းရှိရာသို့ခေါင့်အောင့်သွားပြီး ကောက်ကိုင်လိုက်သည်။

သို့သော် မဆက်ဖြစ်ဘဲ ပြန်ချကာ လက်ကိုင်အိတ်ကို ယူ၍ အိမ်ပေါ် က ပြေးဆင်းလာခဲ့သည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

" ဘာ. . . သမီး သမီးမှာ ကိုယ်ဝန်ရှိနေတယ်ဟုတ်လား"

လွမ်းအံ့လည်း အံ့သြ သမီးလေးကိုလည်း သနားသွားမိခဲ့၏။

ထန်သည် ငိုလည်းငို နှုတ်ခမ်းကိုက် အံကြိတ်လျက် လွမ်းကို လက်ညှိုးငေါက်ငေါက်ထိုး၍

" ဟုတ်တယ် နှစ်လကျော်နေပြီ ဦးရန်က ဒီကိုယ်ဝန်ကို လုံးဝဂရုမစိုက်ဘူး. . . ထန်နားကိုလည်း ဘယ်တုန်းကမှ မကပ်ဘူး အဲဒါ မေလွှမ်းကြောင့် မေလွှမ်းက ထန့်ယောကျာ်းကို ကွယ်ရာမှာ နိုးပေါင်းနေတာ ထန်မသိအောင် လက်ခံနေတာ လူတွေရှေ့မှာတော့ ကတိတွေပေးပြီး အဲဒါ မေလွှမ်းခိုးယူတာပဲသိလား. . . "

" သမီး. . . "

" အို မခေါ်နဲ့ မေလွှမ်းကို ထန်လုံးဝမကျေနပ်ဘူး. . . "

ထန်က တိုက်ခန်းကို လှည့်ပတ်ကြည့်၍

" ဒီတိုက်ခန်းကကော ဘယ်သူဝယ်ပေးတာလဲ ဦးရန့်ပဲ မဟုတ်လား. . . "





" ဟင့်အင်း မဟုတ်ဘူး. . . ဒါ ပပစံရဲ့ တိုက်ခန်း သူငှားထားတာကို မေလွှမ်းက ကပ်နေတာပါ. . . "

" လုံးဝမယုံဘူး. . . ဦးရန့် မေလွှမ်းနဲ့ ဆက်သွယ်နေတာ ထန်သိတယ် "

" မဟုတ်ဘူး သမီး. . . မဟုတ်ဘူး. . . မေလွှမ်း သူ့ကို လုံးဝ လက်မခံဘူး. . . "

ဒါဟာ မှန်သော သစ္စာပါ. . .

အကြိမ်ကြိမ်အခါခါ မှားယွင်းမိမှာစိုး၍ သုံးလွှာထပ်ကနေ ဒီမြေညီထပ် တိုက်ခန်းလေးမှာနေသည့် ပပစံကို အကူအညီတောင်းကာ တစ်နှစ်လောက်နေခွင့်ပေးဖို့ တောင်းဆိုခဲ့ရသည်။

တစ်ဘက်မှာ မီနီမားကတ်လေးနှင့် တစ်ဘက်မှာ ကျောင်းသုံး စာအုပ်အမျိုးမျိုး ခဲတံ၊ ဘောလ်ပင်နှင့်ကအစ ရောင်းသည့် တိုက်ခန်းလေး ရှိသည်။

အလယ်မှာ ကိုယ်ကနေတာမို့ တော်ရုံနှင့် တိတ်ဆိတ်စွာ ဝင်ထွက်ဖို့ မလွယ်သည့် ဒီနေရာလေးကို ရွေးခဲ့သည်။

အလုပ်နားသည့်အခါ ဝင်ငွေလည်းရမည်။အပြင်မထွက်ရတော့ သူမရှိတဲ့အချိန်မှာ တံခါးသော့ပိတ်၍ အေးဆေးစွာ နေနိုင်သည်။ကိုယ့် အစီအစဉ်ထဲမှာ ရန်ကာကွယ်ထံမှ ဘာကိုမှ မျှော်လင့်ထားတာမပါခဲ့တာ အမှန်ပင်။

ဘာပြောပြော ထန်က မယုံကြည်။



www.burmeseclassic.com

www.burmeseclassic.com



" အခု ထန့်ကို မေလွမ်း ဘာလုပ်ပေးမလဲ "

" သမီးပြောပါ မေလွမ်း. . . ဘာလုပ်ပေးရမလဲ "

" ဘာမှ လုပ်ပေးဖို့ မလိုဘူး လွမ်း. . . "

ပပစံက အတွင်းဘက်က နားထောင်နေရာကနေ မနေနိုင် လောက်အောင် မခံချင်ဒေါသဖြစ်မိရင်း အပြင်ထွက်လာ၏။

ထန်နဲ့ လွမ်းကြားမှာ ဝင်ရပ်၍ ထန့်ကို စက်စုပ်သော မျက်ဝန်း တို့နှင့် ခြေဆုံးခေါင်းဆုံးကြည့်ကာ

" ရဲရင့်ထန်ဆိုတဲ့အတိုင်း မအေတစ်ယောက်ကို ရဲရဲရင့်ရင့် ပြောနေလိုက်တာ မင်းငရဲကြီးမှာ မကြောက်ဘူးလား. . . "

" ဘာဖြစ်လို့ ကြောက်ရမှာလဲ သူယူတဲ့ယောကျ်ား မကောင်းလို့ သူထန်ကို မညှာတာခဲ့လို့ ခုလို ထန် ဘဝပျက်ရတာ ဒီအတွက် သူ့မှာတာ တာဝန်ရှိတယ်။ ထန်ဖြစ်စေချင်သမျှ သူလုပ်ပေးရမယ် လုပ်မပေးနိုင်ရင် အပြစ်ထပ်ရှိမှာက သူ ထန် ဘာမှဖြစ်ဖို့မရှိဘူး "

ပပစံက ဆံပင်တိုတို မျက်နှာလေးနှင့်ပြုး၍ ခေါင်းညိတ်ပြ

" ထားပါတော့ မင်းတို့အရေးအခင်းထဲမှာ တို့ဝင်မပါချင်ပါဘူး တို့ပါလို့ရတဲ့ အပိုင်းကိုတို့ပြောမယ် တို့က အမေကို ပြည့်တန်ဆာဖြစ်ခိုင်း စေ။ ဦးခိုက်ရှိခိုး မပြတ်ဘဲ ကိုးကွယ်ခင်ချစ်ခဲ့မယ်ဆိုတဲ့ စိတ်ရှိတယ် တို့ရဲ့ အမေက တို့မွေးပြီးမှ ဖေဖေဆုံးခဲ့ရတယ်ဆိုတဲ့ အစွဲနဲ့တို့ ဘွားဘွားတို့နဲ့ ပစ်ထားခဲ့ပြီး မမြင်ကွယ်ရာမှာသွားနေတာ "

ပြောနေရင်း ပပစံက ထန်မျက်နှာကို စူးစိုက်ကြည့်၍





" ငယ်ငယ်ကတို့ကိုခေါ်ပြီး ဘွားဘွားက မေမေ့ဆီ ခဏခဏ လိုက်ပို့တယ် အဲဒီကလေးကို ခေါ်ခေါ်မလာပါနဲ့ သူ့ကြောင့် သမီးယောကျ်ားသေရတာ. . . သူခိုက်တာနဲ့ တို့ရှေ့မှာတင်ပြောပြီး အော်လွှတ်တာသိလား. . . မေမေ လေးဘက်နာ၊ နှလုံးရောဂါနဲ့ အိပ်ရာ ထဲလဲနေပြီဆိုတော့ တို့က ဒီကအခြေအနေရောက်နေပြီး ဘွဲ့ရ အလုပ်နဲ့အကိုင်နဲ့ပေါ့၊ ဒါတို့ငှားထားတဲ့ တိုက်ခန်းလေ. . . မေမေ့ကို တို့သွားခေါ်ပြီး အခုဆေးကုပေး ပြုစုနေတဲ့အထိ မေမေက သင့်ညင်သာသာ မရှိဘူး. . . ကဲ. . . ဘယ်လောက်ရက်စက်သလဲ ဒါကို တို့က ပြုစုမပျက်ဘူး. . . မေမေမွေးလို့ လူဖြစ်ခွင့်ရခဲ့တာဆိုတဲ့ မိဘမေတ္တာကို အမြဲအောက်မေ့ပြီး ချစ်မြဲချစ်တာဘဲ မင်းအမေ မင်းအပေါ် အဲဒီလောက် ဆိုးသလား. . . ထန် ဘာမှမပြောနိုင် "

" ဖြစ်ခဲ့ကြတဲ့ မင်းတို့ကိစ္စကို တို့သိသင့်သလောက်သိတယ် မင်းကပိုသိမှာပါ. . . ဒီပွဲမှာ မင်းအမေက မင်းအတွက် ဘေးထွက်ရပ် ပေးတာ မဟုတ်လား. . . မင်းဒုတိယနေရာမရောက်အောင် သူဖယ်ပေးခဲ့ တာယ်မဟုတ်ဘူးလား. . . ဒါကို မင်းဘာဖြစ်လို့ အထပ်ထပ် လိုက်စော်ကားနေတာလဲ ဘာလဲ အမေတစ်ယောက်လုံးကို ကျောတစ်ရာ နှင်တစ်ရာ ကြိမ်ဒဏ်ခတ်ပြီး တိုင်းပြည်က နှင်ချင်သေးလို့လား အဲဒီလောက်မိုက်ရိုင်းတာကို တို့လက်မခံဘူး မင်းအခု ဒီကနေ ထွက်သွား ပေးပါ. . . "

ပပစံသည် လွမ်းကို ဂရုဏာ မျက်ဝန်းများနှင့် ငဲ့ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" တို့စိတ်မကောင်းပါဘူး လွှမ်း ဒါဝင်ပါသင့်တဲ့ ကိစ္စမို့ပါ "

ထန်က ပပစ်ကို စူးစူးဝါးဝါးကြည့်နေရင်းမှ. . .

" မေလွှမ်း မေလွှမ်းဘက်မှာ ဘယ်သူတွေ ဘာအားကိုးရှိရှိ ထန် ဂရုမစိုက်ဘူးနော် ထန်ပြောတဲ့အတိုင်း မေလွှမ်းဘာလုပ်ပေးရမလဲ ဆိုတာ စဉ်းစားပေး. . . ဒါပဲ "

ထန် ခြေသံပြင်းပြင်းနှင့် လှည့်ထွက်သွားကာ ကားပေါ်ပစ်ထိုင် သည်။

ကားသံခပ်ဆောင့်ဆောင့်ကြားမှ လွှမ်း ထိတ်ခနဲဖြစ်သွားကာ တံခါးဝဆီပြေးထွက်ကြည့်မိ၏။

သမီးလေး ဘယ်တုန်းက ကားမောင်းတက်သွားတာလဲ. . .

ဘုရား. . . ဘုရား မကျွမ်းမကျင်နဲ့ ဒေါသတွေနဲ့ မောင်းလို့မှား တစ်ခုခုဖြစ်မှဖြင့်

ကားက လမ်းမကြီးပေါ် ဝေါခနဲ ကွေ့တက်သွားလျှင်

" သမီး. . ."

လွှမ်းတိုက်ခန်းပေါ်က ပြေးထွက်၍ ခေါ်သည်။

" လွှမ်း "

မမစံက လွှမ်းလက်ကို နောက်ကနေ ဆွဲထားလိုက်ပြီး

" အဆိပ်ပင်ကို ရေမလောင်းနဲ့ လွှမ်း မိဘမေတ္တာဟာ အနန္တ နာများစွာ ပါတယ်ဆိုတာသိတဲ့ သားသမီးက တုံ့ပြန်တတ်ပြန်ပေမယ့် မသိတဲ့ သားသမီးက ဖိနပ်လုပ်စီးတာ နင့်သမီးက အဆိပ်ပြီးတဲ့မြွေပွေး





မြွေပွေးကို ဖဲမွေ့ယာနဲ့ ခင်းသိပ်ပြီး ရွှေထီးဆောင်းပေးနေလည်း သူခံစား တတ်မှာမှ မဟုတ်တဲ့ နင်ပေးသမျှ သူက အနိုင်ယူဖို့ချည်းပဲ ဖြစ်နေမှာ"

လွှမ်းမျက်ရည်တွေ ပါးပြင်သို့ ပူနွေးစွာ စီးကျလာသည်။

မမစံဟာ ကျောင်းတုန်းက ခင်မင်ခဲ့ကြပေမယ့် သိပ်မရင်းနှီးပါ။ နောက်ပိုင်းမှာ ခေါ်ပြောဖြစ်ခဲ့တယ်လို့လည်း သိပ်မရှိ။

ခုလို ဒုက္ခရောက်တော့မှ အကူအညီတောင်းကြည့်ခဲ့ရတာ ဖြစ်သည်။ဒါပေမယ့် သူမအပေါ်မှာ ငယ်ပေါင်းကြီးဖော်လို သဘောထား ၍ ကူညီခဲ့သည်။ အကြံပေးနှစ်သိမ့်ခဲ့သည်။

လွှမ်း မျက်ရည်တွေကို ကြည့်၍ ပခုံးမှ ဖွဖွသိုင်းဖက်လိုက်ပြီး

" မငိုနဲ့ဟာ ဒါငိုစရာမဟုတ်ပါဘူး ငါတစ်ခုတော့ ပြောချင် တယ် မင်းနေရာတကာ မေတ္တာသက်သက်နဲ့ မကြည့်တဲ့ မိတ်ဆွေ ကောင်း တစ်ယောက်ဘက်ကနေ ဘေးထွက်ကြည့်ပြီး မဟုတ်တာ တွေ့ရင် အမုန်းခံတားဆီးမယ်ဆိုတဲ့ စိတ်မျိုးမွေးသင့်တယ် "

" ပပရယ် သမီးလေးက ငါ့ကို ဟိုတုန်းကတည်းက စိမ်းခဲ့တာ သူများစကားနားယောင်ပြီး သွေးကွဲနေခဲ့တာ ငါအဲဒီလို စေတနာနဲ့ တားဆီးပေမယ့် သူသိမှာ မဟုတ်ဘူး "

" ဟုတ်တယ် အခု နင်နဲ့သူက မိဘနဲ့သားသမီးအနေအထား မဟုတ်တော့ဘူး. . . ဒါကို နင်ပျော့ညံ့ပြီး နောက်ဆုတ်နေပေးလေ ပိုဆိုးလေ. . . ဆုတ်ပြီးရင်း ဆုတ်နေရမှာဘဲ ရင်ဆိုင်သင့်တာကို ရင်ဆိုင် မာသင့်တာကို မာရမယ် နင်တို့အိမ်ထောင်ရေးမှာ ငါထင်တဲ့အတိုင်းဆို



www.burmeseclassic.com

www.burmeseclassic.com



နင့်သမီးက စော်ကားခံရတာမျိုးမဟုတ်ဘဲ ဒီနေရာကို တမင် ဝင်ယူပြီး ပျော်ကမ်မှာစိုးနေတာပဲ. . . သူဒီလိုဖြစ်ဖို့ အစကတည်းက စိတ်ကူးယဉ်ခဲ့တာ သိပ်သိသာတယ် ''

လွှမ်းသိပါသည် ဒါပေမယ့် သူမ သမီးလေးကို ဒီလိုအတွေးမျိုးနဲ့ မကြည့်ရက်ခဲ့။

အထင်အမြင်မသေးခဲ့ မမုန်းခဲ့သည့်အပြင် ရန်ကာကွယ်၏ ဂရုမစိုက်မှုတွေကြောင့် သနားပင် သနားမိသေးသည်။

'' ကြားထဲက ရန်ကာကွယ်က သနားဖို့ကောင်းတာပေါ့ အရက်သမား မစင်ကျွေးလို့ မစားဘူးဆိုပေမယ့် အရက်ကြောင့် အမေ မုန်းမသိ၊ နမမုန်းမသိ၊မှားခဲ့ကြတာ တို့တုရားရှင်လက်ထပ်က ဖာတ်တော် တွေထဲမှာ နင်နဲ့နဲ့စပ်စပ် ဖတ်ဘူးရင် သိမှာပါ. . . ဒါတွေထားပါတော့ ငါအကြံပေးချင်တယ် လွှမ်း. . . အခု နင့်မှာ မပေါ့မပါးကြီးနဲ့ လောလော ဆယ်ဆယ် စားစရာမရှိ၊ နေစရာမရှိ ဘဝမျိုး. . . နေရာစရာ ရှိပြီတဲ့ စားဖို့မွေးဖို့ ငါနဲ့နေတာကို ငါက တာဝန်မယူချင်လို့ မဟုတ်ဘူး. . . ငါဘယ်လောက်ပဲ ကူညီ[illegible]ကြာလာရင် နင်ကိုယ်တိုင် အားနာတာ တွေ အားငယ်တာတွေ ရှိလ[illegible]. . . ဒီကိုယ်ဝန်မှာ အဖေရှိတာပဲ လွှမ်းရယ် သူတာဝန်ယူ တယ်ဆိုတာကို နင်လက်ခံသင့်တယ် ''

လွှမ်းငိုရှိုက်ရင်း ခေါင်းခါပစ်မိသည်။

ပပစံက ပင့်သက်ရှိုက်လျက်. . .

'' နင် ဒုက္ခရောက်နေသလောက် နင့်သမီးက ရွှေဘုံပေါ်မှာ [illegible]စံနေတာ ဒါကိုသူက သာယာနေပေမယ့် ပတ်ဝန်းကျင်မှာ သိပ်ကို အကျည်းတန်တာ. . . ပြီးတော့ သူက လူတွေကို ဘယ်လိုပြောထား [illegible]သလဲ နင်သိလား. . . ''





'' ဘုရား. . . ဘုရား. . . ''

လွှမ်း ခေါင်းထဲမှာ မိုက်ခနဲ ပြာသွားကာ ယိုင်သွား၏။

ပပ ကပျာကယာ ထိန်းဖတ်ထားလိုက်ကာ. . .

'' လွှမ်း. . . လွှမ်း. . . သတိထားလေ ငါမပြောတော့ဘူး. . . [illegible]ာ. . . လာ. . . ''

လွှမ်းမျက်ရည်စက်တွေ တပေါက်ပေါက်ကျဆင်းလျက် အိပ်ရာ[illegible]က်သို့ရောက်လျှင် အရုပ်ကြိုးပြတ်ပုံကျသွားရှာသည်။

ပပသည် လွှမ်း လက်ဖဝါးလေးကို အားပေးဆုပ်ညှစ်၍

'' နင့်ယောက်ျားလည်း အရူးကြီးလိုပါဘဲ လွှမ်းရယ်. . . ဒီကို [illegible]ရာက်လာပြီး ဝင်မလိုက်ရဲရှာဘူး. . . သနားပါတယ် လူကြီးတွေကြားထဲ [illegible]ာ ကလေးက မျက်နှာငယ်စွာနဲ့ လောကထဲ ဝင်ရရှာတော့မယ်. . . [illegible]င်စဉ်းစားစမ်းပါ. . . ''

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၉)

“ သူစဉ်းစားတဲ့အထဲမှာ သူ့သမီးက လွဲပြီး ဘာ… ရှိမှာမဟုတ်ဘူး. . . မပပစံ အဲဒါ သေချာတယ်. . . ကျွန်တော့်ကို ကူညီ… ”

ရန်ကာကွယ်က သော့တွဲတစ်တွဲကို ပပစံရှေ့မှာ အသာချ… လိုက်ပြီး

“ ကျွန်တော့် ခြံသော့ အဲဒီခြံနဲ့ တိုက်ကို ကျွန်တော် အား… စီစဉ်လိုက်တာ သူ့ကိုယ်တိုင်လို့မှ ဆင်းရဲမခံနိုင်ဘူး. . . လွမ်းအဲဒီတိုက်… နေဖြစ်အောင် မပပစံ ကိုယ့်အစီစဉ်နဲ့ကိုယ် ဖြစ်အောင် တွန်းပို့ပေး… ကျွန်တော့်နာမည်လုံးဝ မပါပါစေနဲ့ တိုက်မှာ သူ့အတွက် လိုအပ်… လုပ်ကိုင်ပေးဖို့ မိန်းကလေးတစ်ယောက် အဒေါ်အရွယ်မိန်းမကြီး… တစ်ယောက်ငှားပေးထားတယ်. . . ကျွန်တော်တို့ အမြင်မှာ နိုင်… အဖော်တစ်ယောက်ပေမယ့် သူ့ကိုတော့ အကြီးအကဲအုပ်ထိန်း… တစ်ယောက် မပပစံဘက်က ဘာညာတော်တဲ့သူတစ်ယောက်ပုံစံ…





…ဖြစ်ပါစေ. . . ”

ပပစံ ရန်ကာကွယ်ဆို သူ၏ ချောမွေ့နေသော မျက်နှာကို …အနီးကပ် အခုမှ မြင်ဖူးခြင်းဖြစ်ကာ လွမ်းအတွက် ပြည့်သိပ်နေသည့် …ဂိုမ်ပူပန်မှု ချစ်ခင်ကြင်နာလိုမှုစသော ခံစားမှုများကို အထင်းသား …တွေ့နေရသည်။

ဒါတွေကို လွမ်းက ပိုပြီး ခံစားမိမှာပါ။

တမင် မျက်ကွယ်ပြု၍ သမီးဘက်က ရပ်နေပေးခြင်းသာ …ပေးမည်။အချိုးညည်တွေ ရှေ့မှာ ရှိနေပေမယ့် ဘယ်သူမှ မသောက်ဖြစ် …ဘူး။

“ ကိုယ်ဝန်ကို အိုဂိုတွေနဲ့ အပ်ဖို့ ဂရုစိုက်ဖို့ သူအားနည်းနေ …ယ်. . . ကျန်းမာရေးအစစအတွက် မပပစံ အနီးကပ် ဂရုစိုက်ပေးပါ …ကျွန်တော့်ကို ငွေစကားပြောတယ် မထင်ပါနဲ့ မပပစံ သူမမွေးဖွားမီ …ထိ သူ့နားမှာပဲ အချိန်ကုန်ပေးပါ အဲဒီအတွက် ကျွန်တော် …ဘူးဖူးမမေ့ပါဘူး မပပစံရဲ့ မိသားစုစရိတ်ကိုပါ လုံလုံလောက်လောက် …ကျွန်တော် တာဝန်ယူပါ့မယ် ဖြစ်စေချင်တာက မပပစံတစ်ယောက်ပဲ …တို့ပြောဆို နားချလို့ရမှာမို့ သူ့နားမှာ အနီးကပ် အမြဲရှိနေဖို့. . . ”

“ ယပ နားလည်ပါပြီ. . . စိတ်ချပါ. . . ပပကူညီမယ်. . . သူက …ရဲ့ သိပ်ချစ်တဲ့သူငယ်ချင်းပါ ဒါအပမ်းကြီးတဲ့ ကိစ္စလည်း မဟုတ်ဘူး”

“ အပန်းကြီးတယ် မပပစံ သူကျွန်တော်နဲ့ မပတ်သက်ဘဲ …စံရဲ့ ကူညီမှုတွေပဲလို့ လုံးဝယုံကြည်သွားဖို့ မပပစံ လုံ့လစိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ တစ်ချက်ကလေး လစ်ဟာသွားတာနဲ့ လွမ်းနဲ့ကျွန်တော့် ရင်ဘေ
လေးကို ကျွန်တော်ဆုံးရှုံးလိုက်ရမှာ ''

ပပစံ ခေါင်းညိတ်နေတာကိုဘဲ ရန်ကာကွယ် ဘဝင်ကျ
မပေါ်ဘဲ ဒါကိုဘဲ အထပ်ထပ်ပြောနေသည်။

'' သူ့အလုပ်ထွက်မလုပ်ဖို့လည်း ရအောင်ပြောပေးပါ...
သူ့အတွက် ကားထားပေးတာကိုလည်း မပပစံ ပညာပါပါနဲ့ သူ့လက်
ရောက်အောင် ထည့်ပေးပါ ''

'' လုံးဝ စိတ်ချလိုက်ပါ ပိပိရိရိနဲ့ လွမ်း စိတ်ချမ်းသာသွ
အောင် ပပကူညီမယ် ''

'' ကျေးဇူးတင်ပါတယ် မပပစံ ဘယ်လိုမှ မထင်ဘူးဆို
ဒါလေးကို လက်ခံပေးပါ ''

'' အို. . .''

သူကိုယ်တိုင်ဖွင့်၍ ရှေ့မှာချပေးလာသည့် အနီရောင် ကတ္တ
ဘူးလေးထဲမှ တဖျတ်ဖျတ်လက်နေသည့် စိန်လက်စွပ်လေးတစ်ကွ

'' ဒီလောက်မလိုပါဘူး. . . ကိုရန်ကာကွယ် ပ
သူငယ်ချင်းအတွက် ပပကူညီဖို့ ဆုံးဖြတ်ပြီးသားပါ ''

'' လက်ခံပါ မပပစံ ''

'' ဒါကို မပပစံ လက်ခံနိုင်မှ လွမ်းအတွက် အရိပ်ထ
အခိုင်မာရပြီလို့ သတ်မှတ်ပြီး ကျွန်တော်ဘဝင်ကျနိုင်မှာ မို့လို့ပါ. . .
နောက်ထပ် ကျွန်တော့်ဘက်က ပေးကမ်းထောက်ပံ့မှုတွေအား





ထပ်ပေးလာရင်လည်း လွမ်းအတွက် စေတနာသန့်သန့်နဲ့ပဲလို့ သတ်မှတ်
း လက်ခံပေးပါ. . . ''

ထိုနေရာမှ ထထွက်လာခဲ့တော့ သူ့မျက်နှာမှာ မျက်ရည်တွေ
ဝနေခဲ့သည်လား. . .

ရန်ကာကွယ် အံကြိတ်လျက် ကားပေါ်ပြန်ရောက်လာသည်။
ကိုယ့်ဇနီး၊ ကိုယ့်ချစ်သူကို အကွယ်တစ်နေရာကနေ မြင်နေ၊ လွမ်းနေရ
သည့်အဖြစ်က ရင်နာဖို့ကောင်းလှသည်။

သူဘာကို နာကျင်ရမှန်းမသိ၊ ဘယ်မှာမှ ပေါက်ကွဲလို့မရ။

လွမ်းကို အတင်းပွေ့ချီ၍ ဒီကနေ အဝေးဆုံးတစ်နေရာသို့
ထွက်ပြေးသွားချင်သည်။

မောင့်ကို နည်းနည်းမှ မသနားဘူးလား. . . လွမ်းရယ်. . .

အရက်ကြောင့် ခြေတစ်လှမ်းအမှားမှာ သူပေးဆပ်ခဲ့ရသည်က
င့်နင့်နဲနဲ အရက်ကို သူမုန်းသည်။

မုန်းလျက်နှင့်ဆက်သောက်နေခဲ့သည်။

ရင်ထဲမှာ အမုန်းတွေ အချစ်တွေ ဒေါသတွေနှင့် သန့်စင်ခြင်း
ဆိုတာ ဘာမှမရှိတော့လောက်အောင် မွန်းကျပ်ပိတ်လှောင်နေသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

လွှမ်းအတွက် လိုအပ်မည်ထင်တာတွေ လျှောက်ဝယ်ရင်း ကားနောက်ခန်းထဲမှာ အိတ်တွေစုပုံထပ်လာသည်။

ဝယ်လို့အားမရသေး. . .

ကိုယ်ဝန်က ရင့်လာပြီမို့ အရေးကြီးလာပြီမှန်းကိုသိသည်။

ဒါပေမယ့် အတွေ့အကြုံမရှိတော့ ဘာဝယ်ရမှန်းလည်းမသိ

ထို့ကြောင့် လိုအပ်တာကော မလိုအပ်တာတွေကော စုပြုံ ကားထဲမှာ တစ်လုံးပြည့်သွားသည်။

" ကိုဆန်းကြည့်ပါဦး. . . ဘာလိုသေးလဲ "

" နေဦးကွ. . . "

ဆန်းဆက်က ရေးမှတ်လာခဲ့သည့် စာရွက်ကို ပြန်ကြည့်ကာ ဝယ်ပြီးခြစ်ထားသည့် အမျိုးအမည်တွေကို ဖယ်၍ ကျန်တာ ကြည့်သည်။

" နမ်းထုပ်ဆိုတာ ပါပြီလား. . . "

" နမ်းထုပ်ဆိုတာ ဘာလဲ "





" မသိဘူးလေကွာ နမ်းထုပ်ဆိုတာ နမ်းတာဖြစ်မှာပေါ့ ငါလည်း မမမိုးကိုမေးလာတာပဲ မသိတာချင်းအတူတူ ငါ့ကိုဆရာ မခေါ်ချင်နဲ့"

အားလုံးဝယ်ခြမ်းပြီးတော့ ကားထဲပြန်ထိုင်မိကြရင်း. . . တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

" နေပါဦး ဒီလောက် ပစ္စည်းတွေ ပြည့်ပြည့်စုံစုံကြီး အများကြီးကို မင်းဘယ်လိုပေးမှာလဲ လွှမ်းက မရိပ်မိဘဲ နေမလား. . . "

" မသိဘူး. . . ပပစံဆီကို အရင်ပို့လိုက်မယ် သူစီစဉ်လိမ့်မယ် ဗျာ. . . "

စတီယာရင်ကိုဆုပ်ကိုင်၍ ရှေ့ကိုငေးကြည့်ရင်း ရန်ကာကွယ် နှုတ်ခမ်းတွေကို ဖိပိတ်ထားမိသည်။

" မင်းအဖြစ်ကလည်း ကိုရန် နာမည်ပျက် သိက္ခာကျ ကိုယ့်မိန်းမကို စွန့်လွှတ်ခဲ့ရ. . . "

ရန်ကာကွယ် မျက်ဝန်းမှာ မျက်ရည်ရောင်တွေ လက်လာတာမြင်မှ ဆန်းဆက် ကိုယ့်စကားမှားသွားပြီမှန်းသိကာ စိတ်မကောင်းဖြစ်သွားမိ၏။

" ဆောရီးကွာ လူတိုင်းမှာသောက ကိုယ်စီရှိကြတာပဲ ဒါကို စိတ်ခါတ်မကျဘဲ ကျော်လွှားနိုင်ဖို့ အဓိကပါ. . . ဥစ္စာရင်းမှန်ရင် ပြန်ရမှာဘဲ မင်းအားမလျော့နဲ့ "

ရန်ကာကွယ် ကားစက်နှိုး၍ မချိပြုံးပြုံးမိသည်။

" တကယ်ပြောတာပါ. . . မင်းအတွက်လည်း ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



က အမှန်အတိုင်းမြင်တတ်တဲ့ လူတွေ အများကြီးရှိပါတယ်။ ငါလည်း ပြောပေးတယ် အမှားဆိုတာရှိတတ်ကြတာကို သူတို့သိတယ်. . . မင်းကို နားလည်တဲ့သူတွေရှိနေတယ်ဆိုတာ ယုံစမ်းပါ. . . ''

တမင် နှစ်သိမ့်တာပဲဖြစ်ဖြစ် တကယ်မျှော်လင့်ချက်ရှိနေတာ ပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ အင်အားတွေ ရှိသွားသလိုပါပဲ။

ရန်ကာကွယ် အိမ်ပေါ်တက်လာတော့ ညှော်သည်တွေ အများကြီးနှင့် ထန်ကရယ်လို့မောလို့. . .

သူအားလုံးသော မျက်ဝန်းတွေကို ကျော်လွှား၍ အထဲဝင်လာ ခဲ့သည်။

'' ကိုယ်ဝန်က ခြောက်လရှိနေပြီ ခုထိ မလူပ်ဘူးဟ ''

'' နင်. . . အိုဂျီနဲ့ မပြဘူးလား ''

'' ပြတယ်. . . ရှေ့အပတ်ထဲမှာ ထပ်သွားရဦးမှာ. . . ''

'' နင့်ယောကျ်ားကလည်း ချောလို့ဘဝင်မြင့်နေတာလား မသိဘူး. . . မျက်နှာကို တင်းနေတာပဲ ''

'' ဘာပဲဖြစ်ဖြစ်ဟာ ချောတယ်မှလား. . . ''

'' ချောတယ် ''

'' ပြီးတာပဲ ငါက ဘယ်အချိန်ထကြည့်ကြည့် အဲဒီလို ချောနေဖို့ကို လိုချင်တာ ''

ထန်ကတော့ ပြောင်ပြောင်ပဲရယ်သည်။

ရင်ထဲမှာတော့ ဒေါသတွေအပြည့်. . .





အပေါင်းအသင်းတွေက သူမ၏ ခြောက်သွေ့သော ဘဝ အတွက် ငွေနဲ့ ဝယ်ယူထားရသည့် အဖော်သဟာတွေဖြစ်သည်။

ထန်ငြိုငြင်မှာကို သူတို့ ဘယ်တော့မှမလုပ်ကြ။

အကြိုက်လိုက်ပြောမယ့်သူတွေချည်းဖြစ်သည်။

ထန်ဘာပြောပြော ခေါင်းညိတ်မည်၊အားပေးမည် ပြီးတော့ ညှော်ခံကျွေးမွေးတာကို စားသောက်ပေးတာကိုယူမည်။

ထန်ဘယ်အချိန်ခေါ်မလဲ အချိန်မရွေးအဆင်သင့်။

ဒါကိုသိပေမယ့် ထန် ကိုယ့်ရဲ့ အထီးကျန်မှုအတွက် ဖြစ်သလို ဖြေရှင်းခဲ့ရသည်။

ကိုယ်ဝန်နဲ့ ပတ်သက်၍ အိုဂျီနဲ့ပြဖို့ သူမအတွက် ကျန်းမာရေး ဆေးဝါး သူကိုယ်တိုင်ပါဝင်တာ ဘာရှိလို့လဲ. . . ဝယ်ပေးတာ ဘာရှိခဲ့လဲ လိုက်ခဲ့ဖို့ခေါ်လည်းမလိုက်။

ဝယ်ပေးစမ်းပါဆိုလည်း ပါမလား. . .

'' မင်းအတွက် ငါနာမည်စာရင်းထည့်ပေးပြီးပြီ ရရင့်ထန် ကျန်တာ ငါဘာမှ ထပ်မပေးနိုင်ဘူး. . . ''

ထန် မျက်နှာပြောင်ပြောင်နဲ့ ခေါ်တာထက် သူကပိုတင်းသည်။

ထန်ကလည်း အားခဲထားပါသည်။ဒီကလေးဖွားပြီးတာနှင့် မေလွှမ်းနဲ့ ရန်ကာကွယ်တို့ကြားမှာ ဘီလူးဆိုင်းတီး၍ ဝင်ပြမည်။

အဲဒီကျမှ ဘယ်သူတွေရှုံးမလဲ ဘယ်သူတွေ ရယ်ကြမလဲ. . .

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

" ဟင်. . . မေလွှမ်း. . . "

ထန်မျက်နှာမှာ တအံ့တသြကြီးမျက်လုံးပြူး နှုတ်ခမ်းတွေပွင့်ဟသွားခဲ့လျက် ချောင်ပိတ်မိသွားသည့် ယုန်သူငယ်လေးသဖွယ် လွှမ်းနောက်သို့ ယောင်ရမ်းဆုတ်လိုက်ရာကာ ပပစံလက်ကိုပါ အားကိုးတကြီး ဆုပ်ကိုင်လိုက်မိ၏။

" သမီး. . . "

ထန့်မျက်နှာသည် မှိုမောက်ပူတင်းနေပြီဖြစ်သည့် လွှမ်း၏ကိုယ်ဝန်ကို သရဲတစ္ဆေကဲ့သို့ စိုက်ကြည့်နေရင်း မျက်နှာသည် တဖြည်းဖြည်းတင်းမာသထက် တင်းမာလာခဲ့၍

" မေလွှမ်းတို့က ဒီလောက်ထိ ခြေပုန်းခုတ်နေခဲ့ကြတာကိုး "

" မဟုတ်ဘူး သမီး ဒါ. . . ဒါလေ မေလွှမ်း အိမ်ကထွက်လာကတည်းက "

" တော်ပါတော့ "

ဆေးခန်းက လူတွေရှေ့မှာ ထန်က မဆင်မခြင်အော်ပစ်လိုက်





သဖြင့် ရှိသမျှလူတွေ ဝိုင်းကြည့်လာကြ၏။

လွှမ်း ရှက်လွန်းသဖြင့် ထန်ပြောဆိုလာမည့် စကားလုံးတွေကိုလည်း ကြိုတင်သိနေကာ နေရာမှ ရှောင်ထွက်သွားဖို့ နေရာမှ ချက်ချင်းပြန်လှည့်၏။

" အို. . . ခိုးစားတုန်းက စားပြီး. . . လူမိတော့မှ ဒါကဘယ်ပြေးမလို့လဲ "

သူမသည်သာ တရားဝင်မယားကြီး ပုံစံနှင့် ထန်က ပတ်ဝန်းကျင်ကြားအောင် တမင်ပြောသည်။

လွှမ်းလက်မောင်းကိုပါ နောက်ကနေ ခပ်ကြမ်းကြမ်းဆောင့်ဆွဲလိုက်ပြီး. . .

" အဲဒီကိစ္စ မေလွှမ်းနဲ့ ထန်ရှင်းမယ် " "ဘာမှ ရှင်းစရာမရှိဘူး. . . ရဲရင့်ထန် လွှမ်းအိမ်က ထွက်လာတာ ခုနစ်လကျော်ပြီ ကိုယ်ဝန်က ကိုးလကျော် မင်းပြောရဲသလို လွှမ်းဘက်က ပြောတတ်ရင် မင်းလောကကြီးကို မျက်နှာမပြရဲ ဖြစ်သွားလိမ့်မယ်. . . ဒါမင်းရဲ့အမေ"

" ဒီမှာ ဒေါ်ပပစံ ဒါရှင့်ရဲ့ ပိုင်နက်မဟုတ်ဘူး. . . ဒီဗိုက်ကိစ္စမှာ ရှင်ပါဖို့မလိုဘူး. . . နေရာတကာ ဝင်မရှုပ်နဲ့ "

" ရှုပ်တာမဟုတ်ဘူး. . . မင်းက ရှုပ်အောင်လုပ်နေတာ. . . တကယ်ဆို ကိုယ့်ဖယားနဲ့ကိုယ် နေကြရုံပဲ "

" အို. . . မနေနိုင်ပါဘူး. . . ထန်က ထန့်ယောက်ျားကို ဘယ်မိန်းမဆီဘဲ သွား သွား ကြည့်နေရမှာလား. . . ဒီကိုယ်ဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



မေလွှမ်း ယူဖို့မလိုဘူး. . . အဲဒါ ထန့်ကိုသက်သက်ပြိုင်တာ ဦးရန်ကို လုယူဖို့ စုဆောင်းနေတာ အချိန်မရွေး ငါရတယ်ဆိုပြီး အနိုင်လိုချင်တာ"

" သမီးရယ်. . . မေလွှမ်း "

" အိုး. . . မပြောနဲ့ မေလွှမ်း ယုတ်မာတာ ထန့်ယောကျ်ားကို လုယူတာ "

" သမီး. . ."

ထန် အော်ဟစ်ပြောဆိုကာ ချာခနဲလှည့်ထွက်သွားလျှင် ပတ်ဝန်းကျင် မျက်လုံးများကြားမှာ လွှမ်းတအိအိ ပြိုလဲသွားလေသည်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၂)

မျက်လုံးခြင်းစူးစူးရဲရဲ ဆုံမိနေကြသည်။ထန့်မျက်ဝန်းမှ မျက်ရည်စက် တစ်စက် လက်ခနဲ ကြွေဆင်းသွားကာ

" ဦးရန်ဘာပြောချင်သလဲ "

" မင်းကို ဘာမှမပြောချင်ဘူး. . . အမှိုက်တစ်စလို ခြင်းထဲ သွားထည့်ထားချင်တာ ခွေးသေကောင်ပုပ်လို ကျင်းတူးပြီး မြှုပ်ပစ်ချင် တာ. . . မင်းဟာ သိပ်ကို မိုက်ရိုင်း ရမ်းကားတဲ့မိန်းမ "

" မိုက်တယ် ရိုင်းတယ်. . . နောက်ဒီ့ထက် ရိုင်းဖို့ရှိသေးတယ် ဦးရန် မေလွှမ်းနဲ့ ဒီတစ်ခါထပ်ဖြစ်ကြည့် ထန့်ဘာလုပ်မယ်ဆိုတာ ကြည့်နေ. . ."

" ငါ့မိန်းမကို ငါချစ်လို့ ကြိုးစားပမ်းစား ယူထားတာ. . . မင်းလို အလွယ်တကူ ရထားတာ မဟုတ်ဘူး. . . ရဲရင့်ထန် ဒီတစ်ခါပဲ မင်းအရှက်ခွဲစော်ကားလို့ရမယ်. . . နောက်ထပ်မရဘူး. . . ဒီနေ့ကစပြီး ငါ့မိန်းမကို ငါ စောင့်ရှောက်မယ်. . . မင်းလမ်းမင်းလျှောက် ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထိနိုက်လို့ကတော့ မင်းခြေလှမ်းအတိုင်း ငါလိုက်မှာဘဲ. . . မင်းတုံ့ပြန်သမျှ ငါတုံ့ပြန်မယ် မင်းလွှမ်းကို မျက်စောင်းထိုးနေလို့ မရဘူး, . . ကြည့်နေလိုက်. . .''

" ဦးရန်က ထန့်ကို စိန်ခေါ်တာလား "

" ဟုတ်တယ်. . . လွှမ်းမွေးခါနီးပြီ. . . လွှမ်းနားမှာ ငါရှိမှ ဖြစ်မယ် "

" ထန်ကရော ဦးရန်ရဲ့ ရင်သွေးကို လွယ်ထားတာပဲ ရှင် ယောက်ျားဖြစ်ပြီး အောက်တန်းကျလှချေလား. . ."

" ဟုတ်လား. . . အဲဒါ မင်းသင်ပေးတာလေ. . . မင်းနဲ့ တန်တာ မင်းကို ပေးတာပဲ. . . ငါ့လိုပါပဲလားလို့ မှတ်လိုက်ပေါ့ "

" ဦးရန် "

" ဖယ်စမ်းကွာ. . ."

ထန် လှမ်းဆွဲလိုက်ပေမယ့် အင်္ကျီကို ဆွဲမိသော်လည်း ပုတ်ထုတ်ပစ်မိကာ ရန်ကာကွယ် အခန်းထဲဝင် တံခါးပိတ်ပစ်လိုက်၏။

တစ်ညလုံး အိပ် ၍မပျော်နိုင်။

ဘယ်ညာလူးလှိမ့်ရင်း ဒေါသများနှင့် ကြိတ်မနိုင်ခဲမရဖြစ်နေမိသည်။ မေလွှမ်း ကိုယ်ဝန်ရှိနေတာကို ဘာဖြစ်လို့ သူမသိခဲ့ရတာလဲ. . . မေလွှမ်း ဒီမှာနေကတည်းက ပါသွားသည့်ကိုယ်ဝန်ဆိုတာကတော့ သေချာပါသည်။ဒါကိုပဲ ရင်ထဲမှာ တနုံ့နုံ့ခံစားနေရတာ. . .

ထန်နဲ့မေလွှမ်းတိုက်တိုက်ဆိုင်ဆိုင် ကိုယ်ဝန်ရှိတာချင်း





လာတူနေသည်။ဒါပေမယ့် မေလွှမ်းက အရင်မွေးတော့မှာ. . .

ကိုယ်ဝန်ကို လွယ်ရတာခြင်း အတူတူပေမယ့် မေလွှမ်းမှာ စောင့်ရှောင့်မည့်သူတွေ၊ လုပ်ပေးမည့်သူတွေ ပြည့်လို့. . .

ထန့် ဘေးမှာတော့ ဘယ်သူမှမရှိ။

ကြီးမေကို မကြာခဏ သတိရမိသေးသည်။

သို့သော် ကိုယ်က ခေါ်ချင်လို့ အနီးအနားသွားကြည့်တိုင်း ကြီးမေက စိမ်းပြတ်သော အမူအရာများနှင့် မျက်နှာလွှဲပစ်၏။

တကယ်တမ်းကျတော့ ထန့်မှာ စည်းစိမ်ဥစ္စာတွေ တစ်ပုံတစ်ပင်နှင့် အကြင်နာမဲ့သော စံအိမ်ဝန်းထဲမှာ မွန်းတည့်နေရောင်အောက်မှာ ရေနည်းငါးလေးလို အပူဒဏ်တဖြည်းဖြည်း ရင့်ရော်လာခြင်းနှင့်အတူ ခန္ဓာစဲရတော့မည့် ဘဝမျိုး။

ဒါတွေဖြစ်ရတာ မေလွှမ်းကြောင့်

သူတစ်နေရာကနေ ငါ့ကိုလှည့်စားဖက်ပြိုင်နေတာပဲ. . .

ဦးရန်က ငါ့ကိုမှ မချစ်တာ သူ့ပိုင်တယ်ဆိုပြီး ပညာပြနေတာ။

ငါဘာလုပ်မလဲ နင်ဘယ်လိုလုပ်မလဲ ထန့်. . . ဒေါသအတွေးပေါင်းစုံနှင့် ထန်အိပ်ပျော်ခြင်းသို့ ရောက်လေသည်။

" ဟိတ်. . ."

" အား. . ."

ခေါ်သံနှင့်အတူ ဗိုက်ကို အကန်ခံလိုက်ရသလို အောင့်သက်သွား၏။ ထန့်ချက်ချင်းထထိုင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထန့် အိပ်ခန်းထဲမှာ လူကြီးနှစ်ယောက်၊ တစ်ယောက် ခြေရင်းမှာ ကျောပေးထိုင်လျက် တစ်ယောက်က ထန့်ဘေးမှာ မားမားကြီးရပ်နေသည်။

" ထစမ်း. . . ထစမ်း. . . "

ထစမ်းဆိုသည့် လူကြီးကို နေရာမှ ဆင်းရပ်လိုက်ရင်း ထန့်ကြည့်တော့ မျက်နှာကို သည်းကွဲအောင် မမြင်ရဘဲ ခေါင်းမှာ ဘုထစ်ကြီးတွေလိုလို. . .

" သူ့ကိုခေါ်ခဲ့. . . "

" အမလေး. . . "

ဘာသံကြီးမှန်းမသိ။ခြေရင်းက လူကြီးထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

" ဘယ်ကိုလဲ မလိုက်ဘူး. . . မလိုက်ဘူး. . . "

" လာစမ်း. . . "

ထန့် လက်ကို လူကြီးက တစ်ဖက်တည်းနှင့် ဆွဲခေါ်သွားသော်

ထန်အတင်းရုန်းကန်၍ အော်ဟစ်ပေမယ့် ဘယ်သူမှမကြား ဘယ်ကာမှလဲ ခေါင်းထောင်မကြည့်ကြဘဲ။

မြင်ကွင်းအားလုံးသည်လည်း အိမ်ယာ အဆောက်အဦးများ မဟုတ်တော့ဘဲ ပတ်ဝန်းကျင်တစ်ခွင်မှာ ရဲရဲနီနေသည်။

ကိုယ်မှာ ပူလောင် ပြင်းပြလာ၏။

တဖျစ်ဖျစ်တရွရွ မြည်နေသံများကြောင့် လှမ်းကြည့်လိုက်တော့





ဆံပင်အဝတ်အစား ဘာမှ မရှိတော့ဘဲ တန်းလန်းဆွဲလျက် မီးရှို့ခံထားသည့် လူတွေ. . .

ခြေနှစ်ဖက်မှ တဖျစ်ဖျစ်လောင်မြိုက်ကာ အဆီတွေ တရွရွ တပေါက်ပေါက်ကျနေသည်။

အမလေး. . . ကြောက်ပါပြီ. . . ပူလှပါပြီဆိုသော အော်သံတွေက အရပ်ရပ်ကို ဂယက်ရိုက်ပြီးမှ ပြန်ကန်လာသလို ရင်ဘတ်ထဲနားထဲမှာ တုန်ဟီးနေသည်။

ကြည့်နေရင်း တအိအိ ရှဲကျလောင်မြိုက်သွားသော ခြေနှစ်ဖက်လုံးကုန်ကာ တုံးတိတိကိုယ်ကြီးများက တဆတ်ဆတ်တုန်၍ အော်နေဆဲ. . .

ဒါတောင် ဘာဖြစ်လို့ သေမသွားတာလဲ. . .

တစ်ဘက်မှာကျတော့ ပါးစပ်တွေပြဲဟလျက် ဓါးတွေလှံတွေကိုင်ကာ တစ်ယောက်ပါးစပ်ထဲ တစ်ယောက်ပြေးထိုးနေကြသည်။

သွေးအလူးလူးနှင့် တိုက်ခိုက်ထိုးသွင်းနေကြတာတောင် သေဆုံးသွားသူမရှိ ထန် ကြောက်လွန်းသဖြင့် အော်ဖို့လည်း သတိမရ။

အော်လည်း မအော်နိုင်တော့ဘဲ ကြောင်တောင်တောင်ကြီး ဖြစ်သွား၏။

" လာစမ်း. . . တစ်ယောက် "

" အား. . . ကြောက်ပါပြီ နောက်ကိုမိဘကို ခံမပြောတော့ပါဘူး. . . "



www.burmeseclassic.com

www.burmeseclassic.com



" အမေကို မဆဲတော့ပါဘူး. . ."

" ကြောက်ပါပြီ အမေ့ကို မစော်ကားတော့ပါဘူး. . ."

အော်သံတွေက နားကွဲမတတ်

" အပြစ်သိပြီလား "

" သိပြီ. . . သိပါပြီ "

" ဘာအပြစ်လဲ. . ."

" အမေ့ကို စော်ကားလို့ပါ "

" နောက်စော်ကားဦးမလား. . ."

" မစော်ကားတော့ပါဘူး. . ."

ထန်ကြည့်နေရင်းမှာပင် ကျောပေး၍ ငုတ်တုတ်ထိုင်နေသည့် ပုပုသေးသေး ဦးခေါင်းမှာ ချိုနှစ်ဘက်နှင့် ဘာနှင့်တူမှန်းမသိသော ဟာသည် တန်းစီရောက်လာသူတို့၏ ပါးစပ်ထဲသို့ ရဲရဲလောင်နေသည့် သံပူလုံးများ တစ်လုံးပြီးတစ်လုံး ထည့်ပေးနေသည်။

ပါးစပ်ဟာပေးသူတို့သည် အလျှံတညီးညီးနှင့် ရဲရဲတောက်နေသည့် သံလုံးများကို မချိမဆန့် မျိုချရင်း ကယ်ပါ ယူပါအော်၏။

ထွေးမချ မျိုမကျဘဲ လူးလိမ့်အော်နေကြ၏။

ထန် နှုတ်ခမ်းတို့ပွင့်ဟလျက် ပြူးကြောင်ကြည့်နေမိဆဲမှာ ကျောပေးထိုင်နေသည့် ပုသေးသေးသတ္တဝါက ထန်ဘက်ကို လှည့်လာသည်။

ထန်ထွက်ပြေးဖို့ ကြိုးစားပေမယ့် ခြေထောက်တွေက မြဲမြဲစွာ





ရပ်နေရာမှ လှုပ်လို့မရ။

" နင်လည်းအတူတူပဲ "

မဟုတ်ဘူး. . . မဟုတ်ဘူး. . .

ပါးစပ်မှ အသံမထွက်ပေမယ့် ထန် ငြင်းဆန်နေမိသည်။

သို့သော် သတ္တဝါ၏ မျက်နှာကို မြင်လိုက်ရလျှင် ထန် နှလုံးခုန်နှုန်း ရပ်သွားသလို အားလုံးကို မေ့သွား၏။

မျက်လုံးနှစ်ပေါက်သည် နှာခေါင်းမရှိတော့လောက်အောင် ထိပ်ဖျားချင်း ထိဆက်မတတ်ရှိကာ နားထင်စပ်ထိ ရှည်လျား၏။

မျက်နက်ဆံမရှိဘဲ မျက်ဖြူဖွေးဖွေးကြီးကထင်းနေသည်။

ပါးစပ်ပေါက်မရှိဘဲ အသားကို ဖောက်ထွက်နေသလိုမျိုး အပေါ်ကို လန်ကော့နေသည့် သွားစွယ်နှစ်ချောင်းက ရှည်နေတာ သေးသေးလေးမဟုတ်။

ထိုသတ္တဝါက ထန်ကို မျက်နှာမူလျက် ထရပ်လိုက်ပြီး ကြည့်နေရင်းမှာပင် သတ္တဝါကနေ နီရဲသော သံပူလုံးကြီးဖြစ်သွား၏။

ထို့နောက် ၎င်းသံပူလုံးသည် ကြောက်အားကြီးကာ ပွင့်ဟနေသော ထန် နှုတ်ခမ်းများကြားထဲသို့ ရိပ်ခနဲ ပစ်ဝင်လာရာ. . .

" အား "

ထန်တစ်ကိုယ်လုံး လောင်မီးကျသွားသလို ပူပြင်းကာ ထန်သတိကျသွား၏။

" အား. . . အမလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



ထန် မျက်လုံးတွေကို ဖွင့်ကြည့်လိုက်၏

" ဟင်. . . ငါ. . . ငါ အိမ်ထဲမှာပါလား. . . "

အလန့်တကြား စမ်းကြည့်တော့ မွေ့ရာနုနုကို ဆုပ်မိ၏။

မဟုတ်ဘူး. . . သူတို့ သူတို့ ဒီနားမှာရှိနေတာ. . .

ထန့်ကိုယ်မှာ ချွေးတွေက ရေချိုးထားသလို ရွှဲနစ်နေသည်

အိပ်ရာပေါ်ကနေ ကြောက်လန့်တကြား ကျုံးထလိုက်စဉ်မှာ ဗိုက်ထဲက ပြင်းပြစွာ နာကျင်လာ၏။

" အား. . . "

ဗိုက်ကို နှိပ်၍ အိပ်ရာထောင့်မှာ ခွေကျသွားသည်။

သူမ ကိုယ်ဝန်က လ မစေ့သေးပါ။

မွေးဖွားဖို့ လလည်းမဟုတ် နုနယ်တုန်းမှာ ဗိုက်နာလာသည်

တစ်စုံတရာ ဥပါဒ်ဖြစ်ရလောက်အောင်လည်း ဒီကိုယ်ဝန် ဂရုစိုက်စောင့်ရှောက်နေခဲ့တဲ့ အထဲမှာ ဘာမှ ထိခိုက် စွန်းထင်တာလည်း မရှိခဲ့. . .

မွေးဖို့လည်း မချိန်မဟုတ်သေး။

" အား. . . "

ဗိုက်က အဆမတန်နာလာသည်။

ရန်ကာကွယ်ကို ခေါ်မလို့ အားတင်း၍ ခုတင်ပေါ် ဆင်းသည်။

ကြမ်းပေါ်ရောက်တော့ ပုံကျသွား၏။





နာလွန်းသည့်ဒဏ်ကြောင့် ဗိုက်ကိုလည်း မကိုင်နိုင်တော့ အော်လည်း မအော်နိုင်တော့တဲ့ ကြမ်းပေါ်မှာ ကွေးကောက်နေဆဲ တံခါး င့်လှုပ်ရှားသံတွေကို ကြားလိုက်ရ၏။

" ဦးရန် နိုးနေတာလား. . . "

စိတ်ထဲမှာ ဝမ်းသာသွားကာ ခေါ်ဖို့ပါးစပ်ဟာပေမယ့် မအော်နိုင်။ ွားလာလှုပ်ရှားနေသံက ခပ်သုတ်သုတ်အပြေးအလွှား. . .

ထန် တွက်ဆမိသွား၏။

မေလွှမ်းက လ စေ့နေပြီ။

မေလွှမ်း ဗိုက်နာနေလို့များ ဟိုက ဖုန်းလှမ်းဆက်လိုက် လား. . .

" အား "

ဝေဒနာကို ကြိတ်ခံရင်း အော်လို့လည်းမရ စကားလည်း ပြောနိုင်ဘဲ ထန် ကြမ်းပေါ်မှာ လူးလှိမ့်ရင်း အိပ်မက်လိုလို တကယ် ိုလို သူရောက်ခဲ့သည့် ငရဲခန်းကြီးဆီ စိတ်ရောက်သွား၏။

သံပူလုံးကြီး အဲဒီအလုံးကြီးကို ငါ ငါမျိုချလိုက်သလား. . .

ငါဘာဖြစ်လို့ မသေတာလဲ. . .

ကြောက်စိတ်ကြောင့် ချွေးတွေချက်ချင်းဖြိုက်ခနဲရွှဲကျလာ၏။

နားထဲမှာ ကားသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ရန်ကာကွယ် ထွက်သွားပြီဆိုတာ သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာမှမတတ်နိုင်တော့ပါ။

ကြမ်းပြင်မှာ ဒရွတ်တိုက်ဆွဲလျက် တွားသွားမိသည်က စာ ပေါ်မှာ ရှိနေသည့် ဖုန်းရှိရာသို့. . .

✿ ✿ ✿ ✿ ✿



## အခန်း (၃၃)

ကားပေါ်က ဆင်းသည်နှင့် သားဖွားဆောင်ရှိရာသို့ သူတောက် လျှောက်ပြေးသွားခဲ့ရ၏။

ပပစ်သည် စိတ်လှုပ်ရှားနေပုံမျိုးနှင့် မွေးဖွားခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်လျက်. . .

" ပပစ် လွှမ်း. . . လွှမ်းဘယ်လိုနေလဲ. . . အထဲမှာလား "

" ဟုတ်တယ်. . . မွေးနေပြီထင်တယ် သွင်းသွားတာကြာပြီ"

" အဲဒါများ ဗိုက်နာကတည်းက ဖုန်းဘာလို့ မဆက်တာလဲ"

" ဩော်. . . လွှမ်းက လုံးဝမဆက်ရဘူးဆိုပြီး ပပလက်ကို ကိုင်ထားတာ သူလွှတ်လိုက်တော့မှ ဆက်ရတာလေ. . ."

ရန်ကာကွယ် ပိတ်ထားသည့် တံခါး[illegible]ချပ်ကို အ[illegible] [illegible] ခွင့်ဝင်သွားချင်စိတ်တွေ ဖြစ်ကာ ကတုန်ကယင် လှုပ်ရှားနေမိ၏။

" လွှမ်းက ကံကောင်းပါတယ် ဒီနေ့ အပ်ထားတဲ့ အိုဂျီတွေ အားလုံးရှိတယ်။ လွှမ်း. . . ဒီညမွေးနိုင်တယ်ဆိုတာ ခန့်မှန်းထားပြီးသား ကိုး. . ."

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်ပဲ မသိရတာပါလား. . . ရင်ထဲမှာ နင့်သွားသည်။

ကိုယ့်ဇနီးမယားအတွက် ဒီအချိန်မျိုးမှာ သူသာ သူရဲကောင်းဖြစ်သင့်သည်။

အကြောင်းကြောင်းတွေကြောင့် လွမ်းမို့သိပ်နေပေမယ့် မည်မျှအားငယ်ရှာမလဲ. . .

ထိုစဉ် မွေးခန်းထဲမှ ဝါးခနဲ ထွက်လာသည့်ကလေးငိုသံ

" ဟာ. . . "

" ဟော မွေးပြီ မွေးပြီ ကိုရန် "

ရန်ကာကွယ် ပီတိအဟုန်နှင့် လှိုက်ခနဲဖြစ်ကာ ကျင်တက်သွားသည့် ကိုယ့်ကြောင့် အံကြိတ်လျှက် မျက်လုံးအစုံကို မိတ်ပစ်လိုက်သည်။

ကလေးကော လူကြီးပါ ကျန်းမာပါစေ. . .

" ကလေး အဖေ ဘယ်သူလဲ. . . "

တံခါးရုပ်ခနဲဖွင့်လာသည်။

ကလေးကို ပွေ့လျှက် နှာခေါင်းစည်းဖြုတ်ထားသည့် ဆရာမလေး ရပ်နေ၏။

" ကျွန်တော်ပါခင်ဗျား. . . "

" ယောကျ်ားလေးမွေးတယ်. . . "

" လူ. . . လူကြီးကောဟင် လူကြီးကျန်းမာရဲ့လား ဆရာမ"





" ကျန်းမာပါတယ် ဒီမှာ ကလေး. . . "

" ဟာ "

ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင်လည်လေသည်။

" သား. . . "

ရင်ထဲမှာ လှိုက်ဝယ်လာသော ပီတိစိတ်နှင့် တိုးတိတ်စွာ ခေါ်မိရင်း. . . နီနီထွေးထွေးကလေးငယ်လေးကို ဖွဖွလေးထိကိုင်ကြည့်ကာ မချိတတ် ချိတတ်မို့ကလေးမှာ နာကျင်သွားမလားဟုတွေး၍ မချိရဲပြန်. . .

လွမ်းကို မွေးဖွားခန်းက နေထုတ်လာကြတော့ သူဘာကိုမှ ရှုမစိုက်နိုင်တော့ဘဲ လွမ်းကို သူကိုယ်တိုင်ပွေ့၍ လူနာခုတင်ပေါ် ချသည်။

" လွမ်း. . . သိပ်ပင်ပန်းသွားလားဟင်. . . "

လွမ်းက သူဆုပ်ကိုင်ထားသည့် လက်ဖဝါးလေးကိုအသာ ရှုန်းထွက်လိုက်ပြီး. . .

" ရှင်ပြန်ပါ. . . "

ဟု ပြောကာ မျက်နှာလေးလွှဲသွား၏။

" လွမ်းရယ် လောလောဆယ် လွမ်းလောက်အရေးကြီးတာ ဘာရှိလို့လဲ ဒီအချိန်မှာ လွမ်းရဲ့နားမှာ ရှိနေသင့်ဆုံးလူက မောင်ပဲ မောင့်ကို မနှင်ပါနဲ့. . . "

" လွမ်း. . . ဒီမှာ ကြည့်စမ်း. . . နင့်သားက ခြေတံလက်တံ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြီးတွေက သူ့အဖေလိုပဲဟာ မျက်နှာကျပုံလည်းတူတယ် နှာတံတွေ နှုတ်ခမ်းတွေကျတော့ နှင်နဲ့တူတာ အရမ်းချောမယ့်ရုပ်ပဲ. . . မွေးကစ်နေတာပဲ ''

ပပစံက ကလေးကို တစ်ပွေ့ပွေ့နှင့် လွမ်းမျက်နှာရှေ့မှာ ကပ်ပြသည်။

သားဆိုသည့်အသံကြားတော့ လွမ်းမျက်နှာလေး ကြည်လင်သွား၏။

ရှေ့ရောက်လာသည့် ရင်သွေး၏ မျက်နှာလေးကို မြင်လိုက်ရသည့် ခဏမှာ ရင်ထဲက ပူပန်နွမ်းလျခဲ့သမျှ အားလုံးတို့ဟာ ပိန်းကြာဖက်ပေါ်မှာ ရေမတင်သကဲ့သို့ အားလုံးပျောက်ကွယ်ကုန်သည်။

ချစ်စရာ ကောင်းလိုက်တဲ့ သားရယ်. . .

ဒါပေမယ့်. . . ဒီသားလေးမှာ အဖေမရှိ. . .

သားရဲ့အဖေဟာ သားဘေးမှာ မားမားမတ်မတ် ရပ်တည်ပေးနိုင်မည်မဟုတ်တာကို ဒီသားလေး မသိရှာပါလား. . .

'' လွမ်း ဘာမှ အားမငယ်နဲ့နော်. . . ဒီကိစ္စအတွက် ထန်နဲ့မောင်ရအောင် ဆွေးနွေးမယ်. . . လွမ်းနဲ့မောင့်သားအတွက် ဘယ်လိုပဲပေးဆပ်ရ ပေးဆပ်ရ ထန် တောင်းဆိုသမျှ လိုက်လျောပြီး မောင်လဲယူမယ် အားလုံးအေးချမ်းသွားမှာပါ. . . လွမ်းစိတ်ချမ်းသာအောင်နေနော်. . . ''

လွမ်းမျက်ဝန်းမှာ မျက်ရည်ရောင်လက်လာတာမြင်တော့





သူပျာပျာသလဲချော့သည်။

တစ်ချိန်တည်းမှာ ဆုံးဖြတ်မိသည်က ထန် ဘာဖြစ်ချင်သလဲ

ဟိုတုန်းက ရွှေဆိုရွှေ၊ ငွေဆိုငွေ အားလုံးပေးနိုင်သည့်မာနကိုတော့ အထိမခံခဲ့။

ခုချိန်မှာ ထန်လက်ညှိုးညွှန်သမျှအားလုံးဖြစ်စေဖို့ ဆုံးဖြတ်လိုက်၏။

'' ပပစံ သားကို ကျွန်တော် ချီကြည့်ချင်တယ် ''

သူမထိရဲ မကိုင်ရဲ ဖွဖွလေး ဖရိုဖရဲချီတော့ ပပစံကရယ်သည်။

လွမ်း. . . နှုတ်ခမ်းမှာ ပြုံးရိပ်လေးထင်၏။

'' ကိုရန်ရယ် ရဲရဲတင်းတင်းပွေ့ပါ. . . ဘာမှမဖြစ်ဘူး. . . ''

ပပစံက ရယ်ရင်းပြော၏။

'' ဟိုမှာ ကြည့်ပါဦး ကလေး အဖေကို. . . ''

'' အေးလေ သားဦးနေမှာပေါ့ မချီတတ် ချီတတ်ဖြစ်နေတာ ''

ဘေးလူနာ ခုတင်မှာလည်း ရယ်သံတွေ ထွက်လာ၏။

မျက်နှာနီနီရယ်ကျဲကျဲနှင့် ရန်ကာကွယ် သားမျက်နှာလေးကို ငုံ့နမ်းမိ၏။

မိုးမလင်းသေးပေမယ့် မွေးလူနာဆောင်မှာ မအိပ်စက်ကြသည့် လူနာစောင့် အမျိုးသမီးတချို့နှင့် ခုတင်ထပ်မှာ နိုးနေကြသည့် မွေးလူနာအမျိုးသမီးတို့က သူတို့ကို လှမ်းကြည့်နေကြ၏။

'' ကဲ. . . ဦးရန်ကာကွယ် ဟိုမှာ နောက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြန်ပြီ. . ."

ထန်နဲ့တွဲနေသည့် ခြေရှေ့က မိန်းကလေးနှစ်ယောက်. . .

အားလုံးအကြည့်တွေက သူမတို့ထံ စုပြုံရောက်သွားသလို ရန်ကာကွယ်တအံ့တသြထရပ်လိုက်မိသည်။

" ထန်လား. . . ထန်ဘာဖြစ်လို့လဲ "

" abortion ဖြစ်တာထင်တယ် ခုနစ်လထဲရောက်ပြီဆိုတော့ ဘာမှန်းမသိဘူး. . . ဒါပေမယ့် အခြေအနေကတော့ မကောင်းဘူး "

" ဟင်. . . သမီးလေး. . . သမီးလေး. . . ဘာဖြစ်လို့လဲ "

" ဘာမှမဖြစ်ဘူး လွှမ်း မောင် ခုလိုက်သွားမှာ ပပစ် လွှမ်းကို ဂရုစိုက်လိုက်ပါ "

" အင်း. . . အင်း. . . လိုက်သွား. . . "

သူလွှမ်းလက်ကလေးကို တစ်ချက်ပျစ်ညှစ်၍ ချက်ချင်းလိုက်လာခဲ့သည်။

" ထန် ဆေးရုံရောက်ပြီလား. . . ဘာဖြစ်တာလဲ "

" မသိဘူး. . . သူဇာတို့လည်း သူ့ဖုန်းဆက်လို့ ပြေးသွားကြတာ ဘာတစ်ခွန်းမှကို မပြောနိုင်အောင် လူးလိမ့်နေတာ ဗိုက်နာတာပဲလို့ ထင်ပြီး ဆေးရုံကိုခေါ်လာတာပဲ ဒီရောက်တော့မှ သွေးတွေ ဆင်းလာတာ "

သူဇာက သူနဲ့အတူ ယှဉ်လျှောက်လာရင်း ပြောပြနေသည်

" ကိုယ်ဝန်က ဟိုရက်က သူပြောပုံအရဆို ခုနစ်လထဲဝင်တာ





သုံးလေးရက်ပဲရှိဦးမယ်. . . ဒါပေမယ့် သူနာပုံကတော့ အလူးအလိမ့်ပဲ ရောက်တယ်ဆို မွေးခန်းထဲတန်းသွားရတာ သူဇာတို့တောင် ခုနကမှ မွေးသွားတဲ့ လူနာက ဘယ်လို ဘာညာနဲ့ပြောသံကြားပြီး ဦးရန်ကာကွယ်တို့မှန်းသိလို့ လာပြောနိုင်တာ. . ."

ရန်ကာကွယ် မွေးခန်းရှေ့ရောက်တော့ ထန့်အပေါ် ပူပန်စိတ်တွေ ဖြစ်လာမိခဲ့၏။

ကိုယ်ထွက်လာခဲ့သည့်အချိန်မှာ ထန်တစ်ယောက်တည်း ဘယ်လောက်ကြိတ်မှိတ်ခံစားနေရရှာမလဲ။

ဒီလို ဖြစ်မည်မထင်သဖြင့် ထန့်ကို သူငဲ့စောင်း၍ပင် မကြည့်ခဲ့မိတာ အမှန်ဖြစ်သည်။

ကိုယ့်ကိုယ်ကို အပြစ်တင်မိလျက် ထန်ဘာမှ မဖြစ်ပါစေနဲ့ဟု ဆုတောင်းနေခဲ့မိသည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

" အား. . . နာလိုက်တာ. . . မေလွမ်း. . . မေလွမ်းရေ. . . "

" သမီးလေး. . . "

မခံရပ်နိုင်သည့် ဝေဒနာဆိုးကြီးကြောင့် ခလုတ်ထိတော့ အမိ တသည်။

ထန် မေလွမ်းကို တအားခေါ်တော့ မေလွမ်းပြေးလာရှာသည်။

သို့သော် မေလွမ်းကို အားကိုးတကြီး ဖက်တွယ်ချင်၍ လက်ကမ်းပေမယ့်

မေလွမ်းကလည်း လှမ်းခံကြိုဆိုသော်လည်း သူမကို တစ်စုံ တစ်ယောက်က ဆောင့်ဆွဲလိုက်သလို မေလွမ်းနဲ့ ထန် ဝေးကွာသွား သည်။

" မေလွမ်း. . . "

" သမီး. . . "

" မေလွမ်းရေ နာလိုက်တာ မေလွမ်းရယ် ထန့်ကို ကယ်ပါဦး ဒီဗိုက်ကြီးကို ဖြုတ်ပေးပါ၊ ဖြတ်ချပေးပါ. . . အား. . . အား. . .





နာတယ် "

ဘယ်သူတွေက ဆွဲထားတာလဲ. . . မေလွမ်းဆီကို ဘာဖြစ်လို့ သွားလို့မရတာလဲလို့ ထန်အတင်း ရုန်းကန်နေရင်း ရင်ထဲမှာ လှပ်ခနဲဖြစ်သွားပြီး အမြင့်တစ်နေရာမှ ပြုတ်ကျသွားသလို ခံစားရကာ. . .

" အား. . . "

မှောက်လျက်သား ပစ်ကျသွား၏။

ထိုစဉ် သူမဗိုက်ထဲမှာ ပြင်းစွာနာကျင်လျက် တစ်စုံတစ်ခု ထွက်ကျသွားသလိုခံစားလိုက်ရသည်။

" ဟီ. . . ဟီ. . . ဟီ. . . ဟီ. . . အစ်. . . အစ်. . . အစ်. . . "

အမလေး ဘာသံကြီးလဲ. . . ထန်လှူးလဲထကာ ပြန်ကြည့် လိုက်လျှင် သူမ၏ ခြေရင်းမှာ ငုတ်တုတ်ထိုင်ရယ်မောနေသော သူမအလွန်ကြောက်လန့်ခဲ့ဖူးသည့် သတ္တဝါကောင်လေး. . .

" အား. . . "

ထန် လန့်ဖျန့်ကျူးအော်လိုက်မိ၏။

" သွားပြီ "

စကားသံတစ်ချက်ကြားလိုက်၏။

ထန်သတိတွေ ပစ္စုပ္ပန်တည့်တည့်သို့ ပြန်ရောက်လာပြီး သူမ မွေးဖွားခန်းထဲမှာပါလား. . . အင်္ဂလိပ်လို အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနေကြသံတွေ ကြားရင်း. . . နာပြီဆိုကတည်းက လူမှန်းသူမှန်း
မသိဖြစ်ခဲ့ရကာ သူဇာဆီသို့ အားတင်းဖုန်းဆက်လိုက်ပြီးသည့်နောက်မှာ
ဘာဆို ဘာမှမသိတော့ သူဇာတို့ သူမကို ဆေးရုံပို့ခဲ့ကြတာဖြစ်သည်။

ဦးရန် မသိဘူးလား. . . ဦးရန့် ဒီဆေးရုံမှာ ရှိနေမလား. . .

" ဘာလေးလဲ ဆရာမ "

" ယောကျ်ားလေးပဲ. . . "

စကားပြောသံတွေ ကြားလိုက်ရသည်။

ဦးရန်အသံကော သူဇာတို့အသံတွေပါ ကြားလိုက်ရသည်။

ထန် ဘာကိုမှ စိတ်မဝင်စားတော့ပါ. . . သူမ စိတ်ဝင်စားသည်မှာ သူက ကလေး. . . ပြင်းထန်သော ဝေဒနာကို ခံစားခဲ့ရသဖြင့် ဆတ်ဆတ်တုန်လျက် ပင်ပန်းနွမ်းလျနေခဲ့သည့် ခန္ဓာကိုယ်ဟာ စကား ပြောဖို့လည်း ခွန်အားမရှိတော့ မျက်လုံးတွေကို အားယူဖွင့်၍ အခန်းထဲ သို့ ဝေ့ကြည့်လိုက်မိသည်။

ကလေးက သူဇာ့လက်ထဲမှာ

သူဇာ့ဘေးမှာ ဆရာမတစ်ယောက်နဲ့ ဦးရန် သူတို့အားလုံး ကလေးကိုသာ ဝိုင်းငုံ့ကြည့်နေကြတာဖြစ်သည်။

" ဆ. . . ဆရာမ "

ချောက်ချားနေသည့် ထန့် ခေါ်သံက အက်ကွဲကွဲ တုန်ယင် စူးရှလျက်. . .

" ကလေး. . . ကလေးကို ပြပါ "





သူဇာက ဆရာမနဲ့ အားလုံးဆီကိုမကြည့်တော့။ ထန့်အနား ကို လျှောက်လာ၏။

ထန်သည် ကလေးကိုကြည့်ချင်ဇောနှင့် ကျိုးထတော့မတတ် ဝင်ဖြစ်နေသောကြောင့် သူဇာက အနားမှာ တွန့်ဆုတ်ဆုတ်လာရပ် လိုက်၍ ကလေးကို ထန့်ရှေ့သို့ တိုးပြလိုက်၏။

"ဟင် . . . "

ဖြူဖွေးဖွေး ပြာလဲ့လဲ့အသားရောင် ပိတ်ထားသည့်မျက်ဝန်း အိမ်က ရှည်လျားလှလျက် လူသားတစ်ဦးနှင့် လုံးဝမတူသည့် စုတ် ချွန်ချွန်မျက်နှာသေးသေးလေး. . .။

ထန်မျက်နှာသည် ပေါင်းအိုးထဲကထက်လာသကဲ့သို့ ချွေး သီးကြီးတွေ ယိုကျလာသည်။

မျက်လုံးအစုံက တစ်စစ ပြူးကျယ်လာသည်။

နှုတ်ခမ်းသားလေးတွေ အဆမတန် လှုပ်ခတ်လာခဲ့ပြီး. . .

"အား"

"အုန်း"

"အမလေး"

ဘယ်သူမှမထင်မှတ်ခဲ့သည်မို့ တားချိန်ဆွဲချိန်မရလိုက်မီ ထန် အသံကုန်အော်ကာ ကလေးကို ရိုက်ချပစ်လိုက်၏။

ကလေးက ကြမ်းပေါ်သို့ပြုတ်ကျသွား၍ သူဇာက ကလေးငိုင် ကတမ်း နောက်ဆုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထန်"

"မွေးခန်းထဲမှာသာမက တံခါးဖွင့်ထားသဖြင့် ပြေးဝင်ကြည့်ကြသည့်လူတွေပါ ရှပ်ယှက်ခတ်သွားသည်။

"ထန်"

ဆရာဝန်ဆရာမတွေက ကလေးကို ပြေးကောက်ကြသည်။ ရန်ကာကွယ် ထန့်ကို ပြေးပွေ့လိုက်သည်။

ထန်သည် ကျွတ်ထွက်မတတ်ပြူးကျယ်နေသော မျက်လုံးကြီးများနှင့် နှာခေါင်းနှင့်ပါးစပ်တွင်းမှာ သွေးစိမ်းရှင်ရှင်တို့ စီးကျနေသည်။

"ထန်ရယ်"

သူ ဘယ်လိုမှမမြင်ရက်တော့ဘဲ မျက်လုံးတွေကို မိုတ်ပစ်လိုက်မိသည်။ ထန် သေဆုံးခဲ့ပြီ။

ဘာ့ကြောင့် ဘယ်လိုဖြစ်ပြီး ကြောက်မက်ဖွယ်အဖြစ်ဆိုးနှင့် သေဆုံးခဲ့တာလဲ သူမသိပါ။ သို့သော် တစိမ်း၊ မိဘ၊ ကြီးသူ၊ ငယ်သူ ဒေါသသဖြစ်ပြီဆို ဘာကိုမှမရှောင်ဘဲ မိုက်ရိုင်းစွာပြောဆိုတတ်သူ၊

ထို့ကြောင့် ဤသို့အဖြစ်ဆိုးသွားသည်ဟု သူနားလည်ခဲ့၏။ တကယ်တမ်း မွေးစားတူမကလေးသာ တော်စပ်ခဲ့သည့်အဖြစ်ကိုတော့ ရန်ကာကွယ်သာမက ဘယ်သူမှလည်း သိကြမည်မဟုတ်ပါ။

သိအောင်လည်း လွှမ်းက ဘယ်တော့မှပြောမှာမဟုတ်။

အကယ်၍ ရဲရင့်ထန် သေဆုံးသွားခဲ့ပြီဆိုတာ သိလျှင်ကော ဖွင့်ပြောဖြစ်မှာလား။





မည်သို့ပင်ဖြစ်စေ မိဘလိုမေတ္တာမျိုးနှင့် စောင့်ရှောက်ခဲ့ခြင်းဟာ မိဘပဲဖြစ်သည်။ ကျေးဇူးကန်းခြင်းသည် တစိမ်းအပေါ်မှာဖြစ်စေ၊ မိဘအပေါ်မှာဖြစ်စေ အလွန်အပြစ်ကြီးလှမှန်း ထန်သိသွားပါလိမ့်မည်။

သိခဲ့ခြင်း သေဆုံးခြင်းနှစ်ရပ်၏ တစ်ပြိုင်နက်ဆုံးဖြတ်ခြင်းမှာ သူမ နောင်တများနှင့် ပေးဆပ်ခဲ့သည်လား၊ ဒါမှမဟုတ် ဒေါသမောဟများကို နောက်တစ်ဘဝအထိ သယ်ဆောင်သွားခဲ့သည်လား။ ဒါကို သူမှသိမှာပါ။

ရန်ကာကွယ် ရင်ထဲမှာ ပူပန်လေးလံသွားခဲ့၏။

လွှမ်းကို ဘယ်လိုပြောရမလဲ။

✿ ✿ ✿ ✿ ✿

အစဉ်လေးစားလျက်

လရောင်ကျူးရင့်

www.burmeseclassic.com